

ပီတိမျက်ရည် မီးချင်း မီးပါစေ
တာဝန်ကိုယ်စီ ရှိပါသည် နှင့် အခြား လူငယ်ဝတ္ထုတိုများ
မောင်စိုးထိုက် (သုံးဆယ်)

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ---- ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ---- ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ---- ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပီတိမျက်ရည် စီးချင် စီးပါစေ

## တာဝန်ကိုယ်စီ ရှိပါသည်နှင့် အခြားလူငယ်ရေး
## ဝတ္ထုတိုများ

(ပုဏ္ဏမဝိုင်း)

သုဓမ္မမဏိဇောတဓရ

ဦးစိုးညွန့် (မောင်စိုးအောင်-သုံးဆယ်)

စာပေဆုများနှင့် ရွှေမျှော်ဆုရှင် (ပထမဆင့်) ဆုရှင်

အင်းမှုသားထိုက်စာပေ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၂၇၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၈၄၀၂၁၁

ပထမအကြိမ် အုပ်ရေ (၅၀၀)

၂၀၁၁ ခုနှစ်၊ ဧပြီလ

**ထုတ်ဝေသူ နှင့် မူပိုင်**

ဦးစိုးရှိန် (မောင်စိုးထိုက်-သုံးဆယ်)

အမေ့သားထိုက်စာပေ

မှတ်ပုံတင်အမှတ်(၀၄၄၁၄)

၃၇၇၊ လှော်ကားလမ်း၊ (၅၄) ရပ်ကွက်၊

ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၅၉၀၁၂၃၊ ၀၉ ၅၀၈ ၅၁၆၂၊ ၀၉ ၅၅၀ ၄၂၅၉

**ပုံနှိပ်သူ**

ဒေါ်စိန်နွဲ့ (မြ-၀၂၇၈၅) ရွှေပြည့်စုံ အော့ဖ်ဆက်

၃၄/၃၈၊ ၁၅၇-လမ်း၊ တာမွေ၊ ရန်ကုန်။

**မျက်နှာဖုံးပန်းချီ**

ပန်းချီဆရာကြီး ဦးလှမြင့်ဆွေ

**မျက်နှာဖုံးဒီဇိုင်း**

မသဇင်အောင် (တေအမ်)

**တန်ဖိုး-၁၅၀၀/- ကျပ်**

**တွန်ပျူတာ - အမေ့သား**

၈၀၈. ၈၃

မောင်စိုးထိုက် (သုံးဆယ်)

ပီတိမျက်ရည် စီးချင်စီးပါစေ/မောင်စိုးထိုက် (သုံးဆယ်)

- ရန်ကုန်။

အမေ့သားထိုက်စာပေ၊ ၂၀၁၁။

-စာ၊ ၁၈. ၅ စင်တီ x ၁၁. ၅ စင်တီ

(၁) ပီတိမျက်ရည် စီးချင်စီးပါစေ

# ဂါရဝတရား

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးနှင့်တကွ

စာရေးသူ ငယ်ရွယ်စဉ်၌ ကွယ်လွန်သွားသော

ဖခင် (ဦးထွန်း) (၂၇-၄-၈၇) နေ့အထိ ကျွေးမွေး၊

မွေးမေမေ ဖြစ်သော မိခင် (ဒေါ်အုန်းရီ) နှင့်

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အပေါင်းတို့အား

လက်ဆယ်ဖြာယှက်မိုး၍ ရှိခိုးဦးတင်

ကန်တော့အပ်ပါသည်။

မောင်စိုးထိုက် (သုံးဆယ်)

## ကျေးဇူးတင်ထိုက်သူများအား
## အထူးကျေးဇူးတင်ပါသည်။

ဤစာအုပ် ထုတ်ဝေနိုင်ခြင်းအတွက် ကျေးဇူးတင် ထိုက်သူ များစွာရှိလာပါသည်။ သို့ပါ၍ မျက်နှာဖုံးတွင် အမိုး အဖွား ပုံများအား အသုံးပြုနိုင်ရန်အတွက် မေတ္တာဖြင့် ခွင့်ပြု ပေးခဲ့သည့် ပန်းချီဆရာကြီး ဦးလှမြင့်ဆွေ၊ မြန်မာနိုင်ငံ ရိုးရာ ပန်းပညာရှင်များ အစည်းအရုံး အတွင်းရေးမှူး ဦးကြည်စိုး (တူဒေး)၊ ဦးညွန့်ဝင်း (စာပေစိစစ်)၊ မောင်ရန်နိုင် (စာပေလုပ်ငန်း အကျိုးဆောင်)၊ Proof ဖတ်ပေးကြသည့် ပညာရှင်များ၊ မျက်နှာဖုံးဒီဇိုင်း မသဇင်အောင် (ကေအမ်)၊ ကွန်ပျူတာစာစီ ပေးကြသည့် မဝါဝါကျော်၊ မသွဲ့သွဲ့စန်း၊ ထိုက်ရွှေရည်စိုး (အမေ့သား)၊ မောင်မောင်ဝင့်ဝါ (အမေ့သား)၊ မောင်မောင်နန်းနွယ် (အမေ့သား)၊ မောင်သန်းဇော်ဝင်း (MWJA) တို့နှင့် အစရှိ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် ကျေးဇူးတင် ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

စာရေးသူ

## ( မ ၁ တိ က ၁ )


၁။ ထူးချွန်ထက်မြက်လိုပါလျှင် (၁-၁၄)
၂။ လောကငရဲနှင့် ကင်းရအောင်
၃။ ပီတိမျက်ရည် စီးချင်စီးပါစေ
၄။ ကျွန်တော်နှင့် ဆရာဒေါ
၅။ ကောက်သင်းစပါး စျေးပြိုင်လေလံပွဲ
၆။ ဆရာကောင်းတပည့် အမိကောင်းသား
၇။ ကျောင်းသွားလိုက်ဦးမယ်
၈။ အမေ့အပ်သည့် အရပ်မို့ . . . ကျေးဇူးဆပ်ပါသည်
၉။ တာဝန်ကိုယ်စီ ရှိပါသည်
၁၀။ ဘာကိုလုပ်လုပ် ကိုယ်ချင်းစာစိတ်နဲ့လုပ်
၁၁။ သူ့အသက် အိုးအိမ်စီးပွား ပျက်စီးအောင်
၁၂။ တူသောအကျိုး ပေးပါသည်
၁၃။ မယုံတာ ဘာကြောင့်လဲ
၁၄။ ယစ်မျိုးခုံမင် သောက်သုံးလျှင်
၁၅။ ကျွန်တော်မနံကြစေဖို့
၁၆။ သာဓုအကြိမ်ကြိမ် ခေါ်ကြပါသည်
၁၇။ ကြည်နူးဝမ်းသာ ပီတိဖြစ်စေသည့် ဖန်တီးရှင်
၁၈။ ရင်နှစ်သည်းချာ
၁၉။ ခေတ်သစ်မပဋာ
၂၀။ မိတ်ကောင်းဆွေကောင်း
၂၁။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ

မောင်စိုးထိုက် (သုံးဆယ်)

သို့

---

---

---

တစ်ပုဒ်ဖြစ်စေ၊

တစ်အုပ်လုံးဖြစ်စေ

ဖတ်မိနိုင်ပါစေ ....။

မှ

---

---

---

အမေ့သားထိုက်စာပေ

# ထူးချွန်ထက်မြက်ရှိပါလျှင်

## ၁။ ခေါင်းထဲကအမှိုက်

ဆရာတော်များ ဆွမ်းစားပြီးချိန်၊ ဆွမ်းစားဆောင်တွင် ကျောင်းသားကြီးများ၊ ကျောင်းသားငယ်များ နံနက်စာ စားကြသည်။ ကျောင်းသားဝိုင်းဆိုသော်လည်း ဆရာတော်များ ဆွမ်းဘုန်းပေးပြီး ဟင်းကျန်၊ အချိုပွဲကျန်တို့ကို စားဖိုဆောင် ကပ္ပိယကြီးက ခွဲခြမ်းစိတ်ဖြာ မျှတဝေငှ ကျွေးခြင်းသာဖြစ်သည်။ မည်သူမဆို နှိုက်ခွင့်ရှိသောဟင်းမှာ ဟင်းချို၊ ချဉ်ရည်ဟင်းလောက်နှင့် ငပိရည် တို့စရာ ဖြစ်သည်။

ပဲကုလားဟင်းသည်ပင် ခွဲတမ်းစာရင်းဝင်သွားတတ်သည်။ အသားဟင်း၊ ငါးဟင်း၊ ငါးခြောက်ငါးခြမ်းများကတော့ ထမင်းပန်းကန်ပေါ် ပုံပေးတာနှင့်လောက်အောင် စားရုံသာရှိသည်။ အလျှံပယ်စားခွင့်ကတော့ ကျောင်းမှာအလှူရှိမှ ဖြစ်မည်။အလှူရှင် အတော်များများကလည်း၊ တောကျောင်းမှာလာလှူခဲ့သည်။ မိမိရပ်ရွာ၊ မိမိအိမ်တွင် လှူကြတာများပါသည်။

ရဟန်းသံဃာများအတွက်အရုဏ်ဆွမ်း၊ နေ့ဆွမ်းသာ အဓိကလိုအပ်သော်လည်း ကျောင်းသားများအတွက်က ညနေစာလိုအပ်သည်။ စားဖိုဆောင်ကပ္ပိယကြီးကလည်း ကျောင်းသားများ ညနေစာအတွက် ဟိုကျန်ဒီကျန်ဟင်းမျိုးစုံကို အားလုံးရောနှော ပြီး ဟင်းလေးအိုးကြီးအဖြစ် မီးကျအောင်အပူပေးချက်ပြုတ်ရမြဲ ဖြစ်သည်။

တကယ်တော့ "ဟင်းလေးအိုး" ကြီးထဲက ဟင်းသည် ကျွန်တော်တို့ကျောင်းသားများအတွက် နတ်သုဒ္ဓါဖြစ်ပါသည်။ အမှန်တကယ်ကို စားကောင်းပါသည်။ ထူးခြားသော အရသာ ဖြစ်ပါသည်။ ဟင်းအမည်ကို ခေါင်းစဉ်ခွဲပြောရန် မဖြစ်နိုင်၍ "ဟင်းလေးအိုး" ဟင်းဟုသာ ခေါ်ကြသည်။

မည်သည့်အသား ငါး၊ မည်သည့်အသီးအရွက် ပါသည်ကိုပင် ပြောပြရန် မလွယ်သော ဟင်းဖြစ်ပါသည်။

ထိုဟင်းကို အထူးဂရုစိုက်ပြီး၊ လေ့လာနေသော ကျောင်းသားကြီး တစ်ယောက်က....။

"ဦးသူတော်က စာတတ်ပေတတ် ဝိနည်းဓမ္မသတ် တတ်ကျွမ်းပြီး ဗဟုသုတစုံလို့ သိချင်တာလေးမေးပါရစေ"

"မေးလေကွာ"

"ဟင်းလေးအိုးကြီးဟင်းကို ဘယ်သူစတွင်တာလဲ"

"ဟင်းချက်တဲ့သူပေါ့"

"အကြွင်းအကျန်ဟင်းပေါင်းစုံကို ဒီလိုစုချက်ပြီး၊ ဟင်းငတ်နေတဲ့ သူတွေကို ကျွေးရမယ်လို့ ဘယ်သူစခဲ့တာလဲ"

"မင်းတို့လို ကျောင်းသားတွေ ဟင်းမပါရင် မစားတတ်မှန်းသိလို့ မင်းတို့တွေအပေါ် စေတနာအတွေးရှိတဲ့လူက စခဲ့တာပေါ့"

"ဟင်းထဲမှာ အမျိုးအမည်ခွဲခြားမရလောက်အောင် အမယ်စုံ စုံနေတော့ စားမိသူတွေ ဗိုက်ထဲကို အမှိုက်ပုံရွှေ့သလိုပေါ့နော်"

"ဗိုက်ထဲအမှိုက်ပုံရောက်တော့ မစင်ဖြစ်ပြီး ဆင်းသွားနိုင်သေးတယ်။ မင်းခေါင်းက အမှိုက်ပုံမဟုတ်ဘူး အမှိုက်နဲ့တူတဲ့ မင်းအတွေးတွေ ခေါင်းထဲက မြန်မြန်ထုတ်ပစ်လိုက်။ မင်းပါးစပ်လည်း ပိတ်လိုက်တော့"။ ။

× × × × × × × × × × ×

## ၂။ မအိုမီသေး

ဦးသူတော်တို့ကျောင်း ဘုရားကြီးဓမ္မာရုံမှာ၊ ဥပုသ်နေ့ ဆွမ်းစားပြီးချိန်တိုင်း ဆရာတော်ကြီးက တရားဟောပြောလေ့ရှိသည်။ ဒကာဒကာမတွေ တစ်ပတ်မှ တစ်ရက်လောက် ဥပုသ်ယူနိုင်သူတွေ၊ အချို့ဥပုသ်နေ့ပင် အမှတ်မရတော့ပဲ အဖော်ကောင်းလို့ ပါလာသူတွေ၊ မိဘတွေရဲ့ ရှေ့ဆောင်လမ်းပြကောင်းလို့ လိုက်လာကြတဲ့ ကာလသား၊ ကာလသမီးတွေ၊ ဥပုသ်နေ့ကျောင်းပိတ်ရက်၊ ဥပုသ်ကျောင်းလိုက်ရင် မုန့်ဖိုးပေးမယ်ဆိုပြီး ခေါ်လာလို့ ပါလာတဲ့ ကလေးတွေကို ဆရာတော်ကြီးက ဗုဒ္ဓ၊ ဓမ္မ၊ သံဃဆိုင်ရာ၊ လူမှုကျင့်ဝတ်ဆိုင်ရာ တစ်ခုခုကို ဇာတ်ကြောင်းလေးတွေခင်းပြီး အရပ်သူ၊ အရပ်သားအဆင့် နားလည်အောင် ဟောပြောလေ့ရှိသည်။

ယနေ့ဆရာတော်ကြီးအဓိက ဟောသည်က၊ မအိုမီ၊ မနာမီ၊ မသေမီ တရားအသိရစေဖို့ မည်သို့ပင်လှပချောမောစေကာမူ တစ်နေ့ အိုမင်းရင့်ရော်သွားမည်ကို သာဓကထုတ်ပြီး မြတ်စွာဘုရားလက်ထက်က ညီတော်မင်းနန်ကို–

"သင့်ချစ်သူနှင့် မျောက်မကြီး ဘယ်သူပိုလှလဲ ဖာ လည်းကောင်း"

"သင့်ချစ်သူနှင့် နတ်သမီး ဘယ်သူပိုလှလဲ ဟု လည်းကောင်း"

နှိုင်းယှဉ်ပြသ၊ တရားချတော့ ညီတော်မင်းနန်က ကိုယ့်ချစ်သူထက် လှပချောသည့်နတ်သမီးကို အလှထိပ်ခေါင်အဖြစ်၊ မြင်နေတုံး၊ လှပလွန်းတဲ့ နတ်သမီးသည်ပင် တရိပ်ရိပ်နှင့် အိုနာရှုတ်တွဖြစ်ရသည့် နိမိတ်ပုံကို မြင်သာအောင် ဘုရားရှင်က သာဓကပြဆုံးမသဖြင့် ညီတော်မင်းနန် သတိသံဝေဂ ဝင်ရောက်သွားပုံကို ညွှန်ပြပြီး၊ တရားနာပရိသတ်လည်း မအိုမီ၊ မနာမီ တရားသိကြ၊ တရားမြင်ကြဖို့ ဟောပြောခြင်း ဖြစ်သည်။

တရားပွဲသိမ်းတော့ တရားသိနေပြီဖြစ်တဲ့ ဥပုသ်သည်တွေကတော့

ကိုယ့်တရား ကိုယ်မှတ်ပြီး ဘာဝနာပွားနေကြပေမယ့် အဖော်ကောင်းလို့ လိုက်၊ အဆွယ်ကောင်းလို့ ပါလာကြတဲ့ ကာလသား၊ ကာလသမီးတွေက အိုရမှာကို ကြောက်နေကြတော့သည်။ ထို့ကြောင့်လည်း ဆရာတော်ကြီး ကျောင်းကြီးပေါ် ပြန်ကြွသွားသည်နှင့်။

ရပ်သူရွာသား ကာလသားသမီးတို့က ဦးသူတော်ဆီ ချဉ်းကပ်ပြီး။

"ဦးသူတော်ကြီး ကျုပ်တို့ကို မအိုအောင်လုပ်မပေးနိုင်ဘူးလား"

"မဖြစ်နိုင်တာကို အတင်းမဖြစ်ချင်ပါနဲ့"

"လူ့ဘဝရောက်တုံး သစ်လွင်နုပျိုတဲ့ဘဝမှာ အကြာကြီး နေချင်တယ် ဦးသူတော်ကြီးရယ်"

"လူ့ဘဝဆိုတာ တစ်ခုပေးမှ တစ်ခုရတဲ့နေရာကွ"

"သမီးတို့လည်း ဘယ်တော့မှ မအိုအောင် နေချင်တယ်၊ ဦးသူတော်ကြီး"

"ဟော... မအိုချင်ရင်တော့ အပျိုဘဝနဲ့သေလိုက်ပေါ့" ဟု

ဦးသူတော်ရဲ့ ငေါ့တော့တော့စကားက ကာလသားသမီးတို့ နားမှာ ခါးနေမည်းလားမသိ၊ သိရမှာက သူ့စကားက တရားစင်စစ်တော့ ဖြစ်၏။

x x x x x x x x x x x x

## ၃။ ဖုံဝံအယ်မဒွေ ဆိုပေမယ့်

ကျွန်တော်တို့ ကျောင်းအိပ်ကျောင်းစား၊ ကျောင်းသားတွေထဲက တစ်ဦးဦးက လအလိုက်၊ ရက်အလိုက် ဆွမ်းချိုင့်တွေကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းစသဖြင့် သတ်မှတ်ရက်ကို အချိန်မီဆွမ်းဆင့်ရသည်။ ဆွမ်းချိုင့်ကြိုပို့ထားရသည်။ ပို့ထားသော ဆွမ်းချိုင့်ကို သတ်မှတ်ရက်တွင် သွားရောက်ယူရသည်လည်းရှိသည်။ အလှူရှင်က လာပို့သည်လည်းရှိသည်။ ဆွမ်းဆင့်သွားသူသည် ကြီးကြီးငယ်ငယ် အန္တရာယ်ကင်းကင်းနဲ့ သွားနိုင်လာနိုင်တဲ့ ကျောင်းသားကို လွှတ်လေ့ရှိသည်။

ဆင့်ထားတဲ့ဆွမ်းချိုင့် ပြန်ယူရန် ကျောင်းသားကိုလွှတ်သည့်အခါ သတိထားရသည်။ အချိန်မီသွားနိုင်သူ၊ အချိန်မီ ပြန်ရောက်နိုင်သူကို ဦးစားပေးလွှတ်ရသည်။ ဆွမ်း၊ ဆွမ်းဟင်း အလှူရှင်၏ စေတနာကို ကြိုတင်မှန်းဆလို့ ရကောင်းသည်မဟုတ်။ သို့ကြောင့်လည်း၊ ဆွမ်း၊ ဆွမ်းဟင်းချိုင့်ကို နိုင်နိုင်နင်းနင်း ဆွဲနိုင်သူကိုလည်း ဂရုပြုရွေးလွှတ်ရသည်။ အလုပ်ကို လေးလေးစားစား၊ ရိုရိုသေသေလုပ်တတ်သူကိုလည်း လွှတ်မိဖို့လိုသည်။

ယနေ့ ကျောင်းနဲ့ (၂) မိုင်လောက်ဝေးသည့် မြို့ပေါ်ကို ဆွမ်းချိုင့်ယူဖို့ ကျောင်းသားကြီး "တာတေ" ကို ဦးသူတော်က တာဝန်ပေးထားသည်။ တကယ်တော့ "တာတေ"ကို ဦးသူတော် မလွှတ်ချင်။ တာတေက ဒီဆိုဟိုရောက်တတ်သည်။ အဈော်မင်သည်။ အချိန်မမီတော့မှ သုတ်ချေတင်လုပ်တတ်သည်။ သို့ကြောင့်လည်း မကြာခဏ လွဲချော်မှု အဆင်မပြေမှုတွေကို ကြုံဆုံခဲ့ဖူးသည်။ သို့သော် ဒီကနေ့က ရွာထဲရပ်ထဲ သာရေးနာရေးတွေဆီ ကြွသွားကြမည့်၊ဆရာတော်များနောက်ကို ကျောင်းသား တစ်ယောက်စီ ထည့်လိုက်ရတော့ ကျောင်းသားက မလုံလောက်တော့သဖြင့် ဦးသူတော်က မြို့ပေါ် ဆွမ်းချိုင့်ယူဖို့ တာတေကို လွှတ်လိုက်ရသည်။

နေ့ဆွမ်းအမီ အရောက်ပြန်လာဖို့ အသေအချာမှာလိုက်ပါလျှက် ဆွမ်းပွဲပြင်တဲ့ အထိ တာတေရောက်မလာလို့ ဦးသူတော် စိတ်ပူနေရသည်။

ကျောင်းကနေမြို့ပေါ်ကိုသွားလျှင် (၂) မိုင်လောက် ဝေးပေမယ့်၊ လမ်းခရီးတွင် ရိုးချောင်းတစ်ခု၊ ချောင်းမကြီးတစ်ခုကို ကူးဖြတ်ရသည်။ ရွာ (၂) ရွာရှိ သုသာန် (၂) ခုကို ကျော်ဖြတ်ရသည်၊ တာပေါ်ရောက်မှ၊ ခြေလျှင်သွားရသည်မို့ ဦးသူတော်က

"တာတေ–ရေထဲဖြတ်ရင် ဂရုစိုက်ဖြတ် ရေစီးနဲ့ပါပြီး ဒုက္ခရောက်မယ်နော်၊" သုသာန်တွေထဲ ဖြတ်ရင်လည်း ရှုပ်ပလာ ရှုပ်ပလာမလုပ်နဲ့၊ သံ့ငုတ်စူးတတ်တယ်။ အချိန်နဲ့သွား အချိန်မီပြန်"ဟု တတွတ်တွတ် မှာသည်။ ဒီတုန်းက ...

"ဦးသူတော်ရယ်..ကျုပ်ကို တာတေကို ကလေးလေး မှတ်လို့လား"

"နင်ကလေးမဟုတ်လို့ ဒီဆိုဟိုရောက်လို့၊ အဖော်မင်လို့ ရှုပ်ပလာနိုင်လွန်းလို့ မှာနေတာဟဲ့"

"မပူပါနဲ့ ဦးသူတော်ရယ်... ဦးသူတော်ပဲ သင်ပေးဖူးတယ်လေ၊ ဘာလုပ်လုပ် ဖွဲ့ရှိရှိကြိုးစား တစ်နေ့တစ်လံ၊ ပုဂံဘယ်ရွှေ့ မလဲဆိုတာလေ၊ မြို့ကြီးက ဘယ်မှမရွှေ့ပါဘူးဗျာ"လို့

တာတေက စောဒကတက်လေတော့။

"အေး...တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့ဆိုပေမယ့်၊ ပုဂံကို ကျောခိုင်းပြေးရင်၊ လျှောက်ရင်တော့ ဘယ်တော့မှ မရောက်ဖူးမှတ်" ဟု သတိပေးလိုက်ပါရဲ့နဲ့။ ဆွမ်းချိန်ကုန်တဲ့ အထိ တာတေက ရောက်မလာ...။ ။

× × × ×  × × × ×  × × × ×

## ၄။ အကျင့်သီလပျက်မှုငိုပါ

စိတ်မကောင်းဖွယ်ဖြစ်ရပ်ဟုဆိုသော် ရပါသည်။ ပြည်တွင်းသောင်းကျန်းသူများ၏ မကြာခဏနှိပ်စက်မှုကြောင့် ကျွန်တော့်တို့မြို့၊ ကျွန်တော်တို့ အရပ်ဒေသ၊ ကျွန်တော်တို့ ရပ်သူရွာသားတွေ စီးပွားပျက်၊ ဘဝပျက်၊ ဆွေမျိုး ညာတကာသေကျေပျက်စီး၊ ဒဏ်ရာရ ရောဂါရ၊ သောကများနှင့် ရင်ဆိုင်ရသူများထဲတွင် ကျွန်တော်တို့လို ကျောင်းအိပ်ကျောင်းစားဘဝရောက်နေကြရသော၊ လူငယ်အချို့လည်း ကြုံခဲ့ကြရဖူး၏။

ကိုပေတူးနှင့် ကိုပြုံးချိုတို့ (၂) ဦးကို လူမှုရေးကို ရှေ့တန်းတင် အကြင်နာတရားကို ဦးစားပေးသော ပုဂ္ဂိုလ်အချို့က ဆရာတော်ထံအပ်ရန် ဦးသူတော်နှင့် ဦးစွာ ညှိနှိုင်းရသည်မို့။ ဦးသူတော်ရှေ့သို့ ကိုပေတူးနှင့် ကိုပြုံးချိုတို့ ရောက်လာကြသည်။

ဦးသူတော်ရှေ့တွင် ကိုပေတူးနှင့် ကိုပြုံးချိုတို့ ထိန်းမနိုင်သိမ်းမရအောင် ငိုကြသည်။ သူတို့ခန္ဓာကိုယ်ရှိ ထိခိုက်ဒဏ်ရာများမှ သွေးများယိုစီးနေသည်မှာ မြင်မကောင်း။ သောင်းကျန်းသူများကြောင့် ရွာပြာကျ၊ ဆွေမျိုးပျောက်၊ ဒဏ်ရာများဖြင့် အသက်မသေဘဲ ကျန်နေသည့် ကိုပြုံးချိုတို့၊ ကိုပေတူးတို့ အားရပါးရ ငိုသည်ကို မည်သူမျှအပြစ်မမြင်ကြပါ။

ကျွန်တော်တို့ ကျောင်းရဲ့ကျောင်းသားများက နွေးနွေးထွေးထွေး ကြိုဆိုကြသည်။ ဦးသူတော် ခိုင်းသမျှ ကျွန်တော်တို့တတွေ ဒဏ်ရာများရနေသည့်

အစ်ကိုတို့ကို မရွံ့မရှာ၊ ဆေးကြော ပြုစု၊ ဆေးထည့်ပုဆိုးဆုပ်ပြီး၊ ပတ်တီးစည်း ပေးကြသည်။

ကျွန်တော်တို့တွေက ကိုယ့်အစ်ကိုများသဖွယ် တယုတယ ပြုစုပေးသော်လည်း၊ ကိုပြုံးချိုနှင့်ကိုပေတူးတို့ အငိုက မရပ်။ ဆွေမျိုးပျောက် ဥစ္စာပျောက်၊ ဒဏ်ရာ (ရောဂါ) စွဲပြီဆိုတော့လည်း ဝမ်းနည်းတာရှည်ပေမည်။ သို့သော်......။

ဆေးဝါးထည့်ပြီးသည်နှင့် ညွှတ်သည်ဦးလေးကြီးများနှင့်အတူ ကိုပြုံးချိုကိုပေတူးတို့ကို ဦးသူတော်က သံဝေဂအသိ၊ သံဝေဂအကြည့်နှင့် ကြည့်ပြီး–

"မောင်ပြုံးချိုနဲ့မောင်ပေတူးတို့ အားရအောင်ငိုပြီးပလား"

ဖြေသံမကြားရ။ ငိုသံတွေက ပိုကျယ်လာသည်။

"ငိုတာအပြစ်တော့ မဟုတ်ပါဘူး။ ကလေးတို့က ငယ်သေးပေမယ့်။ ဦးသူတော် ပြောသင့်တာပြောဦးမယ်"

ငိုသံအနည်းငယ်တိုးသွားသည်။

"ဆွေမျိုးပျက်၊ ဥစ္စာမွဲ၊ ရောဂါစွဲမှတော့ ငိုပွဲနွှဲမိကြမှာဘဲ။ ဒါပေမယ့် ကလေးတို့မိဘတွေ၊ ဆွေမျိုးတွေ၊ အကျင့်သီလကောင်းကြတယ် မဟုတ်လား"

"ကောင်းပါတယ် ဘုရား"

"ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေရော လုပ်တာမတွေ့မိဘူးလား"

"တွေ့မိပါတယ်ဘုရား"

"ဒါဆို.... မင်းတို့ရော အကျင့်ပျက်၊ သီလပျက်၊ ဘာသာ သာသနာပျက်နေတဲ့ကလေးတွေလား"

"မဟုတ်ပါဘူး ဘုရား"

"အေး ဒါဆိုမှတ်ထား၊ ဆွေမျိုးပျက်ဥစ္စာပျက်၊ ရောဂါစွဲရုံနဲ့ ငိုဖို့မလိုဘူး၊ အကျင့်ပျက်၊ ဘာသာပျက်ရင်တော့ ကမ္ဘာတည်သရွေ့ ငိုဖို့လိုတယ်။ ဘုရားရိပ်၊ တရားရိပ်၊ သံဃာအရိပ်ကို ရောက်လာကြပြီ၊ အားမငယ်နဲ့ အားလုံးအေးချမ်းသွားလိမ့်မယ် ကြားကြရဲ့လား"

"တင်ပျို့ဘုရား"

× × × ×   × × × ×   × × × ×

## ၅။ မကြွားနဲ့ လက်တွေ့ပြ

ကျွန်တော်တို့ ဆရာတော်ကြီးကျောင်းအနီးတွင်ရှိသော ချောင်းသည် နွေဆို မခန်းယုံရှိပြီး မိုးဆို (၁၀) တောင်ရှည် ဝါး (၅) ပြန်လောက်နက်ပြီး အတောင် (၅၀) လောက် ကျယ်သောချောင်းကို ရေလျှံတက်သည်အထိ တောင်ကျရေတို့က စီးလေ့ ရှိသည်။ မိုးတွင် ဝါးဖောင်နှင့်ဖြစ်စေ၊ လှေငယ်လေးနှင့် ဖြစ်စေ၊ တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်းကို ကူးလိုက ကူးကြရသည်။

ကျွန်တော်တို့ ကျောင်းသားများထဲတွင် ကျောင်းသားကြီး တွေက (၁၀) ယောက်ခန့် ရှိသည်။ ပုံစံအမျိုးမျိုး၊ စရိုက်အမျိုးမျိုး ရှိကြသော်လည်း ဆရာတော်ကြီး၏ ဩဝါဒများ၊ ဦးသူတော်၏ စည်းကမ်းများဖြင့် ကျောင်းသားချင်း ကြီးကျယ်သော ခိုက်ရန်မရှိ၊ ခေါသမရှိ၊ ပျော်ပြီး ပြီးကြမြဲ ဖြစ်သည်။

မပြီးသည်တော့ရှိသည်၊ အကြွားသန်၊ အကြွားပို ကိုသာချိုကြောင့် နေ့စဉ်မကြွားချင်လည်း ကြွားရသည်က။

"မိုးတွင်းရေလျှံတဲ့အခါ တို့ချောင်း ဟိုဖက်ကမ်း၊ ဒီဖက်ကမ်း အသွား အပြန် ငါကူးပြမယ်။ ပြိုင်ချင်တဲ့သူရှိရင်လည်း ပြိုင်မယ်" အားရိုန် နားရိုန်လေး ရသည့်အခါတိုင်း ပြောလေ့ကြွားလေ့ ရှိသည်၊ သူ့ကို မည်သူကမျှ ခွန်းတုံ့ မပြန်ကြ၊ ပြိုင်ရန်လည်း အကြောင်းမရှိကြ။ အလွန်အသက်အန္တရာယ် များသောကိစ္စ ဖြစ်သည်။

ကိုသာချိုလည်း တကယ်ကူးနိုင်ရင်တောင် မကူးသင့်သော ချောင်းဖြစ်သည်။ တောင်ကျရေနှင့် မိုးရေပြီဆို၊ ရေစီးက အလွန်သန်သည်၊ ထင်းတုံး၊ သစ်တုံး၊ အမှိုက်၊ သစ်ပင်သစ်ကိုင်း၊ ဖောင်ပျက်များအထိ မျောပါလာတတ်သည်။ ရေကူးကျွမ်းသူ မဆိုထားနှင့် လှေ၊ ဖောင်တို့ပင် ပြတ်တောက်၊ ပျက်စီး မျောပါ တတ်လေ့ရှိသည်။

သို့သော် ကိုသာချို အပြောမလျှော့ ကျွန်တော်တို့တွေ မိုးကျမှာကိုပင် စိုးရိမ်နေကြသည်။ ကိုသာချို တကယ်ကူးပြလျှင် ဒုက္ခဟု တွေးမိကြ၍ ဖြစ်သည်။

ကြုံပါပြီကော၊ မနေ့ညထဲက ရွာသည့်မိုးက တစ်ညလုံး အတောမသတ်၊ နံနက်မိုးသောက်လျှင် မြို့ပေါ်သို့ ဆွမ်းဆင့်ရန် ကိုသာချိုသွားရမည်။ တဖက်ကမ်းကို လှေ၊ ဖောင်တစ်ခုခုစီးပြီးကူး၊ တဖက်ကမ်းရောက်တော့ တာပေါ်တက် မြို့ပေါ်ခြေလျှင်သွားရန်သာရှိသည်။ သူ့တာဝန် သူသိပါသည်။ သို့သော် ဦးသူတော် သူ့ကို တစ်ယောက်ထဲမလွှတ်၊ ကိုပေတူးကို အဖော်ထည့်လိုက်သည်။ လှေနဲ့ပင် ကူးကြသည်။ လှေပေါ်တွင် ရပ်ထဲရွာထဲမှ ခရီးသွား (၃) ဦး လှေထိုးသားတစ်ဦး ကိုသာချို နှင့် ကိုပေတူးက (၂) ဦး ပေါင်း (၆) ဦးသာပါသည်။ သို့သော် ရေလယ်ရောက်တော့ တောင်ကျရေနှင့် အတူ ရေမသစ်တုံးကြီးမျောပါလာပြီး ကိုသာချိုတို့ လှေကို ခါးဖြတ်တိုက်သဖြင့် လှေချာလပတ်ရမ်းခါ တိမ်းမှောက်သွားသဖြင့် ခရီးသည် အမျိုးသမီးကြီး (၁) ဦးနှင့် ကိုသာချို ရေထဲကျမျောပါသွားတော့သည်။

ကိုပေတူးက လှေပေါ်မှ ရေထဲခုန်ဆင်းပြီး မျောနေသည့် သစ်တုံးကို အမိအရဖမ်းတွယ်ကာ ရေထဲမျောနေသည့် အမျိုးသမီးကြီးနှင့် ကိုသာချိုတို့

သစ်တုံးကို တွယ်ကပ်လိုက်နိုင်ဖို့ အသက်စွန့်ပြီး ကူညီပေးသည်။ ကိုပေတူး ရေကျွမ်းပါသည်။ လူ့အသက်တွေကိုလည်း ကျွမ်းကျွမ်းကျင်ကျင် ကယ်တတ်ပါသည်။

ထိုသတင်းက ရပ်ထဲရွာထဲသာမက မြို့အထိ ပျံ့နှံ့သွားတော့သည်။ ကိုပေတူးကို ထောပနာပြုကြသည်။ ဆရာတော်ကြီးနှင့် ဦးသူတော်ကလည်း ကိုပေတူးကို ချီးမွမ်းသည်။ တစ်နေ့ ဦးသူတော် နှင့် ကျောင်းသားတွေ ဆုံတော့။

"တပည့်တို့ ငါဘာလုပ်နိုင်တယ်လို့ ဘယ်တော့မှ မကြွားကြနဲ့"

"ငါဘာလုပ်နိုင်ကြောင်း လက်တွေ့ပြ ဒါမှ လူတော်လူကောင်း"

ဟု ကိုပေတူးကိုသာဓကထား၍ ဆုံးမပါသည်။

× × × ×  × × × ×  × × × ×

## ၆။ ခေါင်းလျှော် ခေါင်း ဆွေးဆေး

ကျွန်တော်တို့ရွာ၊ ကျွန်တော်တို့အရပ်ဆိုတာ မြို့နဲ့ (၂) မိုင်လောက် ဝေးပါသည်။ ကျွန်တော်ရွာရဲ့ အရှေ့ဖက် ပဲခူးရိုးမတောင်ခြေအထိဆို မြို့ပေါ် ကနေ (၉) မိုင်လောက် ဝေးပါသည်။ အဆိုပါ တောင်ခြေမှာလည်း ရွာငယ်လေးတွေ ရှိပါသည်။ အချို့ရွာဆို အိမ်ခြေအစိတ်သုံးဆယ်ပဲရှိသည်။ ရွာကြီးဆိုသည့်ပင် အိမ်ခြေ (၁၀၀) ထက်မပိုပါ။

တစ်နှစ်ကိုတစ်ကြိမ်၊ ရွာသူရွာသားတို့အတွက် ဂုဏ်ယူမှု အောင်ပွဲ တစ်ခုကို တစ်နှစ်လုံးမျှော်မှန်းစောင့်နေလေ့ရှိပါသည်။ ထိုအောင်ပွဲက မြို့ပေါ် ကျောင်းသူ၊ ကျောင်းသားတွေတောင် တထစ်ချ မမှန်းရဲသော အောင်ပွဲဖြစ်သည်။

အခြားမဟုတ်။ တက္ကသိုလ်ဒီဂရီတစ်ခုရရှိနိုင်ရေးအတွက် ဆယ်တန်း အောင်စာရင်း၊ ဆယ်တန်းအောင်ခြင်းဖြစ်ပါသည်။ ရွာတွေက မြို့မှာလို (ကျောင်းနှင့်အိမ်) နီးနေသည် မဟုတ်၊ လှေတတန် လှည်းတတန် ခြေလျင် တတန်နှင့် အချိန်အများကြီးပေးပြီး ကြိုးစားရသည်၊

ယနေ့ဥပုသ်နေ့ဖြစ်သည်။ ဆယ်တန်းအောင်စာရင်းလည်း ထွက်သည့်နေ့ ဖြစ်သည်။

ထုံးစံအတိုင်း သီလတရားမယူသေးမီ ဥပုသ်သည်တို့ ဆယ်တန်း သတင်း ကြေညာချက်ထုတ်ပါသည်။

အငယ်ဆုံးသားထိုက်စံ

"ဟဲ့ အေးဘုံမတစ်ယောက်. . . ဦးပုသ်လာမစောင့်ဘူးလား"

"ဘယ်စောင့်နိုင်လိမ့်မတုံးတော်၊ သူ့သမီးက ဆယ်တန်းကျတာနဲ့ တခါတည်း ယောကျ်ားနောက်လိုက်သွားလို့တဲ့"

"ကိုဖိုးလုံးရေ ကျုပ်တူလေးက ဟိုတောင်ခြေမှာနေတာဗျ၊ သူ့ခမြာ ဆယ်တန်းအောင်ချင်လွန်းလို့ တန်းစဉ်ကြိုးစားလိုက်တာဗျာ၊ သူ့ခေါင်းထဲမှာ၊ သူ့စိတ်ထဲမှာ စာကလွဲလို့ ဘာမှမရှိဘူး၊ ဒီနေ့ ဒီကလေး (၅) ဘာသာ ဂုဏ်ထူးနဲ့အောင်တယ်လို့ ဝင်ပြောသွားလို့ ကျုပ်က စပါးတင်း (၅၀) ဆုချဂုဏ်ပြုမယ်လို့ ပြောလိုက်သေးတယ်"

"သာဓုပါဗျာ...သာဓု...သာဓု" ဟု ဦးချက်ကြီးကို ဦးဖိုးလုံးက ကောင်းချီးပေးပါသည်။ ယနေ့အောင်စာရင်းသည် ဥပုသ်သီလယူချိန်အထိ ကြေညာချက် ပြီးနိုင်ဖို့မမြင်လေသောကြောင့် ဦးသူတော်က –

"သီလယူကြမယ့် ဒကာကြီးတို့ ဒကာမကြီးတို့ မကြာခင် ဆရာတော်ကြီး သွားပင့်တော့မယ်" ဟု သတိပေးရင်း။

"စောစောက ကျုပ်ကြားလိုက်ပါတယ်၊ ဦးချက်ကြီးတူလေး (၅) ဘာသာနဲ့ အောင်တယ်ဆို အောင်မှာပေါ့၊ အဲဒီကလေးက စာပဲတွေး၊ စာပဲစဉ်းစားတော့ စာတွေရနေတာပေါ့"

ထိုမှန်နှင့် ဦးသူတော်က ရပ်မနေ။

"ဒီနေ့ အေးဘုံ ဥပုသ်လာမစောင့်နိုင်ဘူးဆို ဘာတဲ့... သူ့သမီးက စာမေးပွဲကျလို့ ယောကျ်ားနောက်လိုက်သွားပြီဆိုလား... အဲဒီကလေးက

စာမေးပွဲကျလို့ ယောကျ်ားနောက်လိုက်တာ မဟုတ်လောက်ဘူး"

"သူက ကျောင်းစာကို နည်းနည်းပဲတွေး၊ နည်းနည်းပဲ စဉ်းစားပြီး စာမေးပွဲမအောင်ရင် ယောကျ်ားယူမယ်လို့"

"ဒါပဲတွေး၊ ဒါပဲစဉ်းစားတော့ ဒါပဲရသွားတာပေါ့" ဟု ဦးသူတော်က ဂရုဏာဒေါသောစကားဆိုရင်း၊

"ကဲ...သီလယူကြမယ့်သူတွေလည်း ကျုပ်မှာခဲ့မယ်နော် သီလယူပြီးရင် တရားပဲတွေး၊ တရားပဲစဉ်းစား တရားတွေရလိမ့်မယ်"

"စကားတွေတွေး၊ စကားတွေစဉ်းစား၊ စကားတွေများယုံပဲ ရှိလိမ့်မယ်" ဟု တုံးတိတိဆိုရင်း ဆရာတော်ကျောင်းပေါ် ဆရာတော်ပင့်ဖို့ ကြွသွားလေရဲ့။

× × × × × × × × × × × ×

## ၇။ အလုပ်ကောင်းဖို့လို

ကျွန်တော်တို့ကျောင်းကြီးခြံနှင့်ကပ်လျက် ရေကန်ကြီးထဲက ရေကို ရွာထဲက သောက်ရေအဖြစ် မနှင့်နှင့်ဆောင်းကာလမှာ ကာလသား၊ ကာလသမီးတို့က တစ်နိုင်တစ်ပိုင်ခပ်ယူပြီး သုံးစွဲလေ့ရှိသည်။ သုံးရေ ချိုးရေကိုတော့ ချောင်းရေရှိနေသေးလျှင် ချောင်းရေ။ ချောင်းရေ ခမ်းစပြု လျှင် သဲသောင်ဖြင့်မှာ လက်ယက်တွင်းများတူးပြီး သုံးကြသည်။

ကျောင်းဘေး ရေကန်ကြီးမှာ သောက်ရေခပ်ကြရင်း လူငယ်သဘာဝ၊ အပျိုတွေအလိုက်၊ လူပျိုတွေအလိုက်၊ သူ့အုပ်စုနှင့်သူ လွတ်လွတ်လပ်လပ် ပြောဆိုလေ့ရှိကြသည်။

တစ်နေ့ဦးသူတော်က ဘုရားပန်းအတွက် ကန်ဘောင်ဘေး စိုက်ထားတဲ့ ပန်းခြံ၊ ပန်းရုံအောက် ပန်းတွေချိုးနေစဉ် ကိုယ့်အုပ်စုနဲ့ကိုယ် လူငယ်တွေ၊ အချီအချ စကားပြော အငြင်းပွားနေတာကို ဦးသူတော် မကြားချင်လည်း ကြားနေရသည်။

လူငယ်တွေက ပန်းခြံ၊ ပန်းရုံထဲ ဦးသူတော် ရှိနေသည်ကို သိပုံမရချေ။ ပြောပုံကကြည့်...။

"မိတွေးတုတ်...ဟိုဘက်ရွာက...သာအေးက ညည်းမိဘတွေကို သူ့မိဘတွေက တဆင့် နှမ်းဖောက်ဖို့ စီစဉ်နေတယ်ဆို"

"သိပါဘူးအေ"

"တကယ်လို့ညည်းကို သာအေးဖက်က လာနှမ်းဖောက်ရင် မယူလိုက်နဲ့၊ မငြင်း လိုက်နဲ့နော်၊ သာအေးက ဒီနယ်တစ်ဝိုက်မှာ လူချော၊ ရုပ်ချောဟဲ့ သိရဲ့လား"

"ရုပ်ချောတော့ဘာဖြစ်လဲ"

"ရုပ်ချောရင် လူကောင်းလို့ ငါကြားဖူးတယ်"

ဒီစကားတွေကိုလည်း ဦးသူတော် မကြားဘဲ မနေရ ကြားဖြစ်အောင် ကြားနေရသည်။ ဒီဖက်က ကာလသမီးတွေလိုပါမဲ့...ဟိုဖက်က ကာလသားတွေကလည်း တမျောင့်...။

"ဟကောင် ဖိုးခွား မင်း ဝါကျွတ်ရင်လက်ထပ်တော့မယ်ဆို"

"ဖထီးတို့ အမိုးတို့ စီစဉ်တာပါကွာ"

"မင်းက မကြိုက်ပဲ ယူရမှာလား"

"ဖထီးတို့ အမိုးတို့က ပြောတယ်ကွ၊ နော်ဆေးဖောက် ရိုးသားတယ်၊ ချစ်ဖို့ကောင်းတယ်၊ ထူးခြားတာက စကားအပြော သိပ်ကောင်းတယ်၊ အပြောကောင်းတဲ့သူက ရုပ်ချောတဲ့သူထက် ပိုတော်ပိုကောင်းတယ်တဲ့"

သူကြီးတွေ၊ မိဘတွေဆိုတာက သားသမီးအတွက် မွေးစမှ အိမ်ထောင်သားမွေးအထိ လိုက်စဉ်းစားပေးတတ်တာကိုး။ မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တို့၏ မရိုးနိုင်သောဝတ္တရားကြီးလို ဖြစ်နေပါတော့သည်။

"ရုပ်ချောတာ...ကောင်းတယ်" အတိတ်က ကံကောင်း၍ ပစ္စုပ္ပန် ရုပ်ချောသည်ဟု ဆိုသော် ရုပ်ချောတာကောင်းတယ် ဆိုသည်မှာ ငြင်းဖွယ်မရှိ လူချစ် လူခင်ပေါပါစေ၊ ဆုတောင်းပြည့်ခဲ့ပုံရသဖြင့် အပြောကောင်းတာ၊ ပိုကောင်းသည်ဆိုသည်မှာလည်း အဓိပ္ပာယ်ရှိလှ၏။

သို့သော် ရုပ်ချောတာထက် အပြောကောင်းတာထက် ပစ္စုပ္ပန်တည့်တည့် အိမ်ထောင်တစ်ခုတည်ဆောက်နိုင်ကြဖို့အတွက် ပန်းခြံ၊ ပန်းရုံထဲ ပန်းခူးနေတဲ့ ဦးသူတော် ကန်ဘောင်ပေါ်တက်ပြီး၊

"ကဲသားတို႔ သမီးတို႔ရေ၊ ပစၥည္းပြန္တည္တည္ အိမ္ေထာင္တစ္ခု တည္ေဆာက္မယ္ဆိုရင္ ရုပ္ေခ်ာတာေကာင္းတယ္၊ အေျပာ ေကာင္းတာ ပိုေကာင္းတယ္၊ ဒါေပမယ့္ အလုပ္အကိုင္ ေသသပ္ ကိုယ့္အားကိုယ္ကိုး တီထြင္၊ လိုလွ်င္ႀကံဆ၊ ႀကီးပြားရေအာင္ ႀကိဳးစားနိုင္တဲ့ အလုပ္ေကာင္းတဲ့သူက အေကာင္းဆုံးေပါ့" ဟု ျဖည့္စြက္သတိေလး အသိေပးျဖစ္ေအာင္ေပးလိုက္ေသးသည္။

× × × × × × × × × × × ×

## ၈။ အနုပညာရှင်ဖြစ်အောင်လုပ်

ဆရာတော်ကြီးသည် ကျွန်တော်တို့ ကျောင်းအိပ်ကျောင်းစား ကျောင်းသားများကို အသိပညာရစေဖို့ စာပေဆိုင်ရာ သင်ကြားပေးခြင်း၊ အရွယ်ရောက်လာသည်အထိ ကိုယ့်ဘဝကိုယ် တည်ဆောက်နိုင်ဖို့ တစ်စုံတစ်ရာ၊ လက်မှုပညာတတ်အောင် နည်းလမ်းရှာကြံ လေ့ကျင့်ပေးလေ့ရှိခြင်းများဖြင့် တပည့်အပေါင်းကို လေ့ကျင့်ပေးရန် ဦးသူတော်ကို လမ်းညွှန်မှုပြုပေးလေ့ရှိသည်။

ကျွန်တော်တို့ ဘဝစုံကျောင်းအိပ်ကျောင်းစား (၂၀) လောက်ကို ဦးသူတော်က စုဝေးစေသည်။ ကျောင်းသားများမှာ အငယ်ဆုံးက (၇) နှစ် အရွယ်၊ အကြီးဆုံးက (၁၈) (၁၉) နှစ်အရွယ်များပါ ပါဝင်ပါသည်။ လူစုံတော့ ...

"ကဲ တပည့်တို့...ဆရာတော်ကြီးက မင်းတို့တွေကို ဝါသနာပါရာ လုပ်ခွင့်ပေးဖို့...ဦးသူတော်ကို မှာထားတယ်။ ဒါကြောင့် ဘယ်သူက ခိုင်းခိုင်း ခိုင်းတာလုပ်မယ်ဆိုတဲ့ ကျောင်းသားတွေ ဦးသူတော်ရဲ့ လက်ဝဲဖက်မှာလာထိုင်" ဟု ဆိုလိုက်လေတော့.... (၁၀) နှစ်အောက်ကလေး (၁၀) ယောက်က၊ ဘယ်သူက ခိုင်းခိုင်းခိုင်းတာလုပ်မယ်လို့ ကလေးအတွေးနဲ့ ဦးသူတော် ညွှန်ပြတဲ့နေရာမှာ သွားထိုင်ကြသည်။ (၁၀) နှစ် အထက်နှင့် (၁၉) နှစ်ကြား လူငယ်တွေကို ဦးသူတော်က အကဲခတ်ပြီး။

"ကျန်တဲ့တပည့် (၁၀) ယောက်က သူများခိုင်းတာ မလုပ်ဖူးဆိုတော့ မင်းတို့က ဘယ်သူခိုင်းတာလုပ်မှာလဲ မကြောက်နဲ့ ရဲရဲဖြေ"

"လုပ်ရမယ့်အလုပ်ကို အရင်သိချင်တာပါ" ဟု သာဂိက ထပြောသည်။

"သိရင်ရောကွာ"

"သိရရင် သူများခိုင်းတာကို ကိုယ့်ဦးနှောက်နဲ့ ပေါင်းစပ်ပြီး လုပ်ကြည့်ချင်တာပါ" ဟု ဖြည့်ပြောသည်။

"ဒါဆို...သာဂီ ဖြေတဲ့စကားကို သဘောကျတဲ့ တပည့်တွေ ဦးသူတော်ရဲ့ လက်ယာဖက်မှာထိုင်" ဟု ပြောတော့ တပည့် (၇) ယောက် သွားထိုင်သည်။ ကျန်တပည့် (၃) ယောက်ရှိနေတာမို့-

"တပည့်ကြီး (၃) ယောက်က ဘာများလုပ်ချင်တာတုံး" ရဲရဲဖြေနော်။

"တပည့်တော်ကတော့...လုပ်ရမယ့်အလုပ်ကို သိရရင် အဲဒီအလုပ်ကို ကိုယ့်ဦးနှောက်တွေးတောမယ်၊ အလုပ်ကို နှလုံးသားနဲ့ခံစားပြီး အကောင်းဆုံး ဖြစ်အောင် တီထွင်ချင်တာပါ" ဟု အသက် (၁၈) နှစ် (၁၉) နှစ်အရွယ် ကိုပြုံးချိုက ဆိုလေတော့ ... ကျန် ကျောင်းသားကြီး (၂) ဦးကပါ ကိုပြုံးချိုနှင့် ဆန္ဒတစ်ထပ်တည်းဖြစ်ကြောင်း ဖြေကြသည်။

"ကဲဒါဖြင့် ... ဘယ်သူကခိုင်းခိုင်း ခိုင်းတာလုပ်မယ့်သူတွေထဲမှာ ကလေးငယ်တွေဖြစ်နေတယ်၊ သူတို့က ကလေးဆိုတော့ ရိုးရိုးဘဲတွေးပြီး ကလေးသဘာဝ ခိုင်းတာလုပ်ဖို့ ဆုံးဖြတ်ကြတာပါ။ ဒါပေမယ့် ဘယ်သူခိုင်းခိုင်းလုပ်မယ်ဆိုမှတော့ အထွေထွေအလုပ်ကြမ်းသမားပဲ ဖြစ်မှာပေါ့..."

"နောက်လက်ယာဖက်က တပည့်တွေက သူများခိုင်းတာကို ကိုယ်ပိုင်ဦးနှောက်နဲ့ပေါင်းစပ်လုပ်ကြည့်ချင်စိတ်ရှိတာကြောင့် ပညာရှင်အဆင့် အတွေးအခေါ်တွေ ရှိနေပြီလို့မှတ်ကြ"

"ဦးသူတော်ရှေ့မှာရှိနေတဲ့ ကျောင်းသားကြီး (၃) ယောက်က သူများခိုင်းတာကို ကိုယ့်ဦးနှောက်နှင့် တွေးတော၊ ကိုယ့်နှလုံးသားနဲ့ခံစားပြီး အကောင်းဆုံးဖြစ်အောင် တီထွင်မယ်ဆိုတဲ့အတွက် ပညာရှင်ထက် မြင့်တဲ့ အနုပညာရှင် ပညာရှင်အဖြစ် ရောက်သွားပြီလို့မှတ်"

"အကျဉ်းမှတ်ချင့်ရင်မှတ်ထားကြ"

သူများ့ခိုင်းတာကို လက်ချည်းသက်သက် ခွန်အား စိုက်လုပ်တဲ့ သူက–အလုပ်ကြမ်းသမား၊

လက်ရော၊ ဦးနှောက်ပါ အသုံးချတဲ့ သူက ပညာရှင်

လက်၊ ဦးနှောက်၊ နှလုံးသားပါ အသုံးချတတ်တဲ့ သူက အနုပညာရှင် ဟု ဆုံးမသြဝါဒပေးပါတော့သည်။ တပည့်အားလုံးလည်း ဦးသုတော်ကို ကန်တော့ကြသည်။ ဦးသုတော်ကလည်း ဆုမျှားပေးပါသည်။

× × × ×   × × × ×   × × × ×

## ၉။ တစ်သက်စာ အဖိုးတန်ဆိုစကား

ဦးသူတော်နှင့် အတွေ့အထိရှည်ကြာသည်နှင့်အမျှ ဦးသူတော်ထံမှ ပညာများစွာ ရခဲ့သည်။ အချို့က သင်ပေး၍ရသည်၊ အချို့က ဦးသူတော်၏ ပြုမူဆောင်ရွက်မှုများကို မြင်ပါများရာမှရသည်။ အချို့က ဦးသူတော် မည်သို့ပြောဆို ပြုမူလိုက်သည်ကို ကြားရယုံဖြင့်ရသည်။ ကျေးဇူးရှင် ဦးသူတော် ဟု ကျွန်တော်ကတော့ မှတ်ယူထားသည်။

ကျွန်တော် ကျောင်းအိပ်၊ ကျောင်းစားကျောင်းသားဘဝက ကြုံတွေ့ခဲ့ရသော ဦးသူတော်၏ သွန်သင်ဆုံးမမှုသည် ယနေ့တိုင် အသုံးဝင်နေဆဲ ဖြစ်ပါသည်။ အမှတ်တရဖြစ်ရပ် ကလေးတစ်ခုအား တင်ပြလိုပါသည်။

ကျွန်တော်တို့ ကျောင်းသားများသည် လူငယ်ကလေးအရွယ် ဖြစ်သဖြင့် အသိဉာဏ်မကြွယ်တတ်သေး၊ စရိုက်မျိုးစုံ အလွှာမျိုးစုံပါသည်။ အချို့က စာကို ဂရုစိုက်ကြိုးစားသည်။ အချို့က အလုအပမက်သည်။ အချို့က စကားနည်းသည်၊ အချို့က စကားများသည်၊ အချို့က ဘာသိ ဘာသာနေသည်။ အချို့က စပ်စုသည်၊ အချို့က သူများကို ထိခိုက် စကားဆိုသည် ... စသည်စသည်ဖြင့် စုံလှသည်။

ကျွန်တော်တို့အတန်းထဲတွင် လှမြင့်သည် အခြားကျောင်းသား တစ်ဦးဦးကို ချောက်ကျစေရန် အပြစ်ကျစေရန်၊ ချောက်တွန်း တိုင်ကြားလေ့ ရှိသူ ဖြစ်သည်။ လှမြင့်ချောက်ချစကားဆို၍ အချို့ အစစ်ဆေးခံကြရသည်။

ထိုအဖြစ်အပျက်သည် ကျွန်တော်တို့ မကြာခဏကြုံ တွေ့ရသော ပြဿနာအဖြစ် ကြုံတွေ့နေရတော့သည်။

တစ်နေ့ ဦးသူတော်က.... ကျောင်းသားများကို စုဝေးစေပြီး–

သူများအကျိုးပျက်စီးရာကို ဘယ်အခါမှ မလုပ်နဲ့၊ မပြောနဲ့၊ မကြံနဲ့။

ကြမ်းတမ်းသောစကားကို မဆိုနဲ့

မေတ္တာနဲ့ယှဉ်တဲ့စိတ်ကို မွေး

အကောင်းကြံ၊ အမှန်လုပ်၊ ဟုတ်တာကိုပြော

လက်ရှိအချိန်မှာ အကျိုးရှိတာလုပ် ... ဟူ၍ သူကြားနာဖူးသည့် တရားစကားဖြင့် ဆုံးမပါသည်။ ဦးသူတော် စကားသည် ယနေ့တိုင် အသုံးဝင်နေဆဲ ဖြစ်ပါသည်။ ဦးသူတော် ၏ ဆုံးမစကားသည် တစ်သက်စာ ဆုံးမစကား ဖြစ်စေခဲ့ပါသည်။

× × × × ×

လှမြင့်ကို အကြောင်းပြု၍ အခြားကလေးများကို အတုခိုးမှားသွားမှာ၊ လှမြင့်ကိုလည်း အကျင့်ဆိုးပါသွားမှာ စိုးသောကြောင့် ဦးသူတော်သည် အခြားကျောင်းသားများရှေ့တွင် လှမြင့်ကို ဆုံးမပေးသည်။

"လှမြင့် ... မင်းအကျင့် မင်းသိရဲ့လား"

လှမြင့်မဖြေ။

"လှမြင့် ... မင်း မဟုတ်မမှန်တွေတိုင်လို့၊ အခြားကလေးတွေ အစစ်ဆေးခံရတာ တွေ့တယ်၊ မြင်တယ်မလား"

လှမြင့် ခေါင်းငြိမ့်ပြသည်။

"ဒါဆို မင်းကို တိုတိုလေးပဲ ဆုံးမမယ်။ နောင် ဘယ်သူ့ကိုမှ ချောက်ကျစေမယ့်စကား မပြောနဲ့၊ မင်းနေ့စဉ် သတိထားရမှာက

"ဘယ်သူတော်တော် မတော်တော် မင်းတော်အောင်ကြိုးစား"

"ဘယ်သူကောင်းကောင်း မကောင်းကောင်း မင်းကောင်းအောင်နေ"

အဲဒီ (၂) ချက်ပဲတွေး၊ တွေးတဲ့အတိုင်း အေးခင်မြင်အောင်လုပ်၊ နောင် အတိုင်းအတောမထူနဲ့" ဟု ဦးသူတော်က ဆုံးမပါသည်။

ဦးသူတော်...၊ ဆုံးမစကားက လူတိုင်းအတွက် တစ်သက်စာ ဆုံးမစကားဟု ဆိုသော် မှန်ပေလိမ့်မည်။

× × × × × × × × × ×

## ၁၀။ မီဘကို ကံသုံးပါးနှင့်ဖြစ်စေ၊ တစ်ပါးပါးနှင့်ဖြစ်စေ လုပ်ကျွေးပါ

ကျွန်တော်တို့ ဒေသမျိုးတွေက ရပ်ဆွေရပ်မျိုးအဖြစ် နေထိုင်စားသောက် ကူညီလေ့ရှိကြသလို၊ ဆိုးသူ ကောင်းသူ၊ တော်သူ ညံ့သူ၊ ချမ်းသာသူ နွမ်းပါးသူ အဖြစ် အမည်ကြားလိုက်ရုံနှင့် ဒက်ခနဲသိကြသည်။ တစ်ချို့များဆို ဆွေစဉ်မျိုးဆက်ကအစ အသေးစိတ်ပြောနိုင်သူများပင် ရှိကြသည်။

ကောင်းတာလုပ်သူများကိုလည်း သိသည်။ ဆိုးတာ လုပ်သူကိုလည်း သိကြသည်။ နိမ့်ပါးသူ၊ နွမ်းပါးသူ၊ ရိုးသား ကြိုးစားသော်လည်း ဘဝအကျိုးပေး မကောင်းသူများကိုလည်း တစ်နိုင်တစ်ပိုင် ဝိုင်းဝန်းဆောင်ရွက်ပေးလေ့ရှိသည်။ သူစိမ်းများဟု မတွေးကြ၊ ရပ်ဆွေ ရပ်မျိုး (ဆွေမျိုးများ) အဖြစ် ခံယူထားကြသည်။

ရွာဦးကျောင်း ဆရာတော်ကြီးသည် ဤဒေသရှိ လူသတ္တဝါ အားလုံး၊ အားကိုးအားထားပြုရာ လောကီလောကုတ္တရာတရားများကို ချီးမြှင့်ပေးရာ ကိုးကွယ်ဆည်းကပ်ရာ ဖြစ်ပေသည်။

အပူဟပ်၊ အပူကပ်နေသူတို့ကို အေးချမ်းအောင် ပေါနိုင်ပြောနိုင်သော ဆရာတော်ကြီးရှိသကဲ့သို့ လောကီသဘာဝ ကြုံကြရသူတွေကို အထိုက်အလျောက် အေးချမ်းမှုရအောင် ဆရာတော်ကြီး၏ အစ်ကိုတော် ဦးသူတော်ကလည်း တတ်နိုင်သမျှ ညွှန်ပြလေ့၊ ပံ့ပိုးလေ့ရှိသဖြင့် ကျွန်တော်တို့တွေလည်း ဤဒေသရှိ လူတွေအကြောင်း တစေ့တစောင်း သိခွင့်ရပါသည်။ ထိုအတူ လူ့ဘဝနေထိုင်စဉ် ကျင့်ဖွယ်များလည်း ရရှိလေ့ရှိပါသည်။

× × × × ×

"ရှာဆော်ကြီး ဘာကိစ္စတုံး"

"မြို့မှာ အိမ်ထောင်ကျပြီး ရွာကိုတစ်ခေါက်မှ ပြန်မလာတဲ့ ဦးချမ်းသာ – ဒေါ်ပြည့်စုံတို့ရဲ့သား မောင်မဲ၊ စီးပွားရှာရင်း သင်္ဘောနစ်ရာမှာ ပါသွားရာက အလောင်းတောင် ပြန်မရရှာဘူး၊ သူ့မိဘတွေက သက်ပျောက်သပိတ် ရည်မှန်းသပိတ်၊ ဆွမ်းဒါန ပြုချင်တယ်ဆိုလို့ ဆရာတော်ကြီးကို လာလျှောက်ပေးတာ ဦးသူတော်"

"မြို့မှာ ပြည့်စုံချမ်းသာနေတယ်လို့ ကြားနေရတဲ့ မောင်မဲလား"

"ဟုတ်ပါတယ် ဦးသူတော် ... သူက မြို့မှာ ပြည့်စုံချမ်းသာနေပေမယ့် မိဘကို ကာယကံမြောက်၊ ဝစီကံမြောက်၊ တစ်ကြိမ်တစ်ခါမှ လုပ်ကျွေးဖော် မရပါဘူး၊ သူ့မိဘတွေမှာ ကြွေးမြီတင်ခံပြီး၊ အဆင်းရဲခံ ပညာသင် ကျွေးမွေးစောင့်ရှောက်ပေမယ့်၊ သူ့သားက မွေးကျေးဇူး မဆပ်ခဲ့ပါဘူး၊ ဒါပေမယ့် ခုလို သတင်းဆိုးကြားတော့ မိဘတွေက သားအတွက် ရည်မှန်းသပိတ်သွပ်ဖို့ ကုသိုလ်တွေရစေဖို့ မရှိမဲ့ ရှိမဲ့နဲ့ ဒါနပြုပေးဦးမယ်တဲ့ ... မိဘမေတ္တာ ကြီးလှပါ့ ဦးသူတော်ရယ်"

"ဒကာကြီး ... မိဘကိုလုပ်ကျွေးတာ ကာယကံမြောက်ဆို ပိုကောင်းတယ်၊ အခြေအနေမပေးလို့ ဝစီကံ၊ မနောကံနဲ့ လုပ်ကျွေးလည်း ကုသိုလ်ဖြစ်တယ်၊ ကာယကံ၊ ဝစီကံ၊ မနောကံမြောက် လုပ်ကျွေးနိုင်ပါလျှက် တမင်ပစ်ထားရင် သံသရာကြွေးလဲတင်မယ်၊ လူအများက ထုတ်မပြောသော်လည်း လူယုတ်မာလို့ သတ်မှတ်ခံရမယ်။

× × × × ×

"ကပ္ပိယကြီး ရေကန်မှာ ဘယ်က ကလေးလဲ"

"ရွာထဲက မုဆိုးမလေး နှင်းနုရဲ့သား မောင်စိုးဆိုတဲ့ ကလေးပါ ဦးသူတော်"

"ဟဲ့–ဟဲ့ အဲဒီကလေးက ဘာလုပ်နေတာလဲ"

"ဆရာတော်ကြီးရဲ့ ထွေးခံအိုးတွေ သွန်ပြီး ဆေးကြောနေတာပါ"

"ဘယ်သူခိုင်းတာတုံး"

" ဘယ်သူမှ မခိုင်းပါဘူး၊ ဉပုသ်နေ့ဆို သူက လာလုပ်နေကျပါ"

"သာဓုကွယ်၊ သာဓု သာဓု ၊ ဒါပေမယ့် အဲဒီကလေးကို ရေကန်မှာ မလုပ်စေနဲ့၊ အန္တရာယ်များတယ်"

"ဟုတ်ကဲ့ပါ ဦးသူတော်"

"သူ့အမေရော ဘာတွေလုပ်ကိုင်စားသောက်နေလဲ"

"ကောက်စိုက်၊ ပျိုးနုတ်၊ ကြုံရာကျဘမ်းပေါ့ ဦးသူတော်၊ ဆင်းရဲနွမ်းပါးရှာတော့ သူများအခိုင်းခံပေါ့"

"သူ့သားလေးကိုရော ကျောင်းမထားသေးဘူးလား"

"စားစရာတောင် အနိုင်နိုင်ပါဘုရား"

"ကလေးကြည့်ရတာ သွက်လက်ချက်ခြာတဲ့ပုံပဲ"

"လိမ္မာရေးခြားလဲ ရှိပါတယ် ဦးသူတော်"

"ကပ္ပိယကြီးကရော ဆုံးမစာကလေး ဘာလေး ချမပေးဘူးလား"

"ချပေးပါတယ်ဘုရား တော်တော်ကလေး တတ်နေပါပြီ ဘုရား"

"ကလေးကို အာဟာရဒါနရော စွန့်ပေးရဲ့လား"

"စွန့်ပါတယ်ဘုရား ... သူကမစားဘဲ သူ့အမေအတွက် ယူသွားလေ့ရှိပါတယ်"

"တော်တော်လိမ္မာတဲ့ကလေးပဲ ... အဲဒီသားအမိ အတိတ်ကံထုန်ရင် ကြီးပွားချမ်းသာ ကျန်းမာလိမ့်မယ် ကပ္ပိယကြီး"

"ဝမ်းမြောက်စရာပါဘုရား"

× × × × × × × × ×

**အမေ့သားထိုက်စာပေ**

## ၁၁။ စေတနာကို ထည့်ရောင်းသည့် အငှေ

ယနေ့ ဦးသူတော်က ကျွန်တော်တို့ ကျောင်းသားတွေကို အရွယ်အလိုက် အုပ်စုခွဲပြီး အစ်ကိုကြီးအရွယ်တွေကို ခြံရှင်း၊ ခြံခုတ် ခေါင်းဆောင်အစ်ကိုလတ် အရွယ်တွေကို သစ်ကိုင်း သစ်ခက် ရှင်းလင်း၊ သစ်ကိုင်းတွေထင်းအဖြစ်ခုတ်ဖို့ တာဝန်ပေးသည်။ ခေါင်းဆောင် အစ်ကိုကြီး၊ အစ်ကိုလတ်တို့က ကျွန်တော်တို့ အရွယ် (၁၀) နှစ်အောက် ကလေးတွေကို သစ်ရွက်၊ အမှိုက်သိမ်းအဖြစ် လုပ်ဆောင်ဖို့ တာဝန်ခွဲပေးထားသည်။

ကျောင်းသားအားလုံးက ဦးသူတော်ကို ကြောက်ချစ် ရိုသေလေးစားလို့ လုပ်ကြသူများပါသည်။ သို့သော် အနည်းငယ်သော ကျောင်းသားကြီးအချို့က ရေသာခိုသည်၊ သက်သာခိုသည်၊ စေတနာမပါ၊ တာဝန်ကျေဝတ္တရားကျေလုပ်သည်။ ထို့ကြောင့်လည်း ငုတ်စူး တုတ်စူး ဆူးညှိဒဏ်ရာရသူတွေရသည်။ မလိုအပ်ဘဲ သွေးထွက်သံယိုဖြစ်သည်။ အဆိုးဆုံးမှာ ကျောင်းသားကြီး ကိုသံခဲသည် ဓားကိုပိုင်ပိုင်နိုင်နိုင်မကိုင်ပျက်ချော်ချော်ကိုင်ပြီး သစ်ပင်ခုတ်ရာက ဓားလွတ်ပြီး ကျောင်းသားငယ်လေး စိုးစိုးဇော် ခြေသလုံးထိမှန်ပြီး ဒဏ်ရာကြီးရတော့သည်။

ဦးသူတော်သည် ဒေါသကြီးစွာထွက်နေသော်လည်း စိုးစိုးကိုပွေ့ချီကာ ဆွမ်းစားဆောင်ကို အရောက်သွား၊ အနာကို သန့်ရှင်းရေးလုပ်၊ ကြက်သွန်နီနဲ့ ဆား "ဆတူ" ထောင်း၊ အနာပေါ်ကိုအုံ၊ ပုဆိုးစုတ်နဲ့သေချာစည်းနှောင်ပေးပြီး ကျောင်းသား အားလုံးကို စုရုံးစေကာ

"သံခဲ ... မင်းအပြစ် မင်းသိရဲ့လား" သံခဲ ပြန်မဖြေ။

"ခု အလုပ်အပေါ် စေတနာကောင်းထားပြီး မလုပ်ဘဲ ပျက်ချော်ချော်လုပ်လို့ စိုးစိုးဒဏ်ရာရပြီ၊ နောင် ဘာအလုပ်ပဲ လုပ်လုပ် အလုပ်ထဲမှာစေတနာကောင်းထားလုပ်၊ တိုးတက်မယ်၊ အောင်မြင်မယ်၊ အန္တရာယ်ကင်းမယ် ... ကြားရဲ့လား သံခဲ"

အငှမှသားထိုက်ဓာငှေ

"ကြားပါတယ် ဘုရား"

"အေး ကြားရင် အလုပ်အပေါ် စေတနာကောင်း မထားတဲ့ ပြစ်ဒဏ် ရေဒဏ် ပုံး ၁၀၀ ခတ်" ဟု မပြစ်ပေးသည် ကို ကြုံခဲ့ဖူးပါသည်။

× × × × ×

ပြည်တွင်းသောင်းကျန်းသူများရန်ကြောင့် မုဆိုးမဖြစ်တဲ့ ကျွန်တော့်အမေရဲ့ ဝါးထောင် ဝါးကုန်သည်လုပ်ငန်း ပြုတ်သည်။ ခုံ (ယာ) လုပ်ငန်းပြုတ်သည်။ ရှိတဲ့ငွေ အလိမ်ခံရသည်။ စီးပွားတဖြည်းဖြည်း ကျသည်။

အမေ့ဘဝ သုညကျသွားပြီ။ ဒါပေမယ့် အမေ့ဗွဲက ကြီးလှသည်။ အမေ အကြော်ကြော်သည်။ အကြော်ရောင်းသည်။ ချောက်ချီးချောက်ချက် ကုန်စုံဆိုင်ကလေး ရောင်းသည်။ ပန်းဆွဲရွာလမ်းမကြီးကလည်း သုံးဆယ်မြို့ရဲ့ လမ်းမကြီးဆိုတော့ ပဲခူးရိုးမ တောင်စွယ်တွေမှာ တည်ထားတဲ့ တောင်ညိုလေးရွာ၊ သဲဖြူရွာ၊ သိုက်တောရွာ၊ စည်ပင်ရွာ၊ သာယာကုန်းရွာ၊ ကြီးလူးရွာ၊ ကုက္ကိုင်းရွာ၊ ချမ်းသာကုန်းရွာ၊ သာယာအေးရွာ၊ ဓလံကုန်းရွာတွေက မြို့တက်ဈေးဝယ်သူတွေရဲ့ သွားရာလမ်းဖြစ်နေသည်မို့ အမေ့ဆိုင်က အဆင်ပြေသလိုရှိသည်။ ရွာတွေက လာကြသူတွေက–

တချို့က ခြေလျင်၊ တချို့က လှည်းတွေနဲ့ မိုးမလင်းမီ တက်လာကြရသည်။ မြို့ပေါ်ကို ဈေးရောင်း ဈေးဝယ် တက်လာကြပေမယ့် မြို့ထဲကို မိုးလင်းစမှပဲ ဝင်ခွင့်ရကြသည်။ လှည်းဂိတ်ကြေးက နံနက် ၆ နာရီလောက်မှ ဖွင့်ကောက်သည်။ မြို့အဝင် တစ်မိုင်အကွာလောက်မှာရှိတဲ့ ပန်းဆွဲရွာမှာ မိုးမလင်း မီလှည်းတွေ ခေတ္တနားကြစမြဲ။ အဲဒီလိုနားချိန် အမေကြော်တဲ့ အကြော်နဲ့ လက်ဖက်ရည်ကြမ်း ခါးခါးဟာ တောသူတောင်သားတွေ အတွက် အားဆေးဖြစ်ပါသည်။

အချို့က ပစ္စည်းရောင်းရန်၊ ရောင်းချပြီးမှ ဈေးဝယ်ပြန်ကြရန် ဖြစ်သည်။ အပိုငွေမပါကြ၍ အမေ့ဆိုင်မှာ အသွားအပြန် အကြွေးစားစား၊ မစားစား ရေနွေးချည်း သောက်သောက် အမေက စေတနာပါပါ ခွင့်ပြုသည်။ အမေ့စေတနာ နောက်ဆက်တွဲ ရှိသေးသည်။ မိုးအချိန်ဆို မိုးဗြဒယ်နဲ့ ငါးတောင်စင်း (ငါးသားပေါက်) ကို ဆီပြန်ချက်၊ ဟင်းရွက်စိမ်း (ပင်စိမ်းရွက်) ကလေးအုပ်ထားတဲ့ ရနံ့ကိုရသူတိုင်း သွားရည်ကျလောက်ပါသည်။

ထမင်းထုပ်ပါသူတို့ အမေချက်ထားတဲ့ ငါးထောင်းစင်းဟင်းနှင့် အဆာပြေစားကြသည်။ ထိုအချိန်က ငါးထောင်းစင်း ခွဲတောင်းတစ်လုံးဘိုးကလည်း မများလှ၊ မိုးဗြဒယ်တစ်လုံး ချက်တာတောင် စရိတ်က မထောင်းလှတော့ အမေက ကြံ့ကြိုက် တဲ့ တောသူတောင်သားတွေကို ဒါနပြုစမြဲ ဖြစ်ပါသည်။

ထိုမျှမကသေး။

အမဲသားကို တိုးတိုးသားလို့ခေါ်တဲ့ခေတ်မှာ (အမဲသား စားနိုင်သူ) ဟာ အတော်အထင်ကြီးခံရတဲ့ သူပါပဲ၊ အမေက ဈေးသည်မို့ တိုးတိုးသား ပေါ်သူ (အမဲပေါ်သူ) တို့နှင့် ရင်းနှီးမှု ရှိသည်။ တိုးတိုးသားရတဲ့ရက်မှာ (အရွက်၊ အမဲရွတ် ရသမျှဝယ်ပြီး မဆလာကောင်းကောင်းနဲ့ ဆီပြန်ချက်ထားလေ့ရှိသည်။) ငါးထောင်းစင်းချက်လှူသလို အမြဲတမ်းလှူသည်။ အမေ့ဆိုင် လူစည်ကားတာ ဘာဆန်းသလဲ။ မြတ်သည်မမြတ်သည်တော့ မသိ၊ ရွာပေါင်းစုံက လှည်းတပ်ကြီးက အမေ့ဆိုင်နားမှာ တန်းစီ နေသည်။

တောရွာပေါင်းစုံ လူမျိုးပေါင်းစုံ တိုင်းရင်းသားပေါင်းစုံတို့ အမေ့ကို ခင်ကြသည်။ အမေ့ကို ကူညီရန် အချိန်မရွေးလို့ ကတိပေးသူ ပေးကြသည်။

အမေက အပိုဆောင်းစေတနာသာမက သူ့အလုပ်ကိုလည်း ဂရုစိုက်သည်။ အကြော်ဖြစ် ပြီးရောဆိုပြီး ကြော်ရောင်းသူမဟုတ် ဘယာကြော်ကိုတောင် စေတနာထား ကြော်ရောင်းသည်။

ဘယာကြော်ဆိုတာ ကုလားပဲထောင်း၊ ဂျင်း၊ ကြက်သွန်နီ၊ ဆား မှုတအောင်ရောနှောကြော်လျှင် ဘယာကြော်ကောင်း ရပါသည်။ မွေးသည် စားချင်စဖွယ် သင်းပျံ့သည်။

အမေက ဤမှုနှင့်ရပ်မနေ ... ပျဉ်းတော်သိမ်ရွက်ကို ပါးပါးလှီး ထည့်ပြီး ကြော်သည်။ အနံ့က ပိုသင်းသည်။ စားကြည့်တော့ ပို၍ပို၍ ကောင်းသည်။ အမေက စားသုံးသူအပေါ် စေတနာတွေထည့်ရောင်းသည်။ ပျဉ်းတော်သိမ်ရွက် မရလျှင် ဘယောကြော်ကို ကြော်မရောင်း။ ဂျင်းနံ့ သင်းသင်းရတဲ့ ကုလားပဲကြမ်းကြော် ပြောင်းကြော်သည်။

ကျွန်တော့်အမေက သောင်းကျန်းသူရဲ့ အဖျက်လုပ်ရပ်ကြောင့် ဆင်းရဲသွားသဖြင့် အကြော်ကြော် ရောင်းသည်။ အမေက အကြော်သည် ဘဝ ရောက်နေစဉ်အကြော်ကို စေတနာပါ ထည့်ရောင်းလို့လားသိ၊ အမေ့အကြော်တဲမှာ အားပေးသူတွေ ဝိုင်းဝိုင်းလည်နေပါတော့ပါသည်။

× × × × × × × × ×

## ၁၂။ ကိုယ်ဖြစ်ကိုယ်ခံ

"သုခမိန်-ဦးသူတော်" .... ထိုအမည်က ကျွန်တော်တို့ ဘုန်းကြီးကျောင်းသားများ ပေးထားသော အမည်နာမဖြစ်ပါ သည်။

တကယ်တော့ ဦးသူတော်သည် ကျွန်တော်တို့တွေ ကြောက်ချစ်ရိုသေရသော ... ကျောင်းထိုင်ဆရာတော်၏ အစ်ကိုရင်း၊ စာတတ်ပေတတ်ဝိနည်းဓမ္မသတ် နှံ့စပ် ကျွမ်းကျင်သည့် ပညာရှိတစ်ဦးဖြစ်ပါသည်။

ညီဖြစ်သူ ဆရာတော်ကြီးကို ပါရမီဖြည့်ရင်း၊ ကျောင်း၏ ဝေယျာဝစ္စလုပ်ငန်း ဆိုင်ရာ စီမံခန့်ခွဲ၊ ကျောင်းအိပ် ကျောင်းစား ကျောင်းသားများနဲ့ ဒုလ္လဘာ ကိုယ်ရင်လောင်း၊ ရဟန်းလောင်းများကို အုပ်ချုပ်၊ ပုတီးစိတ်နည်း၊ သင်္ကန်းကောင်း၊ သင်္ကန်းကပ်၊ စာပေတို့ကိုပို့ချ၊ သင်္ကန်းဝတ်၊ သင်္ကန်းရုံလမ်းညွှန် စသဖြင့်... "သေတ္တာမှောက်" ကျွမ်းကျင်သူအဖြစ် အားကိုးရသော ဦးသူတော် ဖြစ်သည်။

ကျောင်းအိပ် ကျောင်းစား ကျောင်းသားများ အကြောကိုလည်း ဦးသူတော် နောကျေပြီးဖြစ်သည်။ ဘုန်းကြီးကျောင်းနေသည့် ကျောင်းအိပ်ကျောင်းစား ကျောင်းသားအများစုက သူဌေး၊ သူကြွယ်၊ အရာရှိ အရာခံသားသမီးဆိုတာ မပါသလောက်၊ ပါလျှင်လည်း လက်ချိုးရေ၍ရသည်။ မိမဲ့ ဖမဲ့ ကလေးများက အများစုဖြစ်သည်။

ထိုထက်ဆိုးသည်က အရွယ်ရောက်လူလတ်ပိုင်းတို့ပင် ဆရာတော်ကျောင်းကို ရောက်လာတတ်သည်။ သီလမှ ဒါနမှ ပြုရန်မဟုတ်... ရွာလူကြီး၊ အရပ်လူကြီးမနိုင်၍ ဆရာတော် လက်အပ်ရသော လူရမ်းကားများသာ ဖြစ်လေ့ရှိသည်။

အချို့ကိစ္စလောက်က ဆရာတော်ထံပင်မရောက် ဦးသူတော်နှင့် ကိစ္စပြီးသွားတတ်သည်။

"ဟဲ့သာဝ ... နင်ဘာဖြစ်လို့ရောက်လာတာလဲ"

"ဦးသူတော်ရယ် ... ကျုပ်က အရက်ကြိုက်တယ်၊ ကြိုက်လို့ သောက်တယ်၊ သောက်မှတော့ မူးတာပေါ့။ မူးတော့ ... ရွာလူကြီးကို လူမထင်ဘူးလို့ ပြောလိုက်မိတာ သူက ကျုပ်ကို ထိပ်တုံးခတ်မယ်တဲ့။ ထိပ်တုံး အခတ်မခံချင်ရင် ဆရာတော်ဆုံးမတာ၊ သွားခံဆိုလို့ ... ကျုပ် ဒီရောက်လာတာ"

"နင်အရက်ကြိုက်လို့....သောက်တာပေါ့"

"ဟုတ်ပါတယ်...ဦးသူတော်"

"နင်ကြိုက်တာနင်လုပ်ခဲ့တာပေါ့"

"မှန်ပါတယ် ဦးသူတော်..."

"အရက်မူးတော့ ... ရွာလူကြီးကိုစော်ကားခဲ့တယ်မဟုတ်လား"

"စော်ကားမိပါတယ် ... ခုတော့ သူက ကျုပ်ကို ထိပ်တုံးခတ်မယ်တဲ့"

"နင်က....ထိပ်တုံးခတ်မခံချင်လို့....ဆရာတော် ဆုံးမတာခံဖို့ လာတာ မဟုတ်လား"

"မှန်ပါဘုရား၊ ဟုတ်ပါ့ဘုရား"

"နင်ကြိုက်တာနင်လုပ်တော့ ကောင်းတယ်မဟုတ်လား"

"ကောင်းတာပေါ့ ဦးသူတော်ရဲ့"

"ဒါဆို ... ကိုယ်ကြိုက်တာကိုယ်လုပ်၊ ကိုယ်ဖြစ်ကိုယ်ခံ ကျောင်းဝင်းထဲက ခုချက်ခြင်းထွက်" ဟု မှတ်သားဖွယ်တစ်ရပ်၊ ဦးသူတော် ချမှတ်ခဲ့ဖူးသည်။

× × × × × × × × × ×

## ၁၃။ စကားမများနဲ့ တရားပွား

ယနေ့ဥပုသ်နေ့၊ (၈) ရက် ဥပုသ်မို့ ဦးသူတော်တို့ကျောင်း ဘုရားကြီးဓမ္မာရုံတွင် အရပ်သူ ရွာသူများ အများစုနှင့် အမျိုးသားအနည်းစုတို့ ဆရာတော်ကြီးထံမှ သီလယူရန် ရောက်နေကြသည်။

ဓမ္မာရုံအတွင်း ဥပုသ်သီလယူလိုသူ ပြည့်စုံလောက်မှ ဦးသူတော်က ဆရာတော်ကြီးကို သွားပင့်လေ့ရှိသည်။ ဆရာတော်ကြီး ကြွမလာသေးမီ လူသားတို့ထုံးစံအတိုင်း ရပ်သူရွာသူ ရပ်သားရွာသားတွေက ကြုံတုံးဆုံတုံး၊ သာကြောင်း၊ မာကြောင်း၊ ဟို အကြောင်း၊ ဒီအကြောင်းတွေ ပြောလေ့ရှိသလို နေ့ဆွမ်းစားပြီး နေ့ခင်းနေ့လည် ခေတ္တအနားယူ တရားမှတ်ချိန်တွေမှာလည်း သားရေးသမီးရေးတွေပြောလား ပြောရဲ့ရှိတတ်ကြသည်။ နေ့လည်ပိုင်း ဆရာတော်ကြီး သီလပေးဖို့တရားချီးမြှင့်ဖို့ ကြွလာပြီဆိုမှ ဟိုအကြောင်း ဒီအကြောင်းတွေက ရပ်သွားတတ်ကြ သည်။

ဥပုသ်ဇရပ်တွင် သီလယူရန်ရောက်နေကြသူများထဲက ဒေါ်ပုမက–

"ကျုပ်သားက မြို့ကြီးမှာ ဒီကရီဘွဲ့ရတော့မှာရှင့်" ဟု ကြွားသလိုလို ပြောလိုက်တာကြောင့် ဦးသူတော်က

"ပညာတတ်ဖြစ်ရင် လူတော်ဗျ" ဟု ထောက်ပေးသည်။ ထိုအချိန် ဦးတာတီးကလည်း

"ပုမရယ်.... ငါ့သားကတော့လေ ပညာသာမတတ်တာ ဘွဲ့ဒီဂရီသာ မရတာ အကျင့်စာရိတ္တ ကတော့ ဒီနယ်ဒီရပ် ဒီကမ္ဘာမှာ စံပြပါဟ" ဆိုတော့ ဦးသူတော်က–

"အကျင့်သီလ၊ စာရိတ္တကောင်းရင် လူကောင်းဗျ" ဟု ဖြည့်ပေးသည်။ ဦးသူတော်က ထိုမျှနှင့် ရပ်မနေ ဆက်ပြောသည်။

"ခင်ဗျားတို့... သီလယူဖို့၊ ဥပုသ်စောင့်ဖို့ လာကြတာမလား

လူတော်ဆီက သီလယူမလား၊ လူကောင်းဆီက သီလယူမလား" အငေါ်တူးတူး ပြောသောစကားမှန်း အားလုံးကသဘောပေါက်ကြသည်။ သို့သော် ဘာပြန်ဖြေရမည်ကို မသိကြ။ ဒီတော့...ဦးသူတော်ကပင်–

"ဒီနယ်ဒီအရပ်....ဒီကျောင်းက ဆရာတော်ကြီးကို ဗုဒ္ဓ ဓမ္မ သံဃ ဆိုင်ရာ ဝိနည်းဓမ္မသတ် နဲ့စပ်တတ်သိသူလို့ တစ်နယ်လုံးက လက်ခံကြတယ်။ ခင်ဗျား တို့ကောလက်ခံရဲ့လား"

"လက်ခံပါတယ်"

"ဆရာတော်ကြီးရဲ့... အကျင့်သီလသိက္ခာစာရိတ္တ အလွန်ပြည့်စုံ ကောင်းမွန်တယ်ဆိုတာရော ယုံကြည်ကြရဲ့လား"

"ယုံကြည်ပါတယ်"

"ဒါဆို....ဆရာတော်ကြီးက ပညာတတ်လို့.... လူတော် အကျင့် သီလ **စာရိတ္တကောင်းလို့ လူကောင်း၊** လူတော် လူကောင်းဆီက သီလယူဖို့ ပြင်ထားကြ၊ **စကားမများနဲ့ တရားပွား**"

မှတ်ကရော...ဦးသူတော်တို့က ပညာသားပါပါ ဆုံးမလိုက် ပြန်ပြီ ကော။

× × × × × × × × × × × ×

၁၄။ သေမင်းကိုကျွေကျွင်းမရ

– မိတ်ဆွေ...ငါ့အနားက...ဖြတ်သွားတဲ့အခါ...သတိပြုလိုက်စမ်းပါ။
– ငါလည်းပဲ...မင်းလိုပဲ...အသက်ရှင်ဖူးတာပါပဲ။
– မင်းလည်းပဲ...တစ်နေ့ကျရင်...အခုငါ့လို ဖြစ်လာမှာပါ။
– ပြင်ဆင်စရာရှိသမျှ ... ပြင်ဆင်ပြီးရင် ... ငါ့နောက်လိုက်ခဲ့ပေါ့။
– နေမဝင်ခင်...ရိက္ခာပြင်ပါ။ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)

လက်ညှိုးညွှန်ရာ ရေဖြစ်သည်ဆိုသူတွေ၊ အရာရာကို ငွေနှင့်လက်ဆောင်ပဏ္ဏာဖြင့် မရရအောင် ယူပြနိုင်သူတွေ အမှားကို အမှန်၊ အမှန်ကို အမှား၊ အမဲကိုအဖြူ၊ အဖြူကိုအမဲ၊ ဝါးလုံးကို ဝါးခြမ်း၊ ဝါးခြမ်းကို ဝါးလုံး၊ ဉာဏ်ကိုကျွဲ ကျွဲကို ဉာဏ်ဖြစ်အောင် ခုံတော်ကျဘမ်းလို စကားအရာကျွမ်းကျင်ခဲ့သူတွေ၊ ဘဝနိဂုံးချုပ်ဖို့ မဖြစ် မနေကြုံရပြီဆိုတော့ သေမင်းကို အရှုံးပေးပြီး ပြုသမျှ နရမည့်ဘဝအဖြစ်၊ သူ့ရုပ်အလောင်းက အသုဘကမ္မဋ္ဌာန်းအဖြစ် ရှုနိုင်ကြဖို့ သံဝေဂဖြစ်စေဖို့သာ အစွမ်းရှိပေသည်။

ကျွန်တော်တို့ ဦးသူတော်ကြီးက ဆုံးမဖူးသည့် လက်သုံး စကားတစ်ခုရှိပါသည်။ အလွန်အဖိုးတန်လှသောစကားဖြစ်သည်။

“ငွေဒင်္ဂါးကို ထွေခင်း ကစားလို့ရတယ်၊ သေခြင်းတရားကို ကွေကွင်းသွားလို့ မရနိုင်ပါ” ဟူသောစကား ဖြစ်ပါသည်။

တကယ်တော့ ဦးသူတော်သည် တရားဟောလေ့မရှိ၊ တရားဆိုင်ရာ ဗဟုသုတလေးများကိုတော့ လူကြီး၊ လူလတ်၊ လူငယ်တွေ ဒက်ကနဲ သိလောက်တဲ့ သံဝေဂတရား၊ အသိတရား သတိတရားတွေကို သူလေ့လာမှတ်သားထားသမျှတွေထဲက ပြန်လည်ညွှန်ပြ ပြောပြလေ့ရှိသည်။

"အမှန်တော့..... မသိစိတ်က လွှမ်းမိုးနေတာကြောင့် တရားမှန်ပျောက်နေကြတာ၊ မျက်မှောက်ကာလ ကြီးပွားတိုးတက်၊ ထင်တိုင်းပေါက်နေကြတာကို၊ လောကနိဗ္ဗာန်ရောက်နေပြီ ထင်နေကြတာ၊ သေသော်ငရဲလားနိုင်တာကို ... မတွေးမိကြ၊ မမြင်ကြလို့ မှားနေကြတာ၊ စကားအရာကျွမ်းပြီး လက်ညှိုးညွှန်ရာ ရေဖြစ်၊ စကားအရာနှင့် အရာရာအောင်မြင်နေတဲ့ စာတတ် ပေတတ်၊ ကျွမ်းတတ် ပုဂ္ဂိုလ်"

"မောင်ကျဘာမ်းဟာ မွေးကတည်းက ဉာဏ်ကောင်းသူ၊ တော်သူ၊ ထက်သူ ဘယ်သူနှင့်ပြိုင်ပြိုင်၊ သူကပင်အနိုင်ရလေ့ရှိသူ"

"လျှက်တစ်ပြက်ဉာဏ် ဇဝနဉာဏ်ကောင်းလွန်းလို့၊ အမှားကို အမှန်၊ အမှန်ကို အမှားဖြစ်အောင် ဆောင်ကျဉ်း ပြောဆိုနိုင်သူ မောင်ကျဘာမ်းကြောင့် လောကကြီးပျက်စီးမှာကို ကြိုတင်တွက်ဆမိကြတဲ့ ဆရာတော်ကြီးများက ပထမဆင့် အနေဖြင့် မောင်ကျဘာမ်းကို ပုဂံဒေသတွင် ရှေ့နေအလုပ်မှ စွန့်လွှတ်စေပြီး၊ "ခံသမာဓိ" အဖြစ် ချီးမြှောက်ကာ ဆုံးမစကား ဆိုခဲ့ကြရသည်။"

"မောင်ကျဘာမ်းက ပုဂံကနေ နေပြည်တော်တက် မင်းပေါက် ဖိုးပေါက် မဖြစ် ဖြစ်အောင် ထပ်မံကြိုးစားသည်။ သူ့ကိုယ်သူ အထင်ကြီး။ အခြားသူများကို အထင်သေးစိတ် လွန်ကဲသည်။ နောက်ဆုံး ရဟန်းသံဃာများကိုပင် မထီမဲ့မြင် ပြုလာသည်"

"လောကတွင် ငါသာတော်သည်မဟုတ်၊ ငါ့ထက်တော်သူများ ရှိတတ်သည်၊ ရှိသေးသည်ကို အသိမဝင်သဖြင့်၊ ရှင်ဥတ္တမကျော်နှင့် တွေ့တဲ့အခါ မောင်ကျဘာမ်း.... ရှင်လျက်နှင့် သေတော့သည်။ ရဟန်းသံဃာတို့ရဲ့ အပြင်းထန်ဆုံးသော အပြစ်ပေးမှုကို ခံရတော့သည်။ သည်တော့မှ ဘာပြောပြော အောင်မြင်၊ လက်ညှိုးညွှန်ရာရေ ဖြစ်နေတဲ့ မောင်ကျဘာမ်း ... သူ့အမှားကို ဝန်ချတောင်းပန်ရသည်အထိ သာကေ ရှိခဲ့ပြီးဖြစ်သည်"

**အမေ့သားဆိုက်ကားပေ**

"ယနေ့လောကလူသားအချို့ ... ငွေဒင်္ဂါးကို ထွေခင်းကစားနိုင်တဲ့ လူတွေ၊ စကားအရာနှင့် အရာရာအောင်မြင်နေသူတွေ၊ လက်ညှိုးညွှန်ရာ ရေဖြစ်နေသူတွေ ခေတ်သစ် မောင်ကျဘမ်းတွေ သေမင်းထံမှောက် သူတို့ ရောက်တော့မှ ဝန်ချတောင်းပန်ဖို့အတွေးပေါ်ခဲ့သော် နောက်ကျလေပြီ၊ နောက်ကျနေပြီ။ မနာမီ မသေမီ လားရာဂတိမမှားစေဖို့ သတိသံဝေဂ ရကြဖို့လိုပြီ" ဟု ဦးသူတော်က တရားသံဝေဂတွေကို မမောမပမ်း ဟောပြော လမ်းညွှန်ပြီး တရားအမှတ် မှတ်နေရှာပါသည်။

× × × × × × × × × × ×

# ပီတိမျက်ရည် စီးချင် စီးပါစေ


## တာဝန်ကိုယ်စီ ရှိပါသည်နှင့် အခြားလူငယ် ဝတ္ထုတိုများ

(ဒုတိယပိုင်း)

သုမဓမ္မကျော်ဇောတရေ
ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်)

စာပေဆုများနှင့် လူမှုထူးချွန် (ပထမဆင့်) ဆုရှင်

အမေ့သားထိုက်စာပေ




အမေ့သားထိုက်စာပေ

# လောကဝရဲနှင့် ဝေးရအောင်

လူသားတိုင်းသည် လူ့အသိုင်းအဝိုင်းနှင့် ထိတွေ့ကြ စမြဲမို့ စာရေးသူလည်း ငယ်သူငယ်ချင်းများနှင့် ရင်းနှီးကျွမ်းဝင်ပြီး အရွယ်သုံးပါးအထိပင် ရောက်ခဲ့ရသူဖြစ်ပါတယ်။

ငယ်ငယ် (ပထမအရွယ်)တုန်းက ငယ်သူငယ်ချင်းများ တွင် စာရေးစာချီသား၊ ကုန်သည်ပွဲစားသမီး၊ လယ်ယာ ကိုင်းကျွန်းပိုင်ရှင်သမီး၊ နေ့လုပ်နေ့စားသမီး၊ အကြော်သည်၊ ပဲပြုတ်သည်၊ ကောက်ညှင်း

ထုပ်သည့်တို့၏ သား သမီးများ၊ သူဌေးသူကြွယ်သားသမီးများစသည်ဖြင့် ရင်းနှီးကျွမ်းဝင်ခဲ့ကြရ သည်။

အလားတူ ဒုတိယအရွယ်ရောက်ပြန်တော့လည်း မြို့ပြကို ရောက်လာသူမို့ မြို့ပြမိတ်ဆွေ သူငယ်ချင်း၊ ရောင်းရင်းမိတ်ဆွေမျိုးစုံနှင့် ဆုံရပြန်သည်။

ယခု တတိယအရွယ်ရောက်ပြန်တော့လည်း နှစ် (၆၀)ခန့်အတွင်း ကြုံဆုံခဲ့ရသော လုပ်ဖော်ကိုင်ဖက်၊ မိတ်ဆွေ၊ တပည့်၊ အောက်လက်ငယ်သား မြောက်များစွာနှင့် ထိတွေ့ ဆက်ဆံရပြန်သည်။

အရွယ်သုံးပါးစလုံးတွေ့ရသော လူ့သဘာဝတရားတွေ က အလွန်အံ့ဩဖွယ်ကောင်းလောက်အောင် ဆုံဆည်းကြရ ပြန်ပါသည်။

ပထမအရွယ် ငယ်စဉ်က စာရေးသူသည် အလွန် ဆင်းရဲပြီး အကြော်သည် မုဆိုးမကြီး၏ သားသမီး (၅)ဦးအနက် အထွေးဆုံး သားအဖြစ် ကြီးပြင်းခဲ့ရသည်။ ငယ်သူငယ်ချင်းများ အလွှာစုံရှိခဲ့ရာ

အချို့ကချမ်းသာပြီး သဘောလည်း ကောင်း၏။

အချို့က ချမ်းသာကြ၏ မောက်မာတတ်၏။

အချို့က ရုပ်လှ၏ စိတ်လည်းလှ၏။

အချို့က ရုပ်လှ၏ စိတ်ထားညံ့၏။

အချို့က ရုပ်ဆိုး၏ စိတ်ထားကောင်း၏။

အချို့က ရုပ်ဆိုး၏ စိတ်ထားလည်းပုတ်၏။

အချို့က သူငယ်ချင်းကို ရိုင်းပင်း၏။

အချို့က သူငယ်ချင်းကို စည်းပိုး၏။

အချို့က လူမှုစိတ်ဓာတ် ပြည့်ဝ၏။

အချို့က လူမှုစိတ်ဓာတ် ချို့ငဲ့၏

စသည်ဖြင့် ကြုံဆုံခဲ့ကြသော်လည်း ငယ်ကျွမ်းဆွေတို့ သဘာဝ သေတပန်သက်တစ်ဆုံး အခင်မပျက်ခဲ့ကြပေ။

* * *

စာရေးသူ၏ သူငယ်ချင်းထဲမှ မျိုးရိုးစဉ်ဆက် သူဌေး သူကြွယ်ကုန်သည် မျိုးရိုးက ဆင်းသက်ပြီး ခေတ်ပညာတတ်၊ ငယ်စဉ်က လူချစ်လူခင်ပေါပြီး လူမှုစိတ်ဓာတ် ပြည့်ဝလှသော ကြီးသူကို ရိုသေ၊ ငယ်တူကိုလေးစား၊ ငယ်ရွယ်နိမ့်ပါးသူကို ရိုင်းပင်း၊ ပံ့ပိုးလေ့ရှိသည့် စာရေးသူ၏ ချစ်သူငယ်ချင်း တစ်ယောက်၊ တတိယအရွယ်ရောက်မှ သူများ ယာဉ်မောင်းဘဝ လခစား၊ နေ့စားဘဝ ရောက်သွားရသည်ကို စိတ်မကောင်း ကြီးစွာဖြင့် ဆုံတွေ့လိုက်ရသောအခါ စာရေးသူရင်ထဲတွင် အဘယ်မျှ ခံစားနေရမည်ကို စာနာခံစားမိမည်ထင်ပါသည်။

"သူငယ်ချင်း ဘယ်လိုဖြစ်တာလဲကွာ" လို့ ကျွန်တော် မမေးရက်ပေမယ့် အဖြေပေးသူက ကျွန်တော့် သူငယ်ချင်းဖြစ်ပါ သည်။ သူနဲ့ကျွန်တော် အမှတ်မထင်ဆုံကြရသည်မှာ-

ကျွန်တော်က ကျွန်တော့်ကလေး သုံးဦးကို (TTC) ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း၊ ဘမာရွတ်မြို့နယ်ကို ကျောင်းပြန်ကြိုချိန်၊ ကျွန်တော့်သူငယ်ချင်း က သူ့ကားပိုင်ရှင်၏ သားသမီးကို လာကြိုချိန်မှာ ဆုံကြခြင်း ဖြစ်သည်။

သူငယ်ချင်းတွေ အမှတ်မထင်ဆုံကြတာ ဝမ်းသာကြ ပေမယ့်

သူ့အတွက် ကျွန်တော် စိတ်မကောင်းဖြစ်နေချိန်

"ဟာ. . ပေါက်စ (ကျွန်တော့် ငယ်နာမည်) ဝမ်းသာလိုက်တာကွာ၊ ငါ သူဌေးတစ်ယောက်အိမ်က ကားမောင်း နေတာ၊ ဒီကျောင်းမှာ သူ့ကလေးနှစ်ယောက်ရှိတယ်၊ သူတို့ကို လာကြိုတာ"ဟု ပြောနေသည်ကို ကျွန်တော်ဘာမှ ပြန်မပြောမိဘဲ ဖြစ်နေစဉ်

"ငါ့သူငယ်ချင်း အံ့သြနေတယ်ထင်တယ်. . ၊ မအံ့သြပါနဲ့ကွာ. . ၊ ဒါ ဘဝကပေးတဲ့ သံဝေဂတရားပဲကွ"ဟု ပြောပြန် သည်။ သူ ဘာပြောသည်ကို ကျွန်တော် နားမလည်နိုင်သေးပါ။

"မင်းနဲ့တို့တွေ ကွဲသွားလိုက်ကြတာ နှစ်ပေါင်း (၄၀)ကျော်လို့ (၅၀)လောက်ရှိပြီနော်၊ မင်းစာရေးဆရာဖြစ်နေ တယ်လို့ကြားလို့ ဝမ်းသာလိုက်ရတာကွာ"

သူက ကြည်ကြည်နူးနူး ပြောရှာသည်။

"ငါကတော့ ကုမ္ပဏီပိုင်ရှင်အထိ ဖြစ်ခဲ့တာမောင်၊ ကုမ္ပဏီပိုင်ရှင်တောင် ဖြစ်ခဲ့တဲ့ငါ ခု သူများကားမောင်းရတဲ့ ဒရိုင်ဘာဖြစ်နေတာကို မင်းနားလည်မှာမဟုတ်ဘူး။ ကုမ္ပဏီ ပိုင်ရှင်ဆိုမှတော့ အောက်လက်ငယ်သား၊ ဝန်ထမ်းမျိုးစုံကို အုပ်ချုပ်ရတဲ့ သူဌေးကြီးပေါ့ကွာ၊ 'အသွင်တူမှ အိမ်သူဖြစ်'ဆိုတဲ့ စကားရှိပေမယ့် ငါကအသွင်မတူ စရိုက်ကြမ်းတဲ့ မိန်းမနဲ့ အိမ်ထောင်ကျ ခဲ့ရတယ်မောင်. . ၊ စရိုက်ကြမ်းတဲ့ မိန်းမရဲ့မူကို အသွင်တူ ဖြစ်သွားမိတာ ငါဖြစ်သွားတယ်ကွ၊ ကိုယ့်လက်အောက်ငယ်သား ဝန်ထမ်းတွေ ကို နေ့စဉ်နဲ့အမျှ ဆူပူအော်ငေါက်၊ မှန်မှန်၊ မှားမှား အပြစ်မြင်ဝါဒနဲ့ ကြိမ်းမောင်းတတ်သူ၊ သူဌေးအဖြစ်

ဂုဏ်သတင်းကြီးရောကနေ ဒီဘဝကို ရောက်တော့တာပဲ”

သူ့အားနည်းချက်ကို သူသိရှာသည်ဟု ကျွန်တော် တွေးလိုက်မိ၏။

“ကိုယ့်မိုက်ပြစ်နဲ့ကိုယ်ပဲ သူငယ်ချင်း..၊ ငါက နေတတ် ပါတယ်၊ သံဝေဂစိတ်နဲ့ နေတယ်..၊ ဘယ်လိုသံဝေဂလို့ မင်းထင်လဲ..၊ တို့ငယ်ငယ်က ဆရာတော်ဟောပြောခဲ့တဲ့ ကေနိပါတ်ဇာတ်တော် နန္ဒိဝိကံသ ဇာတ်ထဲပါတဲ့ နွားလိမ္မာ တောင် ကျေးဇူးရှိတဲ့ သခင်ပုဏ္ဏားကို ကျေးဇူးဆပ်ချင်လို့ အသပြာ တစ်ထောင်ရစေချင်လွန်းလို့ သူ့သခင်ပုဏ္ဏားကို **“ငါ၏ နွားသည် ဇမ္ဗူဒိပ်၌ အားအကြီးဆုံးတည်း၊ တစ်စပ်တည်းဖွဲ့အပ်သော လှည်းတစ်ရာကို တစ်ကောင်တည်း ဆွဲနိုင်၏**”လို့ ပြောပြီးမှ မြို့က သူဌေးတို့နဲ့ လောင်းကြေးထပ်၊ လောင်းလေလို့ပြောပြီး ကျေးဇူးဆပ်ဖို့ ကြိုးစားပေမယ့်၊ တကယ့် ‘အား’ပြပွဲနေ့မှာ ပုဏ္ဏားက နွားလိမ္မာရဲ့ စိတ်ရင်း အမှန်ကိုမမြင်၊ အပြစ်မြင်ဝါဒနဲ့ နှင်တန်ကို ကိုင်မြှောက်ပြီး

“**ဟဲ့..ကောက်ကျစ်သောနွား သွားလော့..၊ ဟဲ့.. ကောက်ကျစ်တဲ့နွား ဝန်ကိုဆောင်လော့..**”လို့ ကြိမ်းမောင်း ပြစ်တင်ပြောဆိုမောင်းနှင်လို့ နွားလိမ္မာကပင် ကြမ်းတမ်းတဲ့ စကားကို မနှစ်လိုတဲ့အတွက် ဝန်ကိုလည်း မဆောင်၊ နှင်တန်လည်းမမှုဘဲ ပေကပ်နေတာကြောင့် ကျေးဇူးရှင်ပုဏ္ဏား အသပြာတစ်ထောင် ဆုံးရှုံးခဲ့ရတဲ့ သာဓကဟာ ငါ့အတွက် နိမိတ်ပုံပြင်ဖြစ်ခဲ့တာလေ” သူငယ်ချင်းက လှိုက်လှဲစွာ ပြောသည်။

"ခုတော့ ငါသိခဲ့ပြီ၊ ဒီအသိဝင်တော့ နောက်ကျနေပြီ သူငယ်ချင်း..၊ ဒါကြောင့် သံဝေဂတရားနဲ့ သခ်ါရကိုရှုနေပြီ ကိုယ်နှုတ်အမူအရာကြမ်းရင် အဖယုတ်၏တဲ့၊ အပြောအဆို ကြမ်းရင် အမိယုတ်၏တဲ့..၊

ငါ့အဖေနဲ့ ငါ့အမေ ဘယ်လောက် လူချစ်လူခင်ပေါပြီး ချစ်စဖွယ်စကား ဆိုကြတာကို တို့တစ်နယ်လုံး သိကြပါတယ်၊

ခုတော့ငါ့ရဲ့ မောက်မာကြမ်းတမ်းပြစ်တင် ပြောဆို တတ်တဲ့ အကျင့်ကြောင့် မိဘဂုဏ်သိက္ခာကိုပင် ထိခိုက်နေတာမို့ ငါ တမလွန် မရောက်ခင်ကတည်းက ယခုမျက်မှောက်မှာပဲ လောကငရဲကျနေတာ သူငယ်ချင်း.."

မမောမပမ်းပြောနေ သည့် ကျွန်တော့်သူငယ်ချင်းကို ကျွန်တော် နှမြောလိုက်တာဟု စိတ်မကောင်းလွန်းသဖြင့် ပြောမထွက်မိတောပါ။

* * *

## ဝိတိချက်ရည် စီးချင်စီးပါစေ

"ဟာ. . အဘွားကလည်း တုန်တုန်ရင်ရင်နဲ့ ဟင်း ပန်းကန်တွေ ကိုင်တော့ လွတ်ကျတာပေါ့။ သမီး ကျောင်းသွား ခါနီး အဝတ်အစားတွေ ပေကျံကုန်ပြီ"

အပျို မြေးမလေး မိတာ အော်ဟစ်ဆူပူနေသံကို ဖခင်ဖြစ်သူ ကိုအေးချမ်း ကြားနေစဉ်မှာပင်

"မေမေရေ လုပ်ပါဦး၊ အဘိုး သားရဲ့ Hip Hop စီဒီတွေ လွှင့်ပစ်နေတယ်"

တက်သစ်စလူငယ်အရွယ် မြေးလေး ဖိုးကာရဲ့ သူ့မိခင်ကို အကူအညီတောင်းသံ. . . ကိုအေးချမ်း မကြားချင်မှအဆုံး ဖြစ်နေတော့ သည်။

ကိုအေးချမ်းရဲ့ဇနီး "ကေသီ"ကလည်း သူ့ယောက္ခမ နှစ်ဦးရဲ့ အပြုအမူတွေကို နှစ်သက်ပုံမပေါ်၊ သားတွေ သမီးတွေဘက်က မားမား ရပ်ချင်နေပုံရသည်။ သို့သော် အပြောအဆို ဆင်ခြင်နေပုံလည်းရသည်။

ကိုအေးချမ်း၏ ဦးဆောင်မှုဖြင့် သည်မိသားစုလေး ယခုလို တင့်တောင်းတင့်တယ်နေနေရလေတော့ သူ့ယောက္ခမ တွေကို မနှစ်မြို့သော်လည်း တတ်နိုင်သလောက် သည်းခံနေပုံရ သည်။

ကိုအေးချမ်း၏ အဖေ ဦးမောင်ကလေးသည် ငယ်ရွယ်စဉ်က ဖျတ်လတ်တက်ကြွပြီး တိုင်းရေးပြည်ရေး အတွက်လည်း စွန့်စားရဲသူ၊

မိမိဒေသရပ်ရွာ၊ မဆွမျိုး တကာအပေါ်လည်း သူကောင်းပြုခဲ့သူ၊ မိသားစုအပေါ် တွင်လည်း တာဝန်ကျေသူဖြစ်သည်။

ကိုအေးချမ်းတို့ လင်မယားနှစ်ယောက်က နိုင်ငံ့ဝန်ထမ်းတွေဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်ကို တာဝန်နှင့်သွားနေခဲ့ ကြရသည်။ မြေးမလေးတွေ၊ မြေးလေးတွေက အဘိုးအဘွားရဲ့ လက်ပေါ်မှာ ကြီးလာကြရသည်။ သည်အဘိုးအဘွားတွေပဲ ပုံပြင် ပြောပြီး မြေးတွေကို ချော့သိပ်ခဲ့ကြရသည်။ အသက်ကြီး လာသည်နှင့်အမျှ အဘိုး၊ အဘွားတွေက သူတို့ပြောလိုသော စကား၊ သူတို့ ဖြစ်ချင်သောဆန္ဒများကို သဘာဝမမှတာ အပ်ကြောင်းထပ် ပြောလာတတ်ကြဖြစ်နေခြင်းကို အလိုက်မသိ တဲ့ မြေးကလေးများက ငြူစူအပြစ်ဆို ငေါက်ငမ်းနေခြင်းကို ကိုအေးချမ်း မချမ်းမမြေ့ဖြစ်နေရသည်။

သားနှင့်ချွေးမ ဝန်ထုပ်ဝန်ပိုးလျော့နိုင်သမျှ လျော့စေ ရန် မြေးတွေရဲ့ တာဝန်ကိုလည်း ဆက်ယူခဲ့သူများ ဖြစ်သည်။ ယခုတော့ သူတို့ဇရာထောင်းနေကြပြီ။ အသက် (၈၀)ဆိုတာ နည်းတဲ့အသက်မှ မဟုတ်တာ၊ အိုပြီပဲ။

ဦးမောင်ကလေးရဲ့ ဇနီး ဒေါ်လုံမဆိုတာကလည်း ဦးမောင်ကလေး အတွက် ပါရမီဖြည့်ဖက် ပီသသည်။ အဘွားဒေါ်လုံမလည်း အိုမင်းလေပြီ။

ထမင်းပန်းကန်၊ ဟင်းပန်းကန်ကိုင်ရင်း တုံတုံချိချိ ဖြစ်နေ၍ ဖိတ်စင်ကျသည့်အခါတွေလည်း မနည်းတော့၊ ဆီး၊ ဝမ်းလည်း မလွတ်တော့၍ သူတို့ အဝတ်အစားတွေမှာ နံစော်နေတတ်သည်။

အခြားသူစိတ်ဆိုးသည် ဆိုရင်တောင်မှ ကိုယ့်ကိုယ် ငယ်စဉ်က အစစအရာရာ မရှိ မရှာ မိဘကိုယ်စား သုတ်သင် သန့်ရှင်းပေးခဲ့သော ကျေးဇူးကို ထောက်ပြီး တကျွဖျတ်လတ် သော မြေးကလေးတွေ မြေးမကလေးတွေက အကြင်နာအပြည့် ဖြင့် မငြူမစူ ပြုစုပေးသင့်သည်။ ကိုအေးချမ်းက သည်ကဲ့သို့ တွေးသည်။

အဘိုးနဲ့အဘွားက သူ့အရွယ်သူ့အသက်နဲ့ နားအေး အေး၊ တရားလေးနဲ့ နေချင်ကြသည်။ ခေတ်အမြင် ခေတ်အသိနဲ့ တစ်အိမ်လုံးညံ၊ တစ်လမ်းလုံးဆူတဲ့ Hip Hop ကာရာအိုကေ တေးတွေကို ယနေ့လူငယ်အချို့လို မခံစားနိုင်လို့ တစ်စုံတစ်ခု ပြုမိကြတော့ ကျောက်ခေတ်လူသား ငတုံးအေတွေ ခေတ်ရေစီးကြောင်းလိုက်မမီတဲ့ အဘိုးကြီး၊ အဘွားကြီးတွေလို့ မြင်နေကြပုံကိုလည်း ကိုအေးချမ်း မလိုလားနိုင်ပါ။

အဘိုးနဲ့အဘွားက သူ့မြေးတွေ ငယ်ငယ်က လမ်းလျှောက် သင်ပေးတော့ မမောနိုင်၊ မပမ်းနိုင်၊ တွဲလိုက်ရ သည့်လက်၊ လျှောက် လိုက်ရသည့် လမ်းတွေက တွက်ချက်ကြည့် ရင် မိုင်ပေါင်းကုဋေရှိပေမည်။ အဘိုးအဘွားများ အရွယ်ညောင်းလာ၍ ယိုင်နဲ့နဲ့ လမ်းလျှောက်နေတာကို တွဲရမှာ ရှက်နေကြသော ယနေ့လူငယ်အချို့အပေါ် ကိုအေးချမ်း မကျေနပ်နိုင်ပါ။

မြန်မာ့မိရိုးဖလာ၊ မွေးရာပါ ယဉ်ကျေးမှု အစစ်အမှန်က အဘိုးအဘွားတို့က သားအချစ်၊ မြေးအနှစ်ဆိုပြီး ကမ္ဘာတည်သရွေ့ ချစ်ပြမြဲဖြစ်သည်။ သားသမီးမြေးမြစ်တို့က အဘိုးအဘွားတို့ကို သေတဖန်သက်တစ်ဆုံး ပြုစုကျွေးမွေးရသည်ကို ဂုဏ်ယူနေတတ် ကြသည်။

မြန်မာတို့မှာ မွေးကတည်းက မွေးရာပါ ယဉ်ကျေးမှု ရှိကြသည်။ အမိအဖဆိုတာ အနန္တောအနန္တငါးပါး တစ်ဂိုဏ်းထဲ ထားပြီး ရိုသေကြသည်၊ ပြုစုကြသည်၊ ရိုသေဂါရဝပြုကြမြဲဖြစ်သည်။ သုဝဏ္ဏသာမလို သားကောင်းသားမြတ်က မျက်မမြင် ဒုကုဋ္ဌိတ မိဘ (၂)ပါးကို မရှိမရှာ တယုတယပြုစုလုပ်ကျွေးခဲ့သော သာဓက ရှိခဲ့ဖူးသည်။ ရှိနေပါသေးသည်။

ယနေ့ (၂၁)ရာစုအတွင်း တိုင်းတပါးယဉ်ကျေးမှုတွေ

အထိုက်အလျောက် လွှမ်းမိုးလာသောကြောင့် သားကောင်း၊ သမီးကောင်းအချို့ ဂိုဏ်းသင့်နေသည်ကို တွေ့နေရသည်။

မပြစ်မှားအပ်သော ခင်ပွန်းကြီး (၁၀)ပါးကို ပြစ်မှားနေ သည်ကို တွေ့ရသည်။ ဒေါသသင့်၊ ဂိုဏ်းသင့်နေသည်ကို သတိမမူမိကြသော စီးပွားရေးသမားများကြောင့်လည်း ယနေ့ လူငယ်အချို့ လမ်းမှားဘက် ယိမ်းယိုင်နေကြဟန်တွေ့ရပေ သည်။

အဆိုးရှိလျှင် အကောင်းရှိမည်။

မလိမ္မာသူရှိလျှင် လိမ္မာသူရှိမည်။

မကူညီချင်သူရှိလျှင် ကူညီသူရှိမည်။

ရိုင်းစိုင်းသူ ရှိလျှင် ယဉ်ကျေးသူရှိမည်။

အကောင်းမြင်တတ်သူ လိမ္မာပြီး ကူညီတတ်သူ၊ ယဉ်ကျေးကြသူများက ရှေ့ဆောင်လမ်းပြ လုပ်လာကြလျှင် ဆိုးသူတို့ကောင်းလာမည်။

မလိမ္မာသူတို့ လိမ္မာမည်၊ မကူညီချင်သူတို့ ကူညီချင်လာ မည်။

ရိုင်းသူ ယဉ်လာမည် ဟု ကိုအေးချမ်း နားလည်ယုံကြည် ထားပါသည်။

"ဦးလေး ဦးအေးချမ်း၊ သားတို့ကို အိမ်ထဲဝင်ခွင့်ပြုပါ" ဟု အသံပေးလာသော ရပ်ရေးရွာရေးလုပ်နေကြ၊ လူမှုရေးဆို ရှေ့တန်းက ပါနေကြဖြစ်သော မောင်စိုးကျော်နှင့် လူငယ် အချို့ကို ဦးအေးချမ်းကို မြင်လိုက်ရလို့လည်း

"မောင်စိုးကျော်တို့ ဘာကိစ္စများလဲ ဝင်လာကြ ဝင်လာကြ"

ဦးအေးချမ်းက ခရီးဦးကြိုပြုပြီး သူ့အိမ် ဧည့်ခန်းတွင် နေရာပေးသည်။ တက်ကြွတဲ့ လူငယ်လေး (၇)ယောက်တွင် ယောကျ်ားလေး (၄)ဦး၊ မိန်းကလေးငယ် (၃)ဦးကို တွေ့ရသည်။

"ကေသီရေ . . ဒီမှာ မောင်စိုးကျော်တို့ လူငယ်တွေ

ရောက်လာကြတယ်၊ ကော်ဖီလေး (၇)ခွက်လောက် ဖျော်ခဲ့ပါဦးကွာ”ဟု အတွင်းခန်းဖက်သို့ လှမ်းပြောလိုက်သည်။

“မသောက်တော့ပါဘူး ဦးလေး၊ ကျွန်တော်တို့ တစ်ရပ်ကွက်လုံး ဆက်သွားရဦးမှာ ဦးရဲ့”

“ဦး ဘာများအကူအညီပေးရမလဲ ပြောပါဦး”

ဦးအေးချမ်းအနေနဲ့ ရပ်ရေးရွာရေးအတွက် အလှူငွေထည့်ရန်လိုအပ်ပါက ထည့်ဖို့ စကားစသော်လည်း

“အကူအညီတောင်းဖို့လာတာ မဟုတ်ပါဘူး ဦးရဲ့.. ကျွန်တော်တို့ လူငယ်တွေက ရပ်ရွာထဲမှာ ရှိနေကြတဲ့ သက်ကြီးရွယ်အိုစာရင်း လိုက်ကောက်နေကြတာပါ”

“ဘာကိစ္စလဲ မောင်စိုးကျော်”

“ဒီလိုဦးရဲ့ ကျွန်တော်တို့ နိုင်ငံမှာ အိမ်တိုင်ယာရောက် ဘိုးဘွားပြုစုစောင့်ရှောက်ရေး စီမံချက်အကောင်အထည် ဖော်နေပြီ ဦး၊ အဲဒါကြောင့် ဦးရဲ့ အဖေကြီးနဲ့ အမေကြီးကို ကျွန်တော်တို့ လူငယ်တွေအနေနဲ့ ကူညီစောင့်ရှောက်ပေးဖို့ လိုအပ်ရင် ကူညီပေးချင်လို့ ဆန္ဒလာတောင်းတာပါ ဦး”

“ဟုတ်လား၊ အလွန်မွန်မြတ်တဲ့ လုပ်ရပ်ပဲ၊ ဒါနဲ့ ဘယ်လို အဘိုးအဘွားတွေကို စောင့်ရှောက် ပေးကြမှာလဲ မောင်စိုးကျော်”

“အမှန်တော့ သားထောက်သမီးခံ၊ မြေးမြစ်ကအစ စောင့်ရှောက်သူမဲ့နေကြတဲ့ အဘိုးအဘွားတွေ၊ ဆင်းရဲနွမ်းပါးပြီး မပြည့်မစုံဖြစ်နေတဲ့ အဘိုးအဘွားတွေ၊ ငွေကြေးပြည့်စုံပေမယ့် သားသမီးမြေးမြစ် ဆွေမျိုးဉာတကာရှိပေမယ့် အဘိုးအဘွား တွေကို ပြုစုစောင့်ရှောက်ဖို့ အချိန်မပေးနိုင်လို့ အဆင်မပြေဖြစ် နေကြရရှာတဲ့ အဘိုးအဘွားတွေကို စောင့် ရှောက်ပေးမှာပါ ဦး”

ဦးအေးချမ်း ခေါင်းတညိတ်ညိတ်။

"ဒါ. . . မြန်မာ့ယဉ်ကျေးမှုနဲ့လည်း ညီတယ်၊ ကုသိုလ်လည်း ရတယ်၊ အဘိုးအဘွားတွေ နေဝင်ဆည်းဆာ ချိန်လေးမှာ စိတ်ချမ်းမြေ့စေတာပဲ။ ဒီစီမံချက်ကို အတွေး ပေါ်ခဲ့တဲ့ တာဝန်ရှိသူတွေကို မြန်မာ့မိရိုးဖလာ မွေးရာပါ ယဉ်ကျေးမှုကို ပြန်လည်အကောင်အထည် ဖော်ပေးတဲ့ မောင်စိုးကျော်တို့ လူငယ်တွေကို ဦး သိပ်ကျေးဇူးတင်တယ်ကွာ ဒါနဲ့ နေကြပါဦး မောင်စိုးကျော်တို့ လူငယ်တွေ ကျောင်းမပြီးကြသေးဘူး မလား ဘယ်လိုအချိန်ပေးလုပ်မှာလဲ"

"တချို့. . မပြီးသေးပါဘူးဦး. . . ဒါပေမယ့်၊ ဒီလုပ်ငန်းကို စိတ်ဝင်စားတဲ့ လူငယ်တွေစုလိုက်ကြတော့ အလှူ့စုံ၊ အတန်းစုံ လူငယ်တွေ (၁၀၀) လောက် စာရင်းပေး ကြတယ်ဦး၊ ကျွန်တော် တို့တွေ ကျောင်းစာမပျက်ရအောင် မိသားစုလုပ်ငန်းတွေ မထိခိုက်ရအောင် မိဘတွေက မငြိုမငြင် ခွင့်ပြုလိုက်လျောနိုင်အောင်. . . အချိန်ဇယား ဆွဲပြီး အလှည့်ကျ တာဝန်ယူ သွားကြမှာပါ"

"သားတို့ သမီးတို့ ကော်ဖီသောက်လိုက်ကြပါဦး"

အနီးတွင်ရှိနေသော ဦးအေးချမ်း၏ ဇနီး ဒေါ်ကေသီ က ဧည့်ဝတ်ပြုနေစဉ် အိမ်အတွင်းခန်းမှ ဦးအေးချမ်းတို့၏ သား ဖိုးကာနဲ့ သမီး မိတာတို့ပါ ထွက်လာသည်။ ဧည့်ခန်းစားပွဲနား အရောက်. . ဦးအေးချမ်းက

"ဦး. . မရှင်းတာလေး ထပ်မေးပါရစေဦး မောင်စိုးကျော်"

"မေးပါ. . ဦး"

"မောင်စိုးကျော်တို့က ရေရှည်ပြုစုနိုင်ကြပါ့မလား"

"ပြုစုနိုင်ပါတယ် ဦးရဲ့. . . ကျွန်တော်တို့တွေ ဘွဲ့တွေရ နိုင်ငံ့တာဝန်ယူ၊ စီးပွားရေးလုပ်သူလုပ်ရင်း အသက်ကြီးသွားရင် တောင် မျိုးဆက်သစ်လူငယ်တွေက ဆက်ပြီးတာဝန်ယူသွားနိုင် အောင် ကျွန်တော်တို့ လက်ရှိလူငယ်တွေက စံနမူနာပြ လုပ်ပြနေမှာ ပေါ့ ဦးရဲ့"

"ကိုယ့် အဘိုးအဘွားအရင်းအချာ မဟုတ်ဘဲနဲ့ သူများရဲ့ အဘိုးအဘွားတွေကို ပြုစုရတော့ ရေရှည်သည်းခံနိုင်ပါ့ မလား"

"ပိုပြီးလုပ်နိုင်မယ်ထင်ပါတယ်ဦး . . ဘာကြောင့်လဲဆို တော့ ကျွန်တော့်ဘဝကို ဦးတို့ သိပါတယ်၊ အဘိုးအဘွား မမြင်ဖူးလိုက်ပါဘူး၊ မိဘတွေကလည်း ကျွန်တော် ငယ်ငယ် ထဲက ဆုံးသွားကြတော့ ကျွန်တော့်မှာ သားသမီးဝတ္တရား ကျေချင်ရင်တောင် ကျေအောင်ဆပ်ဖို့ အဘိုးအဘွား၊ အမိအဖမရှိဘူး . . ကျွန်တော်ကတော့ . .

**"ကျွေးမွေးမပျက် ဆောင်ရွက်စိမ့်**

**မွေခံထိုက်စေ လျှုမျှဝေ၍**

**စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်**

**ကျင့်ဖွယ်သားတို့တာ (သမီးတို့တာ)**"ဆိုတဲ့ သားသမီးဝတ္တရား ငါးပါးကို ထမ်းဆောင်ခွင့်ရဖို့အတွက် ကျွန်တော့်မိဘဘိုးဘွားတွေလို သဘောထားပြီး ပြုစုမှာပါ"

"ဦးဦး သမီးကိုသိလား"

လူငယ်တွေထဲက ဆယ်ကျော်သက်မိန်းကလေး တစ်ဦးက မေးလိုက်တော့

ဦးအေးချမ်းက ကြည့်ပြီး

"သမီးလေးက . . လွန်ခဲ့တဲ့ သုံးလေးလက ကားတိုက် ဆုံးသွားတဲ့ ဘိုးလေး ဦးမြရဲ့ မြေးလေး မိအေးမဟုတ်လား"

"ဟုတ်ပါတယ်ဦးဦး သမီးက မိဘတွေမရှိလို့ အဘိုးရဲ့ စောင့်ရှောက်မှုနဲ့ ကြီးပြင်းခဲ့ရတာပါ။ သမီးကျောင်းသွားနေတုန်း အဘိုးက အဖော်မဲ့ . . ယိုင်တိယိုင်နဲ့ ကားလမ်းအဖြတ် အဆင်မခြင် မောင်းလာတဲ့ ယာဉ်တစ်စီးကြောင့် အသက်ဆုံးရှုံး ခဲ့ရပါတယ် . .။ သက်ရှိထင်ရှား မရှိတော့တဲ့ သမီးရဲ့အဘိုး အဘွားကိုယ်စား အဘိုးစား၊ အဘွားစားတွေ

အဖြစ်နဲ့ ပြုစုဖို့ ဆုံးဖြတ်ထားပါတယ် ဦးဦး. . "ဟု ပြောပြီးသည်နှင့် မောင်စိုးကျော်က ဆက်လက်၍

"ဒီဘက်က မောင်ဖြိုးဦးပါ မိသားစုတွေရှိနေပါရဲ့နဲ့ ယိုင်နဲ့နေတဲ့ သူ့အဘိုးက စိတ်လိုက်မာန်ပါ ထလိုက်ရာက လဲကျပြီး ခြေသလုံးရိုးကျိုးသွားတာ တော်တော်နဲ့ကို မပျောက်နိုင်ဖြစ်ခဲ့ရပါတယ်"

သူက မနှင်းနွယ်စိုးပါ. . သူ့အဘိုးကိုတော့ အချောင်သမားတွေက၊ ရှေ့သူဌေးကြီးဆိုတာသိတော့. . အဘိုး တစ်ယောက်တည်းရှိနေတုန်း၊ တက်ရောက်လုယက်ခံရတာ အဘိုးက သူ့မှာရှိတဲ့ အင်အားနဲ့ ခုခံတော့. . အချောင်သမား တွေရဲ့ အရိုက်ခံရလို့ ကွယ်လွန်ခဲ့ရတယ်"

"ဒီဘက်က မောင်မွတ်တား. . သူ့အဘိုးကလည်း အမှုမဲ့ အမှတ်မဲ့ ထွက်သွားလိုက်တာ အဘိုးပျောက်ရှာကြပေမယ့် နောက်ဆုံး လမ်းဘေးမြောင်းရေထဲမှာကျပြီး သေဆုံးနေတဲ့ အလောင်းပဲ ပြန်ရခဲ့ရှာတယ်ဦး"

"ဒီညီမလေးက မလှဆွေပါ။ သူ့အဘွားကတော့ မီးဖိုချောင်ကို စွဲလန်းတာ၊ သတိက သိပ်မကောင်းတော့ပေမယ့် မီးဖိုချောင်အလုပ်တွေ ခိုးခိုးလုပ်ရင်း တစ်နေ့မီးလောင်လို့ အသက်ပါသွားရရှာပါတယ် ဦး"

"ဦးလေးနားက မောင်နောင်လတ်ရဲ့အဘိုးကတော့ သူငယ်ပြန်တာ လုံချည်ခါးတောင်းကြိုက်ပြီး ဒုံးပြေးနေတော့တာ တစ်ခါတစ်ခါ အတောမသတ်ပြေးပြီး မောတဲ့နေရာ လှဲအိပ် တော့တာပဲ။ အဲဒါကို မိသားစုက သတိထားပြီး လိုက်လိုက် ချော့ခေါ်နေကြရတာ"

"အန်တီဘေးနားက မောင်မြင့်စိုး အဘွားကတော့ ဆီးဝမ်းမလွတ်တော့တာ. . နံစော်နေတဲ့ သူ့အဘွားနားကို တော်ယုံလူ မကပ်ချင်ကြဘူး. . မောင်မြင့်စိုးကတော့ သူ့အဘွားကို အလွန်ချစ်ရှာတာ သူကပဲ ပြုစုသုတ်သင်ပေါ့. . ။ ဒါပေမယ့် မကြာခင်ကဘဲ

ဆုံးသွားရရှာပါတယ်။ ဒါကြောင့် တာဝန်ရှိသူတွေရဲ့ လမ်းညွှန်ကြီးကြပ်မှုကို ခံယူပြီး ကျွန်တော် တို့တွေ စိတ်တူသဘောတူ အဘိုးအဘွားများကို ဘုံဘိုးဘွားအဖြစ် အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ဖို့ ဆုံးဖြတ်ထားကြတာ ဦးရဲ့"

"ရပြီ ရပြီ။ ဦးတောင် မျက်ရည်လည်မိတယ် သားတို့ သမီးတို့ရယ် မင်းတို့တွေက မိရင်းဖရင်း၊ အဘိုးအဘွားရင်း မဟုတ်တဲ့သူတွေကို အဘိုးအဘွား အမိအဖ အရင်းအဖြစ် အာရုံထားပြုစုဖို့ ကြိုးစားနေတဲ့ အချိန်၊ အသက်ရှည်လျှက် ရှိနေတဲ့ အဘိုးအဘွားတွေကို ပြုစုစောင့်ရှောက်ဖို့ ရှက်ကြောက်၊ ငြိုငြင်နေကြတဲ့ ယနေ့လူငယ်အချို့နဲ့ မိသားစုဝင်တွေ အားလုံးအတွက် ဦးစိတ်မကောင်းဖြစ်နေတဲ့အချိန် သားတို့သမီးတို့ ရောက်လာကြတာကို ဦး ဝမ်းမြောက်ဂုဏ်ယူမိတယ်၊ သာဓုလည်း အကြိမ်ကြိမ်ခေါ်ပါတယ်ကွာ. . ကဲ. . ကဲ ဦးရဲ့ အဖေနဲ့ အမေကိုလည်း စာရင်းကောက် သွားပါ. . လိုအပ်တာ စောင့်ရှောက်ပေးကြပါကွာ"

ပြောရင်း ဦးအေးချမ်း မျက်ရည်တစ်ချက် သုတ်လိုက် သည်။ ထိုစဉ်မှာပဲ

"ဖေဖေ. . အဘိုးနဲ့အဘွားကို စာရင်းမပေးပါနဲ့ သားတို့ပဲ ပြုစုပါ့မယ်"

"ဟုတ်တယ်ဖေဖေ သမီးလည်း ဒီကနေ့ကစပြီး ပြုစုစောင့်ရှောက်ပါ့မယ်"

"ဟုတ်တယ်ဖေကြီးရေ. . ဒီလူငယ်တွေက ကျွန်မရဲ့ မသိစိတ်ကိုပါ အသိစိတ်ဝင်အောင် ပြောသွားလိုက်ကြတာ ကျွန်မလည်း သာဓုခေါ်ပါတယ်. . ကဲ. . ကဲ သားတို့ သမီးတို့ ကော်ဖီသောက်၊ မုန့်စား သားတို့သမီးတို့။ ဘိုးဘွားတွေကို အိမ်တိုင်ရာရောက် ပြုစုတဲ့နည်းလေးတွေတော့ အန်တီတို့ကို သင်ပေးပါကွယ်"

"အိမ်တိုင်ရာရောက် ဘိုးဘွားပြုစုစောင့်ရှောက်ရေးက

ပုံသေနည်းရယ်တော့ ပြောလို့မလွယ်ဘူး အန်တီရဲ့ ဒါပေမယ့် ဘိုးဘွား တွေကို ဘယ်လိုပြုစုစောင့်ရှောက်သင့်တယ်၊ စောင့်ရှောက်ရမယ်ဆိုတာ ကို လူမှုဝန်ထမ်းဌာနက တာဝန်ရှိသူ တွေနဲ့ ကျွမ်းကျင်တဲ့ပညာရှင်တွေက သင်တန်းလေးတွေ ပို့ချပေးပါတယ်။ အဘိုး အဘွားတွေရဲ့ လူနေမှုဘဝ၊ ဆန္ဒသဘောထား၊ သူ့ ပတ်ဝန်းကျင်၊ သူ့ကျန်းမာရေး၊ ကြံ့ခိုင်မှုတွေကို အလိုက်အထိုက်၊ အခြေအနေ၊ အချိန်အခါပေါ် မူတည်ပြီး စောင့်ရှောက် ရမှာ အန်တီ"

မောင်စိုးကျော်က ရှင်းပြတော့ ဦးအေးချမ်းက-

"ဒါဆိုလည်း လွယ်ပါတယ် ကေသီရယ်၊ သားနဲ့သမီး ကို အားလပ်ချိန်မှာ ပါဝင်ကူညီဖို့ စာရင်းပေးလိုက်၊ သူတို့နဲ့အတူ လုပ်ရင်း ပြုစုစောင့်ရှောက်ရမယ့် နည်းလမ်းတွေရမှာပေါ့"

"ကောင်းတယ် ဖေဖေ.. သား ကျောင်းအားရက်တိုင်း လိုက်မယ် ကိုစိုးကျော် သားနာမည်ထည့်လိုက်ပါ"

"သမီးနာမည်လည်း ထည့်ပေးပါ.. သမီးလည်း ကျောင်းအားရက်လိုက်မယ်"

"ကဲ.. ကဲ အန်တီက မင်းတို့ဦးအလုပ်ပိတ်ရက်၊ သား တွေ သမီးတွေ ကျောင်းပိတ်ရက်မှာ ကိုယ်တိုင်ကိုယ်ကျ လိုက်ပြီး လုပ်အားပေးမယ်"ဟု စာရင်းပေးလေတော့...

"မောင်စိုးကျော်တို့ လူငယ်တစ်စုက ဂုဏ်ပြုစကား ပြောပြီး ပျော်ရွှင်နေကြချိန် ဦးအေးချမ်းတစ်ယောက်မှာ မျက်ရည်တွေ သွင်သွင်စီးနေပါတော့သည်။ စီးနေသည့် မျက်ရည်များကိုပင် သုတ်ပစ်ခြင်းမရှိ ပီတိမျက်ရည်မို့ မြတ်မြတ် နိုးနိုး ထားလေရော့သလား မသိ။ ။

* * *

## ကျွန်တော်နှင့်ဆရာဒေါ

အသက် ၄၀ အောက် ရွာသူရွာသားများကလည်း ဆရာလေးကံညွှန့်ထံမှ ထွက်ခဲ့ကြသူများဖြစ်ကြသဖြင့် ကြောက်ချစ်ရိုသေပြီးသားမိမိသားသမီးအား ဆရာလေးကံညွှန့် ထံ အမြန်အပ်နှံနိုင်ဖို့ကိုပင်တတမ်းတတရှိနေတတ်သည်။

ဆရာလေးကံညွှန့်ရွာထဲလာသည်ဟု ကြားရုံနှင့် သူ့တပည့်မှန်သမျှ အိမ်ရှေ့တွင် အကြောင်းမဲ့ ရပ်မနေရဲ၊ ထိုင်မနေ ရဲ၊ မိဘကိုကူညီလုပ်ကိုင်နေသူလောက်သာ နေရဲသည်။ ဆော့ကစားနေမိသူများက အိမ်ထဲပြေးဝင်ပုန်းနေရလောက်သည်အထိ ကြောက်ချစ်ရိုသေကြသည်။

ဆရာလေးကံညွန့်မှာ ငွေကြေး ပိုပိုလျှံလျှံမရှိ။ စားစရာပင် အနိုင်နိုင်၊ သို့သော် တပည့် (၂၀)၊ (၃၀)လောက်ကို စာသင်ရ၊ စောင့်ရှောက်ရ၊ ထိန်းကြောင်းရနှင့် အချိန်ကုန်ပြီး ပျော်နေတတ်သည်။ သူ့ခြံထဲမှ သီးပင်စားပင်ကလေးများကိုလည်း ပြုပြင်ဖို့အချိန်လုရသေးသည်။ အိမ်ထောင်သည်များ ဖြစ်နေကြသည့် ရွာသူရွာသား အချို့ကလည်း. . .

"ဆရာလေးကံညွန့်ရေ. . ဆရာ့တပည့်. . သာဝကြီး တစ်ယောက် ဆင်းရဲနေရှာတယ်၊ သားသမီးများတော့ စားမလောက်ဖြစ်နေကြပြီ၊ ဆရာသွားအားပေးပါဦး"ဟု ပြောသူက ပြောတတ်သည်။

တကယ်တော့ ဆရာလေးကံညွန့်က ရွာမှကလေးများ ၏ ပညာရေးသာမက အသိအလိမ္မာတိုးရေး၊ စာရိတ္တမပျက်ရေး ပါ သင်ကြားပေးတတ်သူမို့ ရွာထဲသို့ တစ်နေ့တစ်ခေါက်တော့ လျှောက်ဖြစ်အောင်လျှောက်သည်။ သူလာလျှင် သူ့ခြံထဲက ထွက်သမျှ သစ်သီးများ၊ ရာသီအလိုက် ဟင်းသီးဟင်းရွက်များကို တစ်ပွေ့ တစ်ပိုက်ဖြင့်သာ ရွာထဲသို့ လာတတ်စမြဲဖြစ်သည်။

ရွာထဲတစ်ပတ်လျှောက်ပြီးလျှင် သူ့လက်ထဲမှ သစ်သီး တွေ၊ ဟင်းသီးဟင်းရွက်တွေ ကုန်လေပြီ၊ လိုက်ရောင်းသည် မဟုတ်၊ တပည့်တွေက ဆင်းဆင်းရဲရဲ အလုပ်လုပ်ရပြီး အချိန်နှင့် မပြန်နိုင်၍ သားတွေသမီးတွေအတွက် နေ့ဝင်မိုးချုပ်မှ ထမင်း ချက်ရ၊ ဟင်းချက်ရ ဖြစ်နိုင်လောက်သောအိမ်များကို သူ့ခြံထွက် ဟင်းချက်စရာများ လိုက်ပေးခြင်းဖြစ်သည်။

ဒါတင်မကပါ၊ တပည့်တွေထဲက အချိန်တန် အရွယ် ရောက်လို့ သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ကြပြီဆိုတော့လည်း ဆရာလေးကံညွန့် အိမ်ဦးခန်းတွင် ပါရစမြဲ ဆရာလေးကံညွန့် မပါလျှင် စေ့စပ်မှုလက်မခံ၊ ပြန်အပ်မှုလက်မခံဖြစ်တတ်သည်။

ငွေကြေးတတ်နိုင်သူ မိဘများက သူတို့၏ သားသမီး တွေ ဆရာလေးကံညွန့်ထံမှ အတန်းပညာအတော်အတန် ရပြီဆိုလျှင် မြို့ကျောင်းသို့ (အတန်းကျောင်းသို့) ပို့အပ်ကြသည်။

မြို့ရောက်တပည့်များအတွက်လည်း ဆရာလေးကံညွန့် စိတ်ပူနေတတ်မြဲ၊ စောင့်ရှောက်နေတတ်မြဲ။

ကျွန်တော်ငယ်ငယ်တုန်းက အမေက ဆရာလေး ကံညွန့်ထံတွင် ကျောင်းအပ်တော့ အမေ့ကိုလည်း မကျေနပ်၊ ဆရာလေးကိုလည်း ကြောက်စိတ်ဖြင့် လန့်နေခဲ့မိတော့သည်။ အရွယ်ရောက် လာတော့မှ ဆရာလေးကံညွန့်ရဲ့ စိတ်ဓာတ်နှင့် စေတနာက မည်သူမျှလိုက်မမီတော့ ပါလားရယ်လို့ မြင်လာရ တော့သည်။ ယနေ့ခေတ်လိုကာလမျိုးတွင် ဆရာလေးကံညွန့်ကို ဆရာလေး ကံညွန့်စိတ်ဓာတ်ကိုပို၍ ဂုဏ်ယူနေမိသည်။

တပည့်တွေကမူ သူ့ရှေ့ကို တစ်စက္ကန့်တောင် မရောက်ချင်။ သူ့ကိုကြောက်လွန်းလို့ ကျောင်းပြေးသူပြေးသည်။ လမ်းမှာ ခိုသူခိုသည်။ ဒေါသကြီးသည့် ဆရာလေးကံညွန့်ကို ဆရာဒေါ်ဟု ခေါ်သူက ခေါ်ကြသည်။

"မင်းတို့ စာတတ်အောင် စာအရင်သင်။ ဘွဲ့ရမှ ငါ့ လာသတ်။ ငါစောင့်နေမယ် လောလောဆယ်ကျောင်းပြေးတဲ့ အကောင်တွေလာခဲ့"

ဆိုပြီး ကြိမ်ပျော့နဲ့ "တရွှမ်းရွှမ်း" ရိုက်တတ်သည်။ ဘယ်မိဘကမှ ဆရာဒေါ်ကို လာပြီး ရန်မတွေ့ ပေ။

"ဆုံးမပါဆရာရယ် ကြိုက်သလိုသာ ဆုံးမပါ"လို့ ဆက် အပ်သည်

ရွာမှာက ဆရာကျောင်းသားနဲ့ ဘုန်းကြီးကျောင်းသား ဆိုပြီးနှစ်ဖွဲ့ရှိသည်။

တစ်ချို့မိဘတွေက ကျမ်းတတ် ပေတတ်ဖြစ်အောင် ဘုန်းတော်ကြီးကျောင်းကို အပ်သည်။ ရေးတတ်ဖတ်တတ်ဖြစ်ရင် အတန်းကျောင်းပို့ချင်တဲ့ လူတွေက ဆရာဒေါ်ထံတွင် အပ်သည်။ အဲဒီလိုနှစ်ကျောင်းကွဲနေ၍ ပြဿနာပေါ်တတ်ပါသည်။

"ဘုန်းကြီးကျောင်းသားအကောင်းစား ဆရာကျောင်း သား၊ သူတောင်းစား"

ဆွမ်းခံအပြန် စ စသွားတဲ့ ဘုန်းကြီးကျောင်းသားတွေကို ဆရာဒေါ်ကျောင်းသားတွေက မခံ။ တစ်နေ့ချိန်းပြီး ရန် ဖြစ်ကြသည်၊ ရွာပြင်က ဘောလုံးကွင်းထဲတွင် ဘုန်းကြီးကျောင်းသားရော ဆရာ ကျောင်းသားပါ ရန်ဖြစ်တဲ့ဒဏ်ကြောင့် နှစ်ဘက်လုံး ဖူးရောင်ကုန်သည်။ ဆရာဒေါ်က သူ့ကျောင်းသားတွေကို ကောင်းကောင်းနှံ့သည်။ မိဘများကထပ်ရိုက်၍ တစ်ချို့ကောင် တွေ နှစ်ခါနာသည်။

ဆရာဒေါ်တပည့်များက ဆရာဒေါ်ကို စိတ်ဆိုးကြ သည်။ ဆရာဒေါ်ကို ခွေးလေးလျှားသီးနှင့် ဒုက္ခပေးသည်၊ ဆရာဒေါ် ဟိုကုတ်ဒီကုတ် ဖြစ်ရင် ကြိတ်ပျော်ကြသည်။ ပြောင်မပျော်ရဲ။ သို့ပေမယ့် ဆရာဒေါ်က အမုန်းခံပြီး စာသင်ပေးရှာသည်။

ဆရာဒေါ်က ဒေါသကြီးတယ်ဆိုပေမဲ့ ဂရုဏာတရားရှိ သည်။

တစ်နေ့ ညပ်စိ တစ်ယောက်ချောင်းထဲခြေချော် ကျပြီး ရေစီးထဲ မျှောပါသွားတာကိုတွေ့တော့ ဆရာဒေါ် ဆင်းဆယ်သည်။ တကယ်တော့ ဆရာဒေါ် ရေကူးမကျွမ်းကျင်။ တပည့်ကို ချစ်သောစိတ်ကြောင့် ဆင်းဆယ်ခြင်းသာ ဖြစ်သည်။ သုံးဆယ် ချောင်းကလည်း ရေစီးကမြန် သည်။ ကလေးကို ဆယ်ပြီးနီးစပ်ရာ ဝါးဖောင်ပေါ် တင်လိုက်နိုင်ပေမယ့် သူက မောနေလေပြီ။ ဝါးဖောင် လုပ်သားတွေက သူ့ကိုပြန်ဆယ်ပြီး အသက်ကယ်ပေလို့သာ။ သို့သော် ရေစီးရှိန်ကြောင့် ဆရာဒေါ် အအေးပတ်ပြီး ဖျားပါသည်။ ဆရာဒေါ်မဆူမကြိမ်းနိုင် မရိုက်နိုင်တော့ပြီ။

သို့သော် ဆရာဒေါ် အအေးပတ်ပြီး အိပ်ရာထဲမှာ ရောဂါခံစား နေရတာကိုကြည့်ပြီး တပည့်တွေအားလုံး စိတ်မကောင်းဖြစ်ခဲ့ကြသည်။ အားလုံးငိုကြသည်။ ဆရာဒေါ်ကို သနားလာကြသည်။ ဆရာဒေါ် တစ်ခါတစ်ခါ သတိလစ်သွား သည်။ တပည့်ဟောင်းတွေက ဆရာဒေါ်ကို ပြုစုကြသည်။ ဆရာဒေါ်သတိရလာသည့်အခါ သူ့တပည့်လေးတွေကို သူ့အနား ခေါ်သည်။ စာအံခိုင်းသည်။ သူ့အိပ်ရာဘေးမှာ တပည့်လေး တွေက စာအံပြရင် ဆရာဒေါ်ခမျာ သက်သာသွားသည့်ပုံ။ ဆရာဒေါ်ကို တပည့်လေးတွေက ရောဂါပျောက် စေချင်လာသည်။ ဆရာဒေါ် နှုက်လည်း စိတ်မဆိုးကြေးဟု ကတိပြုကြသည်။ ဆရာဒေါ်က ဘော်တော်နှင့် ကောင်းမလာ ပေ။ နှစ်လလောက်ကြာသည့် အခါတွင် အနည်းငယ် သက်သာ လာသည်။ တစ်နေ့ ဆရာဒေါ်က. .

"မင်းတို့တစ်တွေ ဆရာ့ကို ကတိတစ်ခုပေးပါ ဆရာဟာ ရှေ့ဆက် စာပြနိုင်ဖို့ အခြေအနေမပေးတော့ဘူး။ အသက်အရ လည်း အိုလာပြီ။ မင်းတို့ဆီက ကတိတောင်းချင်တာက မင်းတို့ တွေ

အားလုံးစာကြိုးစား အတန်းပညာကို ရအောင်လုပ် ဘွဲ့ ရအောင်ကြိုးစား တိုင်းပြည်အတွက် ကျရာတာဝန် ထမ်းဆောင် ကြပါ။ ဆရာတောင်းချင်တဲ့ ကတိက စာတတ်အောင် အတန်းပညာရအောင် ကြိုးစားမယ်ဆိုတဲ့ ကတိပါ"

"ပေးပါ့မယ်ဆရာ"ဟု သူငယ်ချင်းအားလုံး ဖြေကြသည်။

"အေးအေး . . သာဓု . . သာဓု . . သာဓု . . ဆရာ့ကို ထပ်ပြီး ကတိပေးစေချင်တာက မင်းတို့တစ်တွေထဲက အနည်းဆုံး တစ်ယောက်တော့ မိမိရပ်ရွာအတွက် ငွေရရ မရရ အတန်းကျောင်း ဖြစ်ဖြစ် မဖြစ်ဖြစ် စာပြဆရာတစ်ယောက်ဖြစ်အောင် ကြိုးစားပါ။ တစ်ယောက်တည်းပါ လက်ရွေးစင်တစ်ယောက် ကတိပေးပါ။ ကျန်တဲ့ကလေးတွေက စာကြိုးစားမယ်ဆိုတဲ့ ကတိကို ဆရာကျေနပ်ပါ တယ်။ ဆရာ့အပေါ် မင်းတို့ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိ ကောင်းပြစ်မှားမိမယ်။ ဆရာ အားလုံးခွင့်လွှတ်ပြီးသားပါ။ ကဲကဲ . . ဆရာတောင်းတဲ့ကတိ ဘယ်သူများ ပေးနိုင်မလဲ"လို့ မေးလာတော့ . .

"ကျွန်တော်ပေးပါတယ်ဆရာ မိမိရပ်ရွာဝန်းကျင်မှာ စာမတတ်သူ မရှိရအောင် ကျွန်တော်ဆရာလုပ်ပါ့မယ်"လို့ ကျွန်တော် ကတိပေးသံကို ဆရာဒေါ်ကြားသည့် အခါ ကျေနပ်တဲ့ ပီတိပြုံးတွေ ဝေသွားသည်။ ပြီးတော့

"သာဓု . . သာဓု . . သာဓု" ခေါ်ဆိုသည့် ဆရာဒေါ်ရဲ့ ပီတိအပြုံးကို ဒီနေ့အထိမြင်ယောင်နေ တုန်းပင်။

ဆရာဒေါ်မှိန်းနေသည်ကို အိပ်သွားသည်ဟုထင်မိကြသည်။ ဖိုးသောကြာက စပ်စုတဲ့သူဆိုတော့ မျက်လုံးဖြကြည့်သည်။ ဗိုက်စမ်း

ကြည့်သည်။ လက်ကိုင်ကြည့်သည်။ တစ်အောင့်နေမှ ဖိုးသောကြာက ဆရာလေးအိပ်တာမဟုတ်ဘူး အသက်မရှူ တော့တာလို့ ပြောတော့မှ သူငယ်ချင်းတွေ ဝိုင်းအော်ငိုကြသည်။

အရပ်ထဲကလူကြီးတွေက ဆရာဒေါ်အိမ်က ငိုသံတွေ ကြားလို့ ပြေးလာကြသည်။ ဆရာလေးကံညွှန့်ကို လူကြီးတွေက အသက်ရှူ မရှူလေ့လာသည်။ မရှူ တစ်ချက် ရှူတစ်ချက်ပဲလို့ အဖြေထွက်ရတာနှင့် စောင်ပုခက်ကြီး လုပ်ပြီး မြို့ဆေးရုံကို ပို့လိုက်ကြသည်။

ဆရာဒေါ်ရှိတုန်းက တပည့်တွေက ဆရာဒေါ်ကို သိပ်မုန်းကြသည်။ စာမသင်ချင်ကြ။ ဆရာဒေါ်မရှိတော့မှ ဆရာဒေါ်အိမ်ကို တပည့်တွေ ကျောင်းတက်နေကြအချိန်တိုင်း ရောက်လာသည်။

ဆရာဒေါ်စေတနာ ဘယ်မျှကြီးခဲ့သည် ဆိုခြင်းကို တပည့်လေးတွေအားလုံး ငယ်ပေမဲ့ သတိထားမိလာသည်။ ပညာတတ်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ကတိတွေ သူငယ်ချင်းတွေ စုပြီး ပေးကြသည်။ ဆရာဒေါ်ရှိစဉ်က မုန်းသည်။ ဆရာဒေါ်မရှိတော့မှ ဆရာဒေါ်တန်ဖိုးသိလာကြပြီ၊ မြို့ဆေးရုံ (သာယာဝတီ)မှာ တင်ထားသည့် ဆရာဒေါ်ကို သူငယ်ချင်းတွေစုပြီး လိုက်ကြည့်ဖို့ကြိုးစားတာကို လူကြီးတွေ သိသွားလို့ ဆရာဒေါ်ဆီကို မိဘတွေကိုယ်တိုင် လိုက်ပို့ပေးကြသည်။

ဆရာဒေါ်ဆေးရုံကုတင်ပေါ်မှာ ပက်လက်ကလေးနဲ့ သနားစရာ ဖြစ်နေသည်။ ဆရာဒေါ် ကို တွေ့တွေ့ချင်း ညက်စိက သူ့ကြောင့် ဆရာဒေါ်ခုလို ဖြစ်ရတာလို့ ပြောပြီး ငိုမဆုံး။ ညက်စိငိုတော့ အားလုံးဝိုင်းငိုကြသည်။ ဆေးရုံက တာဝန်ရှိသူတွေက လူနာတွေနား မငိုရဘူးဆိုပြီး ပြန်ခိုင်းသည်။ လူကြီးတွေက ကလေးအားလုံးကို

လှည်းပါတက်ခိုင်းသည်။ လှည်းပေါ်တက်ပြီးတာနဲ့ ရွာပြန်ပို့တော့သည်။ ရွာကိုရောက်တော့ ဆရာဒေါ်တပည့်လေး တွေ အားလုံး တမှိုင်မှိုင် တတွေတွေဖြစ်ကုန်ကြသည်။ ဆရာဒေါ် အတွက် စိတ်ထိခိုက်နေချိန်မှာ ရွာထဲကို သတင်းဆိုးရောက်လာ သည်။

"ဆရာဒေါ် . . ချက်ချင်း ပြန်ကောင်းဖို့ မလွယ်တော့ဘူးတဲ့"

ဆရာဒေါ်တပည့်ကလေးတွေ ရွာထဲလျှောက်ပြေးပြီး ငိုသည်။ မိန်းကလေးအုပ်စုဖြစ်တဲ့ မဥ္စူတို့ တူးမာတို့ သာလီကာမ တို့ တေမိမတို့လည်း ငိုလိုက်ကြတာ တားလို့မရအောင်ပင်။

ကျွန်တော် ကျွန်မတို့သည် စာတတ်အောင် သင်ပါ မည်။ ဆရာ့အား ပြစ်မှားမိခဲ့သော ကာယကံ၊ ဝစီကံ၊ မနောကံများ ခွင့်လွှတ်ပါရန် ဆရာဒေါ်ကို . . စိတ်နဲ့ ကန်တော့ ၍ တောင်းပန်ပါသည်။ ဆရာဖြစ်စေချင်တဲ့ ပညာတတ်ဖြစ်အောင် ကြိုးစားပြီး တိုင်းပြည်တာဝန်ကို ကျရာတာဝန် ထမ်းဆောင်ပါမည်လို့ကတိပြုကြပြီး ဆရာဒေါ်ရှိတဲ့ မြို့ဆေးရုံဘက်ကို မှန်း၍ကန်တော့ကြသည်။

"မိမိရပ်ရွာအတွက် စာမတတ်သူမရှိရအောင် ဆရာဒေါ် ဆန္ဒအတိုင်း ဆရာဖြစ်အောင် ကြိုးစားပါ့မယ်လို့ ထပ်၍ကတိပြု နေမိသူက ကျွန်တော် မောင်ပြုံးချိုဖြစ်သည်။

* * *

# ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ

မြန်မာတို့၏ (၁၂)လရာသီပွဲများတွင်တော့ မပါဝင်ပါ။ သို့သော် ကျွန်တော်တို့ ကျေးရွာကြီးမှာ"**အမေ့သား နားခိုရာ ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ**" ကမူ တစ်နှစ်တစ်ကြိမ် မပျက်မကွက် လုပ်လေ့ရှိသည့်ပွဲဖြစ်သည်။

- ပျော်စရာကောင်းသည်၊
- ကြည်နူးဖွယ်ကောင်းသည်၊
- မြို့နေစီးပွားရေးသမား မျိုးစုံလာကြသည်၊
- အချို့က ဈေးပြိုင်ဝယ်ဖို့ လာသည်၊
- အချို့က စိတ်ဝင်စားဖွယ်ဖြစ်လို့ လေ့လာဖို့ လာသည်၊

မြို့က လာလာ တောရွာတွေက လာလာ ရွာခံ ပြည်သူတွေက. . . စတုဒိသာဖြင့် ဧည့်ခံသည်။

မြို့ပေါ် "ဘူဖေး"စနစ်လိုဟု ပြောသော်ရ၏။ ကိုယ်စားမယ့် ပန်းကန် ကိုယ်ယူ ကိုယ်စားနိုင်သလောက်ထမင်းကို ထည့်၊ ကြက်၊ ဝက်၊ အမဲ၊ ဘဲ၊ ငါး၊ ဘဲဥ၊ အရည်ဟင်း၊ ငပိထောင်း၊ ဒေသထွက် တို့စရာ ဟင်းသီးဟင်းရွက်အစုံ၊ စိတ်တိုင်းကြ စားနိုင်သည်။ စားပြီး ပန်းကန်တော့ ဆေးစရာမလို၊ ပန်းကန်ဆေးအဖွဲ့ထံ ပန်းကန် ကမ်းပေးလိုက်ရုံသာ။

ဤစတုဒိသာက ဘုန်းကြီးဆွမ်းခံ ပြန်ကြွချိန်လောက် စကျွေးပြီး မွန်းမလွဲမီ ထမင်းကျွေးရပ်သည်။ ထမင်းစားပြီး အချိုစားလိုက ကောက်ရိုးပြတ် အမိုးအောက်ကွပ်ပြစ်တွင် ထန်းလျက်ခဲ စားမလား၊ ကြံသကာကိုက်မလား ကြိုက်ရာစား၊ ရေနွေးကြမ်း သောက်မလား၊ ရေပဲသောက်မလား စိတ်ကြိုက် သောက်နိုင်သည်။ အချို့အုန်းရည်ချို သောက်ချင်သပဆို ခွဲစိတ်ပေးမည့်သူအသင့်။

(မှတ်ချက်။ ။ ဤလေလံပွဲတွင် မှူးယစ်စေသမျှ . . **မည်သည့်အရည်အဖတ်ကိုမျှ ညှော်ခံမှုမပြုရ။ မည်သူမျှ မသုံးဆောင်ရ)။**

ဤအလေ့သည် အလိုလို လိုက်နာလာကြသော အလေ့အကျင့်ကောင်း ဖြစ်သည်။

ဆန်းသစ်သော ဈေးပြိုင်လေလံပွဲ တစ်ခုဖြစ်သဖြင့် ကြားရသူတိုင်း ခေါင်းမော့နားထောင်ကြည့်ကြသည်။ ဟုတ်သည်လေ **"ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ"** ဆိုသော စကားက ရယ်စရာပင် ဖြစ်ချင်စရာ။

- ကောက်သင်းစပါးဆိုမှတော့. . . စပါးသန့်သန့် မဟုတ်ပေ။

- စပါးမျိုးစုံရောရာဖြစ်နေမည်။

- ကြိတ်ခွဲ၊ ဖွတ်ပြာ-ချက်ပြုတ်စားသောက်ပါကလည်း အနပ်မညီထမင်းသာဖြစ်မည်။

နွမ်းပါး မပြည့်စုံသူတို့လောက်သာ အသုံးပြုကြသည့် ဤကောက်သင်းစပါးကို အဘယ်သူကများ ဈေးပြိုင် လေလံပွဲလုပ်ဖို့ စိတ်ကူးရလိုက်ပါလိမ့်။ အခြားသူဟုတ်ပါရိုးလား ဦးမေတ္တာ ဖြစ်သည်။

ဦးမေတ္တာဟုဆိုလိုက်သည်နှင့် ကျွန်တော်တို့ ဒေသတွင် မသိသူမရှိဟု မထင်လိုက်ပါနှင့်၊ သူ့ဆွေမျိုးအစုံကပင် အကုန်မသိ။ သိကြတာက "ဦးရာကျော်"အမည်ကို သိနေကြ၍ ဖြစ်သည်။

ဦးမေတ္တာအမည်အစား ဦးရာကျော်အမည်တွင်နေ သော်လည်း ဦးရာကျော်ကား၊ ဦးမေတ္တာအမည်နှင့်ပို၍ လိုက် ဖက်သည်။ သူ့ဘိုးဘွားမိဘနှင့် ဆရာတော်ဘုန်းကြီးများက ရည်မှန်းချက်၊ မျှော်လင့်ချက်ကြီးကြီးနှင့် "မေတ္တာ"ဆိုသည့် အမည်ပေးခဲ့ဟန်တူပါသည်။

ဦးမေတ္တာအမည်ပျောက်ပြီး ဦးရာကျော် အမည်ရောက်

ခဲ့ရသည်မှာ အခြားမဟုတ်။ ကျွန်တော်တို့ နေထိုင်ရာ မြို့နယ်ကြီး တစ်ခုလုံး၏ ဆန်ထွက်လယ်၊ သီးနှံထွက်ယာ . . ဧက ရာပေါင်းများစွာ ဘိုးဘွားမိဘအမွေရခဲ့သလို သူ့ကြိုးစားမှု၊ မေတ္တာကြီးမားမှုကြောင့်လည်း လယ်ယာ ဧကရာပေါင်းများစွာ ပိုင်ဆိုင်ပြီး၊ တိုးပွားသထက် တိုးပွားနေခြင်းကြောင့်ဖြစ်ပေသည်။

ဦးရာကျော်က . . ဤကောက်သင်းစပါးဈေးပြိုင်လေလံပွဲကို လုပ်ရန်စိတ်ကူးများဝင်လာရသည်မှာ အကြောင်းပေါင်း များစွာ ရှိခဲ့ဖူးသည်။ ဤနည်းလမ်းကို ရွေးချယ်လိုက်ခြင်းကလည်း ထူးမြတ်သည့် မေတ္တာတရားကြောင့်ဖြစ်သည်။ ဦးရာကျော်သည်

"အနန္တော အနန္တ ငါးပါးကို ဦးထိပ်ထားသည်"

"သက်တော်ဝါတော်ပညာတော် ကြီးမြတ်သည့် ဆရာတော် မှန်သမျှထံမှ ဩဝါဒခံယူသည်"

"စာပေဖတ်ရှုလေ့လာသည်"

"လူမှုဝန်းကျင်ဗဟုသုတရှာသည်"

"လက်တွေ့နှင့်သဘာဝပေါင်းစပ်ပေးတတ်သည်"

ဤသည်တို့ကြောင့်

"ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ" ပေါ်လာခြင်း ဖြစ်ပေသည်။

* * *

ဤနယ်တစ်ခွင်တွင် ဆန်စပါးနှင့် စီးပွားရှာနေသူ အဝယ်ဒိုင် မှန်သမျှ ဦးရာကျော်နှင့် ကင်း၍ မဖြစ်နိုင်၊ စပါးပေါ် သည်နှင့် စပါးပေး အဝယ်ဒိုင်က စပါးသိမ်းကြမည် ဝယ်ကြမည်၊ ပိုလျှံစပါးကို ကြိုက်ဈေးပေး ကြမည့် စပါးကုန်သည်တို့က ငွေထုတ်ပိုက်ပြီး တိုက်ရိုက်ဖြစ်စေ၊ ပွဲစားနှင့်

ဖြစ်စေ၊ ကွင်းဆင်းဝယ် ကြမည်။ ထိုသည်က မိရိုးဖလာ မိသားစုစားဝတ်နေရေးအတွက် လယ်ယာလုပ်ငန်းလုပ်သူများထံမှ သမရိုးကျ ဝယ်နည်းဖြစ်သည်။

ဦးရာကျော်လို လူမျိုးက စပါးပေးယူမည့်လူမဟုတ်၊ သူ့ စပါးကို ကြိုက်ဈေးပေးတိုင်း ရောင်းချင်မှ ရောင်းမည့်သူ၊ သူ့ ပတ်ဝန်းကျင်က မိသားစုစားဝတ်နေရေးအတွက် မိရိုးဖလာ လယ်လုပ်သားတွေဆီ၊ စပါးပေးအဝယ်ဒိုင်က စပါးသိမ်းပြီး ပိုလျှံ စပါးကို "စီးပွားရေးသမားကုန်သည်များ"၏ ဈေးကစားဝယ်မှု ကို သူက ခံမည့်သူလည်းမဟုတ်။

မိရိုးဖလာ လယ်ယာလုပ်သား တွေကို သူကိုယ်တိုင် စပါးပေးပေးနိုင်သည်။ သူက မပေး။ နိုင်ငံတော်ကို တာဝန်ကျေ ပေးဖို့ တိုက်တွန်းအားပေးသည်။ နိုင်ငံတော်က ကြိုတင် ထုတ်ချေးငွေယူစေသည်။ ပိုလျှံစပါးက မိသားစုတစ်နှစ်တာ စားဝတ်နေရေးအပြင် လျှုိနိုင်တန်းနိုင်ဖို့ အထိ သူက ရစေချင်သူဖြစ်သည်။

ဤအချက်များက "ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ" တိုးတက်စည်ပင်လာဖို့ အကြောင်းရင်းခံ တစ်ချက်ဟုဆိုရမည် ဖြစ်ပေသည်။

ဦးရာကျော်က ဘိုးဘွားမိဘအမွေ လယ်ယာမြေများနှင့် ပြည့်စုံနေသော်လည်း သူ့တွင် ကြီးမားစွာ လစ်ဟာနေသော မပြည့်စုံမှုရှိနေပါသည်။ သူ့အသက် (၆၀)ကျော်မျှသာ ရှိပေဦးမည်။ ဇနီးမယားနှင့် သမီး၊ သား အားလုံးပေါင်းမှ မိသားစုဝင် (၄)ဦးသာရှိသည်။

သူ့တွင် ဤပစ္စုပ္ပန်ကာလ၌ အမေ အဖေခေါ်ရန် အမေ အဖေ မရှိတော့၊ ပြုစုရန် အခြေအနေမပေးတော့။ မိဘတွေ၏ နှစ်ဖက် အဘိုးအဘွားလည်း နတ္ထိ၊ သူတင်လား။ မဟုတ်၊ သူ့ဇနီးက သူ့ထက်ပင်

အတိတ်ကံမကောင်းပုံရသည်။ ငယ်ရွယ် စဉ်ကပင် အဘိုးအဘွား အမိအဖတို့ကို မမြင်ဖူးလိုက်ပေ။ ဤသည် အကြောင်းရပ်များကလည်း ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ ပေါ်ပေါက်ရန်အကြောင်းတစ်ချက် ဖြစ်ပေ လိမ့်မည်။

မည်သို့ပင်ဆိုစေ ဤ "ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ" ဖြစ်ပေါ်စေသော အခြားအချက်က ကျွန်တော်တို့ ငယ်သူငယ်ချင်းတွေက စခဲ့သည်ဟု ဆိုသော် မှားအံ့မထင်။

* * *

ကျွန်တော့်မှာက အမေနှင့်သား နှစ်ဦးသားပဲ ရှိသည်။ အမေ့ခမျာ ငယ်ငယ်ရွယ်ရွယ် အသက် (၃၀)လောက်နှင့် မုဆိုးမ ဘဝကိုရောက်ခဲ့ရှာသည်။ ကျွန်တော့်ကို အကြော်ကြော်ပြီး ကျွေးမွေးပြုစုစောင့်ရှောက်ထားသမို့ ကျွန်တော့်အသက်ပင် (၁၃)နှစ်ထဲ ရောက်ပြီဖြစ်သည်။ ကျွန်တော်တို့ သူငယ်ချင်းတွေ ဆရာဒေါ်ကျောင်းအိမ်တွင် (၄)တန်းပညာကို သင်ကြားခွင့် ရနေပြီဖြစ်သည်။

အမေက နံနက်ပိုင်း တာလမ်းနဖူးမေးတင် ဆောက် ထားတဲ့ အကြော်တဲလေးတွင် အကြော်ကြော်၊ ကျွန်တော်က အမေ့ကိုကူရောင်း၊ ဘုန်းကြီး ဆွမ်းခံကြွချိန်ရောက်လျှင် ကျွန်တော်က ဆရာဒေါ်ကျောင်းကို အပြေးသွား၊ တစ်နေကုန် စာသင်၊ ညနေပိုင်းရောက်လျှင် အမေတို့ ဘိုးဘွားမိဘ လက်ငုတ်အမွေရလိုက်တဲ့ ခြံကြီးထဲက သီးပင်စားပင်တွေကို အမေနှင့်အတူ ပြုပြင်သင့်တာပြုပြင်၊ ပေါင်းသင်သင့်တာ ပေါင်းသင်၊ ရောင်းချသင့်တာ ခူးဆွတ်ရောင်းချဖို့လုပ်။ အမေက ကျွန်တော့်ထက်ပို၍ ပင်ပမ်းပါသည်။ သားအမိ (၂)ယောက်စားဖို့ တစ်နေ့တစ်နေ့ တစ်ကုပ်ကုပ်နှင့် နားရသည်မရှိ။

ကျွန်တော်က ကျောင်းစာမသင်ဘဲ အမေ့ကို ကူညီနေ ချင်သည်။ သို့သော် အမေက လုံးဝလက်မခံ။ သူ့သား စာတတ်ပေတတ်ဖြစ်ဖို့ အဓိကမို့ သူပဲ အပင်ပန်းခံသည်။ ကျွန်တော်ဘာများလုပ်ပေးနိုင်မည်နည်း၊ အမေအိပ်ယာဝင် နှိပ်ပေးပြီး အမေ့ကိုအိပ်စေမည်။ ကျွန်တော်က အမေ အိပ်တော့မှ အမေ့ကို ကန်တော့ပြီး စာကြည့်၊ စာရမှ အိပ်ဖြစ်သည်။ ဒါက လုပ်နေကျအလုပ် ဖြစ်သည်။

ယနေ့ညတွင်တော့ ကျွန်တော်အမေ့ကို နှိပ်ပေးရုံတင်မက အမေ့ဆီက အကူအညီတောင်းဖို့ရှိနေသေးသည်။ ယနေ့ မြို့ဖိတ်နေ့၊ မနက်ဖြန် ဥပုသ်နေ့ဆိုတော့ ကျွန်တော်တို့ ဒေသနေ ပြည်သူများ၏ ဘိုးစဉ်ဘောင်ဆက် အလေ့အထအရ ဘာသာရေးအလုပ် ဥပုသ်စောင့်ကြမည်။ ရွာပြင်သုဿန်ထိပ်ရှိ ဇရပ်ကြီးတွင် အကြောင်းကြီးငယ်မရှိသူမှအပ ဥပုသ်စောင့်ကြ သည်။

ဥပုသ်နေ့တိုင်း၊ ရွာ့ဝန်းကျင်ဝိုင်းရံနေသော ဘုရားကြီး ကျောင်း၊ ခုံကျောင်း၊ ရွာပြင်ကျောင်း၊ လယ်ပြင်ကျောင်း၊ အသင်းတိုက်ကျောင်းတို့မှ ကျောင်းထိုင်ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ဆွမ်းခံကိုယ်တော်များက နံနက် (၉)နာရီ လောက်ကနေ (၁၁)နာရီ လောက်အထိ သုဿန်ဇရပ်ကြီးကို ဝင်ရောက် သီလပေးကြရသည်။ အကြောင်းသော်ကား မွန်းမလွဲမီအထိ ရပ်သူရွာသား တွေ ဥပုသ်သီလရစေလို၍ ဖြစ်သည်ဟု သိရသည်။

ဥပုသ်သည်စုံ သီလရကြပြီ ဆိုလျှင် ဥပုသ်သည်တို့ ပါလာကြသော ဆွမ်းအုပ်၊ ဆွမ်းချိုင့်၊ ဆွမ်းထုတ်တို့ကို . စုပေါင်းကာ လက်ရေတပြင်တည်း၊ နေ့ဆွမ်းစားကြပြီး တရား မှတ်သူမှတ်၊ တရားစကားပြောသူကပြော၊ နားထောင်သူက နားထောင်။ နားနားနေနေ

နေလိုသူကနေကြ၊ ရပ်ရေးရွာရေး ပြောသူက ပြောကြ လုပ်လေ့ရှိသည်။ မှန်းလွဲပိုင်း (၁)နာရီ လောက်ရောက်လျှင် ရွာဝန်းကျင်ရှိ ဘုန်းတော်ကြီး (၅)ကျောင်းမှ ကျောင်းထိုင်ဆရာတော်ကြီး (၅)ပါးကြွရောက်၍ အပူဇော်ခံသည်။ အလှည့်ကျဆရာတော်ကြီးက တရားတော်များ ချီးမြှင့်လေ့ရှိပါသည်။

တရားနာ ရေစက်ချ၊ အမျှဝေ၊ သာဓုခေါ်ပြီး ဆရာတော်ကြီးတွေ ပြန်ကြွသွားပြီဆိုလျှင် ဥပုသ်သည်တို့လည်း ကိုယ့်အိမ်ကိုယ်ပြန်ကြသည်။ အိမ်ရောက်နေဝင် ဖြစ်ပါသည်။

ဤသည်မှာ ကျွန်တော်တို့ ဒေသ၏ ဘာသာ သာသနာ အပေါ် အလေးဂရုပြုဆောင်ရွက်မှုဖြစ်ပါသည်။ ဤအလေ့အထ ကို သတိရသော ကျွန်တော်တို့သူငယ်ချင်းတွေက အကြံကောင်း အတွေးကောင်းများ ဝင်လာကြသဖြင့် ကျွန်တော် အမေ့ကို နှိုပ်ပေးရင်း. . .

"အမေ"

အမေက. . နှိုပ်ပေးနေသည့် ကျွန်တော့်ထံမှ အမေလို့ အမှတ်တမဲ့ခေါ်လိုက်၍လားမသိ. .

"ဟဲ့. . ဘာတုံး". .

အမေက တအံ့တသြပြန်ထူးပါသည်။

"အမေ. . မနက်ဖြန် ဥပုသ်စောင့်သွားရင်. . သားလိုက်ချင်လို့"

"သားက ငယ်ပါသေးတယ်၊ ကျောင်းစာပဲကြည့်၊ ဥပုသ်ဇရပ်က သူသန်ထိပ်မှာဆိုတော့ သားတို့အရွယ်တွေနဲ့ မတော်ပါဘူး။ ပြီးတော့ ရွယ်တူလူငယ်တွေမရှိတော့ တစ်နေကုန်ဆို သားပြင်းနေမှာပေါ့"

"သား သူငယ်ချင်းတွေအားလုံးလည်း သူတို့မိဘ ဘိုးဘွားတွေနဲ့ အတူတူပါလာကြမှာ အမေရဲ့"

"ထူးထူးခြားခြားပါလားတော်"

"သားတို့သူငယ်ချင်းတွေ . . နေ့တိုင်းငိုနေကြရတယ်အမေ"

"ဟော . .၊ ဘာဖြစ်ကြလို့လဲ"

"ဆရာဒေါ်ကို . . ဆေးရုံက ပြန်ခေါ်ချင်လို့"

"ဟဲ့၊ ဆရာ့မှာ သားထောက်သမီးခံ၊ ဆွေမျိုးဉာတကာ တစ်ယောက်မှ မရှိရှာတာမို့ ရပ်ရွာလူကြီးတွေက ဆေးရုံမှာ ပိုသင့်တော်မယ်ထင်လို့ ထားထားတာလေ ရွာက လူကြီးတွေ အလှည့်ကျသွားပြီး စောင့်ရှောက်နေကြတာပဲ"

"ဟုတ်ပါတယ်အမေရယ် . . ရွာကလူကြီးတွေ အလှည့် ကျသွားပေမယ့်၊ သားတို့သူငယ်ချင်းတွေက သွားခွင့်မရ၊ ပြုစု ခွင့်မရ၊ ကန်တော့ခွင့်မရဘူး . . သေမှတွေ့ရမှာကို . . တွေးတွေးပြီး နေ့တိုင်း ငိုငိုနေရတယ် အမေ"

ဟု ပြောတော့ . . အမေက အိပ်ယာထဲလှဲနေရာကနေ ခေါက်ကနဲထထိုင်ပြီး . .

"ကဲ . . အဲဒါဆို . . . သားတို့က ဘာလုပ်ချင်လို့လဲ"

"ဆရာဒေါ်မှာ . . ရွာကစီစဉ်ပေးထားတဲ့ ခြံရှိတယ်၊ အိမ်ကျောင်းရှိတယ်၊ အဲဒီမှာ ပြန်ခေါ်ထားချင်တယ်၊ သားတို့ လူငယ်တွေ၊ ဆရာဒေါ်အနားမှာ အားလုံးဖြစ်ဖြစ်၊ အလှည့်ကျ ဖြစ်ဖြစ် စောင့်ကြည့်ပေးမယ်၊ ရွာလှည့်ကျန်းမာရေးမှူးကို တစ်နေ့ ကို မနက်တစ်ခေါက်၊ ညနေတစ်ခေါက်ဝင်ကြည့်ပေးဖို့ ရွာလူကြီးတွေက စီစဉ်ပေးနိုင်ရင် ဆေးရုံမှာထားတာနဲ့ အတူတူပဲပေါ့အမေ၊ ရွာသူရွာသားတွေ ဘယ်သူပဲဖြစ်ဖြစ် အချိန်မရွေး ပြုစုနိုင်တယ်၊ ကူညီနိုင်တယ်အမေ၊ တစ်ရွာလုံးက သူ့တပည့်တွေချည်းဆိုတော့

ဘယ်သူမှ ပစ်ထားမှာမဟုတ်ဘူး။ အသက်(၇၀)ကျော်နေတဲ့ဆရာဒေါ် သူ့တပည့်တွေရဲ့ အလယ်မှာ သေသွားတာ ပိုကောင်းတာပေါ့ အမေရယ် သားတို့ သူငယ်ချင်းတွေ ကိုယ့်အဘိုးအဘွားကို ပြုစုသလိုမျိုး ပြုစုကြဖို့ ဘိုင်ပင်ထားကြတယ် အမေ"

လို့ ပြောလိုက်မိတာနဲ့ အမေ့ရဲ့ ရှိုက်သံနှင့်အတူ -

"အမေက ဘာတွေများကူညီပေးနိုင်မှာမို့လဲ သားရယ်"

"အမေက ဘယ်သူ့ဆီကမှ အကူအညီတောင်းလေ့မရှိ တာ သားသိပါတယ်၊ ဒါကြောင့် အမေကသာပြောမယ်၊ အကူအညီ တောင်းမယ်ဆိုရင် ဒီရွာမှာ မငြင်းကြမယ့်သူတွေ ချည်းပါပဲ"

"ကဲပြော. . သား ဘာဖြစ်ချင်တာလဲ"

"ရွာလူကြီးဦးသာအောင်နဲ့ အဘဦးရာကျော်ကို ပြောပေးဖို့ပါ အမေ"

"အေး၊ အမေ ဘာပြောရမှာလဲ"

"ဆရာဒေါ်ကို ရွာပြန်ခေါ်ပြီး သားတို့လူငယ်တွေကို ပြုစုခွင့်ပေးဖို့ တစ်ရွာလုံးဆရာဒေါ်ကျေးဇူးမကင်းကြတာမို့ ဝိုင်းဝန်းစောင့်ရှောက်ရင်း ဆရာဒေါ်ကို စိတ်ချမ်းသာမှု တစ်ခုခုရစေဖို့ ရေရှည်အသက်ရှင်ဖို့ ရေရှည်စောင့်ရှောက်ကြဖို့ သားတို့သားအမိကို ဆရာဒေါ် ဘယ်လွန်တဲ့အထိ ဝတ်ကြီး ဝတ်ငယ် ပြုစုခွင့်ပေးဖို့ ပြောပေးပါအမေ"

ဟု ပြောမိတော့သည်။

"သား အကြံကောင်းတယ်၊ အမေတို့သားအမိ ရှိမှလှူမယ့်အစား ရှိတာနဲ့လှူကြတာပေါ့။ လုပ်အားနဲ့ စေတနာအလှူကို တော့ အချိန်ပြည့်လှူကြမယ်။ မနက်ဖြန် သီလစုံ ဆွမ်းစားပြီးတဲ့အချိန် ခုပ်ရေးရွာရေး ဆွေးနွေးတဲ့ ဝိုင်းထဲမှာ အမေ အဘဦးရာကျော်နဲ့ ရွာလူကြီး

ဦးသာအောင်ကို ပြောပေးမယ်.. သားလည်း ဥပုသ်ဇရပ်လိုက်ချင် လိုက်ခဲ့”ဟု ခွင့်ပြုစကားဆိုသည်။

ကျွန်တော် ထိုညက တော်တော်နှင့် အိပ်မပျော်ခဲ့ပေ။

* * *

အဘဦးရာကျော်က ဥပုသ်သီတင်းတစ်ပတ်တွင် ရပ်ရေး ရွာရေးဆွေးနွေးကြသည့်အခါ ကျွန်တော့်စိတ်ကူးကို တင်ပြသည်။

“ကျုပ် မိအုန်းရီရဲ့သား စိတ်ကူးလေးကို သဘောကျ လို့ ဒီကောက်သင်းစပါးဈေးပြိုင်လေလံပွဲ လုပ်ဖို့ အတွေး ပေါက်ခဲ့တာ၊ လူငယ်တွေရဲ့ အတွေးကို ကျွန်တော်တို့ တွေ ဂရုပြုရမယ်၊ သူတို့တွေးမိတဲ့ အတွေး၊ ကျုပ်တို့လူကြီးတွေ မတွေးမိတာမဟုတ်ဘူး၊ မတွေးခဲ့ကြတာ။ ကျုပ် မိအုန်းရီရဲ့ သား အတွေးကို မသိရခင်တည်းက “ဘွားဦးဇွန်းရဲ့ အတ္ထုပ္ပတ္တိကို ဖတ်ဖူးတယ်”

အဘဦးရာကျော်က ဘွားဦးဇွန်း၏အကြောင်းကို ပြောပြသည်။

“ဘွားဦးဇွန်းကို မန္တလေးမြို့၊ ကျောက်သွေးတန်းရပ်မှာ၊ ပိုးကုန်သည်သူဌေး ဖခင်ဦးအိ၊ မိခင်ဒေါ်မျှင်တို့က မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း (၅)ရက်၊ သောကြာနေ့မှာ ဖွားမြင်ခဲ့ တာပေ့ါ။ ဒုက္ခအတိ တွေ့ကြုံခံစား နေကြရတဲ့ ဗုဒ္ဓဘာသာဝင် အဘိုးအို၊ အဘွားအိုတို့အတွက် ခိုကိုးနိုင်မယ့် လူအိုရုံ ဆောက်လုပ်ဖို့အတွက် ဘွားဦးဇွန်းက သူပိုင် ဘိုးဘွားမိဘအမွေမှန်သမျှ ရောင်းချပစ်ခဲ့ပြီး စစ်ကိုင်း မင်းကွန်းလူအိုရုံကို စတင်တည်ထောင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ဘွားဦးဇွန်း ဦးဆောင်ခဲ့တဲ့ လူအိုရုံတွေက မင်းကွန်းလူအိုရုံ၊ သထုံလူအိုရုံ၊ ပေါင်းတည်လူအိုရုံ၊ နှင်းဆီကုန်းလူအိုရုံ၊ ပခုက္ကူလူအိုရုံတွေ ဖြစ်ပါတယ်”

"ကျုပ်တို့စီးပွားရေး၊ အခြေအနေနဲ့ သူ့လောက်မလုပ်နိုင်ပေမယ့်၊ ရွာသူရွာသားတွေရဲ့ ကျေးဇူးရှင်၊ ဆရာ သခင်အဘိုးကို ဂုဏ်ပြုစုခွင့်ရတာ ယနေ့လူငယ်တွေရဲ့ အမြင်အတွေးလေး ကြောင့်ပါပဲ"

အဘဦးရာကျော်စကားကို အားလုံးက စိတ်ပါဝင်စားစွာ နားစွင့်နေကြသည်။

"ရွာထဲက အခြားအိုမင်းမစွမ်းတဲ့ အဘိုးအဘွားတွေ ကိုလည်း လူငယ်တွေက အိမ်တိုင်ယာရောက် သွားပြုစုကြမယ် လို့ သတင်းကြားရတယ်၊ လူငယ်တွေကို ကျုပ် တို့အားပေးရမယ်။ ကျုပ်တို့ကိုယ်စား သူတို့က တစ်နိုင်တစ်ပိုင် ကူညီနေကြတာ ဂုဏ်ယူရမယ်ဗျို့"

နောင်ဥပုသ်သီတင်းပတ်တွေကစပြီး ဆရာဒေါ် အိမ် ကျောင်းမှာ သွားနိုင်၊ လာနိုင်တဲ့အဘိုးအဘွားတွေကို လူငယ် တွေက ဖေးမတွဲခေါ်ပြီး သီလယူနိုင်အောင် ကြိုးစားနေကြတယ် တဲ့၊ ကျုပ်တို့ လူကြီးတွေက အဟာရဒါနဖြည့်ပေးကြမယ်။

ကျုပ် ဆန္ဒပြောရရင် ကျုပ်တို့ရွာရဲ့ တစ်နိုင်တစ်ပိုင် ဘိုးဘွားတွေခိုနားရာ လုပ်နိုင်ခဲ့တာ မိအုန်းရီရဲ့ သားလေး စိတ်ကူးက စခဲ့တာမို့ သားချစ်တဲ့ အမေ၊ အမေချစ်တဲ့ သားကို ဂုဏ်ပြုတဲ့အနေနဲ့ **"အမေ့သား နားခိုရာ"** လို့ ဆရာဒေါ် အိမ်ကျောင်းကို အမည်ပေးပြီး အားကိုးရာမဲ့ ဘိုးဘွား၊ နားခိုချင်ကြတဲ့ ဘိုးဘွားတွေကို ဆက်လက်ပြုစုနိုင်အောင် **"ကောက်သင်းစပါး ဈေးပြိုင်လေလံပွဲ"**ကို နှစ်စဉ်ကျင်းပပြီး ရရှိတဲ့ဝင်ငွေအားလုံး ရန်ပုံငွေအဖြစ် လှူကြရအောင်ဗျာ" လို့ ပြောလိုက်တော့

"သာဓု . . သာဓု . . . သာဓု" ဟုခေါ်သံက သုဿန် ထိပ်ရပ်ကြီးမှ တစ်ဆင့် ဘဝဂ်သို့ပင် တိုင်သွားလေတော့သည်။

* * *

အဘဦးရာကျော်က အမြော်အမြင်ကြီးတဲ့ပုဂ္ဂိုလ်၊ ချက်ကနဲဆို ဒက်ခနဲ သိတဲ့ ပညာရှိပီပီ ရွာလူကြီးဦးသာအောင်နဲ့ တိုင်ပင်ပြီး ဆရာဒေါ်အိမ်ကျောင်းကို မိုးလေဝသ ဒဏ်ခံနိုင် အောင်၊ ဆရာဒေါ်ကျေးဇူးနှင့် မကင်းသောတပည့်တွေ၊ အခြား ညွှဲသည်တွေ၊ နားခိုနိုင်အောင် ပြုပြင်ပြီ ဆရာဒေါ်ခြံကြီးရဲ့ တာလမ်းနဖူးနားတွင် **ရွာလှည့် ကျန်းမာရေးမှူး** ရွာလှည့်၊ မြို့ပြန် အသွားအပြန် ခရီးတစ်ထောက် နားရန် နားခိုဆောင်ကို တစ်ပတ်အတွင်း ဆောက်လိုက်သည်။

အဘဦးရာကျော်၏ အစီအစဉ်များ၊ အလွန်အကွက် စေ့လှသည်။ ရေတိုအစီအစဉ် မဟုတ်ဘဲ။ အမြော်အမြင် ကြီးကြီးနှင့် စီမံနေခြင်းဖြစ်သည်။ ထူးထူး ခြားခြားစီစဉ်သည်မှာ ဒီနှစ်ကစပြီး "ကောက်သင်းစပါး ဈေးပြိုင် လေလံပွဲ"ကို ဆရာဒေါ်အိမ်ကျောင်း ကွင်းပြင်တလင်းတွင် ပြုလုပ်မည်ဟု ကြေငြာခြင်းဖြစ်သည်။

ကျွန်တော်တို့ဒေသ၏ အစဉ်အလာမှာ ကောက်သင်း စပါးဆိုသည်မှာ မပြည့်မစုံဖြစ်နေသော မိသားစုများ ဝမ်းစာရစေ ခြင်း အလို့ငှာ လယ်ပိုင်ယာပိုင်များက စပါးရိပ်ပြီး လယ်ထဲကျန် သော စပါးနှံကို လယ်ရှင်က မကောက်ရ၊ ကောက်သင်းကောက် သူများကကောက်ပြီး ဝမ်းစာစုနိုင်ကြဖို့ ဒါနပြုကြခြင်း ဖြစ်ပါသည်။

အဘဦးရာကျော်က "ကောက်သင်းစပါး ဈေးပြိုင် လေလံပွဲ" ကျင်းပမည်ဆိုသဖြင့် မြို့ပေါ်နေသူတွေ ကျေးလက် နေသူ စပါးအဝယ်ဒိုင်တွေ၊ ပွဲစားတွေပါ စိတ်ဝင်တစားရှိလာကြသည်။

- **ကောက်သင်းစပါးဆိုမှတော့ စပါးစုံ (ဆန်စုံ) မို့ ဘယ်သူက ဈေးပြိုင်ဝယ်မှာတုံး၊**

- အစဉ်အလာမဟုတ်တဲ့အလုပ်. . . ဘာကြောင့် လုပ်ပါလိမ့်
- အကျိုးမဲ့အလုပ် ဘယ်သူလုပ်မှာလဲ. .

ဆိုသည့် မေးခွန်းများကိုယ်စီပိုက်ပြီး လေလံပွဲကို လေ့လာဖို့ ရောက် ရောက်အောင်လာကြသည်။ ဧည့်ခံတာစား၊ အချိန်တန်ပြန်မည်ဆိုသည့် စပါးအဝယ်ဒိုင် ကိုယ်စားလှယ်များ၊ ပွဲစားများသည် ထမအကြိမ်၊ ပထမဆုံးစတင်ကျင်းပသော **"ကောက်သင်းစပါးဈေးပြိုင်လေလံပွဲ"** တကယ့်ပွဲနေ့မှာပင် အခက်တွေ့ကြရတော့သည်။

ကောက်သင်းစပါးဈေးပြိုင်လေလံပွဲ စတင်ပါသည်။ ကောက်သင်းစပါး ကြမ်းခင်းဈေးကို ဒေသတွင် အကောင်းဆုံး "ကောက်ကြီးစပါး"ဈေးနှုန်းဖြင့် စဖွင့်သည်။ ရွာခံ ငွေကြေး ပြည့်စုံသူ (၅)ဦးလောက်က အပြိုင်ဆွဲကြသည်။ ရွာကျော် နယ်ကျော် မြို့ပေါ်အဝယ်ဒိုင်ကိုယ်စားလှယ်များ၊ ပွဲစားများ မျက်လုံးပြူးကြရတော့သည်။ တအံ့တဩမျက်လုံးပြူးနေကြသည့် ကြားက

"အရူးတွေ"ဟုပင် ပြောချင်နေပုံရသည်။

သို့သော် လေလံပွဲက သူတင်ကိုယ်တင် ဈေးပေးနေဆဲဖြစ်သည်။ စတုဒိသာ စားသူတွေစား၊ အချိုပွဲမှာ အချိုတည်း သူကတည်း၊ အုန်းခိုင်တန်းမှာ အုန်းရည်ချိုသောက်သူသောက် ကြသည်။ မွန်းလွဲပိုင်းရောက်သည့်အခါ ဈေးပြိုင်လေလံပွဲ နောက်ဆုံးဈေး အမြင့်ဆုံးဈေးကို အဘဦးရာကျော်က ပေးပြီး ဆွဲသည်။ အားလုံး လက်ခုတ်တီးကြ၊ အိုးစည်ဒိုးပတ်တီးကြနှင့် ပျော်စရာပွဲကြီးပြီးသွားသည်။

* * *

သာမာန်အတွေးရှိသူတို့ ဉာဏ်မမီနိုင်သော လေလံပွဲ ဖြစ်သည်။ အဘဦးရာကျော်၏ ဉာဏ်ကစားပွဲလည်း ဖြစ်ပါ သည်။ ဤကောက်သင်း

စပါးအများစုသည် အဘဦးရာကျော် လယ်ထဲမှ စပါးများဖြစ်သည်။ ယခင်နှစ်များက ကောက်သင်း စပါးကို နွမ်းပါးသူတို့ဝမ်းစာအတွက် နွမ်းပါးသူတို့ ကောက်၊ ဝမ်းစာလျှောင်၊ ရောင်းချစားလိုက စားခွင့်ရှိသည်။

ယခုနှစ်ကစ၍ အဘဦးရာကျော်က ကောက်သင်း ကောက်သူအားလုံး ကောက်ပြီး ကောက်သင်းစပါး (ပြည်/ တင်း)ဖြတ်ပြီး ဆရာဒေါ်အိမ်ရှေ့ ခြံတလင်းမှာ ပုံ။ ပြီးတာနှင့် အဘဦးရာကျော် ကိုယ်ပိုင်စပါးစည်မှ ကောက်လတ်စပါးကို သတ်မှတ်ပြည်၊ တင်းကိုက် ပြန်လည်ယူခွင့်ပေးသည်။ ကောက်သင်းကောက်သူတို့ ပို၍ပင် တွက်ခြေကိုက်သွားသေး သည်။

စပါးစုံ ကောက်သင်းစပါးကို ဈေးပြိုင်လေလံ ပြိုင်ပွဲလုပ်ပြီး ဈေးပြိုင်ကြသည့်အခါ သူကပင် အမြင့်ဆုံးဈေး ပေးပြီး သင့်ငွေကို ရွာသူကြီးများလက်အပ်သည်။ ထိုငွေဖြင့် တစ်ရွာလုံး၏ အဘိုး၊ တစ်ရွာလုံး၏ အနန္တဂိုဏ်းဝင်ဆရာသခင် ဆရာဒေါ်အတွက် စောင့်ရှောက်စရိတ် မ,တည်ငွေဖြစ်စေခဲ့သည်။

ဆရာဒေါ်လည်း တပည့်များ၏အလယ်တွင် စိတ် ချမ်းချမ်း မြေ့မြေ့နေနေရသည်ကို ဝမ်းမြောက်နေပုံရပါသည်။ ဝမ်းမြောက် ပျော်ရွှင်ကြည်နူးမှုသည် အသက်ပိုရှည်သည်ဟု ဆိုရမည်ဖြစ်သည်။

* * *

စေတနာဟူသည် အကျိုးပေးပါသည်။ ရောင်ပြန်ဟပ် ပါသည်။ ထိုနှစ်မှစပြီး ဘယ်ဒေသ၊ ဘယ်အရပ်တွင် စပါး ဘယ်ဈေးရှိရှိ အဘဦးရာကျော်တို့အရပ်တွင် အနိမ့်ဆုံးစပါးသည်ပင် **"ကောက်သင်းစပါး"**လေလံ ဈေးထက် ပိုမရသူ မရှိကြပေ။ ။

* * *

# ဆရာကောင်းတပည့် အမိကောင်းသား

ခေါင်းလောင်းသံ တည်ညံ့ပေးတဲ့.. ရွာကျောင်းကို.. ပြေးမြင်မိရင်.. သတိရနေတယ်သူငယ်ချင်းရေ..တို့များငယ် ငယ်တုန်းက.. ရွာအဝင်လမ်းဆီကနေ... လက်ချင်းယှက်ကာ၊ ပြေးကာလွှားကာ...ကျောင်းတက်လာကြတာတွေ.. မေ့နိုင်ပါမလား... မင်းတို့ငါတို့ ငယ်ငယ်တုန်းကလေ...၊

အဆိုတော်ကြီး တွံတေးသိန်းတန်၏ "အသီးတစ်ရာ အညွှာတစ်ခု" သီချင်းသံက ပြန့်လွင့်လာသည်။

* * *

"ဆရာလေးရေ. . ဆရာလေး"

"ဗျို့ဆရာလေး"

ခြံရှေ့မှ တကြော်ကြော်ခေါ်နေသော ကိုပြုံးချို၏ ကျောင်းသားတစ်ဦး၏ အသံကိုဆရာလေးပြုံးချို သတိပြုမိ၍ အိမ်ထဲမှလှမ်း၍-

"ဘယ်သူလဲ ဝင်လာလေ ခြံတံခါးစေ့ရုံစေ့ထားတယ် ဆရာလေးတို့အိမ်က ခွေးကမကိုက်ပါဘူးကွ" ဟု အသိပေး လိုက်မှ လူငယ်သည် ခြံတံခါးကိုဖွင့်၍ ဝင်လာသည်။ ဝင်လာသူမှာ ဆရာလေးကိုပြုံးချို၏တပည့် မောင်စိုးနွေ ပင်ဖြစ်သည်။

"ဘာကိစ္စလည်း မောင်စိုးနွေ မင်းမြို့မှာပဲနေပြီး ကျောင်းတက်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာလေးရဲ့. . ကျောင်းပိတ်ရက်မို့ ရွာကို ခဏပြန်လာတာ ကျွန်တော်တို့ကျောင်းကြီးကို ဆရာလေး နာမည်နဲ့ စာတစ်စောင်ရောက်လာတယ်။ ဆရာလေးညွှန့်အုန်း က

လက်မှတ်ထိုးယူပြီး ဆရာလေးကို ပေးပေးဖို့ ကျွန်တော့်ကို လူကြုံပါးလိုက်လို့လာပို့တာပါ"

"ဘာစာတွေများလဲ မောင်စိုးနွေ"

"မသိပါဘူးဆရာလေး စာအိပ်အပြင်မှာရေးထားတာက ဆရာလေးညွှန့်အုန်းမှ တစ်ဆင့် ဆရာလေးပြုံးချို အမည်လိပ်စာ နဲ့ပါပဲ။ ပေးပို့သူလိပ်စာက "သံခဲ၊ ရှေ့တမ်းတစ်နေရာ"လို့ ရေးထားတယ်"။

"ဟေ. . . သံခဲ. . . ရှေ့တမ်းတစ်နေရာ. . ဟုတ်လား"

"ဟုတ်ပါတယ်ဆရာလေး"

ဆရာလေးကိုပြုံးချိုသည် မောင်စိုးနွေ လက်ထဲမှစာကို ခပ်သွက်သွက်လှမ်းယူလိုက်သည်။

"ဆရာလေး ကျွန်တော်အိမ်မရောက်သေးဘူး. . . သွားတော့မယ်နော်"

"အေးအေး"ဟု ခွင့်ပြုစကားဆိုပြီးသည်နှင့် ဆရာလေးပြုံးချိုက အိမ်ပေါ်သို့ အမြန်တက်ကာ မီးဖိုဆောင်တွင် အလုပ်ရှုပ်နေသော ဇနီးဖြစ်သူအား. .

"ပူစူးမရေ. . ပူစူးမ. . "ဟု အသံစူးစူးဝါးဝါးနှင့် အော်ခေါ်လိုက်သည်။မီးဖိုဆောင်တွင်အလုပ်များနေသော ပူစူးမသည် လင်တော်မောင် ရှိရာသို့ ကသောကမျော ရောက်လာသည်။

"ရှင်ဟာလေ နှစ်ယောက်ထဲရှိတဲ့အိမ်မှာ ရပ်ကွက်ထဲ ဗျို့ဟစ်မောင်းထုနေတာကြနေတာပဲ ဆူကို ဆူတယ်"လို့ မကျေမနပ်ပြောဟန်လေးကို ကြည့်ပြီး ကိုပြုံးချိုသည် ဇနီးသည်၏ စိတ်ဆိုးဟန်အလှကို ဒုတိယအကြိမ်ခံစားလိုက်ရ သည်ဟု တွေးမိလိုက်သည်။

ပထမအကြိမ်တုန်းကလည်း ပူစူးမ ယခုလိုစိတ်ဆိုးဖူး သည်။ ပူစူးမဆိုသူက ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် သူကြီး သမီး

အဘယ်သူကပ်ရဲမည်နည်း။ ထိုသို့သော မဥ္ဇူသကနတ်ပန်း ကိုမှ ကျောင်းဆရာပေါက်စလေးကိုပြုံးချိုက ဆွတ်ချင်နေသည်။ သို့သော် ဘာမျှကြိုတင်လေ့လာထားခြင်းမရှိ။

တစ်ရွာသူ ပူစူးမတစ်ယောက်ကလည်း ဆရာလေး ကိုပြုံးချိုကို နှစ်သက်စုံမက်နေကြောင်းကို ကိုပြုံးချိုလည်း ရိပ်မိဟန် မတူပေ။ တစ်ရွာသူဆိုသော်လည်း ကိုပြုံးချိုနှင့် ပူစူးမတို့က နှစ်ရွာတစ်ရွာလို နေကြသူများဖြစ်သည်။ ကာလသား ကာလသမီးများ ဖြစ်နသဖြင့် ခပ်မှန်မှန်နေကြခြင်းဖြစ်သည်။ ရပ်ရွာလူကြီးပိုင်းတွေကလည်း ဆိုးတိုင်ပင်ကောင်းတိုင်ပင် ဆောင်ရွက်ကြမြဲဖြစ်သည်။

ကိုပြုံးချိုအနေဖြင့် မိမိရပ်ရွာက လူကြီးများကို ဖွင့်ပြောပြီး ပူစူးမရွာမှ မိဘများကို ဆက်သွယ်တောင်းရမ်း လျှင်လည်း ဖြစ်နိုင်ပါလျက် ကာလသားတို့ရဲ့ စရိုက်မာနဖြင့် ကိုယ်တိုင်ကြိုးစားမည်ဟု ဆုံးဖြတ်ခဲ့သည်။

လက်တွေ့တွင်မူ ကိုပြုံးချို ပူစူးမကို ဖွင့်မပြောရဲခဲ့။ ရွာဘုန်းကြီးပျံတွင်လည်း ဆုံဖူးသည်၊ မီးထွန်းပွဲတွင်လည်း ကြုံဖူးသည်။ ရှင်ပြုပွဲ ဘုရားပွဲတွေမှာလည်းရင်းနှီးခွင့်ရရှိခဲ့သည်။

ပူစူးမကို ကိုပြုံးချို မြတ်နိုးသည်။ တွယ်တာသည်။ မပြောဘဲ နေတာမှ ရင်းနှီးခွင့်ဆက်လက်ရပြီး ပြောလိုက်မှ အမုန်းများပွား ရုံးပြင်ကန္တားများ ရောက်ရင်ဖြင့်ဟု ကိုပြုံးချို တွေးမိပြန်တော့ ဘာမျှ ဆက်မလုပ်ရဲ

အခြားကာလသားတွေကိုလည်း ဖွင့်မပြောရဲ။ လူဆိုးတွေနဲ့လည်း မောင် မတိုင်ပင်ရဲ။ နောက်ဆုံးနည်းက တော့ စာကလေးတစ်စောင် လောက်ပေးရင် ကောင်းမလား စိတ်ကူးဝင်လာ အကောင်အထည်ပေါ် လာသည်။ သို့သော် စာသာရေး ဖြစ်သည်။ ပေးဖြစ်ခြင်းမဟုတ်။

ကိုပြုံးချိုက ကျောင်းဆရာပေါက်စလည်းဖြစ်လေရာ

ဆရာဂုဏ်ကိုထိခိုက်မှာလည်း စိုးရိမ်လာသည်။ မထူးတော့ပါဘူး မိန်းမ မယူတော့ဘူးဟု ဆုံးဖြတ်လိုက်တော့သည်။ ပူစူးမကို နှမလေးလိုပဲ ချစ်တော့မည်ဟု ကိုပြုံးချို ဆုံးဖြတ်လိုက်ပြီးမှ တစ်ရွာတည်းနေ သူငယ်ချင်းစိုးသိန်းက. . . ။

"ဟေ့ ပြုံးချို. . . မင်း သာယာအေးရွာက ပူစူးမ သိလား"

"သိသားပဲ၊ သူကြီးသမီးမဟုတ်လား"ဟု ကိုပြုံးချိုက ဟန်လုပ်မေးနေပေမယ့် စိုးသိန်းကို

"ဘာဖြစ်လို့လဲ ဘာကိစ္စလဲလို့" အငမ်းမရမေးလိုက်ချင် သည်။ ကိုပြုံးချို မမေးဖြစ်လိုက်ပါ၊ မေး၍လည်း မသင့်တော်ပေ"

"အဲဒီပူစူးမက ငါ့ကိုမေးတယ် ကိုပြုံးချိုက မိန်းမနဲ့လား တဲ့"

"ဟာ ကပ်သီးကပ်သပ်ကွာ မင်းက မိန်းမမရှိပါဘူးလို့ ရှင်းမပြခဲ့ဘူးလား"ဟု ကိုပြုံးချိုက စိုးရိမ်တကြီး ပြောလိုက်မိရာ စိုးသိန်းက ရိပ်မိသွားသည်။

"ငါရှင်းပြခဲ့ပါတယ်. . . လက်ရှိအိမ်ထောင်နဲ့ ကလေး နှစ်ယောက်ပဲရှိတယ်လို့ပေါ့. . . "

"ဟာ. . . ဘာပြောတယ်ကွ ငါ့ကိုမင်း ချောက်တွန်းခဲ့ တယ်ပေါ့လေ. . . ဒုက္ခတော့ရောက်ပါပြီ"

ကိုပြုံးချိုက ငြီးတွား တော့သည်။

"မင်းနဲ့ဘာဆိုင်လို့လဲ ငါသူ့ကို အရွဲ့တိုက်ပြောခဲ့တာ၊ ငါက သူတို့အိမ်ကို မကြာခဏရောက်တယ်။ သူတို့အိမ်က ထင်းခွဲခြမ်း မြို့ကို ပို့ပေးရတိုင်း ငါနဲ့တွေ့ရင် မင်းအကြောင်းချည်း မေးနေတယ်။ အလုပ်ဖြောင့်အောင်မလုပ်ရဘူး။ အဲဒါကြောင့် ငါရွဲ့ပြောခဲ့တာ"ဟု စိုးသိန်းက ရှင်းပြသည်။

ကိုပြုံးချို အသိတစ်ခု ဝင်လာသည်။ စိုးသိန်းကို အပူကပ်ရမည်။ အခြေအနေကို ဖွင့် ပြောရမည်။ စိုးသိန်းက တစ်ရွာတည်းသားလည်း

ဖြစ်တော့ ကူညီဖော်ရနိုင်သည်။ စိုးသိန်းက စကားအရောင်းအဝယ်မရှိ။ ဘိကျသူ ဖြစ်သည်။ နှုတ်လုံနိုင်သည်။ စိုးသိန်းအကူအညီယူပြီး ပူစူးမကို စာပေးခိုင်းမည်။ စိုးသိန်းကို တီးခေါက်ကြည့်တော့ စိုးသိန်း ကလည်း ကူညီမည်ဟု ပြောသည်။

* * *

စိုးသိန်းကို စာပေးခိုင်းပြီးမှ ကိုပြုံးချိုထိုင်ရမလို ထရမလို ပူစပ်ပူလောင်ဖြစ်နေတော့သည်။ စိုးသိန်းကတော့ ဒီနေ့စာပေး ခဲ့ကြောင်း၊ ဟိုနေ့က အိမ်ထောင်ရှိတယ်ပြောခဲ့တာမဟုတ် ကြောင်းကို ရှင်းပြပြီးကြောင်း သတင်းပြန်ပို့သည်။ သို့သော် ကိုပြုံးချိုရင်ထဲ ရှေ့ဘာဖြစ်မည်ကို တွေးပြီးပူနေပါတော့သည်။

ယနေ့ညနေတွင်လည်း ကဆုန်ညောင်ရေသွန်းပွဲက ရှိသည်။ "အသင်းကျောင်း"ဘုန်းတော်ကြီးကျောင်းမှာရှိတဲ့ ညောင်ပင်ကို ရွာပေါင်းစုံက နှစ်စဉ် စည်စည်ကားကား ညောင်ရေသွန်း လောင်းနေကျ ဖြစ်သည်။ ပူစူးမကလည်း သာယာအေးရွာ အုပ်စုနှင့် မလာဘဲမနေ။ လာကိုလာမည်။ ကိုပြုံးချိုကလည်း ပန်းဆွဲရွာအဖွဲ့နှင့် ပါကိုပါမည်။ မတော်လို့ ပူစူးမနှင့် တည့်တည့်တိုးမှဖြင့်ဟု ကိုပြုံးချို တွေးပူနေမိ ပြန်ပါသည်။

ညနေစောင်းလာလေလေ ကိုပြုံးချိုရင်တွေ ပူလောင် လာလေလေ။ ညောင်ရေသွန်းပွဲသွားမည့် ပန်းဆွဲရွာအဖွဲ့က လည်း တန်းစီနေပြီ။ ကိုပြုံးချိုမှာလည်း တန်းစီနေရာယူနေသော ပန်းဆွဲ ရွာအဖွဲ့ကို စီမံကွပ်ကဲနေရပြီ။ အိုးစည်ဒိုးပတ်အက အခုန်တွေနှင့် ပန်းဆွဲရွာအဖွဲ့က မြိုင်ဆိုင်လှသည်။ ညောင်ပင်ကြီးရောက်တော့ ညောင်ရေသွန်းကြသည်။

အလှူဒကာမျိုးစုံကလည်း အစားအသောက်မျိုးစုံ ကျွေးမွေး သည်။ တစ်နှစ်တွင် တစ်ကြိမ်သာဖြစ်သဖြင့် စည်ကားမြဖြစ်သည်။

ကိုပြုံးချိုလည်း မောမောနှင့် ခရေပင်ကြီး အောက်တွင် အနားယူလိုက်သည်။ ထိုခရေပင်ကြီးက အရိပ်ကောင်းသည်။ လူသူအများနားခိုနိုင်သည်။ ကိုပြုံးချိုလည်း ခုံတန်းလေးတစ်ခုတွင် ထိုင်ပြီး အနားယူနေမိစဉ် ခုံတန်းလေး နောက်မှ. . .

"ကိုပြုံးချို"ဟု ခေါ်လိုက်သည့်အသံက ပူစူးမအသံမှန်း ချက်ချင်းသိလိုက်၍ ကိုပြုံးချိုရင်ထဲ မိုးကြိုးခသလို ခံစားလိုက်ရ သည်။ ပူစူးမကို လှည့်မကြည့်၍လည်းမဖြစ်တော့ လှည့်ကြည့် လိုက်သည်။ ပူစူးမ ဒေါသနှင့်စိတ်တိုနေပုံရသည်။ စိတ်တို နေသော ပူစူးမက လှတောင်လှနေသေးလို့ ကိုပြုံးချို တွေးနေမိသည်။

"ရော့၊ ရှင့်စာ"

ကိုပြုံးချိုလန့်သွားသည်။ ရုံးပြင်ကန္တား ရောက်မှာကို ပိုလို့ ကြောက်နေမိသည်။

"ပူစူးမ မကျေနပ်ရင် ငါနောက်မလုပ်တော့ပါဘူး ဘယ်သူ့မှ မတိုင်ပါနဲ့နော်"

ပူစူးမ ကိုပြုံးချိုမျက်နှာကို စေ့စေ့ကြည့်ပြီး သနားသွားပုံ ရသည်။ မိန်းကလေးပီပီ အိန္ဒြေလေးဆယ်ထားရသည်ကို ကိုပြုံးချို အကဲမခတ်မိ။

"ကျွန်မကို စာတတ်အောင် သင်ပေးပြီးမှ ရှင့်စာ ပြန်ပေး"

မှတ်ကရော စာမတတ်တဲ့သူကိုမှ ရည်းစားစာ ပေးမိတဲ့ ကိုပြုံးချိုသူ့ကိုသူ ဒေါသပြန်ထွက်မိသည်။ ပူစူးမ စာမတတ်သည်ကို ကိုပြုံးချိုလုံးဝမသိ။ တစ်ရွာစီဖြစ်သည်က တစ်ကြောင်း ကိုပြုံးချို မစူးစမ်းမိခဲ့သည်ကတစ်ကြောင်းမို့ ကိုပြုံးချို ခံလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် ပူစူးမလည်း ကျေနပ်နေပုံ ရသည်။ နှစ်ဘက်မိဘ ကြောင်းလမ်းစေ့စပ်ကြသည်။ သုံးနှစ်သုံးမိုးပြည့် တော့ ပူစူးမနဲ့ ကိုပြုံးချို လက်ထပ်ဖြစ်သည်။ ပူစူးမတစ်ယောက် ယခုဆို ရေးတတ် ဖတ်တတ်ရှိပြီ။ ကိုပြုံးချိုကပင် စာသင်ပေးခဲ့ ခြင်း ဖြစ်ပါသည်။

အိမ်ထောင်သက်လေးရလာပြီဆိုသော်လည်း ကိုပြုံးချို တို့သင်မယားရန်ဖြစ်သည်ဆိုသည်ကို မကြားဘူး။ ဒေါသပင် မထွက်ဘူး။ သခုတော့ ပူစူးမတစ်ယောက် ဒေါသစိတ်ဆိုးဟန် နှင့် ကိုပြုံးချိုရှေ့လာရပ်သည်။

"ရှင်ဘာပြောမလို့လဲပြောလေ"ဟု ရပ်တာကြာပြီဖြစ် သော ပူစူးမက ထပ်မေးသည်။ ကိုပြုံးချိုစိတ်ကူးယဉ်နေတာက လည်း ကြာသွားတာကိုး. . .။

"ငါ မင်းကို ရည်စားစာပေးခဲ့တာကို ပြန်သတိရလို့ကွ"

"ရှင်ဟာလေ ကလေးကလားနဲ့ ဒီအရွယ်ရောက်မှ ဘာစိတ်ရှူးထတာလဲ"

"ဒီမှာကြည့်စမ်း ငါ့အချစ်ဆုံးဆီက စာတွေ"

"ဘာပြောတယ်"

ပူစူးမလေသံက ခပ်မာမာ။

"ငါ့အချစ်ဆုံး ချစ်သူငယ်ချင်း သံခဲဆီကလာတဲ့စာကွ မင်းမိဖိုချောင်ကိစ္စပြီးပလား ဒီမှာထိုင်စမ်းပါကွာ ငါတို့ငယ်ငယ် တုန်းကအကြောင်းတွေ ပြောပြမယ်။ ပြီးတော့မှ ဒီစာအိတ်ကြီး ဖောက်ပြီးမင်းကိုဖတ်ပြမယ်။ ညနေထဲက ငါ့ရင်ထဲမှာ သူငယ် ချင်းတွေကို သတိရနေတာ။ အဆိုတော်တွံတေးသိန်းတန်ရဲ့ **"အသီးတစ်ရာ အညှာတစ်ခု"**ရေဒီယို သီချင်းကလည်း ငါ့ကိုပိုပြီးသတိရအောင်လုပ်ပြန်တယ်။ နောက် ငါ့ဆီကို (၁၀)နှစ်လောက်စာမရေးဘဲနေတဲ့ ငါ့ချစ်သူငယ်ချင်း သံခဲဆီက ပါဆယ်စာအိတ်ကြီးရောက်လာ တယ်။ ဒီညစာ ငါမစားဘူး။ တို့သူငယ်ချင်းတွေအကြောင်းကို ပြောပြမယ် မင်းနားထောင် နော် ငါသာမင်းကို ချစ်မိလို့ ဒီရွာက မခွာနိုင်တာ"

"ရှင်က ကျုပ်ကိုယူရတာ နာတယ်လို့တွေးနေလို့လား"

"မ. . မဟုတ်ပါဘူးကွာ မင်းကလည်း စိတ်ချည်းပဲ ဒီရွာ မှာ

ငါဆရာအဖြစ်နဲ့နေမယ်၊ ကိုယ့်ရပ်ရွာက စာမတတ်သူတွေ မရှိရ အောင် အတန်းကျောင်းအဖြစ် မရခင်ကတည်းက စေတနာ ဆရာလုပ်ခဲ့ရင်းနဲ့ မင်းကိုချစ်မိပြန်တော့ ရွာက မခွာနိုင်အောင် ဖြစ်သွားတာရပြန်တာပေါ့”

“လာပြန်ပြီလား ဒီစကား”

“ကဲပါလေတို့ရွာလေးရဲ့ ဒီကျောင်းအခြေမတည်ခင် စပြောရမှာ တို့ငယ်ငယ်က အတန်းကျောင်းဆိုတာ ဒီရွာမှာ မရှိဘူး။ ရွာမှာမရှိတော့ ဆရာလေးကံညွန့်ရဲ့ အိမ်ကျောင်းမှာ စာသင်ရတယ်။ ဆရာလေး ကံညွန့်ဆီက ထွက်သွားတဲ့ ကလေးတွေက အတန်းပညာမရရင် နေမယ်။ စာတတ်သွားကြ တာချည်းပဲ။ ဆရာလေးကံညွန့်က ဒေါသကြီးတယ်။ ဆရာလေး ကို တို့က ဆရာဒေါလို့ခေါ်တယ်။ သုံးဆယ်မြို့တစ်မြို့လုံး ကလည်း ဆရာဒေါလို့ပြောလိုက်ရင် မသိသူမရှိပါဘူး။ ဆရာဒေါ နဲ့ကင်းတဲ့သူသိပ်မရှိလို့ပါ။ မင်းလည်း ကြားဖူးမှာပါ”

ပူစူးမက ခေါင်းညိတ်ပြသည်။

“ငါတို့ဘဝ ငါတို့အခြေအနေကို ပြောပြမယ်။ တို့တွေ ငယ်ငယ်တုန်းက အတန်းကျောင်းရွာမှာမရှိလို့ ဆရာဒေါကျောင်း ကိုပဲ အားကိုးတကြီးနဲ့ မိဘတွေက အပ်ကြရတယ်။ အဲဒီတုံးက ကျောင်းအပ်ရင် ငှက်ပျောတစ်ဖီး ဖယောင်းတိုင်တစ်ထုတ်၊ မုန့် တစ်ပွဲတစ်ခုခုနဲ့ ကန်တော့ကြတာချည်းပဲ။ တစ်ချို့လည်း လက် အုပ်ချီပြီး ကန်တော့ရုံနဲ့ ကျောင်းအပ်ပြီးတယ်။ ငွေကြေးစကား မပြောဘူး။ ဆရာဒေါကလည်း သူ့တပည့်အဖြစ်ရောက်လာ တဲ့သူဆိုရင် စာမတတ်၊ တတ်အောင်သင်တယ်။ အရွယ်ရောက် လာရင်တောင် အိမ်ထောင် သားမွေးအထိ ကူညီတယ်။ ဆရာဒေါက သူ့ဆီကိုရောက်လာတဲ့ ကလေးတွေကို “ဝ”လုံးတန်းကနေ (၄)တန်းပညာအထိ နှစ်အလိုက် အဆင့် အလိုက် သင်ပေးတယ်။ မိဘတွေအနေနဲ့ ဆရာလေးကံညွန့်ဆီ မှာ အတန်းပညာသင်ဘို့ အပ်ပြီးလျှင် သားသမီးများ လိမ္မာ ယဉ်ကျေးဖို့

ည်းကမ်းရှိဖို့၊ ရိုသေလေးစားတတ်ဖို့ အထူး မသင်ရတော့။ ဆရာလေးကံညွှန့်တာဝန်လို့ သတ်မှတ်ထား ကြဟန်တူတယ်။ ကိုယ့်လယ်လုပ်ငန်း၊ ယာလုပ်ငန်း၊ ကိုယ့် ကျွမ်းကျင်ရာ လုပ်ငန်းများမှာ အချိန်ကုန်နေတတ်ကြတယ်။

"တို့တစ်တွေ ဘယ်လောက် ကြိုးစားကြတယ်ဆိုတာ ါပြောပြမယ်၊ နားထောင်ဦး"

"ပြောမှာပြောတာမဟုတ်ဘူး နားထောင်ရတဲ့သူ အာရုံ ျက်လိုက်တာ"

ပူစူးမက ပြန်ပက်သည်။ ပူစူးမတစ် ယောက် စိတ်ဝင်တစား နားထောင်နေသည်ကို ကိုပြုံးချို သဘော ကြနေတော့သည်။

"ထိုသူငယ်ချင်းတွေထဲက သံခဲလေ ဗိုလ်ကြီးဖြစ်တာ ကြာပြီ ခြန်မာ့တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတာ ကြာလှပေါ့။ ာ. . ပူစူးမ. . အိပ်ငိုက်တော့မနေပါဘူးနော်"

"မငိုက်ပါဘူး ရှင်ပြောမှာသာ ပြောစမ်းပါ. . ကျုပ်နား ထောင်နေပါတယ်တော်"

"ပူစူးမ ဆရာဒေါ်ကိုမှတ်မိတယ်နော်"

"ရှင်ပြောတဲ့ဆရာဒေါ်ကို ကျုပ်မှတ်မိပါတယ်။ ရှင်တို့ ဆရာဒေါ်ကို ကတိပေးလိုက်တဲ့အထဲမှာ ရှင်က ဆရာ တကယ်ဖြစ်တယ်နော်၊ ကျန်တဲ့သူငယ်ချင်းတွေကရော"

"အေး၊ ကျန်သူငယ်ချင်းတွေလည်း ဆရာဒေါ်ကို ပေးလိုက်တဲ့ ကတိတည်ဖို့အတွက် အားလုံးကြိုးစားခဲ့ကြတယ်။ အားလုံး ဘွဲ့ရကြတယ်. . နိုင်ငံ့တာဝန်ကို ကျရာတာဝန်ထမ်းနေ ကြတယ်။ ထူးခြားတာက သံခဲပဲ။ သူက တပ်မတော်သား ဖြစ်သွားတယ်၊ သူ့စာကို အရင်ဖတ်ကြည့်ရအောင်"

* * *

ပြုံးချိုရေ

တို့တတွေ မတွေ့ရတာကြာပြီနော် ကြာဆို (၁၀)နှစ် ကျော်လောက်တောင်ရှိပြီထင်တယ်။ ဘာပဲဖြစ်ဖြစ် တို့သူငယ်ချင်း တွေအားလုံး နိုင်ငံ့တာဝန်ကို ကျရာတာဝန် ထမ်းဆောင်နေကြတာမို့ ဆရာဒေါ်လိုလားတဲ့ ဘဝကို တို့တွေ ရောက်ခဲ့ရတာကိုပဲ ဂုဏ်ယူမိ တယ် သူငယ်ချင်း။

တချို့က နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကို စစ်သားတွေ၊ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတယ်လို့ ပြောကြ၊ ဆိုကြတာကို ကြားမိတယ်၊ မဟုတ်ဘူး သူငယ်ချင်း လူသားတိုင်းမှာ ပြည်သူတိုင်းမှာ တာဝန်ရှိတယ်။

အဲဒီလိုတာဝန်ရှိတဲ့ အကြောင်း နောင်မျိုးဆက်သစ်ဖြစ်တဲ့ ယနေ့ ကလေးလူငယ်တွေ၊ ခာသင်သားတွေရဲ့ရင်ထဲ၊ ဦးနှောက်ထဲ၊ နှလုံးသားထဲကို မရောက်ရောက်အောင် ပို့ချ၊ ဆုံးမ၊ သွန်သင်၊ ပြောပြ၊ လမ်းညွှန်ပြဖို့ ငါတို့မှာရော မင်းတို့လို ဆရာတွေမှာ တာဝန်ရှိလို့ ငါဒီစာကို ရေးမိတာပါ။

ပြုံးချိုရေ

တို့တပ်မတော်သားတွေကတော့ နိုင်ငံနှင့် လူမျိုးအတွက် အသက်ပေးရမှာကို ဘယ်တော့မှ မကြောက်တော့ဘူး။ ဘာကြောင့်လဲ သိလား၊ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးဟာ နိုင်ငံနဲ့ လူမျိုး အတွက် အဓိက အရေးကြီးလို့ပါပဲ။

တစ်ဆက်တည်း ငါပြောဦးမယ် ပြုံးချိုရေ။ တို့တွေသင်တန်း တက်စဉ် ဗိုလ်တာဝန်အရေးသုံးပါးသင်ခန်းစာ သင်ရပြန်တယ်။ အဲဒီ သင်ခန်းစာ သင်ရပြန်တော့ တို့တွေက လွတ်လပ်ရေးရပြီးမှ လူဖြစ်ကြ တာ၊ လွတ်လပ်ရေးရဲ့ အရသာကို သက်တောင့်သက်သာနဲ့ ခံစားနေ ရတာကို နားလည်လာတယ်၊ တကယ်တော့ လွတ်လပ်ရေးရဖို့ ကြိုးပမ်းတဲ့ မြန်မာမျိုးချစ်သူရဲကောင်းတွေရဲ့ ဗိုလ်တာဝန်အရေးသုံးပါး ကာကွယ်စောင့်ရှောက်တဲ့ သမိုင်းဟာ မြန်မာပြည်ကြီးကို သူ့ကျွန် ဘဝက လွတ်အောင် ဆင်းရဲတွင်းကလွတ်အောင် အခက်အခဲ ပေါင်းစုံနဲ့

ရင်ဆိုင်၊ သွေးချွေးအသက်ပေးဆပ်ကြရတာကို တွေ့ရတယ်၊ အဲဒီ ပေးဆပ်မှုတွေနဲ့ ရရှိတဲ့လွတ်လပ်ရေးကို တို့တစ်တွေ ခေတ်မှာလည်း ထိန်းသိမ်း ကာကွယ်ရမယ်၊ နောင်သားစဉ်မြေးဆက်လည်း ကာကွယ်ချင်စိတ်ပေါ်အောင် ဟောပြောပို့ချနေရမယ် ပြုံးချိုရေ။

ပြုံးချိုရေ

ငါ့ရဲ့စာလည်း အတော်ရှည်သွားပြီနော် နိဂုံးချုပ်လို့ပဲ သဘောထားပြီး ဆက်ဖတ်ပါဦး သူငယ်ချင်း။ ငါဒီစာကို ရေးမိတာ မင်းရဲ့ လုပ်ရပ်တွေကို ဂုဏ်ပြုချင်လို့ပါ သူငယ်ချင်း တို့တွေ ငယ်ငယ်ထဲက မင်းရဲ့ စိတ်ထား၊ စိတ်ကူးကို ထောက်ခံအားပေးခဲ့ကြပါတယ်။ ဒါပေမယ့် ကာလတို တစ်ခုလောက်သာ ဆရာသမား ကျေးဇူးကိုဆပ်ရုံလေး လောက် ထင်မိခဲ့တာ

"ညီညာထကြွ ဆုံးမနာယူ
လာမှုကြိုဆီး ထံနီးလုပ်ကျွေး
သင်တွေးအံ့ရွတ် တပည့်ဝတ်
မချွတ်ငါးခုသာ" ဆိုတဲ့ တပည့်ဝတ်ကို ထမ်းဆောင်တာလို့ ဘင်ခဲ့မိတာ။

အခုတော့ သူငယ်ချင်းရဲ့ မွန်မြတ်လှတဲ့ လုပ်ဆောင်ချက်တွေ က ဆရာသမားအပေါ်၊ မိဘအပေါ်၊ ဥတကာအပေါ် မိမိရပ်ရွာအပေါ်၊ သက်ကြီးဘိုးဘွားတွေအပေါ်၊ နောင်မျိုးဆက်သစ်လူငယ်တွေအပေါ် ဘာဝန်ကျေလွန်းတဲ့ မင်းရဲ့ ဂုဏ်သတင်းတွေ တို့ရှေ့တန်းတစ်နေရာ အထိ ရောက်လာတယ်ကွာ။

အဲဒါကတော့ နောက်တန်းကနေ ပို့လိုက်တဲ့ တို့သူငယ်ချင်း တွေဆီက စာတွေကြောင့်ပဲ သူငယ်ချင်း၊ သူငယ်ချင်းအားလုံးကလည်း ဂုဏ်ယူ မဆုံးကြလို့ ဒို့ဆီရောက်တဲ့စာတွေထဲမှာ ပါလာတာ ဖြစ်မှာပေါ့။

မင်းဟာ

ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ
မွေခံထိုက်စေ၊ လှူမျှဝေ၍
စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်" ဆိုတဲ့ သားသမီး ဝတ္တရားတွေပါ ကျေလွန်းလှပါတယ်။ ကျေးဇူးတင်၊ ဂုဏ်ယူ သာဓုခေါ် ပါတယ် သူငယ်ချင်း

ယနေ့ ကမ္ဘာနဲ့အဝှမ်း အိမ်တိုင်ယာရောက် ဘိုးဘွား စောင့်ရှောက်ရေးစီမံချက်တွေ ဆောင်ရွက်လာတာ ကြားရသိရ ဖတ်ရတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀) ကျော်လောက်ထဲက ဆရာဒေါ်ကို အကြောင်းပြုပြီး တစ်နိုင်တစ်ပိုင် သက်ကြီးရွယ်အိုတွေကို ပြုစုစောင့်ရှောက်နေတဲ့ မင်းရဲ့ စေတနာကို တုန့်ပြန်ချင်လို့ ဒီစာရေးလိုက်တာ သူငယ်ချင်း။

ငါက တိုင်းပြည်တာဝန်ကို ရွှေတန်းတစ်နေရာမှာ တာဝန် ထမ်းဆောင်နေတာမို့ ရွာကို ရောက်ဖို့ အချိန်စောင့်ရမယ်။ အချိန် မစောင့်ချင်တော့လို့ ဒီစာကို ရေးလိုက်တာ ငါ့ဘိုးဘွားမိဘ လက်ထက်က ငါအမွေရထားတဲ့ လယ်မြေ (၂၅)ကေကို မင်းရဲ့ "အမေ့သား နားခိုရာ" ဘိုးဘွားစောင့်ရှောက်ရေးနဲ့ မင်းရဲ့ တပည့်တွေ အနာဂတ်အကျိုးရှိစေမဲ့ စာကြည့်တိုက် ထောက်ပံ့ရေးအတွက် လှူလိုက်ပါတယ်၊ တာဝန်ရှိသူတွေကို ဒီစာပြပြီး လိုအပ်သလို ထုခွဲရောင်းချ လိုရာ သုံးပေတော့ မင်းရဲ့ မွန်မြတ်တဲ့အလုပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ လှူဒါန်းလိုက်တာ သူငယ်ချင်း။ အခြားသူငယ်ချင်း တွေကလည်း မင်းကို ကူညီဖို့ ဆက်သွယ်လာကြလိမ့်မယ်။

အော် ဒါနဲ့ ပူရုံးမကိုလည်း သတိရကြောင်း ပြောပေးပါ။
ရွှေသွားနောက်လိုက်ညီတဲ့ မင်းတို့လင်မယား လိုအင်ဆန္ဒ ပြည့်ပါစေ။

မင်းတို့မိသားစု ကျန်းမာချမ်းသာပါစေ။

သံခဲ

(ရွှေတန်းတစ်နေရာ)

# ကျောင်းသွားလိုက်ဦးမယ်

မိုးလေးတအေးအေးမို့ ကျွန်မကွေးနေမိသည်။ မနေ့ညက ဖားကလေးတွေ တစာစာအော်နေကတည်းက မိုးတွေရွာချတော့မလားလို့ မနေ့ညထဲက အတွေးဝင်ခဲ့သည်။ သို့သော် တအုန်းအုန်း ဘဒိုင်းဒိုင်းတော့ ရွာမနေ တစိမ့်စိမ့် ရွာနေတာတော့ သေချာပါသည်။

ကျွန်မအတွေးက မိုးဆီရောက်နေပေမယ့်၊ ကျွန်မ အကြားက ကြေးမောင်းသံ တလွင်လွင်၊ ဗျောဆိုင်းသံ တမြိုင်မြိုင်ကို ကြားနေရ၍ နံ့ဗွာန်ဆော် ဦးဦး ကိုကို မောင်မောင်တို့ရဲ့ "ဘွဲ့ဆ္တော" နှိုးဆော်တဲ့ အဖွဲ့ ရွာလယ်လမ်းမပေါ် ရောက်နေပြီဟု သတိထားမိလိုက်ပါ သည်။

မီးဖိုချောင်က အိုးသံခွက်သံကြားရပြန်တော့ အမေ ဆွမ်းချက်သနေပြီဟု သိလိုက်သည်။ ကျွန်မ ဆက်တွေးနေလို့ မဖြစ်၊ အမေ့ကိုကူဖို့သမှဖြစ်မည်။ အမေ့ကိုကူရင်း မနေ့ညက ကျက်ထားတဲ့စာကို ပြန်နွှေးရမည်။ မနွှေးလို့မဖြစ်၊ ကျွန်မအတွက် ဒီနှစ်စာမေးပွဲက အမှတ်ကောင်းကောင်း အဆင့်မြင့်မြင့် အောင်ပါမှ မျှော်မှန်းထားတဲ့ ဘာသာရပ်ကို သင်ကြားရမည်မို့ ကျွန်မအထူးကြိုးစား ရမည်။

အလယ်တန်း၊ အထက်တန်းလမ်းဆုံရောက်နေတဲ့ ကျွန်မ၊ ကျွန်မကြိုးစားပါမှ ပန်းတိုင် ရောက်မည် ဖြစ်သည်။

အမေ့ကိုကူဖို့၊ ကျွန်မဘဝပန်းတိုင် ရည်မှန်းချက် ပြည့်ဖို့၊ ချက်နှာသစ်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်၊ မိန်းကလေးတို့ သဘာဝ ကျောက်ပျဉ်ပေါ် ရှင်မတောင် သနပ်ခါးတုံးလေးတင်၊ ကပြာကယာ သွေး၊ မျက်နှာပေါ် ပါးပါးလျားလျားလေး ပွတ်ပြီး အမေ့မီးဖိုချောင်ကို

ဆင်းခဲ့သည်။ အမေ ဆွမ်းအိုး တည်နေပြီ။ ဆွမ်းဟင်းအိုး နွှေးနေသည်။ ကျွန်မ မီးဖိုနား အရောက်သွားပြီး မီးထိုးပေးသည်။ မီးဖိုအနီးအနားရှိ ဆီမီးတိုင်၏ အလင်းနှင့် ကျွန်မကျက်ထားတဲ့ စာများကိုနွှေးသည်။

ထမင်းအိုးဆူတော့ အမေက ငှဲ့ပေးသည်။ ကျွန်မကို ငှဲ့ခွင့်မပေး မတော် အပူလောင် သွားမှာ စိုး၍ဟုပြောလေ့ ရှိသည်။

"အော် . . . အမေဆိုတာ သားသမီးအပေါ် . . . အစစ ပူနေတတ်ပါလား" လို့ ကျွန်မ အသိလေးဝင်မိသည်။

"ကျေးဇူးကြီးသည့်အမေ။"

ကျွန်မစိတ်အတွေးတွေဝေ၊ ကျွန်မစာနွှေး နေချိန်မှာပဲ ရွာဦးရွာထိပ် ဘုန်းတော်ကြီးကျောင်းက အုတ်မောင်းခေါက်သံ ကြားရသည်။ "အုတ်မောင်းသံ" က ဘယ်အသံနဲ့မှ မတူ၊ ကျွန်မထက်ကြီး တဲ့ ကိုကိုတွေ မမတွေက သူတို့ကြိုက်တဲ့ တေးသံသာတွေ၏ သံစဉ်တွေ ဟာ ဘယ်လိုကောင်းတယ်၊ ဘယ်လိုငြိမ့်တယ်၊ ဘယ်လိုခံစားရတယ်လို့ ပြောကြပေမယ့် ကျွန်မကြားနေရတဲ့ "အုတ်မောင်းသံ" ရဲ့ သံစဉ်ကိုတော့ မမှီဟု ကျွန်မထင်မိသည်။ ဘာသံစဉ်ဟု ဆိုရလျှင်ကောင်းမည်နည်း။ ကျွန်မ မခွဲခြားတတ်သေးပါ။ သို့သော် ဤသံစဉ်သည် ကြည်နူးဖွယ်၊ ကြည်ညိုဖွယ်ကောင်းသည်။ ထိုကြောင့် ကျွန်မက 'ဓမ္မသံစဉ်' ဟု မှတ်ထားလိုက် သည်။

အုတ်မောင်းသံကြားပြီး မကြာခင်မှာပင် ရဟန်း သံဃာ၊ ကိုရင်တွေ အရုဏ်ဆွမ်းခံကြွလာပေတော့မည်။ ရွာဓလေ့၊ ရပ်ဓလေ့ ဖြစ်သဖြင့် မရိုးနိုင်မပမ်းနိုင်၊ မြန်မာတို့၏ သဒ္ဓါ တရားကလည်း မည်သည့်အခါမှ မကုန်နိုင်ကြ။ တတ်အားသရွေ့ လှူဒါန်းလေ့ရှိကြသည်။

အမေနှင့်ကျွန်မ အိမ်ရှေ့လမ်းမထွက်ပြီး၊ ရဟန်းသံဃာ ကိုရင်များကို ဆွမ်းလောင်းဖို့ မျှော်စောင့်နေမိ သည်။ မှောင်ရီ ဝိုးတဝါး အချိန်ဖြစ်သော်လည်း ဆီမီးတိုင် လင်းအား၊ ကောင်းကင်က ကြယ်ပွင့် လေးတွေ၏ အလင်းအားနှင့် ဆွမ်းအလှူပွဲကို ပူဇော်နေတဲ့ အလင်းအား တွေ အရှိန်ကြောင့် အဝေးက ကြွလာတဲ့ ကြည်ညိုဖွယ် ရဟန်းသံဃာ ကိုရင်တွေကို တွေ့နေရသည်။ ကြည်ညိုဖြစ်ဖွယ် ကောင်းလှသည်။

အမေနှင့် ကျွန်မ ဆွမ်းလောင်းလှူနေချိန်တွင် ကျွန်မတို့ အိမ်အပေါ်ထပ်က ကြေးစည် ခေါက်သံ တလွင်လွင် ကြားနေသည်။ ဒါဆို "အဖေ" ဘုရားရှိခိုး၊ တရားထိုင်ပြီးလို့ အမျှဝေ သာဓုခေါ်တာဖြစ် ကြောင်း ကျွန်မသိလိုက်ပြီ။ အဖေ့ ကြေးစည်သံနှင့်အတူ. . . ဘပြိုင်တည်း ကြားနေရသည်မှာ ကျေးငှက်လေးတွေရဲ့ "အိပ်တန်းထ အသံ"။ ဒါက သဘာဝ အလှတွေပါ။ သဘာဝလွန်တွေးမိတာ က အဖေ့ရဲ့အမျှဝေသံ၊ အမေနဲ့ကျွန်မ၊ ရွာသူရွာသားတွေရဲ့ ဆွမ်းအလှူကို ငှက်ကလေး တွေက "သာဓုခေါ်သံ" လို့ ကျွန်မတွေးနေမိသည်။

အမေနှင့် ကျွန်မဆွမ်းလောင်းပြီးတော့ အိမ်ထဲ ပြန်ဝင် လာကြသည်။ ထိုအချိန်တွင်

"ပဲပြုတ်. . . ပဲပြုတ်. . . ပဲပြုတ်" ဟူသောအသံကို ကြားလာရသည်။ မပီဝိုးတဝါးအချိန်အော်သည့် "ပဲပြုတ်" သံသည် ဒေါ်တုတ် အသံဖြစ်သည်။ ဒေါ်တုတ်က. . . အချိန်မှန် "ပဲပြုတ်သည်" ဟု ကျွန်မမှတ်ယူ ထားသည်။ "ပဲပြုတ်သံ" ကြားလျှင် နာရီကြည့်လိုက်၊ နံနက် (၅) နာရီဝန်းကျင် ကွက်တိဖြစ်သည်။

ကျွန်မရေမိုးချိုးရတော့မည်။ မချိုး၍မဖြစ်၊ ကျွန်မက

နံနက်စောစောကျောင်းတက်ရသူဖြစ်သည်။ ဆရာ ဆရာမ တွေက ကျွန်မတို့အတန်းကို အထူးဂရုစိုက်ကြ သည်။ တစ်နေ့လုံး ကျောင်း ဖြစ်သော်လည်း အချိန်ပိုအဖြစ် နံနက်ပိုင်းတွင် အထူးခေါ်သင်ပေးသည်။ အဘယ်ကြောင့်ဆိုသော် "အလယ်တန်း၊ အထက်တန်း" လမ်းဆုံတွင် သူတို့တပည့်တွေ ရည်မှန်းချက်ပန်းတိုင် ရောက်စေလို၍ဖြစ်ပေမည်။

ကျွန်မ ဖိးလိမ်းပြင်ဆင်ပြီးချိန်တွင် အိမ်မှန်ပြူတင်းပေါက် က တိုးဝင်လာသည့်အလင်းရောင်ကြောင့် အပြင်ကို ကဲကြည့် လိုက်သည့် အခါ နေမင်းက မိုးသားထဲက ထွက်ဖို့ ဟန်ပြင်နေ သည်ကို တွေ့ရသည်။ ဒီလိုအချိန်မျိုးဆိုလျှင် အမေက အဖေ့ အတွက် ကျွန်မအတွက် ပဲပြုတ်နှင့် ထမင်းကြော်၊ ရေနွေးကြမ်းလေး ပြင်ထားပေးပြီးပြီ။ ထမင်းပုဂံလေးတွေ အနားတွင် အဖေနှင့် ကျွန်မအတွက် ထမင်းချိုင့်လေးတွေက အသင့်ဖြစ်နေတတ်ပြီ။

ကျွန်မနှင့်အဖေ။ နံနက်စာစားပြီး ကိုယ်စီချိုင့်ဆွဲကာ အဖေက အလုပ်သွား၊ ကျွန်မက စာသင်ကျောင်းဆီသွားရမည်။

တစ်နေ့တာ နံနက်ခင်း၊ မင်္ဂလာ နံနက်ခင်း၊ နံနက်ခင်း မြင်ကွင်းအလှကို ခဏလေးသိမ်းဆည်းထားခဲ့ပြီး၊ နောက်တစ်နေ့ ပြန်တွေ့ဖို့ချိန်းဆိုထားလိုက်မိပါသည်။

ကျွန်မအိမ်မှကျောင်းသို့ ထွက်ခဲ့တော့သည်။

* * *

"မင်္ဂလာ နံနက်ခင်းပါ ဆရာ"

"မင်္ဂလာ နံနက်ခင်းပါ ဆရာမ"

"မင်္ဂလာပါ တပည့်တို့"

* * *

## "မမေ့အပ်သည့် အရပ်မှီ ကျေးဇူးဆပ်ပါသည်"

လူသားတို့အတွက် မမေ့အပ်သည့် အရပ်သုံးပါးရှိပါ သည်။

- မိမိမွေးဖွားချက်မြှုတ်ရာအရပ်
- စီးပွားဖြစ်ထွန်း ကြီးပွားချမ်းသာရာအရပ်
- အောင်မြင်မှု အောင်ပွဲခံ စစ်အောင်နိုင်ရာအရပ် တို့ပင်

ဖြစ်ပါသည်။

* * *

ဒေါ်စောကြည်တို့ ပြောင်းဖူးဖက်လိပ်ကြီးကို တဖွာဖွာ လုပ်ပြီး စဉ်းစားနေပြီဆိုလျှင် မကြာမီပင် တစ်စုံတစ်ရာ သတင်းထူးကြားရလေ့ရှိသည်။

ကန္နီရွာတွင် အလွန်အံ့ဖွယ်ကောင်းသော သတင်းထူးဖြစ်ခဲ့ဖူးသည်။ ကန္နီတွင်မွေးသော ကန္နီချက်မြုတ်၊ သူ့သားအရင်းခေါက်ခေါက်ကို ရေကူးတတ်ဖို့မလို၊ တံငါသည်ဖြစ်ဖို့ ဝေလာဝေး ဆိုတဲ့ အတွေးဆုံးဖြတ်ချက်ကြောင့်လားမသိ၊ ရေမိုင်ပေါင်း မြောက်များစွာ ဝေးကွာသော ပုသိမ် + ရန်ကုန် သင်္ဘောနှင့် (၃၆)နာရီ ဝန်းကျင်သွားရသည့် ရန်ကုန်မြို့နေ အင်ဂျင်နီယာ ဦးလေးမောင် + ဒေါ်ခင်မမတို့ ဇနီးမောင်နှံထံ အမွေစား အမွေခံသားအဖြစ် ဒေါ်စောကြည်က သူ့၏တစ်ဦးတည်းသော သားကို မျက်နှာလွှဲပေးပစ်လိုက်သည်။

သားဖြစ်သူ ငိုသော်လည်း ဒေါ်စောကြည်တို့ မျက်ရည် ပင် မစို့၊ သားလိုက်ပါသွားမည့် သင်္ဘောကိုပင် လှမ်းမကြည့်. . ပြောင်းဖူးဖက်ဆေးလိပ်ကို နိုင်နိုင်ဖွာပြီး၊ သူ့အတွေး၊ အကောင် အထည်ပေါ်ပြီဟူသော အမှတ်ဖြင့် ကျေနပ်နေသလိုလိုရှိ သည်။

သူ့အတွင်းစိတ်ကို မှန်းကြည့်လိုက်တော့ "ကန္နီမှာ နေပြီး ကြီးလာလို့ကတော့ ဘယ်နည်းနဲ့မှ ဆရာဝန်မဖြစ်နိုင်၊ အင်ဂျင်နီယာ မဖြစ်နိုင်၊ နိုင်ငံတကာ ရောက်နိုင်တဲ့ ပညာရှင် မဖြစ်နိုင်၊ ဘယ်သူ့ကိုပဲ အမွေစား၊ အမွေခံအဖြစ် ပေးပေး၊ ငါမွေးလိုက်တာ ငါသိတာပဲ၊ သူ့အဖေလည်းသိ၊ အရပ်ကလည်း သိ၊ ဘယ်သူသိဖို့ လိုသေးလို့လဲ။ ငါ့သားဟာ ငါ့သားပဲ။ အရေးကြီးတာက ငါ့သား ကန္နီရွာက တံငါသည်သား၊ တံငါသည် မဖြစ်စေရ။ ငါ့သား လူသားအားလုံးအတွက်

ဖြစ်စေရမည်” ဟူသောစိတ် ဒေါ်စောကြည်တွင် ကိန်းအောင်းနေပုံရသည်။

ဒေါ်စောကြည်ကလည်း ကနီမွေး ကနီကြီးသူဖြစ်ပေ မယ့်ခေသူမဟုတ်၊ တစ်ချိန်က ကနီရွာ၏ မျိုးချစ်ရဲမေတစ်ဦး၊ သူ့မောင်တွေဆိုလည်း တော်လှန်ရေးရဲဘော်တွေဖြစ်သည်။

ကနီရွာကို မြင်သာစေချင်သည်။ ပုသိမ် ရန်ကုန်သွားသင်္ဘောကြီးတွေက ကနီရွာကမ်းနဘေး ဝင်၍ မရပါ။ ကနီဆိုသည်မှာဧရာဝတီမြစ်နှင့် ဆက်သွယ်နေသော ငပုတောနယ် ချောင်း ကျောမှာရှိတဲ့ရွာတစ်ရွာဖြစ်သည်။ လှေနှင့် သမ္ပာန်နှင့် ခက်ခက် ခဲခဲ သွားကြရသည်။ ကနီဆိုတာနှင့် တမံချောင်းရွာကို တွဲပြီးမြင်တတ်ကြသည်။ ကနီက မြန်မာ(ဗမာ)ရွာဟုဆိုလျှင် တမံချောင်းရွာက ပိုးကရင် ဗုဒ္ဓဘာသာရွာဟုလူသိများသည်။ ဗမာရွာ ကရင်ရွာဆိုသော်လည်း နှစ်ရွာ့တစ်ရွာ ဖြစ်သည်၊ ရွာသူရွာသားချင်း သိပ်ချစ်ကြသည်။

တစ်ခေတ်တစ်ခါက ဧရာဝတီဒေသတွင် စစ်ပွဲများဖြစ်ခဲ့ ဖူးသည်။ ဖြစ်ခင်တည်းက နှစ်ရွာ့တစ်ရွာ ချစ်ကြသူတွေမို့ အပြန်အလှန်သတင်းပေးကြလို့ အသေအပျောက် အထိ အခိုက် နည်းခဲ့ကြရသည်။

နယ်ခံ့ကို တော်လှန်ကြတော့လည်း ကရင်ဗမာညီညွတ်မှုရရှိခဲ့သည်။ ဒေါ်စောကြည်က ကနီရွာမှာမွေးတဲ့ သူ့သားကိုရန်ကုန်နေ အင်ဂျင်နီယာ ဇနီးမောင်နှံထံ မျက်စိစုံမိတ်ပြီး အပြီးပေးလိုက်ခြင်းမှာ ရည်ရွယ်ချက်ရှိပေသည်။

* * *

၂၀၀၈ ခုနှစ် မေလ (၂)ရက်နေ့က မြန်မာတစ်နိုင်ငံလုံး

တုန်လှုပ်ချောက်ခြားစေတဲ့ နာဂစ်မုန်တိုင်းကြီး ဧရာဝတီတိုင်းကို မွှေနှောက်သွားခဲ့ရုံမက၊ ရန်ကုန်တိုင်းကိုလည်း အထိနာစေခဲ့ သည်။ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကိုလည်း အထိုက်အလျောက် ပျက်စီးစေခဲ့သည်။

ကမ္ဘာနှင့်အဝှမ်း ဝိုင်းဝန်းကူညီကြသလို မြန်မာ ပြည်သူတို့ အထူးကူညီဖေးမကြသည်။ နိုင်ငံအလိုက်၊ အဖွဲ့အစည်းအလိုက်၊ အစုအဖွဲ့လိုက်၊ တစ်ဦးချင်းစသဖြင့် နိုင်ရာကူကြသူထဲတွင် တစ်ဖွဲ့အပါအဝင် ဖြစ်သော ကျန်းမာရေးအဖွဲ့တစ်ဖွဲ့ကို ထူးထူးခြားခြား တွေ့ရသည်။ မျိုးဆက်သစ်လူငယ် သူနာပြု၊ ဆရာဝန်လောင်း များနှင့် သက်လတ်သက်ကြီး ဆရာဝန်၊ ပါရဂူ၊ ပါမောက္ခ အစုအဖွဲ့၏ ကူညီစောင့်ရှောက်မှုကို တအံ့တသြတွေ့ကြုံရ သည်။

သူတို့တွေ အတော့်ကို အပင်ပန်းခံပြုစုစောင့်ရှောက်ကြ သည်။ မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ ပြုစုနေကြသည်။ နေ့မနား ညမနား စောင့်ရှောက်ကုသပေးနေကြသည်။ ပါမောက္ခပါရဂူ၊ ဆရာဝန်၊ ဆရာဝန်လောင်း၊ သူနာပြုတွေအားလုံး မြန်မာပြည်အနှံ့က ပါဝင်ကြသည်။ လူမျိုးပေါင်းစုံ ပါဝင်သည်။ ဘာသာပေါင်းစုံပါဝင်သည်။ အားလုံး၏ တူညီသော ဆန္ဒမှာ "နာဂစ်"ကြောင့် အသေအပျောက် နည်းအောင်၊ နာမကျန်းသူ အမြန်ပျောက်အောင်၊ ထိခိုက်ဒဏ်ရာရသူ ဆေးကုသမှုအချိန်မီအောင်၊ စိတ်ဓာတ်ကျနေသူများကို စိတ်ဓာတ်မြှင့် တင်ပေးနိုင်အောင် အထူးကြိုးပမ်းပေးနေသည်ကို တွေ့ရပေသည်။

နာဂစ်၏ ရန်ညှိုးက အဘယ်မျှ အညှိုးကြီးသည်ကို ပြောရလျှင် ပင် အူတုံသည်းတုံဖြစ်သည်။ ဧရာဝတီတိုင်းအတွင်း ရွာလုံးပျောက်

သွားသည့်ရွာများရှိသည်၊ ရွာနေပြည်သူတွေ ၉၀ ရာခိုင်နှုန်းလောက် သေသူတွေ သေကြသည်။ နာသူတွေ နာကြသည်။ အချို့သေရာရှင်ရာ ါလောက်အောင် ဒဏ်ရာ ပြင်းထန်ကြသည်။

အိမ်မွေးတိရစ္ဆာန်၊ ခိုင်းနွား၊ ခိုင်းကျွဲတို့သေကျေကြ သည်မှာ သည်း မြင်မကောင်း၊ လေကြောင့် ရေကြောင့် အသက်ဆုံးရှုံးကြတဲ့ သူအပါအဝင် တိရစ္ဆာန်တို့၏ အပုတ်နံ့ တို့ကလည်း ဝန်းကျင်အနှံ့ ပျံ့နေတော့သည်။

ထိုကဲ့သို့သော အနိဋ္ဌာရုံများအလယ်တွင် မရွံ့မရှာ မကြောက် လန့်၊ စေတနာသန့်သန့်နှင့် ကူညီနေကြသော တပ်မတော်သား များ၊ အခြားစေတနာရှင်များ၏ ကာယကံ၊ ဝစီကံ၊ မနောကံ မြောက် သိုလ်များက အံ့မကုန်ရှိလှပါသည်။

ဤဒေသသည် မြန်မာပြည်၏ "ဆန်အိုး"ကြီးဟု ဆိုရလောက်အောင် စိုက်ပျိုးရေးကို အဓိကထား စိုက်ကြသူများ သည်။ ကျွမ်းကျင်ရာလိမ္မာဆိုသလို ရေလုပ်သားတို့လည်း မနည်းလှ၊ ငါးလုပ်ငန်းဖြင့် စီးပွားဖြစ်ထွန်းနေသူများလည်း များပြားလှသည်။ ဒို့အတူ မိသားစု စားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် တံငါလုပ်ငန်း သုပ်သူတွေကလည်း မြစ်ပြင် အလယ် လှေငယ်တွေလည်း အစီအရီရှိနေတတ်ကြသည်။

"မုဆိုးနားနီး မုဆိုး၊ တံငါနားနီး တံငါ"ဆိုစကားကြောင့် ဤဝန်းကျင်တွင် ရေကျွမ်းသူပေါသည်။ ငါးဖမ်းသူများသည်။ ဒေသခံ ပြည်သူများအတွက် တံငါလုပ်ငန်းမလုပ်သည့်တိုင် ငါးဖမ်းအတတ်ကို မွေးရာပါပညာဟု ဆိုရလောက်အောင် ကျွမ်းကျင်တတ်သိနေကြသည်။

တံငါရွာများဖြစ်သဖြင့် အချို့က မညာမတာ အကုသိုလ်ရွာဟု ပြောကြဆိုကြသေးသည်၊ ဤဧရာဝတီမြစ်ထဲ က ငါးပုဇွန်တွေကို ငါးပိ၊ ငါးခြောက်အသွင်ဖြင့်လည်းကောင်း၊ ရေခဲရိုက် ငါးပုဇွန် အဖြစ် လည်းကောင်း၊ မြန်မာပြည်အနှံ့ ကုန်စည်ကူးနေကြရန် ပြည်သူများ စားသုံးနေကြရခြင်းဖြစ်သည်။ ယနေ့ကာလ ခေတ်မီဖွံ့ဖြိုးတိုးတက် နေချိန်တွင် မြန်မာပြည် ဧရာဝတီမြစ်ထဲက ငါးပုဇွန်တွေ အသွင် အမျိုးမျိုးနှင့် နိုင်ငံတကာသို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။ တံငါရွာနေ ပြည်သူတို့ကလည်း သူတို့ဒေသမှာ သူတို့ဘဝလေးကို ပျော်နေကြပုံရ သည်။

ဘုရားကျောင်းကန် သိမ်ဇရပ်တို့နှင့် နေကြသူဖြစ်သည်။ လူမှုဘဝမြင့်မားရန် ဒေသဖွံ့ဖြိုးရန် တံငါသည်တို့အားမာန်က လည်း အပြည့်ရှိနေကြသည်။

သို့သော် နာဂစ်က. . မည်သူ့ကိုမျှ သက်ညှာခွင့်မပြု၊ ဧရာဝတီတိုင်းကို ပိုပိုလျှံလျှံပင် နှိပ်စက်သွားသေးသည်။

သို့ကြောင့်လည်း တစ်သွေးတစ်သံ စေတနာမှန်ကြ သည့် မြန်မာပြည်သူတွေ အင်နှင့်အားနှင့် ကူညီကြသည်။ ငွေအား၊ လူအား၊ အသိပညာအား၊ အတတ်ပညာအားတွေနှင့် သက်စွန့်ကြိုးပမ်းကူညီ ကြသည်။ သာဓုခေါ် မဆုံးရှိလှပါသည်။

ထိုထိုကူညီကြသူများထဲတွင် လူငယ်မျိုးဆက်သစ်တွေ အများစု ပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တစ်ဖွဲ့က ထူးထူး ခြားခြား ကူညီကုသပေးနေကြသည်မှာ ညှိုးနွမ်းနေသူ အားငယ်နေသူတို့အတွက် အားတက်ဖွယ်ရှိလှသည်။

သူတို့၏ ယာယီဆေးကုသဆောင်အနီး ဆေးခန်း ဝင်ပေါက်နားရှိ အသီးအခိုင်အပြည့်နှင့် မညှိုးမနွမ်း စိမ်းစိုခိုင်မြဲစွာရှိနေသော အုန်းပျိုပင်တစ်ပင်တွင် စက္ကူပိုစတာ တစ်ရွက်ကို တွေ့ရသည်။ ၎င်းပိုစတာတွင် လက်ရေးဖြင့် ရေးထားသော စိတ်ဓာတ်မြှင့်တင်ရေး ကဗျာကလေးတစ်ပုဒ် ရှိနေသည်။

**"အုန်းပင်ပျိုက ဆိုပါသည်"**

**မုန်တိုင်းနာဂစ်၊ တိုက်ခိုက်လှစ်လည်း**
**အော်ဟစ်တုန်လှုပ်၊ ငါမလုပ်ခဲ့၊**
**မိုးချုပ်မှောင်ထဲ၊ ငါမလဲခဲ့။**
**မိုးသို့ထောင်မတ်၊ မားမားရပ်ကာ**
**အားပြတ်မညှိုး၊ သီးခိုင်ဖြိုးခဲ့၊**
**နိုးကြားသတိ၊ အစဉ်ရှိခဲ့။**
**လဲလျှင် ပြန်ထ၊ မာန်မချနဲ့**
**ဘဝနိဂုံး၊ မဆုံးစေနဲ့၊**
**အပြုံးတွေနဲ့၊ အနိုင်ယူ။ ။**

**သုတ (ဆေး-၁)**

ဤကဗျာလေးက စိတ်ဓာတ်မြှင့်တင်ရေး အားပေးကဗျာလေးဖြစ်သည်။ နာဂစ်ဒဏ်အား ကြံ့ကြံ့ခံခဲ့သော အုန်းပင်ပျို၏ အားပေးစကား အဖြစ် ဖွဲ့ဆိုထားဟန်ရှိသည်။ အားမာန်တက်စေသည့် ကဗျာကလေးဖြစ်သည်။

ကဗျာရေးသူမှာ စိတ်ရောဂါအထူးကုဆရာဝန်ကြီး

ပါမောက္ခဒေါက်တာသုတ (ငြိမ်း) (သုတ-ဆေး ၁) ဖြစ်နေတော့ သည်။ ဤကာလမျိုးတွင် သူတတ်သည့် ပညာနှင့် သူ့မိတ်ဆွေများနှင့် တပည့်မျိုးဆက်သစ် ပါရဂူ၊ ဆရာဝန်၊ ဆရာဝန်လောင်း၊ သူနာပြု လူငယ်များကို စုစည်းပြီး သက်စွန့်ကြိုးပမ်းကုသပြုစုပေးနေသည်မှာ လူသားများ အားပြတ်၊ ညှိုးနွမ်းမသွားရလေအောင်" အားပေး ဆောင်ရွက် ပေးသည့်နှယ် ဖြစ်ပါသည်။

မျိုးဆက်သစ် လူငယ်တွေနှင့်အတူ နာဂစ်ဒဏ်ခံ လူသားတွေ အားလုံး ကိုယ်စိတ်နှလုံး ကျန်းမာ ချမ်းသာစေဖို့. . ကူညီကုသ ဦးဆောင်သင်ကြား ကိုယ်တိုင် ပါဝင်ဆောင်ရွက်ပေး နေသူမှာ ရောဝတီတိုင်း ကန္ဒီတံငါရွာ ချက်မြှုတ် ဦးမောင်ရွှေ ဒေါ်စောကြည် တို့၏သား ပါမောက္ခ ဒေါက်တာသုတ (ငြိမ်း)ဟု ဆိုပါလျှင်. . ။

ဒေါ်စောကြည်တစ်ယောက် ပြောင်းဖူးဖက် ဆေးလိပ် နိုင်နိုင်ဖွာပြီး စိတ်ကူးတွေယဉ်ကာ သူတစ်စိမ်းအား အမွေစား၊ အမွေခံသားအဖြစ် အပြီးအပိုင် ပေးလိုက်သော သူ့သားကလေး ဖြစ်နေ သည်ဟု ဆိုပါလျှင်-

ဒေါ်စောကြည်တစ်ယောက် သူမွေးခဲ့သော သူ့သားက သူ့ချက်မြှုပ်ရာ ဒေသကို သူတတ်သည့်ပညာဖြင့် ကျေးဇူးဆပ် နေခြင်းဖြစ်သဖြင့် အကျေနပ်ကြီး ကျေနပ်ကာ ရောက်ရာဘုံ ဘဝမှ သာဓုခေါ်နေမည်မှာ ကေန်ဖြစ်ပါတော့သည်။ ။

* * *

# တာဝန်ကိုယ်စီရှိပါသည်

"သွားပါများ ခရီးရောက်"ဟူသော အဆိုကို ကျွန်တော် တို့ ငယ်ငယ်က မောင်ပေါက်ကျိုင်းအကြောင်း သင်ကြရင်း ရင်းနှီးခဲ့ကြပါ သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလက မန္တလေးမှ ရန်ကုန်အပြန် ခရီးတွင် ဗျည်းမနားဘူတာနှင့် ဘူတာအနီးရှိ မြို့ပေါ်ဘုရားများ၊ ဈေးများကို မိတ်ဆွေများနှင့် ဖူးမြော် ကန်တော့ လေ့လာပြီး ညနေပိုင်း မြန်မာ့မီးရထားနှင့် ရန်ကုန် ပြန်ခဲ့ရသဖြင့် နေပြည်တော်ရုံးစိုက်ရာကို ရောက်ဖြစ်ပေ။ ရောက်ချင်စမ်း ပါဘိလို့ စိတ်ကူးမိခဲ့ဖူးပါသည်။

"ရေငတ်တဲ့သူ ရေတွင်းထဲမျှား ကျလေသည်လားမသိ"

စိတ်ကူးအကောင်အထည်ပေါ် သည်လားမသိ နေပြည်တော်ရှိ

ပြန်ကြားရေးဝန်ကြီးရုံးတွင် ကျင်းပမည့် အစည်းအဝေးသို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား တက်ရောက်ရန် ဥက္ကဋ္ဌကြီးမှ ကျွန်တော့်ကို စေလွှတ်သဖြင့် ရန်ကုန်မြို့ မြောက်ဥက္ကလာပ အောင်မင်္ဂလာ အဝေးပြေးဂိတ်ရှိ "ရန်ကုန်-နေပြည်တော်" အောင်မြေ ကားဂိတ်မှ ကားလက်မှတ်ဝယ်ပြီး ညနေ (၅)နာရီတွင် စတင်ထွက်ခဲ့ သည်။

နောက်နေ့ နံနက် (၁)နာရီ ဝန်းကျင်၊ နေပြည်တော် နယ်နိမိတ် အတွင်း ရောက်သည်နှင့် . . နိုင်ငံတကာအဆင့်မီ လျှပ်စစ်မီးများက လင်းထိန်နေသလို ကတ္တရာလမ်းများ၊ ကွန်ကရစ်လမ်းများ ကလည်း . . ဖြောင့်ဖြူး ကျယ်ပြန့် ညီညာ ချောမွေ့ လွန်းလှသည်။ ညဆိုသော်လည်း လျှပ်စစ်မီးရောင် များက နေ့နှင့်မခြား ရှိလှသည်။ ညမြင်ကွင်းမှာပင် . . အချို့လမ်းများမှာ (၆)လမ်းသွား (၈)လမ်းသွား (၁၈)လမ်းသွား ဖြစ်ကြောင်း သိနိုင်ပါသည်။

နေပြည်တော် မြို့မဈေးကြီး ကားဂိတ်သို့ နံနက် (၂)နာရီလောက် ရောက်ဖြစ်သည်။ ညအချိန် နံနက် (၂)နာရီလောက်ဆိုသော်လည်း စည်ကားသော ညဈေး အငှားကား သုံးဘီးယာဉ် (တုတ်တုတ်)၊ ဆိုင်ကယ် (ကယ်ရီ)များ ကို တွေ့လိုက်ရသည်။

တကယ့် နေပြည်တော်ကြီးဖြစ်နေသည်ကို အအံ့တသြ တွေ့လိုက်ရလို့လည်း အံ့သြမဆုံးဖြစ်နေမိပါသည်။ ဌာနဆိုင်ရာ အရာထမ်းနှင့် ဝန်ထမ်းတိုက်များ၊ ဝန်ကြီး ဌာနဆိုင်ရာ ရုံးများနှင့် နီးသည့် မြို့မဈေးကားဂိတ်မို့လည်း ခရီးသည် အတော်များများ ဆင်းကြသည်၊ ကျွန်တော်က မဆင်းဘဲ နေပြည်တော် (ပျဉ်းမနား ဘောဂသီရိ) အဝေးပြေးကားဂိတ်ဝင်း အထိ လိုက်ဖို့ ဆုံးဖြတ်လိုက်သည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်အနေနှင့် ရုံးချိန်ရောက်မှ ပြန်ကြားရေးဝန်ကြီးဌာနသို့ သတင်းပို့ရမည်။ နံနက်ပိုင်း ဆရာဦးဟန်ညွန့်

ာရေးဆရာ (ဟန်ညွန့်-ဥပဒေ) ညွှန်ကြားရေးမှူးချုပ် ဥပဒေရုံး)နှင့် စာရေးဆရာမ (ညိုညိုယဉ်-ဒိုက်ဦး)တို့တိုက်တွင် ခေတ္တနားနေ ရေမိုးသန့်စင်ရန် အစီအစဥ်ဆွဲထား၍ ဖြစ်ပါသည်။

ထိုအစီအစဥ်က မော်တော်ကားခရီးစဥ်ဖြင့် မသွားဘူး၍ ကြိုတင် အစီအစဥ်ဆွဲမိခြင်းဖြစ်သည်။ လက်တွေ့ နေပြည်တော်ရောက်တော့ အချိန်က မိုးမလင်းသေး၊ မိတ်ဆွေရင်းတွေ ဖြစ်ပေမယ့်၊ အချိန်မတော် ခန်းရက်။

ထို့ကြောင့် ပျဉ်းမနား-ဘောဂသီရိ အဝေးပြေး ကားဂိတ်တွင် တစ်ခုခု စားသောက်ပြီး အချိန်ဖြုန်းမည် စိတ်ကူးဖြင့် အချိန်ကုန်ခံ နောက်ဆက်တွဲခရီးစရိတ်အကုန်ခံဖို့ စိတ်ကူးနဲ့ လိုက်ခဲ့ခြင်း ဖြစ်သည်။

နေပြည်တော် (မြို့မဈေး အဝေးပြေးဂိတ်ကနေ) နေပြည်တော် ပျဉ်းမနား ဘောဂသီရိ) အဝေးပြေးဂိတ်အထိ မိနစ် (၅၀)ဝန်းကျင်ကြာ မောင်းပြီးမှ ရောက်သည်။ နာရီကြည့်လိုက်တော့ နံနက် (၃)နာရီ ကောက်သာ ရှိသေးသည်။ ကျွန်တော် စိတ်ကူးလွဲချေပြီ. . .။

ဘောဂသီရိအဝေးပြေးဂိတ်ဝင်းကြီးရှိ အခန်းအများစု သည် ခံမှိတ်ပိတ်ထားကြသည်။ မည်သည့်စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်မှ မရှိ၊ ဆိုင်ကယ် ကယ်ရီပင် သိပ်များများစားစား မတွေ့၊ တစ်စီးနှစ်စီးသာရှိသည်။ မိမိစီးလာသော ကားပေါ်တွင်လည်း ခရီးသည်က (၅)ယောက်ပဲ ပါသည်။ ကျန် (၄)ဦးက သူတို့နှင့် အဆင်ပြေလို့ လိုက်လာကြခြင်းဖြစ်သည်၊ ကျွန်တော်က အချိန်ဖြုန်းဖို့ လိုက်လာခြင်း ဖြစ်သည်။

လူသူနည်းပါးဖြီး၊ ခြောက်သွေ့နေသည့် ဒေသတွင် မိမိတစ်ယောက်တည်း ယောင်လည်လည်ဖြစ်မှာမို့ မနေအပ်ဟု ဆုံးဖြတ်လိုက်သည်။

"လေးလေးဘယ်သွားမလို့လဲ"ဟု ဆိုင်ကယ် ကယ်ရီသမားလေးတစ်ဦးက လာမေးသည်။

ကျွန်တော်သွားမည့်လိပ်စာပြောလိုက်တော့

"ဟာ လေးလေး နေပြည်တော်မြို့မဈေး အဝေးပြေး ဂိတ်မှာဆင်းရမှာ၊ လေးလေးပြောတဲ့ ညွှန်ချုပ်အိမ်က အဲဒီဂိတ်နဲ့ နီးနီးလေး၊ ဒီကနေ ဆိုင်ကယ် ကယ်ရီနဲ့ ပြန်သွားရမှာ လိုင်းကားတွေကလည်းမိုးလင်းမှ ထွက်ကြမှာ လေးလေး သွားလိုတဲ့ဆန္ဒရှိရင် ကျွန်တော်လိုက်ပို့မယ် ၄၀၀၀ဝိ ပေးရမယ်နော်"ဟု ပြောလာသည်။

ကိုယ့်အတတ်နှင့်ကိုယ် စူးလေပြီ၊ ဒီမှာလည်း မနေချင်၊ ဆိုင်ကယ်ကယ်ရီသမားလေးနဲ့ အချိန်မတော် ဆိုင်ကယ်စီးလိုက်ဖို့ကလည်း တကယ်တော့ သိပ်မလိုက်ချင်၊ မလိုက်ချင် ပေမယ့်လည်း နေချင်စိတ်က မရှိဖြစ်နေတော့သည်။

နေပြည်တော် (ပျဉ်းမနား) ညချမ်းအချိန် အရက်တက်နံနက်ခင်းကလည်း အေးလှသည်၊ မတတ်နိုင်တော့ပါ။ ဆိုင်ကယ် (ကယ်ရီ)နှင့် နေပြည်တော် ဝန်ထမ်းအိမ်ယာများ ရှိရာသို့ ခရီးပြန်ထွက်ခဲ့သည်။

ဘောဂသီရိ အဝေးပြေးဂိတ်ဝင်းက ထွက်ခါစ ဆိုင်ကယ်ကပုံမှန်မောင်းသည်၊ သိပ်မကြာ တဖြေးဖြေး မြန်လာသည်၊ နောက်အမြန်နှုန်းထပ်မြှင့်လာသည်။ သူတို့ဒေသ၊ သူတို့ရာသီဥတု၊ သူတို့လမ်းကိုသူတို့ ကျွမ်းကျင်ပေမယ့် ကျွန်တော် စိုးရိမ်လာသည်။

"ကလေးဦးအနေနဲ့ အရေးတကြီးကိစ္စမရှိပါဘူး ဖြေးဖြေးမောင်းပါကွာ"

"လေးလေးကလည်း ဒါ နေပြည်တော်လေ နိုင်ငံတကာ အဆင့်မီလမ်းတွေ ကြည့်ပါဦး (၁၀)လမ်းသွား၊ (၈)လမ်းသွား (၆)လမ်းသွားတွေ

ချည်းပဲ၊ မျက်နှာချင်းဆိုင်တိုက်စရာမရှိဘူး၊ ခုကျွန်တော်မောင်းတာ မိုင် (၆၀)နှုန်းလောက်ပဲရှိတယ်၊ တစ်ချို့ (၈၀)ကျော်တောင် မောင်းတာ လေးလေးရဲ့"

"အေးပါကွာ မီးတွေကောင်းတာ၊ လမ်းတွေကောင်း တာတော့ အံ့စရာပါပဲ။ ဒါပေမယ့် ကလေးရယ်၊ သတိဆိုတာ မပိုပါဘူး၊ သတိထားပါ"ဟု ပြောသော်လည်း မိုင်နှုန်းမလျှော့။

"လေးလေး လိုရာခရီးကို ဘေးမသီရန်မခ ရောက်စေ ရပ့ါမယ်။ မကြောက်ပါနဲ့ဗျာ. . . ကျွန်တော်က လူသာငယ်တာ အတွေ့အကြုံ များပါတယ်၊ နေပြည်တော်ကြီး စတင် တည်ဆောက်စဉ်ကာလ၊ ယာယီလမ်းကြမ်းတွေ ဖောက်ပြီးထဲက ကယ်ရီဆွဲလာတာ လေးလေးရ"

"ဟုတ်ပါပြီ မောင်ရာ့. . . မောင့်ကျွမ်းကျင်မှုကို လေးစားပါ တယ်။ ဦးက ဆိုင်ကယ်တို့၊ မော်တော်ကားတို့ မှောက်တာ၊ တိုက်တာ၊ မတော်တဆဖြစ်တာ မီးရထားနဲ့ ခရီးသွားစဉ် အန္တရာယ်ကြုံတာတွေထဲ ပါခဲ့တာ အကြိမ်မနည်း တော့ဘူး၊ ကံကောင်းလို့ မသေသေးတာပဲ ရှိတယ် မောင်ရဲ့"

"ဟာ လေးလေးကလည်း လေးလေးစီးတဲ့ ဆိုင်ကယ် တွေ၊ မော်တောကားတွေ မီးရထားတွေ မောင်းတဲ့သူတွေက မကျွမ်းလို့ ဖြစ်မှာပေါ့"

"အဲဒီလိုချည်းလည်း မဟုတ်ဘူး မောင်ရေ. . . စည်းကမ်း လိုက်နာ ဘေးကင်းကွာ ပေါ့။ သတ်မှတ် မိုင်နှုန်းပဲ မောင်းပါ ကလေးရယ်"

သူ့ကို လေပြေလေးနဲ့ ချော့ပြောတော့ သူအရှိန်နည်းနည်း လျှော့ချလိုက်သည်။

သို့သော် သူ့ကဲ့သို့အမောင်းကြမ်းတဲ့ ရမ်းတဲ့ ဆိုင်ကယ် တွေက သူ့ကိုကျော်တက်၊ သွားကြတာတွေရှိတော့ လူငယ် သဘာဝ

ဟန်ရေးပြချင်ကြပုံရသည်။ အလားတူ သူနဲ့မျက်နှာ ခြင်းဆိုင် တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်များကလည်း ဝှီးကနဲ ဝှီးကနဲ လေအလျှင်လိုပြေးနေသည်။

သူတို့ မတုန်လှုပ် ပေမယ့် ကျွန်တော်ကတော့ နှလုံး တုန်လှုသည်။ စက်တပ်ယာဉ်နဲ့ အန္တရာယ် မတော်တဆမှုတွေ မကြာခဏကြုံဖူးလို့လည်း အတွေ့အကြုံတွေက များနေပြီ။ ကိုယ်တွေ့တွေ ပြည့်နေပြီ။ ထို့ထက်ပိုတာက ကျွန်တော်က စာဖတ်အားများသော စာရေးဆရာဖြစ်ပါသည်။ တီဗွီထဲက ပညာပေးလမ်းညွှန်တွေ ကြည့်ပါသည်။ ပညာပေး ဟောပြောပွဲ တွေ နားထောင်သည်။ ထို့ကြောင့် . . "စာတွေ့ ကိုယ်တွေ့" အပြည့်ဟေ့လို့ ပြောလိုက်ချင်ပါရဲ့။ ဒါပေမယ့် ခုခေတ်လူငယ် တွေက သူတို့ကို ဆရာကြီး လုပ်တယ်ဆို ကြိုက်တာမျိုးမဟုတ်။ သူတို့အကြိုက်လိုက်မှ ကိုယ့်စကား အထိုက်အလျောက် ပေါက်ပေလိမ့်မည်ဟု ကျွန်တော် အတွေးစ နယ်လွှန်နေတုံးစဉ်-

"ရှီး . . ရှီး . . ရှီး . . ဒုန်း"

"အား"

ဟူသည့်အသံများ ကြားလိုက်ရ၍ သတိမူလိုက်တော့ ကျွန်တော်တို့ဆိုင်ကယ်ကို အရှိန်ပြင်းပြင်းနဲ့ ကျော်တက်သွားတဲ့ ကယ်ရီဆိုင်ကယ်တစ်စီး လမ်းချော်ပြီး တရွတ်တိုက်ဆွဲကာ သူ့အရှိန်နဲ့သူ လမ်းနှင့်ကပ်လျက် တောင်ကမ္ဘားရံကို မျက်နှာခြင်းဆိုင် တိုက်တော့သည်။ ကျွန်တော်က ဆိုင်ကယ် ကယ်ရီ ကောင်လေးကို အရှိန်လျှော့ရပ်ခိုင်းပြီး အချင်းဖြစ် နေရာဆီ သွားကြသည်။ ကူညီနိုင်ရင် ကူညီရန်ဖြစ်သည်။

မြန်မာလူမျိုးတို့တွင် ချစ်စရာကောင်းသည်များရှိသည်။ တစ်ဦးဒုက္ခရောက်လျှင် တစ်ဦးက ကူညီကြစမြဲဖြစ်သည်။

ကျွန်တော်တို့လိုပဲ အသွားအပြန် ဖြတ်နေတဲ့ ဆိုင်ကယ်တွေ သူ့ထက်ငါ ရောက်လာပြီး ကူညီဖို့ ကြိုးစားကြသည်. . . သို့သော် နောက်ကျချေပြီ။

ဆိုင်ကယ်စီးသူမှာ အရှိန်နဲ့ တောင်ကမ္ဘားရံ ဝင်တိုက်သည့်အပြင် ဆိုင်ကယ်စီးဦးထုတ်လည်း မပါတော့ မည်သူမျှ မကယ်နိုင်တော့။ ဘဝဇာတ်သိမ်းသွားချေပြီ။

* * *

သေသူက သေပြီဖြစ်ပေမယ့်၊ ရှင်သူတွေ ထပ်မမှား စေချင်တာ ကျွန်တော်ရဲ့ဆန္ဒပါ။ ဒါကြောင့် မိမိတစ်နိုင်တစ်ပိုင် အကြံပေးဖို့ မိမိငှားလာမိတဲ့ ကလေးကို. .

"ဗကဲ မောင်ရေ မောင့် အမြင်ပဲ။ တစ်ခါတရံ မမျှော်လင့်တဲ့ မတော်တဆဆိုတာ ရှိတယ်ဆိုတာ မောင် မြင်ပြီနော်။ ဦးတို့ မောင်တို့လို အပ်တဲ့ အကူညီ ပေးဖို့တောင် အချိန်မရ လိုက်ဘူး။ နံနက်စာလည်းမလင်းလောက်သေးဘူး၊ နေပြည်တော်မြို့မဈေးကြီး ကားဂိတ်မှာ ဘစ်ခုခုစားပြီး၊ မိုးလင်းအောင် စောင့်ချင်တယ်။ မောင့်ကိုလည်း ဦးက ဧည့်ခံမှာပါ။ မောင့်လုပ်အားခလည်း ၄၀၀၀ိ အစား ၅၀၀၀ိ ပေးပါ့မယ် မြို့မဈေးကိုသွားရအောင်"ဟု တောင်းဆိုတော့ ကောင်ကလေး လိုလိုလားလားရှိပုံရသည်။

"လေးလေး. . . ဘာစားချင်လဲ"

"နံနက်ပိုင်းဆိုတော့. . . ထမင်းကြော်. . ကော်ဖီ မုန့် ရရာပေ့ါ"

"ဒါဆို ကျွန်တော်တို့ စားနေကျဆိုင်သွားလိုက်မယ် နော်"

"ကောင်းတယ်. . . ကောင်းတယ်"ဟု ပြောလိုက်တော့ နေပြည်တော် (မြို့မဈေး) အဝေးပြေးဂိတ် တောင်ကုန်းပေါ်ရှိ လက်မှတ်ရောင်း အခန်းများ ရှေ့ဖက် မြေပြန့်ကွင်းပြင် ဈေးပွဲတော်ကြီးအတွင်းမှ ဆိုင်တစ်ဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"လေးလေး ကြိုက်တာမှာစားပါ။ လေးလေးစားချင်တာ အားလုံးရပါတယ်. . . အကြော်စုံ ပူပူလေးလည်းရတယ်၊ ချမ်းနေတော့ ရေနွေးပူပူလေးနဲ့ လိုက်ဖက်ပါတယ်. . . အစုံရတယ်လေးလေး. . ."

"မောင်လည်း ကြိုက်တာစား. . . ဦး ဧည့်ခံတာပါ" နှစ်ဦးစလုံး ကိုယ်စားလိုတာ ကိုယ်မှာကြသည်။ ကိုယ်တွင်း နွေးသွားအောင် ရေနွေးပူပူလေးကို ဦးစွာသောက် ဖြစ်ကြ သည်။

"လေးလေးက နေပြည်တော် မရောက်ဖူးဘူးထင်တယ်"

"ပျဉ်းမနားအဖြစ်နဲ့ အကြိမ်များစွာရောက်ဖူးပါတယ်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလလောက်က မန္တလေးကအပြန် ပျဉ်းမနား ဘူတာဝန်းကျင်ကို နေ့တစ်ဝက်လောက်ရောက်တယ်၊ ဒီနေပြည်တော်ကြီး ကိုတော့ ဒီနေ့မှပဲရောက်တာပါ၊ တကယ့် နိုင်ငံတကာအဆင့်မီပဲကွာ"

"ဟုတ်တယ်လေးလေးရဲ့. . . ဒီမှာက လမ်းတွေ၊ မီးတွေ၊ သဘာဝတောတောင်အလှတွေ၊ ပန်းမာလ်တွေက ခေတ်မီနိုင်ငံ အဆင့်ပါပဲ။ လောလောဆယ် သွားလာရေး အဆင်ပြေဖို့ ကျွန်တော်တို့လို ဒီမြို့ခံတွေရော၊ အခြားနယ်က လူငယ်တွေရော ဆိုင်ကယ် ကယ်ရီ လုပ်ငန်းကို ဇောက်ချလုပ်လာကြတယ်. . . အခြားစီးပွားရေးသမားတွေ လည်း ဒီမှာ အခြေချလုပ်ကိုင်နေပြီ လေးလေး. . . ရန်ကုန်၊ မန္တလေးနဲ့မခြား စည်ကားနေပြီလေ"

"လူငယ်တွေ စီးပွားရေးလာဘ်မြင်တာ ကောင်းတာ ပေါ့။ ဒါပေမယ့် စည်းကမ်းတော့ ရှိရမယ်"

"ဘာစည်းကမ်းလဲ လေးလေး"

"လူတွေက လူမှုဆိုင်ရာ စည်းကမ်း၊ လမ်းအသုံးပြုရင် လမ်းစည်းကမ်း၊ ဆိုင်ကယ်စီးရင် ဆိုင်ကယ်စည်းကမ်း၊ မော်တော်ကားမောင်းရင် မော်တော်ကားနဲ့ ဆိုင်တဲ့စည်းကမ်း ပေါ့"

"ဟာ လေးလေးကလည်း ဒါတွေက စာထဲမှာပဲရှိတာ. . "

"ဟ. . . ဟာ၊ မဟုတ်သေးဘူး၊ နိုင်ငံတော်က ပြဋ္ဌာန်းတဲ့ ဥပဒေစည်းကမ်းဆိုတာ တော၊ မြို့ မခွဲခြားဘူး၊ ဆင်းရဲချမ်းသာ မခွဲခြားဘူး၊ မည်သူ့အတွက်မဆို အတူတူပဲ၊ မောင်တို့ ခုဆိုင်ကယ်စီးတာ၊ ဦးထုပ်ဆောင်းဖို့လိုတယ်၊ မဆောင်းတော့ စောစောက ကလေး အသက်ပါသွားပြီလေ"

"လေးလေးကလည်း ကျွန်တော်က ပျဉ်းမနား (နေပြည်တော်) မွေး ရန်ကုန်မှာကြီး ခု ဒီမှာ စီးပွားရေးကောင်းလို့ အမေလည်းရှိလို့ အမေ့ကို လုပ်ကျွေးချင်လို့ ဆိုင်ကယ်ကယ်ရီ လာဆွဲတာပါ။ ရန်ကုန်မှာ လည်း ဆိုင်ကယ်စီးခွင့်ရတုန်းက စီးတဲ့သူတွေ ဦးထုပ်မဆောင်းတာ တွေ့ဖူးပါတယ်၊ စည်းကမ်းက စာထဲမှာပဲဆိုတာ အဲဒါပြောတာ"

"မောင် အတွေးမှားနေပြီ။ ရန်ကုန်မှာ ဆိုင်ကယ် စီးခွင့် မပြုတော့တာ ကြာခဲ့ပါပကော၊ စီးခွင့်ပြုခဲ့တုန်းကရော၊ အခုချိန်ပါ ကမ္ဘာရော၊ မြန်မာမှာပါ ဆိုင်ကယ်စီးရင် ဦးထုပ်ဆောင်းရမယ်လို့ စည်းကမ်းရှိပါတယ်။ မလိုက်နာလို့ မတော်တဆမှုဖြစ်ရင် မလိုက်နာသူက ပထမဆုံး ဒုက္ခခံစားရမယ်။ သက်ဆိုင်ရာက ဥပဒေနဲ့အညီ ဆက်လက်အရေးယူလိမ့်မယ် မောင်တို့ နေပြည်တော်မှာ ဆိုင်ကယ်စီးတဲ့လူပိုများ သလိုပဲ"

"လောလောဆယ်. . သွားရေးလာရေးအတွက် ဆိုင်ကယ်က စရိတ်ကျဉ်းပြီး ခရီးတွင်တာလည်းပါတယ် လေးလေးရဲ့"

"ဒါဆို. . ဆိုင်ကယ်စီးတတ်ရုံ စီးနေတဲ့သူတွေကော မရှိနိုင်ဘူးလား"

"သိပ်ရှိတာပေါ့၊ တစ်ချို့ စက်ဘီးစီးတတ်ရုံနဲ့ ဆိုင်ကယ်ကို နည်းနည်းလေ့လာပြီး တက်စီးနေကြတာ တစ်ပုံကြီးပါပဲ"

---

"အသက်အန္တရာယ်များလိုက်တာ မောင်ရာ၊ မောင်ရော ဆိုင်ကယ်စီးတတ်ရုံပဲလား။ ဆိုင်ကယ်ဆိုင်ရာ သိသင့်တာတွေ သိရဲ့လား"

"ကျွန်တော်အမှန်ပြောပါ့မယ် လေးလေး။ ကျွန်တော်က ရန်ကုန်မှာ တက္ကစီမောင်းနေတာပါ၊ ဒီမှာ တက္ကစီလုပ်ငန်းအဖြစ် ဆိုင်ကယ် ကယ်ရီက ပိုအဆင်ပြေလို့ ဆိုင်ကယ်စီးတာပါ"

"ဒါဆို . . မောင့်ကိုလည်း သိသင့်တာတွေ ပြောမှ ဖြစ်မယ်"

"ပြောပါလေးလေး ကျွန်တော် လေးလေးစားစား လိုက်နာပါ့မယ်"

"ဒါဆိုမှတ်ထား ဆိုင်ကယ်စီးရင် မဖြစ်မနေ လိုက်နာရ မယ့် အချက်တွေက

**(၁) ဆိုင်ကယ်ဦးထုတ်ဆောင်းရမယ်**

**(၂) ဦးထုတ်မေးသိုင်းကြိုးတပ်ရမယ်**

**(၃) ကျစ်လစ်တဲ့ အဝတ်အစားဝတ်ရမယ်**

**(၄) စီးသူရဲ့ ဒူးခေါင်း ဆီတိုင်ကီနဲ့ ကပ်ထားရမယ်**

**(၅) ဆိုင်ကယ်စီးဘိနပ်ကို စီးရမယ်**

**(၆) ဆိုင်ကယ်မှာ နောက်ကြည့်မှန်ပါရမယ်**

**(၇) အချက်ပြမီးပါရမယ်**

**(၈) ရှေ့မီးကြီးပါရမယ်**

**(၉) ဘရိတ်ကောင်းရမယ်**

**(၁၀) ကြိုးပါတဲ့ ကောင်းမွန်တဲ့ တာယာဖြစ်ရမယ်။**

အဲဒီ (၁၀)ချက် ပြည့်စုံဖို့ လိုတယ်၊ တစ်ခုခု အားနည်းရင် အသက်အန္တရာယ်နီးပြီလို့မှတ်ပေါ့"

"ကျွန်တော် . . အမေ့ကို အကြာကြီးလုပ်ကျွေး ချင်သေးတယ်၊ အန္တရယ်ကင်းအောင် လေးလေးစကားကို နာခံဆောင်ရွက်ပါ့မယ်၊ "

"သာမုခေါ်ပါတယ် . . မောင်ရာ၊ အဲဒီစည်းကမ်း တွေကို လူတိုင်းက ဦးနှောက်ထဲမှာ မှတ်ထား လိုက်နာကြရင် မိမိအတွက်ရော မြို့တော်ကြီး အတွက်ရော ဘယ်လောက် နှစ်သက်ဖွယ်ဖြစ်လိမ့်မလဲ။ စည်းကမ်းဆိုတာ လူတိုင်းအတွက်ပဲ။ အုပ်ချုပ်သူက လူတိုင်းလိုက်နာရမယ့် စည်းကမ်းကို တစ်ယောက်ချင်း မလိုက်နာ လိုက်နာအောင် လုပ်ရမယ်ဆိုရင် မောင်ရာ တို့နိုင်ငံမှာ လူကြီးရေ သန်း (၆၀)နီးပါးရှိတယ်။ အုပ်ချုပ်သူတွေ နိုင်ငံတော်အတွက် အခြားအလုပ်တွေ လုပ်ဖို့ ဘယ်အချိန် ရတော့မလဲ။ အားလုံးဝိုင်းလုပ်ရမယ်။ နိုင်ငံသားတိုင်း စည်းကမ်းမှန်သမျှ လိုက်နာကြရင် နိုင်ငံတိုင်းတိုးတက်ကြမှာပဲ"

"လေးလေး ပြောတဲ့စကားက ကုသခြင်းထက် ကာကွယ်ခြင်းက ပိုထိရောက်တယ် ဆိုတဲ့သဘောလား"

"မှန်လိုက်လေ မောင်ရာ၊ လူတိုင်း တာဝန် သိသိ . . . စည်းကမ်းရှိရှိ နေကြထိုင်ကြ၊ ရှာဖွေစားသောက် ကြရင် ထောင်တို့ အချုပ်တို့၊ ရဲစခန်းတို့မှာ ပြစ်ဒဏ်ကျသူ ဘယ်ရှိတော့မလဲ အချိန်ကုန်စေမယ့် စောင့်ကြည့်၊ စောင့်ဖမ်း ရတဲ့ အပိုအလုပ်တွေ၊ မြေပြေးတမ်းလို တုတ်စီးတိုးသလို ရယ်စရာအလုပ်တွေ နည်းသွားမယ်၊ နည်းသွားရင် အခြားဖွံ့ဖြိုး တိုးတက်မယ့် လုပ်ငန်းတွေမှာ တာဝန်ရှိသူက အချိန်ပို ပေးနိုင် တာပေါ့ . ."

"လေးလေး ပြောသလိုဖြစ်ရင်တော့ ကောင်းတာ ပေါ့"

"ဖြစ်တာ မဖြစ်တာပြောနေမယ့်အစား၊ ဖြစ်အောင် နိုင်ငံသားက ကြိုးစားရမယ်၊ မကြိုးစားဘဲ စည်းကမ်း မဲ့သူ၊ တာဝန်မသိသူတွေများလာရင် ကမ္ဘာပျက်လိမ့်မယ်။ ဒါသေချာတဲ့ အဖြေပဲ"

"လေးလေးဘာကြောင့် ပြောနိုင်တာလဲ"

"ပြောနိုင်တာပေါ့ မောင်ရဲ့၊ ကမ္ဘာမှာ လူဦးရေ သန်း

(၆၀၀၀)ကျော်ပြီလို့ အဆိုရှိတယ်။ အဲဒီအထဲမှာ မြန်မာက သန်း(၆၀)နီးပါးရှိတယ်၊ အဲဒီလူအားလုံး တာဝန်မသိ၊ စည်းကမ်း မရှိရင် ဥပဒေစည်းကမ်းကို ရိုသေရမှန်း လေးစားရမှန်း မသိတော့ရင်၊ ဗိုလ်ကျချင်တဲ့ စိတ်တွေဝင်ပြီး ကြီးနိုင် ငယ်ညှဉ်းဖြစ်ကုန်မှာပေါ့။ ထောင်တွေ အချုပ်တွေ ပြည့်လျှံ နေမှာပေါ့ ခု ဘာလို့ မဖြစ်တာလဲ ဆိုတော့၊ စည်းကမ်းရှိတဲ့ . . တာဝန်သိတဲ့ လူတွေ ရှိနေသေးလို့ပဲ"

"မောင် စောစောက ပြောတဲ့စကားထဲမှာ ပါတယ်လေ၊ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုထိရောက်တယ် ဆိုတဲ့ စကားလေ။ ဒီကနေ့ကာလ ဆောင်ရွက်တာက မီဒီယာနည်းနဲ့ ကာကွယ်ခြင်းပဲ။ နိုင်ငံသားတိုင်း ကိုယ့်အသိနဲ့ကိုယ် စည်းကမ်းရှိကြရင် ပိုမကောင်းပေဘူးလား မောင်"

"လေးလေးက. . ကျွန်တော် နားလည်အောင် ပြောပြပါဦး"

"ဦးတို့ စပြောခဲ့တာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နော် စည်းကမ်းက အရာရာကို ထွန်းပြောင်စေတယ် မောင်. ."

"ဥပမာ" မြန်မာ့သမိုင်းကို ပြန်ငဲ့ကြည့်ရအောင်. . ခေတ်မီ လက်နက်တွေမရှိခင်က မြန်မာတွေ နယ်ချဲ့ကို ပြည်တွင်းပြည်ပရန်သူကို အဓိက ဘာနဲ့တိုက်ခဲ့လဲ"

"ဓားနဲ့ပါ လေးလေး"

"ဓါးကိုဘာနဲ့ကိုင်လဲ"

"လက်နဲ့ပေါ့"

"အေး. . လက်နဲ့ကိုင်တာ၊ ဒါပေမယ့် ရန်သူကို တိုက်ဖို့ ဓားကိုင်ရမယ့်လက်က အင်္ဂါစုံမှ ဖြစ်မယ်၊ လက်ဆိုတာ လက်မ၊ လက်ညှိုး၊ လက်ခလယ်၊ လက်သူကြွယ်၊ လက်သန်း ဆိုပြီး (၅)ချောင်းရှိရမယ်၊ ဒါ သဘာဝ စည်းကမ်းပဲ၊ လိုနေရင် အင်္ဂါမစုံ၊ ပိုနေရင် သဘာဝမဟုတ်

လိုရင်ဖြစ်ဖြစ် ပိုရင်ဖြစ်ဖြစ် "ဆောင်ဓား" "တိုက်ပွဲဝင်ဓား" "အိမ်သုံးဓား" ဘယ်ဓားမှ ထိထိမိမိ ပိုင်ပိုင်နိုင်နိုင် မကိုင်နိုင်ဘူး။ ရန်သူကိုလည်း ထိထိရောက်ရောက် တိုက်နိုင်မှာ မဟုတ်ဘူး။လက်ငါးချောင်း ကလည်း သူ့နေရာ သူ့တာဝန် ကျေရမယ်၊ မဖွံ့မဖြိုး၊ ကြုံလှီ ကြီးထွား သဘာဝစည်းကမ်း လွန်လို့မရဘူးမောင်၊ ဆောင်ဓား ကိုင်တဲ့လက် နိုင်ဖို့လိုတယ်၊ သဘာဝစည်းကမ်းအတိုင်း အင်္ဂါစုံဖို့လိုတယ်၊ ဒါဆို ည်မှန်းချက်ပေါက်ဖို့ သေချာပြီပေါ့ မောင်"

"ကောင်းလိုက်တဲ့ ဥပမာ လေးလေးရာ. . ဒါဆို. . ကျွန်တော့် အတွေးပေါ်လာတာလေးကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ယှဉ်ပြီး ပြောကြည့်လို့ ရမလား"

"ရတာပေါ့. . . ခေါင်းထဲရောက်တဲ့အသိ၊ ဦးနှောက်က နှန်ကြားတဲ့အဖြေ. . မှန်ကန်ရင်. . တန်ဖိုးရှိလာတာပေါ့"

"ကျွန်တော် စဉ်းစားမိတာက. . . လက် (၅)ချောင်း ဥပမာပါလေးလေး"

"အေး. . ပြောလေကွာ"

- နိုင်ငံပိုင်ဖြစ်စေ. . ပုဂ္ဂလိကပိုင်ဖြစ်စေ. . ပိုင်ရှင်က လက်တစ်ချောင်း၊
- ယာဉ်မောင်း၊ ယာဉ်နောက်လိုက်က လက်တစ် ချောင်း၊
- လမ်းပမ်းလုံခြုံချောမွေ့အောင် ဆောင်ရွက်သူ များက လက်တစ်ချောင်း၊
- ယာဉ်နဲ့လမ်းအသုံးပြုနေတဲ့ လူတွေက လက် တစ်ချောင်း၊
- အုပ်ချုပ်လမ်းညွှန်ကြတဲ့ တာဝန်ရှိသူတွေရဲ့ ထုတ်ပြန်တဲ့စည်းကမ်းတွေက လက်တစ်ချောင်း၊

"အဲဒီ လက်(၅)ချောင်း. . . တာဝန်ကိုယ်စီ. . စည်းကမ်းရှိရှိ

သတိကောင်းကောင်းနဲ့ စွမ်းဆောင်ကြ ရင် သိပ်ကောင်း မှာပဲနော် လေးလေး. ."

"မောင့်ဦးနှောက်က ပြန်ကြားတဲ့အဖြေ၊ မောင့်အတွေး က ပိုလို့တောင် ကောင်းသေးတယ်"

"လေးလေးနဲ့စကားပြောရတာ. . ကျွန်တော့် အတွက်တော့ ဗဟုသုတတွေ အများကြီးရတယ် လေးလေး ရာ. . နံနက်(၆)နာရီကျော်ပြီ လေးလေး. . ကျွန်တော် လိုက်ပို့ရတော့မလား. . စကားပြောရတာ. . အားမရ သေးဘူး. . . လေးလေးရာ"

"အေး. . အေး။ သွားကြမှ ထင်တယ်၊ ဦးရဲ့ မိတ်ဆွေ ဆရာဦးဟန်ညွန့်တို့ မိသားစုက ဦး ရောက်သင့်ချိန် မရောက်လို့ လမ်းမှာတစ်ခုခုများဖြစ်နေမလားလို့ စိတ်ပူနေကြရော့မယ်"

"လေးလေးကို ကျွန်တော် တစ်ခုလောက် တောင်းဆို ချင်ပါတယ်၊ ခွင့်ပြုပေးပါလေးလေး"

"ဘာများတုံး"

"အစည်းအဝေးပြီးချိန် လေးလေးကို ကျွန်တော်လာကြို ပါရစေ၊ လေးလေးသွားချင်တဲ့နေရာတွေ အနှံ့ပို့ပေးပါ့မယ်၊ အချိန်ပိုလေးရရင် လေးလေးနဲ့ စကားပြောချင်သေး လို့ပါ"

"ရပါတယ်၊ ဦးက အစည်းအဝေးပြီးရင် ရန်ကုန်ကို ဒီညပဲ ပြန်မှာ၊ ကားလက်မှတ်ကိုတော့ အခြေအနေကြည့်ပြီး ရရာလက်မှတ်၊ ရရာခုံဝယ်ပြီး စီးမှာလေ။ မောင့်ကိုလည်း လုပ်အားခ ထပ်ပေးပါ့မယ်"

"ကျွန်တော် လုပ်အားခထပ်လိုချင်လို့၊ ခွင့်တောင်းတာ မဟုတ်ပါဘူး၊ လေးလေး လေးလေးနဲ့ စကားပြောချင်တာ တစ်ခုပါ၊ အမေ့အတွက် နေ့စဉ်ပေးနေကျ ငွေ ၅၀၀၀ဝ လေးလေးဆီက ရပြီမို့ ကျွန်တော် ထပ်ရမယ့် ဝင်ငွေကို ပေါ့ပေါ့ပါးပါး သက်တောင့်သက်သာ

ရောက်လို့ရပါပြီ။ အဓိကတော့ အမေ့ကို တစ်နေ့ ၅၀၀၀ိ ပေးချင်တဲ့ ကျွန်တော့်ဆန္ဒ ပြည့်ပြီ လေ. . . လေးလေးရေ၊ လေးလေးကို လာကြိုမယ့် အပြန်ခရီး အတွက် လေးလေးမပေးလဲ ရတယ်။ ပြန်ကြားရေးဝန်ကြီးဌာနရုံး ကနေ နေပြည်တော် မြို့မဈေး အဝေးပြေးကို ဆိုင်ကယ် ကယ်ရီခ ၁၅၀၀ိ/- ၂၀၀၀ိ/- ပဲကျတယ်။ လေးလေးက ပေးရမှ ဒိတ်ချမ်းသာမယ်ဆိုရင် ၁၅၀၀ိ ပဲပေး။ ဒါပေမယ့် ဒီနေ့ညနေစာ ထမင်းကို ကျွန်တော်ဧည့်ခံတာ လေးလေးက လက်ခံပေးရမယ်။ ဘာကြောင့်လည်း ဆိုတော့ ရန်ကုန်ကို ထွက်မယ့်ကားတွေက ည (၇)နာရီလောက်မှ ထွက်ကြတာ များတယ်လေ၊ ပိုနေတဲ့ အချိန် လေးလေး ဘယ်သွားချင် သေးလဲ၊ အခမဲ့ အနှံ့လိုက်ပို့ ပေးမယ်"

"ကောင်းပါပြီတဲ့ဗျာ၊ ခန့်မှန်းအချိန် မွန်းလွဲ(၂)နာရီ လောက် လာကြိုလာစောင့်ပေါ့။ အစည်းအဝေး စောပြီးလည်း ဦး စောင့်နေမယ်။ တွေ့ကြတဲ့အခါ အချိန်ပိုသမျှမှာ အချိန်ရသလောက် "ဦး"ကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့ စက်တပ်ယာဉ်တွေနဲ့ မတော်တဆ အန္တရာယ်ကြုံခဲ့ မှုတွေထဲက အမှတ်တရအချို့ ပြောပြမယ်. . "

"ဝမ်းသာလိုက်တာ. . . လေးလေးရာ"

"ဒါနဲ့နေပါဦး မောင့်နာမည်က. . "

"ကျွန်တော့် နာမည်က "မောင်မောင်"ပါ။ ဒါပေမယ့် နေပြည်တော် (ပျဉ်းမနား)မှာတော့ "အမေ့ကိုချစ်တဲ့ အမေတူသား ကယ်ရီသမားလေးဆို ပိုပြီးသိကြပါတယ် လေးလေး"

ကျွန်တော်က ကျွန်တော့် လိပ်စာကတ်လေးကမ်း ပေးလိုက်မိ သည်။

ရွှေ့နေချုပ်ရုံးအရာရှိရိပ်သာရှိရာသို့ ခရီးဆက်ကြတော့ "အမေတူသား"မောင်မောင်ရဲ့ ဆိုင်ကယ်စက်ရှိန်က သဘာဝ လေကို

အေးအေးလူလူရှုပြီး သဘာဝအလှတွေ ရှုခင်းတွေကို လေ့လာရေး ထွက်ခဲ့ရသည့်နှယ် ရှိလှသည်။ လမ်းကကောင်း၊ မောင်းပုံကညင်သာ၊ သာယာတဲ့ နေပြည်တော် မျှော်မဆုံး အားလုံး လှနေပါရော့။

* * *

ကျွန်တော်သည် ၁၉၈၈ ခုနှစ် အရှေ့ပိုင်းကာလက မရမ်းကုန်းမြို့နယ် ပြည်သူ့ကောင်စီဝင်အဖြစ် (လုံခြုံစီမံ) တာဝန်၊ (တရားသူကြီးအဖွဲ့ဝင်တာဝန်)စသဖြင့် (၈)နှစ်ခန့် တာဝန်ထမ်းဆောင် ပါသည်။ လုံခြုံစီမံတာဝန် ထမ်းဆောင် စဉ်ကရော၊ တရားရေး အဖွဲ့(၁)တွင် တရားသူကြီး အဖွဲ့ဝင်အဖြစ် တာဝန်ယူစဉ်က မော်တော်ယာဉ်ဆိုင်ရာ အမှုပေါင်း မြောက်များစွာ စစ်ဆေးအရေးယူ ပေးခဲ့ရမှုများ ရှိခဲ့ပါသည်။ အဆိုပါ အမှုများအား အစုအဖွဲ့ချကြည့်သော အခါ

(က) ယာဉ်ပိုင်ရှင်များဖက်က အားနည်းချက်ကြောင့် လည်းကောင်း

(ခ) ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ အားနည်း ချက်ကြောင့်လည်းကောင်း

(ဂ) မော်တော်ယာဉ်လမ်းပိုင်ဆိုင်ရာ အားနည်းချက် ကြောင့်လည်းကောင်း

(ဃ) ယာဉ်နှင့်လမ်း အသုံးပြုနေသူ ပြည်သူများရဲ့ အားနည်းချက်ကြောင့်လည်းကောင်း

(င) လမ်းညွှန်ပညာပေးမှု၊ အုပ်ချုပ်မှုကို ယာဉ်/ လမ်း အသုံးပြုသူတို့ လိုက်နာမှု အားနည်းချက် ကြောင့် လည်းကောင်း

ဟူ၍ တွေ့ရပေသည်။

"ယာဉ်ပိုင်ရှင် မှန်သမျှ ယာဉ်ကြံ့ခိုင်ရေးကို နာရီမလပ် ပြုပြင်ပေးဖို့ လိုတယ်"

ကျော်တက်ပြိုင်မောင်း၊ အရှိန်ပြင်း၊ မှိုင်နှုန်းပို- မျက်နှာခြင်းဆိုင် ...ိုက်မှုဖြစ်သည်။ သေကြ၊ နာကြသည်မှာ မြင်မကောင်း. . . ...ဖြစ်စဉ်သည် ကား ကားခြင်း အပြိုင်မောင်းရာမှ ဖြစ်ခြင်းအမှုဖြစ်သည်၊ ...ာဉ်နောက်လိုက်က မြှောက်ပေး၊ ယာဉ်မောင်းက ပြိုင်မောင်း. . ...နီးသည်က ဘုရားတသူတ၊ သေဘေးမမြင်သူ တွေက. . သဘောကျ၊ ...ယ်ဆင့်မြှောက်ပေး. . ဒုန်း. . ဒိုင်းဆိုတော့. . အသက်ပျောက်သူ ...ောက်. . ဆေးရုံ ရောက်သူ ရောက်ကြရ တော့သည်

"ယာဉ်မောင်း၊ ယာဉ်နောက်လိုက်တို့ နာရီမလပ် ...ည်းကမ်းလိုက်နာဖို့လိုပါတယ်"

"ယာဉ်သွားလမ်းများ အစဉ်ကောင်းမွန် နေဖို့ လိုပါ တယ်"

ယာဉ်နှင့်လမ်းအသုံးပြုသူ ပြည်သူများ စည်းကမ်းလိုက်နာမှု ...ျော့နည်းခြင်းကြောင့် ဖြစ်သည်။ အချို့ မဆင်မခြင် လမ်းဖြတ်ကူးခြင်း၊ ...ရွယ် မရောက် ကျောင်းသူ-ကျောင်းသားလေးများ၊ အခြား ...လေးငယ်များ၊ အုပ်ထိမ်းသူမပါ ဖြတ်ကူးခြင်း၊ စွန်လိုက်၊ စွန်လွှတ်ခြင်း၊ ...ာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာ မိခြင်း၊ အရှိန်ဖြင့် လာသော ...တော်ယာဉ်အား မထီမဲ့မြင် ဖြတ်ကူးခြင်း၊ ယာဉ်မောင်းအား ...ကြစေရန် မြှောက်ပင့် ပြောဆို. . အမြန်မောင်းခိုင်းမှုတို့ကြောင့် ...ကြရသည်ကို တွေ့ကြရသည်။

"စစ်တပ်ယာဉ်မှန်သမျှကို မထီမဲ့မြင်မပြုသင့်၊ ဂရုပြုကာ ...ည်းကမ်းလိုက်နာသင့်တယ်"

သက်ဆိုင်ရာအုပ်ချုပ်သူ လမ်းညွှန်မှုပြုသူများ၏ လမ်းညွှန်မှု ညွှန်ကြားချက်စည်းကမ်း များအား မလိုက်နာမှုတို့ကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ခဲ့ကြရသည်။ လမ်းညွှန်မှုများကို တာဝန်ရှိသူများက မီဒီယာနည်းဖြင့် လည်းကောင်း ညွှန်ကြားချက်ဖြင့် လည်းကောင်း၊ ယာဉ်ထိန်းများ၊ မီးပွိုင့်များ၊ လမ်းအမှတ် အသားဖြင့် လည်းကောင်း၊ ထုတ်ပြန် ဆောင်ရွက်ပေး နေသော်လည်း ယာဉ်နှင့်လမ်း အသုံးပြုသူတို့ လိုက်နာမှု အားနည်းခြင်း၊ အလေးဂရုမပြုခြင်းတို့ ဖြစ်သည်ကို တွေ့ရပေသည်။

**"စည်းကမ်းနှင့်သတိ လူတိုင်းတွင်ရှိသင့်ပါတယ်"**

မောင်မောင်က တလေးတစား နားထောင်နေရာမှ ပြောသည်။

"လေးလေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အတွေ့အကြုံ အတော်များများရှိတာယ်နော်။ လေးလေးနဲ့ စကားပြောရတာ ကျွန်တော့်အတွက် အများကြီး ဗဟုသုတရပါတယ်။ မနက်က ကျွန်တော်ပြောမိတဲ့ စည်းကမ်းက စာထဲမှာပဲ ရှိတာပါဆိုတဲ့ စကားကို တောင်းပန် ပါတယ် လေးလေး"

"ရပါတယ်မောင်၊ အခုက မောင်ရတဲ့ ဗဟုသုတကို တစ်ယောက်မက ဆင့်ပွားနိုင်အောင် ကြိုးစားပေါ့"

"စိတ်ချလေးလေး၊ ကျွန်တော်နဲ့ ဆက်နွယ်နေတဲ့ လမ်းအသုံးပြုသူ၊ ယာဉ်အသုံးပြုသူတွေကို ရှင်းပြမှာပါ။ ကျွန်တော်တို့ မနက်တုံးက ပြောကြတဲ့စကားတွေထဲမှာ ဥပဒေ စည်းကမ်းဆိုတာ မည်သူ့မဆို အတူတူပဲဆိုတဲ့ လေးလေး ပြောတဲ့စကားနဲ့ ပတ်သက်ပြီး ကျွန်တော်စိတ်ထဲ ခုလိုးခုလု ဖြစ်နေတာလေးတစ်ခု မေးကြည့်ချင်လို့ပါ"

"မေးလေ. . ဦး ကြိုးစားပြီးဖြေပေးပါမယ်"

"ကျွန်တော်လည်း စာဖတ်ဝါသနာပါပါတယ်. . မြန်မာစာ

ရထားပါတယ်၊ စာရေးဆရာကြီးတွေ၊ စာရေးဆရာမကြီးတွေနဲ့ စာပေပညာရှင်တွေကို လေးစားတဲ့ သူပါ၊ ကျွန်တော်လေးစားရတဲ့ စာရေးဆရာကြီးတွေထဲမှာ . . နိုင်ငံကျော် စာရေးဆရာကြီး ဦးဌေးမောင်လည်း ပါပါတယ်၊ ဆရာကြီးဦးဌေးမောင်ကို နိုင်ငံတော်က ဂုဏ်သက်တာ အမျိုးသား စာပေဆု ချီးမြှင့်ဖို့ ရွေးချယ်လိုက်တဲ့ သတင်း ဓာတ်ပုံကြီးနဲ့တကွ သတင်းစာမှာ ဖော်ပြထားတာကို ဖတ်မိတော့ ကျွန်တော့်မှာ ဝမ်းသာဂုဏ်ယူလိုက်ရတာ သတင်းစာထဲက ဆရာကြီးဓာတ်ပုံက ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီး ပီသည်းဖြစ်တော့ အသက် (၈၀)ကျော် မျက်မှန်ထူထူကြီးနဲ့ ခန့်လိုက်တာလို့ ဖြစ်ရသေးတယ်။ ဒါပေမယ့် အဲဒီသတင်း ကျွန်တော် ဖတ်မိတဲ့နေ့မှာပဲ ကိုန်မြို့ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်းပေါ် ရှိ ယာဉ်စည်းကမ်း၊ စည်းကမ်း၊ ထိမ်းသိမ်းရေးအဖွဲ့ ရိမ်းဂျားကားကြီးပေါ်မှာ ဖြစ်ရှိသူတစ်ဦး အနေနဲ့ ဆရာကြီးကို တွေ့လိုက်ရတော့ . . ထဲခံစားလိုက်ရ တာ လေးလေးရာ"

"မောင့်မေးခွန်းက . . . သံယောဇဉ် ကရုဏာသံ ပါနေတယ်၊ သင်ပြောမယ်နော် . . မောင်က မျက်စိအမြင် လွန်စွာအားနည်းလို့ ကူးမှားမိတယ်ထင်တဲ့ ဆရာကြီးကို အသက် (၈၀)ကျော် ကန်တော့ခံ ကြီးစာပေ ပညာရှင်ကြီး၊ နိုင်ငံတော်က အမြင့်ဆုံးစာပေဆု သက်တာ အမျိုးသား စာပေဆုနှင့် အမျိုးသားစာပေဆုများရှင် ကြီး တစ်ယောက်ကို လမ်းစည်းကမ်းမလိုက်နာလို့ အရေးယူတဲ့သူ ဝ်နဲ့ မသတ်မှတ်ဘဲ နားလည်ခွင့်လွှတ်ပေးစေချင်တာ ဖြစ်လိမ့်မယ် ဘယ်"

"ကျွန်တော်ပြောချင်တာက အရွယ် မရောက် သေးတဲ့ လေးတွေကို စောင့်ရှောက် ကူညီ သလိုမျိုး အသက်ကြီးရွယ်အိုတွေကို စောင့်ရှောက် ကူညီ စေချင်တာပါ"

"မောင် . . ဦးပြောတဲ့စကားမေ့သွားပြီထင်တယ် . . ငါးချောင်းလက် ပမာထုံး နှလုံးမူ . . ဆိုတဲ့ စကားလေ . . ကလေးမှစ အရွယ်စုံ သက်ကြီးရွယ်အိုတွေ ယာဥ်အသုံးပြုသူ တွေ . . လမ်းအသုံးပြုသူတွေအနေနဲ့ . . ဥပဒေစည်းကမ်းကို . . တာဝန် ကိုယ်စီ ကျေကြရင် . . မောင်ခံစားနေရတဲ့ သောကအပူ အေးသွားမှာပါ"

"လေးလေးကတော့ . . ဘာကိုဖြေဖြေ . . သတိရှိဖို့ စည်းကမ်းရှိဖို့တွေကို . . အဓိကထားပြီး ဖြေတယ်နော်"

"ဘယ်တော့မှ မရိုးနိုင်တဲ့ . . အမြဲတမ်းမှန်နေစေမယ့်၊ အဖြေနဲ့ ရလဒ်ကောင်းပေးနိုင်တာ . . သတိရှိခြင်း၊ စည်းကမ်းကောင်းရှိခြင်းတွေ ပါပဲ . . လုပ်ကြည့်ပါ၊ စမ်းကြည့်ပါ၊ ရလဒ်ကောင်းရစေမှာပါ"

"ကျွန်တော့်ကို . . တစ်ခုခု၊ မှတ်မှတ်ရရ စကားလေး လက်ဆောင်ပေးပါဦး . . လေးလေး"

"ကိုယ့်ပယောဂကြောင့် သူ့အသက်မသေစေနဲ့ . . သတ္တဝါမှန် သမျှ အသက်ပိုရှည်စေဖို့ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ သတိမပြတ် ဆောင်ရွက်ပါ၊ ကံငါးပါး လုံနိုင်ရင် ပိုကောင်းတယ်။ **ကောင်းတဲ့ စိတ်ကိုမွေး၊ ကောင်းတဲ့ အကြံကိုကြံ၊ ကောင်းတဲ့စကားကိုပြော၊ ကောင်းတဲ့ အလုပ်ကိုလုပ် . .**"

"ကျေးဇူးပါပဲလို့ . . ထပ်ပြောပါရစေလေးလေး"

"ဟော . . ရန်ကုန်ထွက်မယ့်ကား . . ရောက်လာပြီ ဦး . . သွားတော့မယ်မောင် . ."

"တစ်နေ့နေ့ . . ပြန်ဆုံပါရစေလေးလေး"

"ကောင်းပါပြီဗျာ"

* * *

# ဘာကိုလုပ်လုပ် ကိုယ်ချင်းစာစိတ်နဲ့လုပ်

ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ဟု. . ဆိုစကားရှိပါ သည်။ အကယ်၍ စာရေးသူအား. . မသူတော်စာရင်း သွင်းလိုက သွင်းနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ယခုစာရေးသူတင်ပြမည့် အကြောင်းအရာလေး မတင်ပြမီ မိမိအကြောင်း စတင်ပြောမှဖြစ်မည်မို့ ကြိုတင်တောင်းပန်ရခြင်း ဖြစ်ပါသည်။

စာရေးသူ ကလေးဘဝ (၁၀)နှစ်ဝန်းကျင်က သူ့ အသက်အား သေစေလိုသော ဆန္ဒဖြင့် ဒေါသရှေ့ထား မှားခဲ့ဖူး သည်။

ကျေးလက်နေ စာရေးသူ၏ အစ်မငယ် အပျိုမလေး က. . ဒေသအလေ့အထအတိုင်း မိမိအိမ်အတွက် "သက်ငယ် (အိမ်မိုး သက်ငယ်)ဖြစ်နေစဉ် အားကောင်း မောင်းသန် အိမ်မွေးတိရစ္ဆာန် ခွေးကြီးက အရှိန်ဖြင့် ပြေးလာပြီး အစ်မငယ်ကို ကျော်လွှားပြေးစဉ် အစ်မငယ်မျက်နှာ စုတ်ပြဲပြီး သွေးများ ယိုစီးနေသည်ကို မြင်မိသော စာရေးသူသည် ဒေသအလျောက် အိမ်များတွင်ရှိတတ်သော အိမ်သုံးဓါးချွန်အား ဆွဲယူပြီး အစ်မငယ်မျက်နှာထိခိုက်ပျက်စီးစေအောင် ခုန်ကျော်ပြေးသွား သော ခွေးကို မရအရ တွေ့အောင်ရှာပြီး ဓါးချွန်ဖြင့် ထိုးခဲ့ဖူးသည်။

ခွေး၏ ဗိုက်ထဲမှ သွေးများယိုစီးသည်ကို မြင်တွေ့ ရတော့ ဘဒင်တွင် အကျေနပ်ကြီး ကျေနပ်သလို ခံစားလိုက်ရ သည်။

သိပ်မကြာပါ။ ခွေးကြီးအသက်ငင်နေသည်။ မချိမဆန့် ခံစားနေရသည်ကို တွေ့ရသည်။ ခွေးကြီး အသက်ငင်ပြီး အချိမဆန့် ခံစားနေသည်ကို သေသေချာချာ ကြည့်မိလေ မိမိရင်ထဲ တစ်စုံတစ်ခု ခံစားနေရသလို၊ ကြေကွဲ ဝမ်းနည်း၊ စိတ်မကောင်းဖြစ်နေမိသလို ဖြစ်လာလေလေ။

ကလေး အရွယ်မို့ တရားသဘောအသိမရှိပါ။ မိရိုးဖလာ ဗုဒ္ဓဘာသာ ဖြစ်သည်မို့ ငါးပါးသီလကို အလွတ် ဆိုနိုင်သည်။ အဓိပ္ပါယ်ကို မပီမပြင် သိသည်၊ ထိုထက်မပိုချေ။

ထူးခြားသည်မှာ ယခုအခါ တတိယအရွယ်တန်း ရောက်လာပြီအထိ ထိုမြင်ကွင်း မမေ့နိုင်၊ မပျောက်နိုင်သေး ဖြစ်နေသည်။

ကိုယ့်ဂုဏ်ကိုယ်ဖော်ပြပါတော့မည်။ ထိုစဉ်မှစ၍ ယနေ့တိုင် မှက်ခြင်ယင်မှ အစ သူ့အသက်မှန်သမျှကို သေစေလိုသော ဆန္ဒဖြင့် မသတ်ဖြစ်အောင် ထိန်းသိမ်းနိုင်ခဲ့ သည်။ မိမိအစားအသောက်အတွက် ခုံမင်သော ဟင်းလျာ အဖြစ် ကြိုတင်မှာကြားစားသောက်လေ့မရှိ များသောအားဖြင့် သားကြီးငါးကြီးမစား လူနှင့် အခြား သတ္တဝါတို့ အသက်ရှည် နိုင်သမျှ ရှည်စေရန် မိမိခန္ဓာမှ သွေးလှူသည်၊ သွေးလှူရှင် ရှာပေးသည်။ သတ္တဝါတို့အတွက် တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ကုသပေးသည်။

သတ္တဝါတို့၏ အသက်ကို ရင်း၍ စီးပွားမရှာ၊ မိမိနေ့စဉ် နံနက်စာ၊ နေ့လည်စာ၊ ညစာအတွက် စားရန် ပြင်ဆင်ပေးထား သော ဟင်းလျာကိုပင် သတ္တဝါတို့အား ခွဲဝေကျွေးတတ်သည့် အလေ့အကျင့်က အလိုလိုရောက်ရှိ နေသည်။

ထို့ကြောင့်ဟုပင်ထင်သည်။ စာရေးသူ၏ အိမ်တွင် မမွေးပါဘဲနှင့် သဘာဝတိရစ္ဆာန်တို့ ရောက်နေတတ်သည်။

စာရေးသူ၏ နေအိမ်နှင့်ခြံအတွင်းရှိ သစ်ပင်များတွင်

ကျေးငှက်မျိုးစုံရှိနေသည်။ နွေဆို ဉသြတို့ပင် တွန်သံကြား ရသည်။ ကြောင်ကလေးများ (၉)ကောင်အထက် ရှိနေတတ် သည်။

စာရေးသူတို့နေထိုင်ရာ နေအိမ်ခြံမြေသည် လမ်းမကြီးနှင့် လမ်းကြား ထောင့်ကွက်ဖြစ်၍ ရေမြောင်း (၂)ဖက်ရှိသည်။ ထိုရေမြောင်း "နွေ"ရေမခန်းအောင် (၂)နှစ် တစ်ကြိမ် ငွေကျပ်(၅)သောင်းမှ (၁)သိန်းအထိ အကုန်အကျခံ "ရေမြောင်း ဖော်ထုတ်ခတ်"ပြီး ရေလှောင်ပေးသည်။

မသေသင့်သော ရေနေ၊ မြွေ၊ ဖား၊ ငါး အခြားသတ္တဝါ တွေ အသက်ရှည်နိုင်သမျှ ရှည်စေလိုသော ဆန္ဒကြောင့် ဖြစ်ပါသည်။

စာရေးသူတင်ပြလိုသော အဓိကအချက် ရောက်ပြီ ဖြစ်ပါသည်။ အဆိုပါရေမြောင်းဘောင်ပေါ်တွင်

**"သူ့အသက် သတ်ခြင်းအား ရှောင်ကျဉ်ရာ၏"**

**"ဘာကိုလုပ်လုပ်. . ကိုယ်ချင်းစာစိတ်နဲ့လုပ်"** ဟူသော စာသားကို (A4)စက္ကူတွင် ကွန်ပျူတာဖြင့် စာလုံးများ ထင်ထင်ရှားရှားစီ၊ လက်စတစ်လောင်းပြီး အရွက် (၃၀) လောက် ရေမြောင်းတုတ်ခတ် ဘောင်တိုင်တွင် သံနှင့်ရိုက်ပြီး ကပ်ထားပေးပါသည်။

အဘယ်ကြောင့်ဆိုသော် မိမိငယ်စဉ်က မိုက်မှားမိသော အမှားမျိုး တစ်ပါးသူများ မမှားမိစေလို၍ ဖြစ်သည်။

မိမိနှင့် မိမိ မိသားစုက သတ္တဝါတွေ အသက်ရှည်နိုင် သမျှ ရှည်စေရန် ရေမြောင်းဖော်ထားသဖြင့် ရေနေသတ္တဝါတို့ ပျော်နေလိုက်ကြသည်မှာ ကြည်နူးဖွယ်ကောင်းလှသည်။

သို့သော် ထိုသတ္တဝါတို့အား ဘတ္တရီရှော့ရိုက် စနစ်ဖြင့် လာရောက်သတ်ဖြတ်နေသူတို့က သတ်နေကြသောကြောင့် ရှော့တစ်ချက်ရိုက်လျှင် ရေနေသတ္တဝါအချို့ မရှုမလှ သေပြီး ရေပေါ် ပေါ်လာ၊ သတ်သူတို့က အောင်နိုင်သူ ပမာ ဆယ်ယူ၊ ပလိုင်းထဲ ထည့်ယူကြသည်။

မိမိအနေနှင့် ဟန့်တားပါကလည်း အသိစိတ် နည်းသူဖြစ်နေပါက မမျှော်မှန်းနိုင်သော ပြဿနာဖြစ်နိုင်သည်၊ မိသားစုကိုပါ ကူးစက်ပါက ပို၍ မတွေးဝံ့စရာများ ဖြစ်နိုင်သည်မို့ အထက်ဖော်ပြပါ စာတမ်းများ ကပ်ထားမိခြင်း ဖြစ်သည်။

ထိုစာရွက်လေးများ ကပ်ထားခြင်းအပေါ်. . လမ်းသွား လမ်းလာ အချို့နှင့် မိသားစုက ကပ်ထားသော စာသည် **"ကောင်းသည်"** ဟု မြင်သည် ရေနေ သားငါး ဖမ်းလိုသူအချို့က **"သတ္တဝါဆိုတာ လူချွတ်မှ ကျွတ်တာ အရှုးမို့စာကပ်တာ"** ဟု မဲ့ထေမဲ့မြင်ပြောသံကို ကြားနေရသည်။ အမှန်ရှိနေသည့် မိမိစေတနာက မိမိခံစားနေရသလို မခံစားစေလို၍ ဖြစ်ပါသည်။

တစ်နေ့ စာရေးသူရုံးကအပြန် စာရေးသူ၏ စာရေးစားပွဲတွင် ထိုင်လိုက်တော့ နာရေးဖိတ်စာတစ်ခုက ကြိုနေသည်။

သေသူမှာ အသက် (၂၀)နှစ်။

ညဖက်များတွင် ကြွက်ပစ်၊ ကြွက်သတ်လုပ်ငန်း၊ မိသားစုစားဝတ်နေရေးအတွက် ငါးရှဉ့်နှင့် ရေနေသတ္တဝါတို့အား ဘက်ထရီဖြင့် လျှော့ရိုက်သတ်ဖြတ်ဖမ်းဆီးနေသူ လူငယ်လူတက် အရွယ်လေး ဖြစ်သည်။

မိမိအိမ်ကို နာရေးဖိတ်စာရောက်နေပြီဖြစ်သဖြင့်

"ဟဲ့. . ဒီကလေး ဘာရောဂါနဲ့ဆုံးတာတုန်း"ဟု မေးမိသည်။

"လျှပ်စစ်မီးပြင်ရင်း. . ဓါတ်လိုက်သေတာ"

ကျွန်တော့် မိသားစုက ဖြေသည်။

"ဘာ"

စာရေးသူနှုတ်မှ အာမေဋိတ်တစ်ခွန်း ထွက်သွားမိ သည်။

"ဘာကိုလုပ်လုပ် ကိုယ်ချင်းစာစိတ်နှင့် လုပ်နိုင်ကြပါစေ"

* * *

//

# သူ့အသက်အိုးအိမ်စီးပွား ပျက်စီးအောင်

အစ်ကို့ကို (အမှန်က ဦးလေးဖြစ်ပါသည်.. မိဘများ ကွယ်လွန်သွား၍ ကျွန်တော့်အမေက ပြန်လည်ပြုစု မွေးစားထားသောကြောင့် ကျွန်တော်တို့ မောင်နှမ (၅)ဦးစလုံးက အစ်ကိုဟု ခေါ်ကြခြင်း ဖြစ်သည်။) တစ်ချို့က လူမိုက်၊ လူရမ်းကားဟု မြင်ကြ သည်။ အမှန်က မဟုတ်မခံ မတရားလုပ်တာမခံ၊ သူ့ကို လုပ်လည်းမခံ၊ အခြားသူကို မတရားလုပ်တာတွေ့လည်း မခံဘဲ လက်တုံ့ပြန် အနိုင်ယူတတ် သည်ကို အချို့က သဘောကြသည်။

အစ်ကို့အကြောင်းတွေက ပြောပြလျှင် ယုံကြမည်ပင် မထင်၊ ကျွန်တော်တို့ ကိုယ်တွေ့မို့ ဆိုးသည်၊ ကောင်းသည်၊ ထိုနှစ်လီ သိရအောင် အကျဉ်းမျှတော့ တင်ပြချင်ပါသည်။

၁၉၅၄ ခုနှစ်ခန့်က ပြည်တွင်းစစ်တိုက်ပွဲတစ်ခုတွင် အစ်ကိုတို့ ဘပ်အဖွဲ့ အထိနာခဲ့သည်။

အစ်ကိုလည်း ဒဏ်ရာများစွာရသည်။

ခန္ဓာကိုယ်ကို ထိသောကျည်များက အသက်အန္တရာယ် မထိနိုင်သော်လည်း ရင်နှင့်ကျောတွင် ကျည်ဆံအရှိန်နှင့် သစ်ပင်မှသစ်စများ စူးဝင်နစ်မြုတ်နေ၍ ခွဲစိတ်ထုတ်ရသည်မှာ မားခွဲရာ (၂၀၂)ချက်ရှိသည်။ (၆)လလောက် ဆေးကုယူရသည်။

နောက်တစ်ကြိမ် ပဲခူးရိုးမပေါ်တိုက်ပွဲတွင် အစ်ကိုတို့ အသာစီးရသည်။ သောင်းကျန်းသူအချို့ကို အရှင်ဖမ်းလာ သည်။ ကျေးရွာကြီးတစ်ခု၏ ရွာပြင် တောအုပ် သစ်ရိပ် အောက် ရောက်မှ အရှင်လတ်လတ် ဗိုက်ခွဲသတ်သည်။ အသတ်ခံရသူ တွေရဲ့ ဗိုက်ထဲက သွေးတွေ မြင်မကောင်းအောင် ထွက်ပြီး သေပွဲဝင်ကြရသည်။

* * *

ကျွန်တော့်အမေက အသက် (၃၀)အရွယ်၊ ကလေး (၅)ယောက် မိခင်မုဆိုးမလေးအဖြစ်နဲ့ ရိုးရိုးသားသား စီးပွားရှာ လုပ်ကျွေးနေသည်။

ကျွန်တော်တို့ ခြံကြီးနောက်ဘက် သုံးဆယ်ချောင်း အနီး ရှေ့ဟောင်း(၂)ထပ်အိမ်ကြီးတွင် အစ်ကိုတို့ လင်မယားကို အမေကထားသည်။ ခြံကြီးရှေ့ဘက် မြို့ဖက်သွား "တာလမ်းနဖူး"ကို မျက်နှာမူဆောက်ထားသည့် ထပ်ခိုးပါ တစ်ထပ်အိမ် ဈေးဆိုင်လေးတွင် ကျွန်တော်တို့ နေသည်။

အမှန်တော့ ကျွန်တော့်အဖေမရှိတော့သည့် နောက်ပိုင်း အမေနှင့် ကျွန်တော်တို့ မောင်နှမ (၅)ဦး အလွန် နွမ်းပါးသွားသည်။ အမေ့ကို လိမ်ညာကြတဲ့ မိတ်ဆွေတုများ ကြောင့်လည်း ပါသည်။

အမေတို့ အဖေတို့တွေ စီးပွားရေးကောင်းခဲ့စဉ် ကျောက်မျက်ရတနာလုပ်ငန်း၊ သစ်ဝါး၊ သက်ငယ်လုပ်ငန်း ပိုင်ရှင်ကြီးများဖြစ်သည်။ အရှိကို အရှိတိုင်းဆိုရပါမူ.. အဖေ မရှိတော့သည့်အခါ အမေ့ကို နည်းအမျိုးမျိုးနှင့် လိမ်ကြသူများ ပေါ်လာသည်။ အမေဆင်းရဲသွားသည်မှာ အမှန်၊ အမေက ခပ်ညံ့ညံ့မို့

အလိမ်ခံရသည်မဟုတ် လင်ဇော သားသမီး ချစ်ဇောကြောင့် အလိမ်ခံရခြင်းဖြစ်သည်။

အလိမ်ခံရမှုအလီလီထဲမှ အချို့တင်ပြပါမည်။ အမေသည် တာဝန်နှင့် ခရီးသွားရင်း ကျွန်တော်တို့အဖေ သေဆုံးသည်ဟု အသံသဲ့သဲ့ကြားသည်။ အချို့က မသေသေး၊ ပြန်ပေးဆွဲ ခံထားရတာဟု အခိုင်အမာ ဇာတ်လမ်းဆင် ပြောသည်။ ဘယ်လောက်ပေးလျှင် တွေ့ရမည်ဟု လှည့်ဖျားကြသည်။ အမေက တွေ့ရလို တွေ့ရငြား ပေးသည်၊ လူလူချင်းလိမ်ခြင်း၊ ဗေဒင်ယတြာနည်းနှင့် လိမ်ခြင်း၊ နတ်ဟောဖြင့် လိမ်ခြင်း အစုံပါသည်။

အဓိကတင်ပြလိုသည်မှာ ကျွန်တော်တို့ ဆင်းရဲနေပါပြီ။ ကျွန်တော်တို့ မောင်နှမ (၅)ဦးအနက် အစ်မကြီးနှင့် အစ်မလေးက အိမ်ထောင်ကွဲသွား၍ အစ်ကိုလတ်၊ အစ်မငယ် နှင့် ကျွန်တော်က အမေနှင့်အတူနေ၊ အတူဆင်းရဲနေပြီ ဖြစ်သည်။ သို့သော် . . အချို့ အချို့သော လူများက "ဆင်ပိန်ကွဲ"ဟု ယူဆနေပုံရပါသည်။

အမေ့တွင် မောင်အငယ်ဆုံးရှိသည်။ အမေ့မောင် အထွေး ဦးတင်ဓါတ်က ခပ်မာမာ လုပ်ရကိုင်ရဲ သတ်ရဲ ဖြတ်ရဲသည့် တော်လှန်ရေးရဲဘော်ဟောင်းတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်တို့က အမေ့မောင်အထွေးကို အစ်ကိုဟု ထင်ပြီး အစ်ကိုဟုပင် ခေါ်ခဲ့ကြသည်။ တစ်နေ့ အစ်ကိုက . .

"မလေးမေရေ ရွာပြင်တောစပ် နတ်စင်မှာ ဓါးပြတွေ သူတို့ သေနတ် နတ်ပြနေကြတာ၊ နတ်ပြရင်း သေနတ်တွေ လဲကျသွားတယ်လို့ သတင်းရတယ်၊ အဲဒီဓါးပြတွေက ဒီနေ့ည မလေးမေ အိမ်ကို ဓါးပြတိုက်မယ်လို့ ကြားတယ်။ မလေးမေတို့ အိမ်ကြီးမှာ ပြောင်းနေ ကျွန်တော် ဒီအိမ်မှာ စောင့် အိပ်ပြီး ဓါးပြတွေကို အသေရရ အရှင်ရရ ဖမ်းမယ်" ဟု ပြောလာသည်။

အမေက ကြောက်ပုံမပေါ်။

"သေချာလို့လား"

"သေချာသလောက်ရှိတယ်"

"ဒါဆို အလတ်ကောင်ကို အိမ်ကြီးမှာ ခေါ်သိပ်၊ ငါ ခါးပြတွေကို အရှင်ဖမ်းပေးမယ်"ဟု အမေက ပြောသည်။

အစ်ကိုက သူ့အစ်မသတ္တိကို ယုံပုံရသည်။ သတ္တိထက် လုပ်ရည်ကိုင်ရည် မည့်လောက်ဟု တွက်ထားသည်။ သူ့အစ်မ ခိုင်းတဲ့အစီအစဉ်တွေအားလုံး နေမဝင်မီအားလုံး လုပ်ပေးထားသည်။ မိုးချုပ်သောအခါ ကိုယ်ရှိန်မပျက် ကိုယ့်အိမ် ကိုယ်အိပ် ပုံမှန်အတိုင်းနေခဲ့ကြသည်။

ကျွန်တော်တို့ ခြံသည် အနည်းဆုံး တစ်ဧကကျော်ပါ လိမ့်မည်။ အစ်ကိုနေသည့် အိမ်က သုံးဆယ်ချောင်းအနီးနှင့် ကျွန်တော်တို့အိမ်က တာလမ်းမအနီးမှာ တည်ရှိကြတာမို့ ကိုက် (၁၀၀)လောက် ကွာသည်။ နှစ်အိမ်အကြားခြံကြီးထဲတွင် သီးပင် စားပင်များရှိသလို ငပိလှော်ရာအိမ်အိုးများစွာ ရှိသည်။ အချို့အိုးများက ငပိအပြည့် အချို့အိုးများက အိုးလွတ်များ ဖြစ်သည်။

ညသန်းခေါင်မရောက်မီ အမေက ကျွန်တော်နှင့် အစ်မငယ်ကို ရာဝင်အိုးကြီးတစ်လုံးထဲ ထည့်ပြီး အိုးပေါ်မှ ဇကာခုံးအုပ်ပေးထားသည်။

အိပ်ချင်ရင် အိပ်ဖို့ စောင်ပါပေးထားသည်။

ဘာသံကြားကြား မကြောက်ဖို့၊ မအော်ဖို့၊ ထွက်မလာ ဖို့ အတန်တန်မှာသည်။

ကျွန်တော်တို့ မောင်နှမနှစ်ယောက်ကလည်း အမေ့ စကားကို နားထောင်ပါမည်ဟု ကတိပေးသည်။ ကလေးတွေမို့ ကြောက်နေကြပါသည်။ အစ်မငယ်က (၁၁)နှစ်အရွယ် ကျွန်တော်က ကလေးအရွယ်သာ ဖြစ်သည်။

လမိုက်ရက်မို့ ရာဝင်အိုးထဲ ပိုမှောင်နေသလို ရှိသည်။ ထားခုံးအပေါက်ကလေးများကြားက မိုးပေါ်ကြည့်တော့ ကြယ်လေးတွေတောင် မမြင်ရသလိုခံစားရသည်။

ကျွန်တော်တို့ မောင်နှမနှစ်ယောက် မှေးကနဲ ပျော်သွားကြသည် ထင်ပါသည်..။

"ဒိုင်း..ဒိုင်း..ဒိုင်း"

"ကယ်တော်မူကြပါ"ဟု အော်ပြီး မမြင်မကန်း လျှောက်ပြေးနေသံများ ကြားရသည်။ ကျွန်တော်တို့ မောင်နှမ နှစ်ယောက် အမေ့စကားကြောင့်၊ မအော်ရဲ၊ မထွက်ရဲ၊ မကြောက်ဘဲတော့ နေနိုင်ပါ ကြောက်တာထက်၊ သေနတ်သံက အမေရှိသည့် ကျွန်တော်တို့ အိမ်ဖက်ကမို့ အမေ့အတွက် ပို၍ စိတ်ပူနေကြသည်၊ သိပ်မကြာပါ အိမ်နီးချင်းနဲ့ သူကြီးအိမ်က မောင်းသံကြောင့် ရွာသားများ ဓါးကိုယ်စီနှင့် ရောက်လာကြ သည်။

ဓါးပြ(၅)ဦး အရှင်ဖမ်းမိသည်။ ကျွန်တော်တို့ အမေ ဘာဒဏ်ရာမှမရ၊ အမေဘယ်သို့သောနည်းပညာနှင့် ဓါးပြများကို ဖမ်းသည်ကို အမေ့မောင် ကျွန်တော်တို့အစ်ကို အသိဆုံးဖြစ်ပါသည်။ အတော်အတန် မိန်းမ လုပ်ရဲမည် မဟုတ်သော စစ်ဆင်နည်းဖြစ်ပါသည်။ ကျွန်တော်တို့ သိတတ်စအရွယ်ရောက်တော့ ဝါးဖိုးဝါးမောင်းဖြုတ် ဖြုတ်ရည်စစ်ဆင်နည်းဟု သိရသည်။

အိမ်အတွင်း မည်သည့်ဝင်ပေါက်က ဝင်ဝင် ဝါးပိုးဝါးမောင်းဖြုတ် ဖြုတ်ရည် စစ်ဆင်နည်းမှ မိုးလိုရွာချသော ဖြုတ်ရည်များ ကြားဖြတ်ရမည်ဖြစ်သည်။ ဓါးပြတွေ ခေါင်းပေါ် မျက်နှာပေါ် ကျလာတဲ့ ဖြုတ်ရည်အစွမ်းကြောင့် မှန်းချက် မကိုက် ဟန်ချက်ပျက်ပြီး သေနတ်တွေ ဆောင်ရမ်းပစ်ခတ်ရာ အလွဲလွဲအချော်ချော် ဖြစ်ကုန်သည်။

အမှန်တော့ ဓါးပြတွေ အိမ်ထဲကို လွယ်လင့်တကူ

ဝင်ခွင့်ရရင်တောင် အမေ့ကို သူတို့ တွေ့ဖို့ သတ်ဖို့ မဖြစ်နိုင်၊ အမေက အချင်းဖြစ်စဉ် မတိုင်ခင်ကပင် ကျွန်တော်တို့ မောင်နှမရှိသော ရာဝင်အိုးကြီးနားက ရာဝင်အိုးကြီး အလွတ် တစ်လုံးတွင် ဝင်ပုန်းစောင့်နေပြီးဖြစ်သည်။ ဓါးပြတွေ အရှင် မိပြီဆိုမှ၊ အမေနဲ့ ကျွန်တော်တို့က ရာဝင်အိုးထဲက ထွက်ခဲ့ကြခြင်း ဖြစ်သည်။

* * *

ကျွန်တော်တို့ ဒေသတွင် နာမည်ကြီး သူခိုးလူမိုက် "တင်စိန်"ရှိသည်။ တစ်နေ့ ညဖက် အမေ့အိမ်မှ ပစ္စည်းများ အခိုးခံရသည်။

နောက်နေ့ အစ်ကို စုံစမ်းလေ့လာတော့ "တင်စိန်" ခိုးတာသေချာသည်။

သူကြီးကိုမတိုင်၊ အစ်ကိုက "တင်စိန် မိသားစုအားလုံး" အိမ်ပြင်ကို ထွက်ခိုင်းသည်။

အမေ့ပစ္စည်းတွေ ရနိုင်သမျှ ပြန်ရှာယူသည်။

မိည်သူမျှ မပြောရဲ၊ မတားရဲ။

တင်စိန်က သူ့ကို မသတ်ဖို့ တောင်းပန်သည်။

"မင်းကို ခုမသတ်သေးဘူး . . မင်းမိသားစုကို သာမာအာဇီဝနဲ့ လုပ်ကျွေး၊ မကျွေးရင် . . သတ်မယ်"ဟု အစ်ကိုက ပြောသည်။

သူခိုးလက်က သူဝှက်လုတာ မဟုတ်၊ ကျွန်တော့် အစ်ကိုက သူ့ဥစ္စာခိုး သူ့အကျိုးပျက်စီးအောင် လုပ်သူအား ကိုယ်ချင်းစာ တတ်အောင် လုပ်ပြသည်ဟု ငယ်ငယ်ဘဝကပင် အတွေးဝင်ခဲ့မိပါသည်။

* * *

## တူတော အကျိုးပေးပါသည်

ကျွန်တော်တို့ အရပ်ထဲတွင် တင်သောင်း အကြောင်း ကောင်းကောင်း သိကြသူချည်းဖြစ်သည်။ ကောင်းသတင်းတော့ မဟုတ်၊ ကောင်းတဲ့သတင်း၊ မကောင်းသတင်းဆိုပေသည့် အချို့က သူ့ကို ချီးမွမ်းကြသည်၊ တစ်ချို့က ပဒုမဇာတ် ထဲက ကိုပေါင်တိုဟု တင်စားကြသည်။ ကျွန်တော်တို့က ငယ်သူတွေဖြစ်သဖြင့် ရှာသူ ရှာသားတွေ ချီးမွမ်းခြင်း၊ တင်စားခြင်းအပေါ် အဓိပ္ပါယ်သိပ်နားမလည်။ …လေလည်း သော်လည်း တစ်ခေါင်းနှင့် ကျွန်တော်တို့က သူငယ်ချင်း ချင်းတွေ၊ ကျောင်းနေဖက်၊ ကစားဖော်၊ အတန်းဖော်ဖြစ်သည်။

ကျွန်တော်တို့တွေ (၉)တန်း ကျောင်းသူ၊ ကျောင်းသား ဘဝ၊

တင်တင်နွဲ့ အမေဆုံးစဉ်က အကြောင်းကို ပြန်သတိရမိ သည်။ သူငယ်ချင်း မိန်းကလေး တင်တင်နွဲ့က သူ့အိမ်မှာ အကြီးဆုံး၊ သူ့အောက်မှာ ညီမတွေ၊ မောင်တွေ ကလည်း မနည်းလှ။ သူတောင်မှ (၉)တန်းသာရှိသေး၍ လောက အကြောင်း ဘာမှ နားမလည်သေး။

အစ်ကိုသားချင်းမရှိလေတော့ ကျွန်တော်တို့ ကျောင်းသား သူငယ်ချင်းတွေကို သူအားကိုးလာသည်။ ကျွန်တော်တို့ သူငယ်ချင်းတွေကလည်း နာရေးရက်အားလုံးကို ဝိုင်းကူပေးကြသည်။ အလှည့်နှင့် ညအိပ်စောင့်ပေးကြသည်။

ကျွန်တော်နှင့် အုန်းသွင် စောင့်အိပ်သည့်ညက ဖြစ်သည်။ ထိုညကို ဘယ်တော့မှ မေ့မှာမဟုတ်။ နာရေးအိမ်၊ မသာအိမ် တွေမှာ ဖဲရိုက်ကစားကြတာ အစဉ်အလာများ ဖြစ်နေကြသလား မသိ။ ကျွန်တော်နှင့် အုန်းသွင် အိပ်မပျော်ခင်ကတည်းက ဖဲဝိုင်း (၃)ဝိုင်း၊ (၄) ဝိုင်း ကစားနေကြပြီး ကျွန်တော်တို့ (၂)ယောက် အိပ်မောကျနေခိုက်

"ဝုန်း ဒုန်း ဂလွမ်း"ဟူသော အသံများနှင့်အတူ

"ဖဲလိမ်ရိုက်တာ မခံဘူးကွ၊ အသေသတ်မယ်"

"ခင်ဗျားတို့ ဖဲရှုံးတာနဲ့ ကျွန်တော့်ကို မရမ်းနဲ့"

စသည်ဖြင့် ဆူဆူညံညံ စကားများသံ၊ ဖြန်ဖြေသံ လူအုပ်ခွဲသံများကြားက

"ကျုပ်လို မစွမ်းမသန်က. . ခင်ဗျားတို့ကို ဖဲဘယ်လို လိမ်ရိုက် မလဲ"ဟု အသံကျယ်ကျယ် ထွက်လာသည်။ ဒီအသံ တင်သောင်း၏အသံ

သူပြောတာမှန်သည်။ တင်သောင်းမှာ ခြေထောက် (၂)ဖက်လုံးတွင် ခြေမျက်စိအောက် လုံးဝမပါ။ ဘုလုံးပဲရှိသည်။ ခြေနှစ်ဖက်လုံး မွေးရာပါဖြစ်သည်။

လက်ကလည်း ညာဖက်လက် လက်ချောင်းလေးများ (၅)ချောင်းမပါ။ လက်ညှိုးနှင့် လက်မ ပူးနေသည့် တစ်ချောင်းထဲပါသည်။ ဘယ်လက်တွင်တော့ (၅)ချောင်းလုံး ပါသည်။

သူငယ်ချင်းတင်သောင်းကဲ့သို့သော မစွမ်းမသန်

သူက လူကောင်းကြီးတွေကို ဘယ်လိုလုပ် ဖဲလိမ်ရိုက်ရဲပါ သိမ့်မလဲ။

သူ့ဘက်က ကျောင်းသား ကျောင်းသူတွေ အိမ်ရှင် မိသားစု ဘွက ဝိုင်းရှင်းတော့ ဖဲရှုံးတဲ့လူတွေ မကျေမနပ်နှင့် အိမ်ပေါ်က ဆင်းသွားကြသည်။

လူငယ်တို့ဘာ့ဝ သူငယ်ချင်းကို ထိလျှင် မခံတတ်ကြ ပေ။ ည်နေ့ညက ဟိုလိုလိုသည်လိုလိုနှင့် ဖဲဝိုင်းထပ်မဖြစ်တော့ပါ။ သို့သော်. . . အရက်တက်ခါနီးအချိန်ရောက်သည့်အခါ ချော်တွင်းကုန်း လမ်းဆုံမှာ လက်ဖက်ရည်ဆိုင်တွေ၊ မုန့်ဆိုင်တွေ ဖွင့်လောက်ပြီမို့ တင်သောင်းကပဲ-

"ကဲ. . ဒီအိမ်မှာရှိတဲ့လူတွေ အားလုံးရေတွက်လိုက်၊ လိုက်နိုင်တဲ့လူတွေက လိုက်ခဲ့၊ မလိုက်နိုင်တဲ့လူတွေအတွက် လက်ဖက်ရည်နဲ့ မုန့်ဝယ်လာမယ်"လို့ပြောတော့ လိုက်မယ့်သူက [illegible]ယောက်၊ မလိုက်နိုင်တဲ့သူက (၂၀)ယောက်ရှိမည်။ တင်တင်နွဲ့တို့ အိမ်က (၁၀၆)မှတ်တိုင်အနီးမှာ ရှိသည်။ချော်တွင်းကုန်းလမ်းဆုံနှင့် [illegible]ကာခန့် ဝေးသည်။

သို့သော် ဆာနေချိန်ဖြစ်သောကြောင့် တင်သောင်း နောက် [illegible]ဖြစ်ကြသည်။ လမ်းမှာ အမှတ်မထင်. .

"ဟော့ကောင် တင်သောင်း၊ မင်း လူ (၃၀)ကျော် ကျွေးဖို့ ပိုက်ဆံရှိရဲ့လား"ဟု အုန်းသွင်က မေးသည်။

"ငါ ဟိုကောင်တွေကို ဖဲလိမ်ရိုက်တာ၊ လမ်းစရိတ် တောင် မကျန်တော့လို့ ရန်ထဖြစ်တာကွ။ ငါမင်းတို့အားလုံးကို အဝကျွေးမယ်၊ မင်းတို့သာ မကယ်ရင် ငါဒုက္ခရောက်နိုင်တယ်"

ကျွန်တော်တို့ အလွန်အံ့ဩသွားပါသည်။ ဖဲသမားတွေ ပြောခဲ့တာ အမှန်ဖြစ်နေသည်။ [illegible] တစ်ကျေးရွာလုံးလိုလို သိနေသည်။ [illegible] လည်း သိကြသည်။ [illegible] အင်္ဂါမစုံသဖြင့် ရိုက်နှက် ဆုံးမရရန်လည်း [illegible] [illegible] ။ [illegible] [illegible] ဖြစ်သည်။ [illegible] အခွင့်အရေးရခဲ့သည်။ သို့သော် ဖဲလည်းရိုက်နေသဖြင့် လူရွေးပွဲနေ့တွင် ကိုယ်တိုင်မရှိသောကြောင့် အရွေးမခံရ။ ကျွန်တော်တို့ အုပ်စုထဲတွင် ဒီလို သူငယ်ချင်းမျိုးလည်း ရှိခဲ့ဖူးပါသည်။

* * *

[illegible] တင်သောင်း [illegible] မိန်းမရပြီဆိုတဲ့ [illegible] [illegible] ကြောင့် သူငယ်ချင်းတွေရော၊ ရပ်ဆွေ ရပ်မျိုးတွေရော သူ့အိမ်တွင် ပြည့်နေတော့သည်။ [illegible] သူ့ထက်များ ဆိုးနေသလား [illegible]

သို့လော အတွေးနဲ့ သူ့အိမ်ရောက်၍ ကြည့်လိုက်မိရာ မယုံနိုင်စရာ တွေ့ရ သည်။

မိန်းကလေးအသက်ရှိလှမှ အစိတ်ထက်မပို၊ အင်္ကျီစုံ၊ လုံးကြီး ပေါက်လှ၊ နုညက်အိစက်နေပြီး ချောလှသည်။ တင်သောင်းတစ်ယောက် ဘာဆေးများ သောက်လို့ပါလိမ့်။ သူများ မင်္ဂလာယူ နေတဲ့အချိန် ကိုယ့်ဖက်က မဟုတ်တာယုတ် မမေးအပ်၊ မစပ်စုကောင်းမို့ ကျွေးတာ စားပြီး ငေးကာနေမိသည်။

ပြောလျှင် ယုံကြည်မည်မထင်နိုင်အောင်ပင် တင်သောင်းကို မေမေဝင်းက အလွန်ချစ်သည်။ အရပ် တကာလည်း ဖဲလိမ်ရိုက်တဲ့ တင်သောင်း၊ အိမ်တွင်းအောင်းပြီး နေနိုင်အောင် မေမေဝင်းက ဦးဆောင် စီးပွားရှာသည်။ တင်သောင်းက အမြဲဖွဲ့သား ထိုင်စားရုံ။ မေမေဝင်း ဘယ်လိုများ စီးပွားရှာပါလိမ့်၊ ဘယ်လိုရှာရှာ အိမ်ထောင်သက် (၁၀)နှစ်ကျော် အတွင်း တင်သောင်းတို့ အိမ်ပိုင်ယာပိုင်နှင့် ချောင်ချောင် ချည်လည် နေနိုင်ကြသည်။

* * *

ဘာမဆိုင် ညာမဆိုင် လက်ပံပင်ဓါးနဲ့ ချိုင်ဆိုသလို၊ ပဒုမမင်းသား ဘဲ့အနှစ်ချုပ်ကို ပြေးသတိရမိတော့သည်။ မိမိမယား အသက်ကို ကယ်ခဲ့ခဲကယ်တင်ခဲ့တဲ့ ပဒုမမင်းသားက ထိုကာလက မင်းပြစ်ဒဏ် သင့်နေတဲ့အတွက် လက်-ခြေ-နား-နှာ တို့ကို ဖြတ်ပြီးလျှင် လှေတွင် ထင်၍ မျှောခံရတဲ့ ခိုးသူ တစ်ယောက်ကို သနားသည်နှင့် ကယ်ယူကုသပေးခဲ့သည်။

မယားဖြစ်သူက အညွန့်မရှိသော သူခိုးကို လုပ်ကျွေး ကောင်းလားလို့ မြည်တွန်တောက်တီးပြီး ရွံရှာစက်ဆုတ် နေသည်။

သူခိုး၏ အနာတို့ ပျောက်သော် ပဒုမမင်းသားသည် မိမိ၏ မယားနှင့် သူခိုးအား ကျောင်းသခ်မ်းတွင် ထားခဲ့ပြီး နေ့စဉ်တောတွင်းမှ သစ်သီးရှာဖွေ ကျွေးမွေးရှာသည်။

မကြာမီပင် ထိုမိန်းမသည် သူခိုးအား တပ်မက်လာ၍ ပဒုမမင်းသားကို မာယာပရိယာယ်ဖြင့် လှည့်ဖြားခေါ်သွားပြီး လျှေ တောင်ပေါ်သို့ ရောက်သော် အမှတ်တမဲ့ တွန်းချလိုက်လေ ၏။

ပဒုမမင်းသားသည် တောင်ခုလတ်ရှိ ချုံထက်၌ ကျ၍ ဘေးမရှိသော်လည်း တောင်ခြေသို့လည်း မဆင်းနိုင်သည်နှင့် ရေသဖန်းသီးကို စား၍ ခက်ခက်ခဲခဲ နေရလေ၏။

ထိုအခါ ဖွတ်ကြီးတစ်ကောင်သည် ရေသဖန်းသီးကို စားရန် လာရာ ပဒုမမင်းသားကို တွေ့မြင်သော် ကျောက်ကုန်း ဖြင့် ဆောင်ယူ၍ လူတို့သွားရာ လမ်းခရီးသို့ ပို့လိုက်လေ၏။

ပဒုမမင်းသားသည် ထိုလမ်းမဖြင့် လာခဲ့ရာ နောက်ဆုံး၌ ဗာရာဏသီသို့ ရောက်ရှိပြီး ခမည်းတော် သေလွန်နှင့်ပြီးဖြစ်၍ မင်းပြုရလေ၏။

ပဒုမမင်းသည် များစွာသော အလှူတို့ကို မပြတ် ပေးလှူတော်မူ၏။

မိန်းမယုတ်သည်ကား သူခိုးကို ကျောက်ကုန်း၌ပိုး၍ ရွာသို့ကပ်ခါ အစားအစာတောင်း၍ ကျွေးမွေးပေ၏။ လူတို့က မေးသော် ငါနှင့် ဝမ်းကွဲ မောင်နှမတော်၏ မိဘတို့ ပေးစားသော ငယ်လင်ဖြစ်သဖြင့် မင်းပစ်သင့်သော်လည်း မစွန့်ရက်ဘဲ ဤသို့ သယ်ပိုး၍ တောင်းရမ်းကျွေးမွေးပေသည်ဟု ဆိုသဖြင့် လူတို့လည်း သာဓုခေါ်၍ များပြားသော အစားအသောက်တို့ကို ပေးကြကုန်၏။

အချို့ကလည်း ဗာရာဏသီမြို့၌ မင်းကြီးသည် အလှူကြီးစွာ ပေးလျက်ရှိ၏။ သင်၏ လင်ကိုလည်း ကြိမ်တောင်း၌ ထည့်၍ ဆောင်လေဟု ကြိမ်တောင်းတစ်လုံးကိုလည်း ပေးလိုက်၏။

မိန်းမလည်း သူခိုးကို တောင်းတွင်ထည့်ရွက်၍ ပဒုမမင်းကြီး၏ အလှူသို့ ရောက်လာသည်ကို မင်းကြီးမြင်လျှင် မြင်ခြင်း သိတော်မူ၏။ အမတ်နှင့်တကွ လူအပေါင်းတို့သည် ဤမိန်းမကား လင်ကို နတ်ကဲ့သို့ ပြုစုပါပေသည်။ အံ့ဖွယ်သရဲရှိပေ၏ဟု ကရုဏာနှင့် ချီးမွမ်းကြလေ၏။ ထိုအခါ မင်းကြီးက အိုအမတ်တို့ ဤမိန်းမပျက်သည် အခြားသူမဟုတ် တစ်ချိန်က ငါ၏ မယားပင်တည်းဟု အလုံးစုံကို ပြန်၍ ပြောပြတော်မူပြီး ပဒုမမင်းသားတွင် ရှိရင်းစွဲ သဘောကောင်း သည် မကြာမီ ပြန်လည်ပေါ်ပေါက်လာ၍ ထိုမိန်းမအား "သူခိုးကို ခါတိုင်းကဲ့သို့ပင် တောင်း၌ရွက်စေ၍ မင်းနေပြည်မှ နှင်ထုတ်စေ"ဟု အမိန့်တော် မှတ်လိုက်လေသည်။

* * *

ရပ်ကွက်ထဲရှိ အရပ်လူကြီးအိမ်တွင် ဆူဆူညံညံ ဖြစ်နေသလို လေ့လာအကဲခတ်နေကြသော ကိုစပ်စု၊ မစပ်စုတို့ ကလည်း တစ်အုပ်တစ်မ ရှိနေသည်။

လူစုစုဆိုလျှင် ဘာပါလိမ့် ဆိုသည့် အတွေးကြောင့် ဆပ်ရောက်လာသူတို့လည်း ရှိကြသည်။ ထိုသူတို့အထဲတွင် ကျွန်တော်လည်း ပါသည်။ ကျွန်တော်ရောက်တော့ လူအုပ်က ခဲနေပြီ၊ အသံပဲကြားရသည်။ အသံက မြန်မာသံပီပီသသ မဟုတ် ဝဲတဲတဲအသံ ဖြစ်သည်။

"အရပ်လူကြီး ချဉ်းစားကြည့်. . သည်ကောင် ဖဲလိမ်ရိုက် လို့

လူအုပ်ကြီးက သူ့ကို ဝိုင်းရိုက်တာ. . "ဝ"က သနားလို့ ကြားကတောင်းပန်ပြီး အိမ်မှာ ဆေးကု ပေးတယ် အိမ်မှာ ကျွေးထားတယ်၊ အနာတွေပျောက်တော့. . "ဝ" မိန်းမကို ခိုးပြေးပြီး "ဝ"ကို သုံးနှစ်သမီးလေးနဲ့ ထားခဲ့တယ်။ သမီးကို "ဝ"ချစ်တယ်၊ "ဝ" လုပ်ကျွေးတယ်၊ ခု "ဝ" သမီးလေး ငယ်ငယ်လေးကို လူပွဲစားတွေက မြူဆွယ်ပြီး တစ်ဖက်နိုင်ငံကို ရောင်းစားလိုက်တယ် ဆိုတဲ့ သတင်းကြားရလို့ သတင်းအနံ့ခံပြီး လိုက်စုံစမ်းကြည့်တော့ သူများသမီးတွေကို ကာမလုပ်ငန်း အတွက်၊ လူကုန်ကူးနေတဲ့ ဒီကောင်မ မေမေဝင်း လက်ချက် ဆိုတာ သိရလို့ လိုက်လာတာ ကိုယ့်သမီးကိုယ် ပြည့်တံဆာတန်း ပို့တဲ့ မိန်းမကို "ဝ" အသေသတ်ချင်တယ်။ ဒီကောင်မကို. . အဲဒီဘဝမျိုး မရောက်အောင် "ဝ"ကယ်ခဲ့တာလည်း မထောက်၊ ကိုယ့် သမီးကိုလည်း ပြည့်တန်ဆာအဖြစ် ရောင်းစားတဲ့ မိန်းမ "ဝ" သိပ်ရှက်တယ်"

အသားဖြူဖြူ၊ မျက်နှာပြည့်ပြည့်၊ နှာခေါင်းပြားပြား၊ မျက်လုံးမှေးမှေးနှင့် အသက် (၆၀)ကျော် ယောက်ျားကြီး တစ်ယောက်က အော်ကြီးဟစ်ကျယ်နှင့် ပြောပြောင်ငိုငို ဖြစ်နေသည်။

"အော်. . ၊ ကံ ကံ၏အကျိုး တူသော အကျိုး ပေးတတ်တာကြောင့် မေမေဝင်း. . ခံစားရမှုကို ဘယ်သူမှ မသနားကြပေမယ့် အပြစ်မဲ့တဲ့ ခါးစာခံသမီးကလေးဘဝကကား ပျက်ခဲ့လေပြီကော။ ။

* * *

## မယုံကြည်တာ ဘာကြောင့်လဲ

လွန်ခဲ့သော နှစ်(၅၀)ခန့်က ကျွန်တော်တို့ ငယ်သူငယ်ချင်းတွေ၊ သမ်းဘေးဈေးရောင်းရသည့် ဈေးသည်များဖြစ်သည်။ အကြော်ရောင်းသူ၊ ကွမ်းယာ ဆေးလိပ် ရောင်းသူ၊ ကောင်းညှင်းထုပ်ရောင်းသူ၊ အခြားအသီးအနှံ စားစရာ ရောင်းသူစသဖြင့် အသက် (၁၂)နှစ်အောက် ဆေးသည် ကလေး(၇)ဦးရှိသည်။ အခြားအသက်ကြီးသူများလည်း ပါရှိပါသည်။

မရမ်းကုန်းမြို့နယ် တံတားကလေးရပ်ကွက်၊ လမ်းဆုံ သည် နေ့ဥ်က မြောက်ဥက္ကလာမြို့သစ်သို့ သွားရန် ကားလမ်းဆုံ လည်း ဖြစ်သည်။ မြောက်ဥက္ကလာပသို့ ဒေါ့ဂျစ်ကားတွေ ပြေးဆွဲသည်။ သမိုင်း၊ အာလှာအေး၊ ရန်ကုန် ခရီးစဉ်ကတော့ ကတ္တရာလမ်းဖြစ်သည်။ ဆင်ဖြူ ကွင်းမဲ တံဆိပ်ပြာနှင့် ဘတ်စ်ကားများ ပြေးဆွဲသည်။

ထိုလမ်းဆုံတွင် ကျွန်တော်တို့ ဈေးရောင်းရသည်။ ကျီးလန့်စာစားဖြစ်သည်။ နေ့စဉ် ဈေးကောက် ကောက်သူမှာ "ဦးတင်လှ" ဖြစ်သည်။ ဈေးကောက်လည်းကောက်သည်၊ အနိုင်လည်း ကျင့်သည်၊ မကြာခဏလည်း ခြိမ်းခြောက်သည်။

"မင်းတို့တွေ ရဲနဲ့ဖမ်းပြီး. . အင်းစိန်ထောင်ပို့မယ်. . မပို့စေချင်ရင် ငါ့အိမ်အတွက်. . အကြော်ပေး၊ ဘာပေး၊ ညာပေး" ဟု ခြိမ်းခြောက်သဖြင့် ပေးခဲ့ရပေါင်း မနည်းတော့။

ကလေးများသာမဟုတ် လူကြီးများကိုလည်း ခြောက်လှန့်တောင်းခံသည်။ သူနဲ့မကင်းတော့ ပေးကြရသည် ချည်း ဖြစ်သည်။

သူ့စိတ် အလိုမကျလျှင် တကယ်ပင်ရဲနှင့် ဖမ်းသဖြင့် ဒဏ်ဆောင်ကြရသည်လည်းရှိသည်။ သူနှင့်အလိုက်သင့် နေကြသော်လည်း သူ့ကို မုန်းကြသည်။

ကျွန်တော်တို့ လမ်းဘေးဈေးသည် ကလေး အဖွဲ့တွင် ကျွန်တော်က အသက်အကြီးဆုံး ဖြစ်သည်။ အသက် အကြီးဆုံးဟု ဆိုသော်လည်း (၁၁)နှစ်ကျော်ကျော် (၁၂)နှစ်မပြည့် သေးပေ။ ကျွန်တော်နှင့် အသက်မကွာသူက ကိုလှအောင်၊ ကျွန်တော့်ထက်ငယ်သူတွေက ကိုအောင်ဘု၊ ကိုဖိုးပါကြီး၊ မဒွေးမြင့်၊ မစိန်မြင့်၊ မသန်းသန်းမြင့်တို့ဖြစ်သည်။

ကျွန်တော်က အကြော်စုံ၊ ကိုလှအောင်နှင့် ကိုအောင်ဘု ညီအကိုက ကောက်ညှင်းထုပ်၊ ကိုဖိုးပါကြီးက ခြံထွက် အသီးအနှံ ရာသီကုန်၊ မဒွေးမြင့်နှင့် မစိန်မြင့် ညီအစ်မက ကောက်ညှင်းထုပ် တစ်ခါတစ်ရံ ကောက်ညှင်းပေါင်း၊ မသန်းသန်းမြင့်က ဆေးလိပ်ကွမ်းယာ ရောင်းသည်။ မသန်းသန်းမြင့်တစ်ယောက်သာ လက်တွန်းလှည်းနှင့်

ရောင်းခြင်းဖြစ်သည်။ ကျန်ကလေးများက လမ်းဘေးလမ်းမပေါ် ခုံတောင်းလေးပေါ် ဗန်းတင် ရောင်းကုန်ခင်း၊ နေပူပူ မိုးရွာရွာ ထီးကလေးဆောင်း ရောင်းကြသူများဖြစ်သည်။ ကျောင်း တက်ချိန်မှအပ "နံနက်-ညနေ-ည"ဈေးရောင်းမပျက် ခဲ့ကြပေ။

ကျွန်တော်တို့လိုရောင်းကြသူများထဲတွင် အရွယ် ရောက်ပြီး ဈေးသည်များလည်း နှစ်ဆယ်အစိတ်လောက် ရှိသည်။

တစ်နေ့မမျှော်လင့်ပါဘဲ ဈေးကောက် ကိုတင်လှနှင့် အတူ ရဲများပါလာပြီး လမ်းဘေးဈေးသည် အားလုံးကို ဖမ်းတော့သည်။

ကျွန်တော့်ကိုယ်စား ကျွန်တော့်အမေ ဒေါ်အုန်းရီ
ကိုလှအောင်တို့ညီအစ်ကို ကိုယ်စား သူတို့အမေ ဒေါ်ကြည်
ကိုဖိုးပါကြီးကိုယ်စား သူ့အဖေ ဦးကံစ
မဌေးမြင့်တို့ ညီအစ်မကိုယ်စား သူတို့အဖိုး ဦးခ
မသန်းသန်းမြင့် ကိုယ်စား သူ့အဖွား ဒေါ်လုံမ တို့အား စာရင်းပြု ဖမ်းသည်။

အင်းစိန်မြို့၊ အင်းစိန်ဒိစကြိတ်တရားရုံးတွင် စစ်ဆေး ခံရသည်။ လမ်းဘေးဈေးသည်များ အဖမ်းခံရလျှင် တရားရုံး၌ စစ်ဆေးခံပြီး ဒဏ်ငွေရိုက်၊ ပစ္စည်းသိမ်း၊ အမိန့်နာခံနေကြရမြဲ ဖြစ်သည်မှာ အထူးအဆန်းမဟုတ်ပေ။

သို့သော် ယနေ့ အစစ်ဆေးခံရသည့် လမ်းဘေး ဈေးသည်များ ကို စစ်ဆေးအပြစ်ပေးမှုက ဆန်းနေပါသည်။

ကျွန်တော်တို့နှင့်အတူ အဖမ်းခံရသော အရွယ် ရောက်ပြီးဖြစ်တဲ့ လမ်းဘေးဈေးသည် (၂၀)ကျော် အား ပထမဆုံး စစ်ဆေးပြီး၊ ဒဏ်ငွေတပ်ရိုက်လိုက်သည်။

သိပ်မကြာပါ. . အမှုတွဲကိုင် တရားရုံးစာရေးက အမှုဆက်လက်စစ်ဆေးရန် အမှုတွဲအသစ်အဖြစ် တရားခံ မအုန်းရီ (၄၀)နှစ်၊ တရားခံ မကြည် (၆၀)နှစ်၊ တရားခံ ကံစ (၆၀)နှစ်၊ တရားခံမောင်ခ (၈၀)နှစ်၊ တရားခံ မလုံမ (၈၀)နှစ်ဟု အမည်များဖတ်ပြပြီး တရားသူကြီးကို တရားခံများအား ပြသသောအခါ တရားသူကြီးသည် တရားခံ အဖိုးဦးခ (၈၀)နှစ်နှင့် တရားခံ အဖွားဒေါ်လုံမ (၈၀)နှစ်တို့အား ကြည့်ပြီး

"ဟာကောင် မောင်အေး. . ဒီအဖိုးအရွယ်၊ အဖွား အရွယ်တွေက ဘယ်လိုလုပ် လမ်းဘေး စည်းကမ်းမဲ့ ဈေးသည် ဖြစ်နိုင်မှာလဲ. ."

"အမှုတွဲမှာ. . ဒီအတိုင်းပဲ ပါနေပါတယ် တရားသူကြီး ခင်ဗျား"

"တရားလိုဘယ်သူလဲ"

"ကိုတင်လှပါ"

"ကိုတင်လှက ဘယ်သူလဲ"ဟု မေးလိုက်ရာ ကိုတင်လှ က မတ်ရပ်ထပြပါသည်။ တရားသူကြီးက. . .

"ဒီအဖိုးကြီး၊ အဖွားကြီးအဖွဲ့က လမ်းဘေးစည်းကမ်းမဲ့ ဈေးသည်ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်"ဟု ဖြေသည်။

ကျွန်တော်တို့တွေလည်း ရှိနေတာမို့. . ကလေးတွေရဲ့ သဘာဝ မဟုတ်ရင် မခံတတ်ကြ သူများဖြစ်သဖြင့်

"မဟုတ်ပါဘူး တရားသူကြီးမင်းခင်ဗျာ။ ကျွန်တော်တို့တွေက ကျောင်းစရိတ်ရအောင် ကျောင်းအားချိန် ဈေးရောင်းတာပါ၊ အဲဒီ ဦးတင်လှကြီးက ကျွန်တော်တို့ဆီ နေ့တိုင်းဈေးကောက် ကောက်နေတာပါ။ ဒီနေ့ကျမှ ဈေးသည်ကြီးအားလုံးနဲ့ ကျွန်တော်တို့ကလေးတွေပါ ဖမ်းတာပါ။

ကျွန်တော့်နာမည် မောင်စိုးရှိန် (၁၁)နှစ် အမေ ဒေါ်အုန်းရီ"

"ကျွန်တော့်နာမည် မောင်လှအောင် (၁၁)နှစ် အမေ ဒေါ်ကြည်"

"ကျွန်တော့်နာမည် မောင်အောင်ဘု (၉)နှစ် အမေ ဒေါ်ကြည်"

"ကျွန်တော့်နာမည် ဖိုးပါကြီး (၉)နှစ် အဖေ ဦးကံစ"

"ကျွန်မနာမည် မငွေးမြင့် (၁၁)နှစ် အဖိုး ဦးခ"

"ကျွန်မနာမည် မစိန်မြင့် (၉)နှစ် အဖိုး ဦးခ"

"ကျွန်မနာမည် မသန်းသန်းမြင့် (၁၀)နှစ် (အဖွား) ဒေါ်လုံမ"

ဇာတ်တိုက်ထားခြင်း မရှိဘဲ ချက်ချင်း အဖြေများကို ဖြေကြရာ တရားသူကြီးကရော

"ကိုတင်လှ တရားရုံးကို ဘာကြောင့် လိမ်လည် လျှောက်ဆိုရတာလဲ။ ခု ကလေးတွေ ပြောတာ မှန်လား"

"မှန်ပါတယ် တရားသူကြီးမင်း"

"အဲဒီကလေးတွေက အမှုထဲ ရောက်လာတဲ့အတွက် ဖမ်းဆီးအပြစ်ပေးခွင့် မရှိအောင်"

"အဲဒါကြောင့် သူတို့ အဖြစ်ဆိုးသူတွေကို ကာကွယ်ဖို့ တရားစွဲတာပါ"

ကိုတင်လှက အေးအေးဆေးဆေး ထောက်ခံသည်။

"ချစ်စရာကလေးတွေပဲ" ဟု တရားသူကြီးက မချိုမချဉ် ပြောပြီး ကျွန်တော်တို့အမှုကို တရားမဝင်ပွဲ လိုက်ပါတော့သည်။ ကိုတင်လှက တရားရုံးကိုတောင် မှုသားပြောရသူပါလား ဟု ကျွန်တော်တို့မှာ တွေ့သူကို ရှိကြောင်းဖြစ်သွားခဲ့ကြသည်။

***

တစ်နေ့တွင် အမှတ်မထင် ကိုတင်လှတစ်ယောက် ကျွန်တော်တို့ ဈေးတန်းရောက်လာပြီး

"ကျွန်တော့်အမေ ဒေါ်သန်းတင် ဆုံးလို့ ရန်ကုန် ရေခဲတိုက်ကနေ ကြံတောကို သင်္ဂြိုဟ်မယ်"ဟု လာပြောသဖြင့် ကျွန်တော်တို့ လမ်းဘေးဈေးသည်မှာ ကိုတင်လှ စိတ်ထားမကောင်းတာ သိသော်လည်း သူ့အမေနာရေးအတွက် ဂရုဏာသက်စွာ ငွေစု ငွေကောက်ပေးလိုက်ကြတာ ငွေ (၂၀၀ဝိ)လောက် ရသွားသည်။

ကိုတင်လှအမေ သင်္ဂြိုဟ်မည့်နေ့တွင် လမ်းဘေး ဈေးဆိုင်လေးများမှ ငွေစုပြီး ဒေါ့ဂျစ်တစ်စီးငှား၊ ရန်ကုန် ရေခဲတိုက်သွား၊ ပြင်ထားတဲ့ အလောင်းတွေထဲက ဒေါ်သန်းတင် အလောင်းကို ရှာ၊ ဒေါ်သန်းတင် အလောင်း ပတ်ဝန်းကျင်မှာ ကိုတင်လှကို မတွေ့ပေမယ့် အသုဘကို ကြံတောပို့တော့ ကျွန်တော်တို့တွေ လိုက်ပို့ပြီးပြန်ကြသည်။

ရက်လည်နေ့တွင် မသွားဖြစ်ကြတော့၊ ကိုတင်လှ လည်း သူ့အမေ အသုဘ နောက်ပိုင်း၊ ကျွန်တော်တို့ လမ်းဘေးဈေးသည်တွေဆီ ရောက်မလာတော့ဘဲ အခြား ဈေးကောက် တစ်ယောက် လာကောက်သည်။ တစ်လတန်သည် နှစ်လတန်သည် ကြာသည်အထိ ကိုတင်လှ ရောက်မလာတော့ စပ်စပ်စုစု မေးမိကြသည်။

"သူ့အမေ တကယ်မသေဘဲ. . လိမ်ပြီး ကူငွေလိုက်တောင်း၊ လူမသိအောင်ရှောင်နေ၊ ခုဆို ဘယ်ရောက် နေမှန်းတောင်မသိ"ဟု ပြောကြသည်ကို ကြားရသည်။

"အမေကိုတောင် ခုတုံးလုပ် လိမ်ညာစားရဲတဲ့သူ အတော်ဆိုးလှပေါ့"

* * *

ကမ္ဘာအေးကုန်းမြေတွင် သာသနာတော် ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်အပ်နှင်းပွဲ ကျင်းပနေချိန် မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်တွင် မီးအကြီးအကျယ် လောင်ခဲ့သည်။ နောက်တစ်ရက်တွင် (၄)ရပ်ကွက် ထပ်၍ အနည်းငယ် လောင်ခဲ့သည်။

မီးလောင်ပြီး တစ်လခန့်အကြာ ကိုတင်လှကို မမျှော်လင့်ဘဲ တွေ့ရသည်။ ကျွန်တော်တို့တွေလည်း (၁၂) နှစ် ဝန်းကျင် အရွယ်တွေ မဟုတ်တော့. . အသက် (၃၀)ကျော် (၄၀)ကျော်တွေ ဖြစ်နေပြီ၊ အတော်များများက (နဝဒေး) ရုပ်ရှင်ရုံကြီး တည်ရှိရာ ဝန်းကျင် စီးပွားရေးလုပ်ငန်းများတွင် ကျင်လည်နေကြဆဲမို့ အခြေခိုင်ခိုင်နှင့် ဦးပွားရေး လုပ်ငန်း လုပ်နေသူများ ဖြစ်နေကြပြီဖြစ်သည်။

အမှန်တော့ ကိုတင်လှကို မမှတ်မိကြပါ။ အရွယ် ကျနေပြီ၊ အိုမင်းနေပြီ၊ စုတ်တီးစုတ်ချာ ဖြစ်နေပြီ၊ သူ့ကိုယ်သူ သူဟာ တစ်ချိန်က ဤဒေသရဲ့ ဈေးကောက်ဖြစ်ကြောင်း၊ သူ့အမည် ဦးတင်လှဖြစ်ကြောင်း မိတ်ဆက်တော့မှ ကျွန်တော်တို့တွေ ပြန်ပြီး အမှတ်ရသည်။ သူက

"သူ့အိမ်မီးထဲ ပါသွားလို့. . ကူညီကြပါ"ဟု မေတ္တာရပ်ခံသည် သူပြောတဲ့ စကားမှန်ကောင်းမှန်ပေမည်။ သို့သော်. . ဘယ်သူမှ သူ့စကားကို မယုံကြတော့။

**- ကိုတင်လှတစ်ယောက် လက်ချည်းလာပြီး**

**- လက်ချည်း ပြန်သွားရတော့သည်။**

* * *

အစ်ကိုက နတ်ကို မယုံသူမဟုတ်. . နတ်ကတော် တွေကို မယုံခြင်းဖြစ်သည်။ နတ်ကတော်တွေ လိမ်ညာစား နေသည်ဟု ယူဆထားသည်။

ရွာထဲ နတ်ပွဲပေးသည်ဆိုသည်မှာ အိမ်ရှင်ရဲ့ ယုံကြည်မှုအရ ငွေကြေးများစွာ အကုန်ခံပြီး အချိန်ယူစုဆောင်း ကျင်းပရသည့်ပွဲ ဖြစ်သည်။ ကျွန်တော်တို့ ရွာထဲ နတ်ပွဲ သိပ်မကရဲကြ၊ ပါမစ်မရ၍မဟုတ် အစ်ကို့ကို ကြောက်၍ဖြစ် သည်။

ကျွန်တော်တို့ဒေသတွင် နတ်ကန္တားပေးပြီဆိုလျှင် အနည်းဆုံး (၂)ည (၃)နေ့ ကြာလေ့ရှိသည်။ အကြိုနေ့ နတ်ကြိုပွဲ၊ ဒုတိယနေ့ နေ့နှင့်ည နတ်ပျော်ပွဲ (နောက်ဆုံးနေ့) ရိုးရာပွဲဟု (၃) ရက်ကြာလေ့ရှိသည်။ [illegible] "အစ်ကိုနဲ့နတ်" [illegible] ကြောင်း [illegible] ပြီ။ ကျွန်တော်တို့ရွာ [illegible] (ကိုရွှေ + မခင်အေး)တို့ နတ်ကန္တားပေးဖို့ ကိစ္စပေါ်လာသည်။ [illegible] ဒေသခံတို့ [illegible] ဖြစ်ကြသည်။ [illegible] ဈေးနှုန်း [illegible] မဖြစ်သည်။

[illegible] ကိုရွှေတို့ [illegible] ဈေး [illegible] ကိုရွှေ [illegible] ဖြစ်ရသည်ဟု [illegible] မည်။ [illegible] အောင်မြင်တာဟု ယုံကြည်သည်။ နှစ်စီးပွားရေး [illegible] အောင်မြင်လျှင် ပျော်ပွဲပေးမည်ဟု [illegible] ဆိုသည်။

အစ်ကိုက လက်မခံ [illegible] ကိုရွှေနှင့် [illegible] တို့ [illegible] သွားဖြစ်တာ ဝမ်းသာသည်။ အဓိက ကိုရွှေရဲ့ *လုပ်ရည်ကိုင်ရည်၊ စီးပွားရေး [illegible] အောင်မြင်မှုဟု ယုံကြည်သည်။ [illegible] အစ်ကိုနဲ့ ကိုရွှေနှင့် မခင်အေးတို့သည် [illegible] အစ်ကို့ကို နတ်ပွဲမှာ [illegible] ပြောသည်။

အစ်ကိုက

"ငါက နှောင့်ယှက်တာမဟုတ်ဘူး၊ နင်တို့တွေ ပင်ပင်ပန်းပန်း ရှာထားတာကို နတ်ကတော်တွေ လိမ်စားတာ မခံချင်ဘူး၊ နင်တို့မှာ သားလေးတစ်ယောက်ရှိတယ်၊ အဲဒီကလေး ရှင်ပြုဖို့ ကျောင်းနေဖို့ အဲဒီငွေတွေ စုထားပါလား၊ နတ်ကို ယုံကြည်ရင် ကိုးကွယ်ပေါ့။ နတ်ကတော် လိမ်တာမခံနဲ့"ဟု ပြောပြီး လက်မခံသည့်သဘောကို ပြနေသည်။

မအေးကလည်း သူ့ကတိပျက်လို့ နတ်ကိုင်မှာကို ကြောက်သည်၊ ဒီးပွားပျက်အသက်သေမည်ဟု ယုံကြည်နေ သည်၊ တငိုငို တယိုယို ဖြစ်နေ၍ အစ်ကိုက. .

"ဟဲ့ မအေး. . နင့် နတ်က နင့်ကို တကယ်မတာလို့ နင်ယုံလား"

"ယုံတယ်တော့"

"နင် နတ်မကရင် သေမယ်လို့ကော ထင်လား"

"ကျုပ်တင်မဟုတ်ဘူး. . ကျုပ်တို့မိသားစု (၃)ဦးလုံး နတ်ကိုင်ခံရမှာ၊ သေရမှာတော့"

"ကဲ၊ အဲဒါဆိုလည်း နင့်နတ်ကတော်ကိုပြောလိုက် လာက။ အကြီးညမှာ ငါ့ကို နတ်ဝင်အောင်သွင်း၊ မသွင်းနိုင်ရင် နင်တို့အလိမ်ခံရ တာလို့မှတ်။ အဲဒီအခါ ငါ့အဆိုး မဆိုနဲ့". . ဟုဆိုသဖြင့် နတ်ထက်၊ နတ်ကတော်ကို ယုံလွန်းသော မအေး. . အစ်ကို့ကို စိမ်ခေါ်၍ နတ်ပွဲကျင်းပပါလေတော့ သည်။

အကြီးည နတ်ကတော်က နတ်တွေပင့်. . နတ်ပင့်တာ စုံတော့ အစ်ကို့ကို နတ်သွင်း၊ ဝင်မဝင် မသေချာပေမယ့် နတ်ကန္တားပွဲကြီးမှာ ခင်းထားတဲ့ အရက်မျိုးစုံ၊ ကြက်ကောင်လုံး ကြော်ကတော့ မရှိသလောက် ကုန်ပြီဖြစ်သည်။ အရက်က ပုလင်းကပ်ပင်မကျန်၊ ကြက်က

အရိုးပင်မရှိတော့။ ထပ်တောင်း၊ ထပ်ပေး၊ ထပ်သောက်၊ ထပ်ကုန်၊ သံသရာလည်ပြီး နတ်ကတော် အရှုံးပေးလိုက်ရ သည်။ နတ်ကန္နား ပေါ်က အုန်းငှက်ပျော ကန်တော့ပွဲတွေနဲ့ အတူတင်ထားတဲ့ ငှက်ကြီးတောင်ဓါးတွေက ထက်မှထက်၊ ကောင်းမှ ကောင်း၊ အစ်ကိုက အထက်ဆုံးဓါးကို ထုတ်ပြီး နတ်ကတော်ကို

"နင့်ကိုသတ်ရမလား. . နတ်ပွဲဖျက်မလား"လို့ မေးလိုက်တော့

"နတ်ပွဲဖျက်ပါ့မယ်"ဟု ပြောရာ အစ်ကိုက ဓါးနှင့်ဆောက်ထားသော တိုင်များကို ဓါးနဲ့ပိုင်းလေတော့သည်။ အစ်ကိုနဲ့နတ် ပြိုင်ပွဲ အစ်ကို နိုင်သည်ဟု ဆိုရမည်ဖြစ်ပါ သည်။ ရှုံးသူက နတ်ကတော်ဟု ထင်ကြသည်။

အမှန်ရှုံးသွားသူက အမေဖြစ်သည်။ ကုန်ကျစရိတ်။ တိတ်တိတ်ကလေး စိုက်လျှော်ပေးလိုက်ရသည်။

အစ်ကိုက တကယ်တော့ နတ်ကိုမယုံတာမဟုတ်ပေ။ နတ်ကတော်တွေ လုပ်စားနေတာ၊ နတ်ကတော်တွေ၊ ယောက်ျားချင်း လင်မယားလိုနေကြတာကို ရွံမုန်းတာ ဖြစ်သည်။ နတ်ကိုးကွယ်မှု ယုံကြည်မှုကို အစ်ကိုက လက်ခံ သည်။ ရိုးရာဒေသအစွဲမို့လည်း လုပ်သင့်တာလုပ်ကြတာကို သဘောတူသည်။

အစ်ကိုကတော့ အမေ အတင်းပေးစားလို့ ယူထားတဲ့ မိန်းမနဲ့ကလေးရှိတာတောင်၊ ဘာနတ်မှ မတင်၊ ဘာအုန်းမှ မဆွဲ၊ သူ ဘယ်သူ့မှမတရားမလုပ်၊ တရားတာပဲ လုပ်သူမို့. . သူ ဘာနတ်မှမတင်လို့သော်. . မပြစ်မှား၊

သူ့အစ်မ ကျွန်တော်တို့အမေကတော့၊ အစ်ကိုအတွက် နတ်၊ အစ်ကို့မိန်းမအတွက် နတ်၊ ကျွန်တော်တို့အတွက် (အဖေဘက်) နတ်

အမေ့နတ်၊ သမီးကြီး သမီးလတ်တို့ အိမ်ထောင်ကျသဖြင့် သားမက်တွေရဲ့နတ်. . စသဖြင့် တစ်နှစ်တစ်ကြိမ် နတ်တင် နတ်မြှောက်သည်ကို အစ်ကိုက ကူညီသည်။ မကူ၍မဖြစ်၊ အမေ့ ရိုးရာ နတ်တင်မြှောက်ပုံက၊ နတ်ကတော်မပါပေမယ့် အလှူလေး တစ်ခုလို ဖြစ်နေတော့ ဝိုင်းကြဝန်းကြရသည်။

တစ်ခုတော့ရှိသည်။ အမေနတ်တင် နတ်မြှောက်ကိစ္စတွင် အစ်ကို့အတွက် နတ်ဟု ထင်မိသည်။ နတ်စားရန် ဝက်သားပေါက်တွေထဲ က ဝက်တစ်ကောင်ကို တစ်နှစ်လောက် ကြိုတင်ပြီး သတ်မှတ်မွေးရ သည်။ နတ်တင်နတ်မြှောက်သည့်အခါ အဆိုပါဝက်ကို သတ်၊ ပြဒယ်ကြီးတွေနဲ့ တစ်ကောင်လုံး ခုတ်ထစ်ချက်၊ နတ်တင်တဲ့ အခါ ားပွဲကြီး အလယ် ဝက်ခေါင်း အတွင်းကလီစာ၊ လက်၊ ခြေ၊ အသား ကောင်လုံးဟင်း၊ တောအရက် (၅)ပုလင်း၊ ထမင်း (၅)ပွဲ ပြင်ထားသည်။

အဆိုပါစားပွဲကို ပြောဆိုတင်မြှောက်ပြီးသည်နှင့် ကြုံသူဝင်စား၊ င်သောက်ခွင့်ရှိသည်။ နှုတ်ဖြင့် ခေါ်ကျွေးခွင့်မရှိဟု သိရသည်။ သို့သော် န်တော်ထင်ပါသည်။ အစ်ကို့ မိတ်ဆွေ သူငယ်ချင်းတွေကတော့ စ်ကိုက လက်တို့ထားပုံရသည်။ သူ့ သူငယ်ချင်းမိတ်ဆွေအဖွဲ့က စား၊ အဝသောက်၊ သူ့အိမ်၊ ကိုယ့်အိမ် အတွက်၊ အင်ဖက်နဲ့ ပ်သယ်သူက သယ်သေးသည်။

အမေကလည်း၊ ထိုသို့ ကျွေးရမွေးရသည်ကို ကျေနပ် နေပုံရသည်။ သူ့မောင်၊ သူ့ သူငယ်ချင်းတွေနဲ့ ပျော်ပျော်ပါးပါး းသောက်နေတာကို အမေက ချွေးတလုံးလုံး မမောနိုင် မပမ်းနိုင် င်ဖြစ်နေတတ်သည်။

တစ်ခုတော့ရှိသည်၊ အစ်ကိုက အမေ့ကို သူ့အစ်မဟု

သဘောမထား။ သူ့အမေကဲ့သို့ သဘောထားသည်။ အမေ့ကို စိတ်ချမ်းသာအောင် သူမဆောင်ရွက်နိုင်ပေမယ့်၊ အမေ့ကို စိတ်မညစ်စေချင်သူဖြစ်သည်။

ကျွန်တော်တို့အဖေ တာဝန်နှင့်ခရီးသွားရင်း သောင်းကျန်းသူများ တိုက်ခိုက်ခံရ၍ ကွယ်လွန်သွားသည်ဟု သတင်းသဲ့သဲ့ကြားရသည်။ သို့သော် တိတိပပမဟုတ်၊ အဖေ ပြန်မလာတော့ပေမယ့်၊ အမေက အဖေ့အတွက် ဆွမ်းမသွတ်၊ ဗေဒင်မေး၊ လူသူလေးပါးမေးပေမယ့် ဘာအဖြေမှထွက်မလာ၊ ဤသည်ကို အစ်ကိုက မနှစ်သက်။ အမေ့ စိတ်ညစ်နေခြင်းကို အစ်ကို မကြည့်ရက်။ အစ်ကိုက အမေ့ကို အစ်မလည်းဖြစ် အမေလည်းဖြစ်လို့ "မလေးမေ"လို့ခေါ်လေ့ရှိသည်။

"မလေးမေ၊ အစ်ကိုလေး သေမသေ နတ်မေးရင် မေးကြည့်လေ"ဟု အစ်ကိုက ပြောတော့ အမေ သိပ်ကို အံ့သြသွားသည်။ ဘာနတ်မေးရမလဲ၊ နတ်ကတော်တွေနဲ့ဆို။ သူ့မောင်နဲ့ ပြဿနာဖြစ်နိုင်သည်။ အမေက အဖြူအမဲ သဲသဲကွဲကွဲ သိချင်သည်။ ထို့ကြောင့် သူ့မောင်ကို. .

"ဘာနတ်မေးရမှာလဲ"

"ဖျာလိပ်နတ်"

"ဘာ၊ ဖျာလိပ်နတ်"

"ဟုတ်တယ်. . . ဖျာလိပ်နတ်က ဖျာလိပ်က အဖြေပေးတာ နတ်ကတော် ပြောဆို လိမ်တာ မဟုတ်ဘူး. . . အဲဒီနတ်မေး"

"အေး. . ကောင်းတယ်"ဆိုပြီး ကြားဖူးနားဝ၊ တတ်သမျှ မှတ်သမျှ စီစဉ်ပြောဆို နတ်မေးသည့်အခါ အဖေသေပြီတဲ့။ ။

* * *

# ယစ်မျိုးခုံမင် သောက်သုံးလျှင်

"ဟဲ့. . ထွန့်ထိပ်ခေါင်. . "

"ဘုရား"

"နင့်အပြစ် နင်သိရဲ့လား"

"သိပါတယ် ဘုရား"

"နင့်အပြစ်တွေ နင်သိတယ်ဆိုရင် ပြောစမ်း"

"တပည့်တော် အဖေ့ဂုဏ်သိက္ခာ၊ အမေ့ရဲ့ဂုဏ်သိက္ခာ ထိခိုက်အောင် ပြောဆိုနေထိုင်မိပါတယ် ဘုရား"

"မိဘဂုဏ်သိက္ခာထိခိုက်အောင် ပြုမူနေထိုင် ပြောဆိုရင် သိကြားသူတွေက ဘယ်လိုကဲ့ရဲ့လဲ ဖြေစမ်း"

"တင်ပါ့ဘုရား၊ အနေအထိုင် မယဉ်ကျေး၊ ကိုယ်နှုတ် အမူအရာ ကြမ်းတမ်းရိုင်းစိုင်းရင် အဖယုတ်တယ်လို့ ပြောကြပြီး အပြောအဆို ကြမ်းရင် အမိယုတ်တယ်လို့ ကဲ့ရဲ့ကြပါတယ် လို့ ဆိုကြပါတယ် ဘုရား"

"နင် ဒါတွေသိရဲ့နဲ့ ဘာကြောင့်များ ကိုယ်နှုတ်မယဉ် ကျေးရတာလဲ ထွင့်ထိပ်ခေါင်၊ နင်သားသမီး ဝတ္တရားဖျော သိရဲ့လား"

"သိပါတယ်ဘုရား၊ ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ မွေခံထိုက်စေ၊ လျှမ်ျဝေ၍ စောင့်လေမျိုးနွယ် ဝတ်ငါးသွယ်ပါ ဘုရား"

"ဟေ့. . ခုလိုဆိုတော့လည်း ဖြောင့်နေပါလား၊ နင့်အသက် လူငယ်လူရွယ်လေးအရွယ်မို့ "စောင့်လေမျိုးနွယ်" အကြောင်း ဦးစားပေးပြီးပြောမယ်. . ဟဲ့. . . ထွင့်ထိပ်ခေါင်"

"ဘုရား"

"နင့်မိဘမျိုးရိုး နင် သိသလောက်ပြောစမ်း"

"တင်ပါ့ဘုရား၊ အဖေ့မျိုးရိုးက ကံငါးပါးလုံခြုံပြီးဘာသာ သာသနာအကျိုးရှေ့တန်းတင်ဆောင်ရွက်တဲ့မျိုးရိုးဖြစ်ပါတယ် ဘုရား အမေ့မျိုးရိုးဟာ ဆွေကြီးမျိုးကြီး၊ ဂုဏ်သတင်းကြီးပြီး၊ ပညာတတ် ဥစ္စာပေါ အများလေးစားမှုခံကြရတဲ့ မျိုးရိုးပါဘုရား"

"ဒါလည်း နင်သိနေပါလား၊ ဒါဆိုနင်က အဲဒီမိဘတွေ ရဲ့ မျိုးရိုးကို စောင့်ရှောက်သူလား၊ ဖျက်ဆီးသူလား"

"ဖျက်ဆီးနေသူပါဘုရား"

"စောင့်လေမျိုးနွယ်"ဆိုတဲ့ ဝတ္တရားမကျေပွန်တဲ့အပြင် နင့်မိဘတွေ နင့်ကြောင့် စိတ်သောကရောက်နေရတဲ့အတွက် နင် တစ်နေ့ လောကငရဲကျတော့မယ် ထွင့်ထိပ်ခေါင်. . "

"ဘုန်းဘုန်းကြီးဘုရား. . တပည့်တော်ကို ကြိုက်သ လောက် ရိုက်ပြီး ဆုံးမပါဘုရား၊ တပည့်တော်အပြစ်ကို မငြိုမငြင် ခံယူပါ့မယ်ဘုရား"

"စရိုက်ဇီဇဆိုတာ ဘယ်လောက်ရိုက်ရိုက်၊ ဘယ်လောက် ပြစ်ဒဏ်ချချ မပျောက်နိုင်ဘူး။ ကာယကံရှင် ကိုယ်တိုင်က အသိကပ်ပြီး သတိနဲ့ထိန်းမှ ပျောက်နိုင်တာဟ"

"တပည့်တော်ကို ရိုက်ပါဘုရား၊ တပည့်တော် နာနာ ကျဉ်ကျဉ် အရိုက်ခံရတဲ့အခါ မိမိကိုယ်မိမိ အမှားကို ပိုသတိရ ချင်လို့ပါဘုရား"

"နင့်ကို ရိုက်ချင်ရင် ဒီမေးခွန်းတွေ အရှည်ကြီး ငါမမေး ဘူး ထွင့်ထိပ်ခေါင်၊ နင့်ကို စောင့်လေမျိုးနွယ်အကြောင်း မေးချင်လို့. . ဒီမေးခွန်းတွေ မေးနေတာ"

ထွင့်ထိပ်ခေါင် အူကြောင်ကြောင် ဖြစ်သွားရတော့ သည်။ သူ့အဖေသည် သူ့ကြောင့် ထာဝရစိတ်ဆင်းရဲနေရ ပြီး သူ့အမေသည် သည်း မကြာခဏသောကဝင်နေရသည်။ မနေ့က မဖြစ်အပျက်ကြောင့် သူ့အဖေသည် သူ့သားအား ဆုံးမပေးပါရန် ဆရာတော်အား လျှောက်ထားအပ်နှံသောကြောင့် ထွင့်ထိပ်ခေါင်သည် ဆရာတော် ကျောင်း၏ ကျောင်းတိုင်ကြီးကို ဖက်ထားရသည်မှာ တစ်နာရီခန့်ရှိပြီ ဖြစ်သည်။ ကျောင်းတိုင်ကို ဖက်ရပြီဆိုကတည်းက ဆရာတော်၏ ရိုက် နှက်ဆုံးမမှုကို ခံယူရန်သာဖြစ်သည်ကို ဤ နယ်သူနယ်သား များ အသိဖြစ်ပါသည်။ ဤနယ်သူနယ်သား အားလုံးသည် ဆရာတော်အား ချစ်ကြောက် ကြည်ညိုရိုသေကြသူချည်းမို့ ဆရာတော်ဆုံးမမှုကို တန်ဖိုး ထားကြမြဲဖြစ်သည်ကို ထွင့်ထိပ်ခေါင်လည်း အသိဖြစ်ပါ သည်။ ထွင့်ထိပ်ခေါင် အတွေးစများကို ဖြတ်စေသည်မှာ. .

"ဟဲ့ ထွင့်ထိပ်ခေါင်"

"ဘုရား"

"နင့်အသက်က ခုမှ (၂၀)ဝန်းကျင်၊ ဒီအရွယ်ဆိုတာ ကောင်းကျိုးဆိုးကျိုး ဝေခွဲမှုနည်းတတ်သေးတဲ့အရွယ်၊ အရွေးမှားရင် ဘေးတွေ့မယ်မှတ်၊ နင့်မိဘတွေနဲ့ နင်နဲ့ စရိုက်ချင်းတူလား"

"မတူပါဘုရား"

"ဘာကြောင့် မတူတာလဲ ထွင့်ထိပ်ခေါင်"

"ဘုရားတပည့်တော်လည်း မကြာခဏ စဉ်းစားပါတယ် ဘုရား"

"အဖြေထွက်ရဲ့လား"

"မထွက်ပါဘူးဘုရား"

"နင်သိတတ်စမှ ယနေ့အထိ လုပ်လာတဲ့အမှားတွေ ထဲက အမှားအများဆုံးက ဘာများလဲ ထွင့်ထိပ်ခေါင်"

"အပေါင်းအသင်းတွေနဲ့ ပေးလား ဟားလားနေပြီး ကြုံရာစား ကြုံရာအိပ်၊ သောက်သောက်စားစား၊ အပျော် အပါးနဲ့ နေချင်တဲ့အကျင့်ပါ ဘုရား"

"နင့်မိဘ (၂)ပါးက ပေလား . . ဟားလား နေပြီး နင့်လိုအကျင့်ရှိတတ်တဲ့ မျိုးရိုးဟုတ်လို့လား"

"မဟုတ်ပါဘူးဘုရား"

"ဒါဆို နင်မရှက်ဘူးလား၊ နင်မရှက်ပေမဲ့ နင့်မိဘတွေ က ရှက်လွန်းလို့ ဆေးရုံရောက်တဲ့သူ ရောက်နေပြီ၊ သောက များတဲ့သူ များနေပြီ"

"ဘုရားတပည့်တော်လည်း ရှက်မိပါတယ် ဘုရား၊ အဖေတို့ အမေတို့ကိုလည်း သနားမိပါတယ်ဘုရား"

"အေး . . အဲဒီအသိကို ကပ်ထား၊ အဲဒီအသိနဲ့ ပေးလား

ဘားလားနေချင်တဲ့ စိတ်၊ မကောင်းတဲ့အကျင့် စရိုက်လုပ်ချင်တဲ့ ိတ်ပေါ်တဲ့အခါ သတိနဲ့ရှောင်၊ အလေ့ အကျင့်များလာရင် နှင့်မိဘတွေရဲ့ မျိုးရိုးကို စောင့်ရှောက် နိုင်တဲ့သူ ဖြစ်လာလိမ့်မယ်"

"တကယ်ဖြစ်ပါ့မလား ဘုရား၊ ဘုရားတပည့်တော်က ိဘတွေကို ကျေးဇူးဆပ်နေတဲ့အနေနဲ့ တစ်ရပ်တစ်ကျေးကို အစဖျောက်ပြေးတော့မယ်လို့ စဉ်းစားနေမိပါတယ် ဘုရား"

"နှင် ထပ်မှားမှာပေါ့၊ နှင့်ကို နှင့်မိဘတွေ ဘယ်လောက် ချစ်တယ်ဆိုတာတော့ နှင်အသိဆုံးဖြစ်မှာပါ"

"သိပါတယ်ဘုရား.. အဲဒါကြောင့် ဘုရားတပည့် တော် ဘယ်လိုများ ကျေးဇူးဆပ်ရမယ်ဆိုတာ ဆုံးမပေးတော် မူပါဘုရား"

"ငါဆုံးမရင် နှင်တကယ် နားထောင်မှာလား"

"နားထောင်ပါ့မယ် ဘုရား"

"ကဲ ဒါဆို ငါမေးတာတွေ နှင်မကွယ် မဝှက်ဖြေ"

"ဖြေပါ့မယ်ဘုရား"

ဆရာတော်သည် ခေတ္တခဏမျှ နားလိုက်ပြီး၊ ခေါင်း လေးတငြိမ့်ငြိမ့်လုပ်ပြီးမှ

"နှင်နဲ့ပေါင်းနေတဲ့ အပေါင်းအသင်းတွေက ဘယ်လို လူတွေလဲ ဖြစမ်း ထွင့်ထိပ်ခေါင်"

"တင်ပါ့ဘုရား.. မူးယစ်ဆေးဝါးစွဲနေတဲ့သူတွေပါ ဘုရား"

"ဒါဆိုနှင်ရော စွဲနေပြီလား"

"ဘုရားတပည့်တော်ကတော့ သူတို့လို ဆေးထိုး၊ ဆေးရှူ လုပ်ပါဘူးဘုရား"

"ဒါဆို နင်တစ်ခုခုတော့ လုပ်တယ်ပေါ့"

"လုပ်တာတော့ မဟုတ်ပါဘူးဘုရား၊ စမ်းကြည့်ချင် တာပါ"

"ဘာတွေကို ဘယ်လိုစမ်းတာလဲကွ"

"ဆေးလိပ်သောက်ကြည့်ပါတယ် ဘုရား၊ ကြက်သား နဲ့ ဆေးခြောက်ရောပြီးချက်ထားတဲ့ ကာလသားချက်ကို စားကြည့်ပါတယ် ဘုရား၊ ထန်းရည်မြည်းပါတယ် ဘုရား၊ ဘိန်းဖြူ/ ဘိန်းမဲ ဘာကွာသလဲ တစ်ခါနှစ်ခါလောက် သုံးကြည့်ပါတယ် ဘုရား၊ ကမ္ဘာမှာ အကောင်းဆုံး ဆိုတဲ့ အရက်ကို **အစမ်းသော**က် ကြည့်ဖူးပါတယ်ဘုရား"

"ဟေ. . ."

ဆရာတော်ဘုရားပင် "ဟေ"ဟု တပြီး တအံ့တသြ ဖြစ်သွား သည်။

"ဟဲ့. . နင်ပြောတော့ စမ်းကြည့်ချင်တာဆို. . ခုနင် ပြောသွားတာတွေက နင်စမ်းတာမဟုတ်ဘူး စွဲနေပြီလို့တောင် ပြောရမယ့် အဆင့်ရောက်နေပြီ ထွင့်ထိပ်ခေါင်ရဲ့. . မူးယစ် စေတဲ့ ဘယ်အရာကိုမှ "မစနဲ့"၊ "မစမ်းနဲ့"၊ "စမိစမ်းမိရင်. . စွဲတတ်တယ်"

"မူးယစ်ဆေးကို စွဲသူတိုင်း စန့်သွား (အသေဆိုးနဲ့ သေသွား) တာချည်းပဲ"

"ဒါဆို ဘုရားတပည့်တော် အသေဆိုးနဲ့ သေရတော့ မှာပေါ့နော်ဘုရား. ."

"ဒါပေါ့. . တစ်နေ့နေ့ သေရမှာပေါ့၊ နင်သေတာက နင့်အပြစ်နဲ့နင်မို့ ဆွေမျိုးမိတ်ဆွေတွေက သနားကြမှာ မဟုတ်ဘူး. . . နင့်ကြောင့် ဂုဏ်သိက္ခာထိခိုက်ကြမယ့် မိဘတွေက. . သူများမေးငေ့

ပြီး အသက်ရှင်လျက်နဲ့ သေကြမှာကို ဝိုင်းပြီးသနားကြလိမ့်မယ်"

"မူးယစ်ဆေးကို ဘုရားတပည့်တော်တို့ သူငယ်ချင်း တွေအားလုံး အပျော်သဘော သုံးကြ၊ စမ်းကြတာပါ ဘုရား . အခြားတစ်စုံတစ်ရာ အမှား ဒီနေ့အထိ မဖြစ်သေးပါဘူးဘုရား"

"မူးယစ်ဆေးကြောင့် အခုမမှားလဲ နောင်မှားမှာပဲ၊ မူးယစ်ဆေး ကြောင့် မှားခဲ့တဲ့ သာဓကတွေရှိတယ် ထွင့်ထိပ်ခေါင်၊ သေသေချာချာ းထောင်စမ်း"

ဆရာတော်ဘုရားက စိတ်ရှည်လက်ရှည် ပြောပြ ဆုံးမရှာသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ ဦးရီးတော် (ယောက္ခမ) သုပ္ပဗုဒ္ဓ ်းကြီးသည် သမီးတော် ယသော်ဓရာအား ပစ်ထားခဲ့ခြင်းနှင့် ားဒေဝဒတ်အား ရဟန်းပြုပေးခြင်းကို မကျေမချမ်းဖြစ်ကာ ုဒ္ဓမြတ်စွာဘုရား ဆွမ်းခံသွားရာလမ်း၌ အရက်သေစာ သောက်စား၍ ်တားခဲ့ဖူးသည်။

ရှင်ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်း၍ ကြမ်းကြုတ် ်ထန်သော နာဠာဂီရိဆင်အား အရက် (၁၆) တစ်ဆယ့်ခြောက်အိုး ်၍ ဗုဒ္ဓမြတ်စွာဘုရားအား သတ်ဖြတ်စေရန် စေလွှတ်ခဲ့ဖူးသည်။

ဗာရာဏသီမင်းသည် ယစ်နှင့်ကင်း၍မရနိုင်၊ အမဲဟင်း ည်းမပါက မစားနိုင်ချေ။ တစ်ခါသော် ဘုရင်ကြီး မူးယစ်နေ ခိုက် ဟင်းမရကြောင်း စားတော်ချက်မှ လျှောက်လေရာ မင်းကြီးသည် း အလွန်ချစ်မြတ်နိုးသော သားတော်အား သတ်ဖြတ်ပေး၍ ဟင်းလျာအဖြစ် ချက်စေခဲ့၏။

ဝိသာခါကျောင်းအစ်မကြီးနှင့် နောက်ပါအဆွေ ခင်ပွန်း မိန်းမ

(၅၀၀)တို့သည် ဗုဒ္ဓမြတ်စွာဘုရားအား အလွန်ကြည်ညို ရှိသေသူများ ဖြစ်၏။ သို့သော် ဝိသာခါကျောင်းအစ်မကြီး၏ နောက်ပါ (၅၀၀)တို့သည် စိန်ရည် (အရက်)ကိုသောက်မိ၍ ဗုဒ္ဓမြတ်ဘုရားရှေ့မှောက်၌ အရှက်ကင်းမဲ့စွာ ကခုန်ဖူးကြလေသည်။

တပင်ရွှေထီးမင်းသည် (၁၅)နှစ်သားဘဝမှပင် ခမည်းတော်၏ အရိုက်အရာရ၍ ရှင်ရဲထွတ် ခေါ် (ဘုရင့်နောင် ကျော်ထင်နော်ရထာ)၏ အကူအညီဖြင့် လျှမ်းလျှမ်းတောက် ကျော်ကြားသော ဘုရင်တစ်ပါး ဖြစ်ခဲ့သည်။ သို့သော် အရက်သေစာနှင့် ပျော်မွေ့သူဖြစ်သဖြင့် ရန်သူ သမိန်စောထွတ်၏ လှည့်ကွက်မိပြီး လုပ်ကြံခံရလေသည်။

- ဥစ္စာပျက်ပြား၊ ခိုက်ရန်ပွား၊ များတုံ့ရောဂါစု
- သတင်းယုတ်မာ၊ အရှက်ကွာ၊ ပညာဆုတ်ယုတ်မှု
- ယစ်မျိုးကြူးငြား၊ သူတို့အား၊ ခြောက်ပါးအပြစ်ရှု

အရက်ကြောင့် အသည်းရောင်ခြင်း၊ အသည်း ခြောက်ခြင်း သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံး ရောဂါဖြစ်နိုင်ခြင်း ဦးနှောက်နှင့် အာရုံကြောထိခိုက်ခြင်းနှင့် စိတ်ရောဂါများ ဖြစ်နိုင်ပါသည်။

'ငါးကိုဖျက် ဝါးမျက်၊ လူကိုဖျက် အရက်'

ဆရာတော်ဘုရား သာဓေ ထုတ်၍ ဆုံးမစကား အဆုံးတွင်

"ဘုရားတပည့်တော် မိဘတွေကို စိတ်ချမ်းသာ အောင် ဘယ်လိုများ ပြုစုလို့ရပါမလဲဘုရား"

"မိဘတိုင်းဟာ သားသမီးတိုင်းကို သူတို့ထက် ထူးချွန် ထက်မြက်အောင်မြင်ကျော်ကြားစေချင်ကြတာချည်းပဲ။ ဒါကြောင့်လည်း မိဘတွေက သူတို့သားသမီးကို သူတို့ထက် သာလွန်လိုတဲ့

မျှော်မှန်းချက်ကို ရောက်စေဖို့ လမ်းညွှန်မယ်၊ တည့်မတ်ပေးမယ်၊ ပံ့ပိုးနေပေမယ့် သားသမီးက လမ်းကောင်း ပေါ်မလျှောက်ရင် လမ်းဆိုးပေါ်ရောက်မယ်၊ လမ်းကောင်း ပေါ်ရောက်တဲ့ သားသမီးက ရိုးရိုးသားသား၊ နိုးနိုးကြားကြားနဲ့ ကြိုးစားလိုက်ရင် မွေ့ခံထိုက်တဲ့ သားသမီးဖြစ်ပြီး ကိုယ်က မိဘဖြစ်တဲ့အခါ ကိုယ့်ထက်သာတဲ့ သားသမီးကို မွေးနိုင်မှာ ပေါ့”

“ဘုရားတပည့်တော် နောင်တရပါပြီဘုရား”

“အေး ခုဆို နင်အရွယ်ရောက်ပြီ၊ တစ်နေ့ နင် အိမ်ထောင် သားမွေးပြုရင် နင့်ရဲ့ မကောင်းမှုစရိုက်တွေ နင့်ရဲ့ သားသမီးဆီကို ရောက်ဖို့ ခုထဲက အသိကပ်ပြီး သတိနဲ့ပြင်၊ အကယ်၍များ နင့်ရဲ့သားသမီးတွေဟာ ကံငါးပါးမလုံခြုံတဲ့ သားသမီးများဖြစ်ခဲ့ရင် သံသရာတစ်လျှောက်သွားပြီမှတ်”

“တင်ပါ့ဘုရား၊ ဘုရားတပည့်တော် မိဘတွေ စိတ်ချမ်းသာ အောင် ကံငါးပါး လုံခြုံတဲ့ မူးယစ်ဆေးဝါးကင်းစင်တဲ့ သားကောင်း တစ်ယောက်ဖြစ်အောင် နေထိုင်ပါတော့မယ် ဘုရား၊ မွေ့ခံထိုက်တဲ့ သားကောင်းတစ်ယောက်ရဲ့ ဗီဇကောင်းကို ဘုရားတပည့်တော်ရဲ့ သားစဉ်မြေးဆက်ပေးနိုင်အောင် ယနေ့ကစပြီး အသိကပ်ပြီး သတိနဲ့အမျိုးအနွယ် စောင့်ထိန်းတဲ့ သားကောင်းဖြစ်အောင် နေပါ့မယ်ဘုရား”

“သာဓု . . သာဓု . . . သာဓု”

* * *

# ကျွန်တော်မနံ့ကြစေဖို့

ဖွားလေး၏ ဆွေစဉ်မျိုးဆက် အတော်များများလည်း ရေကြည်ရာ မြက်နုရာ ရှာဖွေစားသောက်ရင်း အိမ်ထောင်သား မွေးဖြင့် တစ်အိုးတစ်အိမ်ထူထောင်ကာ တစ်နယ်တစ်ကျေးတွင် နေထိုင်လျက်ရှိကြသည်။

တကယ်တမ်း ခေါ်ရမည်ဆိုလျှင် ဖွားလေးလုံမဟု ခေါ်၍ မဖြစ်တော့ပါ။ သို့သော် တစ်မြို့လုံး တစ်နယ်လုံးက အစဉ်အဆက် ဖွားလေးလုံမဟု နှုတ်ကျိုးခေါ်ခဲ့ကြရာမှ ကျွန်တော်တို့ အရွယ်တွေကပါ လိုက်ခေါ်မိခြင်းဖြစ်ပါသည်။ ကျွန်တော်တို့တစ်တွေနှင့် ဘယ်လိုဆွေမျိုးတော်ပြီး ဆွေမျိုးစပ်ရမည်ကိုပင် မသိနိုင်တော့ပါ။ သို့သော် သာယာဝတီသုံးဆယ်နယ်တစ်ဝိုက်မှာတော့ ဖွားလေးလုံမနှင့် ဆွေမျိုးကင်းသူ ခပ်ရှားရှားဟု ပြောကြသည်။ ဖွားလေးလုံမက မွေးဖွားရာဒေသ ဖြစ်သည့် ပန်းဆွဲရွာဒေသကို ယနေ့အထိ မခွာ။

အနည်းဆုံး တစ်နှစ်တစ်ကြိမ်တော့ ဖွားလေးလုံမကို လာရောက်ကန်တော့ကြတာများသည်။ မလာနိုင်သည့် အဆုံး ကန်တော့ပစ္စည်းလေးပို့ကြသည်။ တစ်နှစ်တစ်ကြိမ်ကန်တော့တာ၊ မကန်တော့တာ အသာထား။ မည်သူမဆို ဒီဒေသတွင်

ဖွားလေးလုံမက ခေါင်းမိုင်းလိုက်သည်ဆိုလျှင် မည်သူမျှ အကြောင်းကြီးငယ် ကိစ္စမှတစ်ပါး မလာဘဲနေဝံ့သူမရှိ။ မလာရောက်သူမရှိ။ ရပ်ကွက်/ကျေးရွာလူကြီးများပင် မလာဘဲ မနေနိုင်။ အဘယ်ကြောင့်ဆိုသော် ဖွားလေးလုံမနှင့် ထိုပုဂ္ဂိုလ်များက ဆွေသားကင်းသူများမဟုတ်ကြ၍ ဖြစ်သည်။ ကြောက်ချစ်ရိုသေ၍ ဖြစ်သည်။ ဂါရဝထားကြ၍ ဖြစ်သည်။

အကယ်၍ အကြောင်းကြောင်းကြောင့် ဖွားလေးလုံမ အမှာရှိပါလျက် လာရောက်မှုပျက်ကွက်ပါက ဖွားလေးလုံမသည် ထိုပုဂ္ဂိုလ်ရှိရာသို့ တောက်တောက်တောက်တောက်နှင့် တစ်ယောက်တည်း ရောက်လာလိမ့်မည်။ (သို့မဟုတ်) လမ်းတွင် တွေ့သော တစ်ဦးဦးက လိုက်ပို့ပေးမည်။ ဤအသက်အရွယ် ရောက်သည်အထိ ဖျတ်လတ်နေဆဲ၊ စိတ်မြန်နေဆဲ ဖြစ်သည်။

ဖွားလေးလုံမသည် မျိုးချစ်စိတ်ဓာတ် ပြင်းထန်သူဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးရရှိအောင် တိုက်ပွဲဝင်သူတွေထဲတွင် ကုမာရီအသင်းဝင်အဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဖွားလေးလုံမတို့ခေတ်က လွတ်လပ်ရေးတိုက်ပွဲတွင် တော်လှန်ရေးရဲဘော်များ ဦးဆောင်သော တပ်မတော်သားများ ခန်းချရာနေရာ တောင်ပန်းဆွဲရွာတွင် တည်ထောင်ပေးခဲ့သော အသင်းတိုက် (စာကြည့်တိုက်)တွင် ဖွားလေးလုံမတို့ စုရုံးညီနိုင်းကာ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ပါဝင်ခဲ့ကြသည်။

**အမေ့သားထိုက်ဓာပေ**

တော်လှန်ရေးရဲဘော် မြန်မာ့မျိုးချစ်များသည် တောင်ပန်းဆွဲရွာ အသင်းတိုက်အနီးရှိ ဘုန်းတော်ကြီးကျောင်းအား အသင်းကျောင်းအဖြစ် တွင်စေခဲ့သည်။ ယနေ့တိုင် အသင်းကျောင်း (ဘုန်းတော်ကြီး)ကျောင်းမှာ ဘာသာသာသနာအကျိုးဆောင်ရွက်နေဆဲဖြစ်သည်။ တစ်ခေတ်တစ်ခါ ထင်ပေါ်ကျော်ကြားခဲ့သော အသင်းကျောင်းကြီးသည် ယနေ့တိုင် သာသနာပြုလုပ်ငန်းများဖြင့် ထင်ပေါ်လျက်ရှိပါသည်။

ဖွားလေးလုံမသည် ယခင်ကလည်း မျိုးချစ်စိတ်ပြင်းထန်သည်။ သက်တော်ရှည်ဖွားလေးအဖြစ် ရှိနေစဉ်မှာလည်း အမျိုးဂုဏ် ဇာတိဂုဏ်မပပျောက်စေရေးအတွက် ဆောင်ရွက်နေချင်သူ ဖြစ်ပါသည်။ စိတ်ဓာတ်က မော်ကွန်းထိုးလောက်ပါသည်။

ဝ ဝ ဝ

သုတဆေးကျမ်းအဆိုတွင် အရွယ်ဆယ်ပါးရှိသည်ဟုဆို၏။ မွေးစမှသည် ဆယ်နှစ်အထိ မန္ဒသက အကျိုးအပြစ်မသိမိုက်၏။ ဆယ်နှစ်မှ နှစ်နှစ်ဆယ်အထိ ခိဍ္ဍာဒသက ပျော်ပါးလွန်ကျူးသောအရွယ်၊ ၂၀ နှစ်မှ ၃၀ နှစ်အထိ ဝဏ္ဏဒသက အလှရှိသမျှ အစွမ်းကုန်လှသော အရွယ်၊ ၃၀ နှစ်မှ ၄၀ နှစ်အထိ ဗလဒသက ခွန်အားအကောင်းဆုံးအရွယ်၊ ၄၀ နှစ်မှ ၅၀ နှစ်အထိ ပညာဒသက ပညာအကြီးဆုံးအရွယ်၊ ၅၀ နှစ်မှ ၆၀

အမေ့သားထိုက်ဓာပေ

နှစ်အထိ ဟာယနုဒ္ဓန်ဒသာ၊ အသိပညာ၊ ရုပ်ရည်တင့်နှစ်ထောက် တစ်နှစ်ဆုတ်၏။ ၆၀ နှစ်မှ ၇၀ နှစ်အထိ ပဇ္ဇာရဒသက အခေရှိသောအရွယ်၊ ၇၀ နှစ်မှ ၈၀ နှစ်အထိ ဝင်္ကဒသက ခါးကုန်းသော အရွယ်၊ ၈၀ နှစ်မှ ၉၀ နှစ်အထိ မောမူဟဒသက တွေဝေမိန်းမောသော သူငယ်ပြန်၏။ ၉၀ နှစ်မှ ၁၀၀ နှစ်အထိ သယနဒသက အိပ်ရာထဲမှာ လဲနေသော အရွယ်ဟု ဖွင့်ဆိုထားသည်ကို မှတ်သားဖူးပါသည်။

ဖွားလေးလုံမကို အသက် ၄၀ မှ ၅၀ တန်းဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ မဟုတ်ပါ။ ဖွားလေး ဤဝါကျွတ်မည့် သီတင်းကျွတ်လပြည့်နေ့တွင် အသက် ၁၀၀ ရာပြည့် ဘွားဘွားဖြစ်ပါမည်။

ဖွားလေးလုံမ ဘာကြောင့်အိပ်ရာထဲ လဲမနေပါလိမ့်၊ ဘာကြောင့် တွေဝေမိန်းမောမနေပါလိမ့်၊ ဘာကြောင့်အသိပညာတွေ မဆုတ်ယုတ်ပါလိမ့်၊ အသွားအရေတော့ တွန့်နေပြီ။ သို့သော် ဖွားလေးလုံမ အသိပညာတွေ ယခင့်ယခင်ကထက် ပိုပြီး တိုးပွားနေသည်။ အမြင်တွေပိုပြီး စူးရှလာသည်။

ဆွေစဉ်မျိုးဆက်အပါအဝင် တစ်မြို့လုံးက ဘွားဘွားကြီး လုံမဟု မညီသူကမှမခေါ်၊ ငယ်သူကရော ရွယ်လတ်တွေရော အသက် ၇၀ တန်း ဝန်းကျင်တွေကပါ ဖွားလေးလုံမခေါ်ကြရာက အမျိုးများရော သူစိမ်းများပါ နှုတ်ကျိုးပြီး ဖွားလေးလုံမဟု ခေါ်ကြခြင်းဖြစ်ပါသည်။

တချို့က ပြောကြသည်။ ဖွားလေးလုံမ သူငယ်ပြန်နေပြီ။ လုပ်မှားကိုင်မှားမဖြစ်အောင် ကြံ့ရာလူက ဝိုင်းစောင့်ရှောက်နေ ရန် မှာကြားကြသူများလည်း ရှိလာပြီ၊ ပြောမယ်ဆိုလည်း ပြောစရာ-

"ဟဲ့. . သာအောင်၊ နင်က ရပ်ကွက်လူကြီးလုပ်နေပြီး၊ ရပ်ကွက်စာဖတ်ခန်းတောင် ဖြစ်အောင်လုပ်မပေးနိုင်ဘူးလား၊ ငါက စာကြည့်တိုက် စာဖတ်ခန်းမှာသွားပြီး စာဖတ်ချင်တယ်။ လူငယ်တွေကိုလည်း စာဖတ်စေချင်တယ်။ အမြန်ဆုံး စာဖတ်ခန်းဖြစ်အောင်လုပ် ဒါပဲ"

"ဟိုကောင်. . ဖိုးနုံ၊ နင်ဟာလေ နာမည်နဲ့လိုက်အောင် နုံလှချေလား. . .၊ စပါးကောင်းတုန်း စုစုဆောင်းဆောင်းရှိတုန်း တီဗီလေး ဘာလေးဝယ်ပါလား၊ တတ်နိုင်ရင် အောက်စက်လေးပါ ဝယ်ပေါ့. .၊ စပါးရောင်းလိုက် မိန်းမမျက်နှာလုပ် ရွှေဝယ်ပေးလိုက်၊ အဝတ်အစားဝယ်ပေးလိုက်နဲ့ တယ်. . ငါမပြောလိုက်ချင်ဘူး၊ နင့်မှာ သားတွေ သမီးတွေနဲ့၊ နင့်သားသမီးတွေ တောမှာ နေရတယ်ဆိုပေမယ့် အသိတွေ အမြင်တွေတိုးဖို့လိုတယ်၊ အမြင်မရှိရင် အသိကန်းကုန်လိမ့်မယ်၊ နင်လယ်လုပ်ရင်း ပိုးထိသေတော့မှ နောင်တရမနေနဲ့၊ နင်နောင်တရတဲ့အချိန်ဆို နောက်ကျသွားပြီမှတ်"

ဖွားလေးလုံမသည် စာဖတ်သည်။ တီဗီကြည့်သည်။ ဆရာတော်ကြီးများထံ ဩဝါဒနာခံသည်။ ဖွားလေးလုံမတွင်

အသက် ၁၀၀ ဆိုသော အတွေ့အကြုံများကလည်း အသိဉာဏ်တွေ အလိုလိုပြည့်နေစေသည်။

ဖွားလေးလုံမက တစ်နှစ်တစ်ကြိမ်လောက်သာ ဆုံရသော ကလေးများ၊ လူငယ်များအား သူ့ဘဝအတွေ့အကြုံများကို ပြောပြတတ်လေ့ရှိသည်။ ခေတ်အမျိုးမျိုးကို မှီသူဆိုတော့ ဖွားလေးမှာ သူကြုံခဲ့သည့် ဗဟုသုတတွေ၊ အသိတွေက တစ်ပုံတစ်ပင်ဖြစ်သည်။ ခုတစ်လော ဖွားလေးလုံမ တစ်ခုခုကို စိတ်အလိုမကျဖြစ်နေသည်လားမသိ။ သူ့အိမ်ထဲတွင် သူနေပြီး သူခေါ်ချင်သော သူများကိုခေါ်ကာ သူ့ရဲ့ ရှေးအိမ်ကြီး အောက်ထပ်ကို စိတ်တိုင်းကျရှင်းလင်းခိုင်းနေကြောင်း ကြားရသည်။

ကျွန်တော်တို့က တွက်ကြည့်ကြသည်။ လာမည့် သီတင်းကျွတ်လပြည့်နေ့သည် ဖွားလေးလုံမ၏ နှစ် ၁၀၀ ပြည့်မွေးနေ့ဖြစ်သည့်အတွက် ကောင်းကောင်းကျွေးမွေးဖို့ ကြိုတင်ပြင်ဆင်နေသည်ဟု တွက်ကြသည်။ သို့သော် အသက်ကြီးလာသဖြင့် ရှင်းရှင်းလင်းလင်းနေလို၍ ရှင်းခိုင်းတာလည်း ဖြစ်နိုင်သည်။ တွက်ကြည့်တာတွေဟာ မှန်ဖို့မလွယ်လှ။ သို့သော် တစ်နေ့မဟုတ်တစ်နေ့ ဖွားလေးထံမှ အသံထွက်လာမည်ဟု အားလုံးလက်ခံထားကြသည်။

အားလုံးလက်ခံထားသည့်အတိုင်း မကြာပါချေ။ ရပ်ကွက်လူကြီးဖြစ်သည့် ကိုသာအောင်ကို ဖွားလေးလုံမက သူ့အိမ်ကို လာရန်ခေါ်ခိုင်းခြင်းသတင်းကြားရသည်။ ကိုသာအောင်

သည်း မလေးရဲ့ လာချိန်နှင့် လာ်ရသည်။ ကိုသာအောင် မလာရဲ့ သည်က အခြားမဟုတ်။ ပြီးခဲ့သည့် တစ်ပတ်ခန့်က ကိုသာအောင် မိန်းမမွက်လော်အား ရှာဦး ဘုန်းကြီးကျောင်းတွင် ဆရာတော်များရှေ့မှာ ဖွားလေးလုံမကို မောင်နှမပြီး အိမ်ပြန်နှင်ခဲ့သည့် အကြောင်းက ရှိခဲ့သည်။

အမှန်အတိုင်းပြောရလျှင် ကိုသာအောင်မှာအားကာ ဖွားလေးလုံမကို လုံးဝမကျေနပ်။ ရုပ်ကွက်လူကြီးကအောင် ဖြစ်သည့် အပြင် အများသူငါရှေ့၊ ဆရာတော်များရှေ့မှ ရက်ရက် စက်စက် ပက်ပက်စက်စက် ပြောဆိုမောင်းချခံရသဖြင့် ရက်သည့်ကတစ် ကြောင်း၊ ခေတ်ကို နားမလည်သည့် အဘွားကြီးဟု မြင်သည်က တစ်ကြောင်းတို့ကြောင့် ဖွားလေးကို မကွက်စောင်းမကျေနပ်နိုင်။ လင်ယောကျ်ားလုပ်သူကို ပြောဆိုတိုင်တန်းသော်လည်း ဖွားလေး လုံမကို မည်သူမျှ ပြန်ပြောဝံ့သူ မရှိကြ။ ပြန်ပြောရိုးထုံးစံလည်း မရှိ။ ကိုသာအောင်လည်း စဉ်းစားပါသည်။ ဖွားလေးလုံမ သူ့ မိန်းမကို ပြောလိုက်သည့် စကား၊ မတရားပြောတာလား။ စစ်ပိုင်းကြည့်လိုက်တော့ တမရိုက်တာ ကျေးဇူးတင်ဟု သူ့မိန်းမ ကို သုံးဆုံးမလိုက်သည်။ ဖွားလေး လုံမရှေ့ ဒီလိုလုပ်လို့ကတော့ ဘယ်သူမှ သက်သာလိမ့်မည် မဟုတ်။

တစ်လမှာ လေးကြိမ် ဥပုသ်သီတင်းစောင့်ကြတဲ့အချိန် ကိုးပါးသီလလုံသင့်သည်။ ကိုယ့်ကိုယ်ကိုယ် ကာလုံအောင် မထိန်း နိုင်ရင် ဥပုသ်လာမစောင့်နဲ့..၊ အိမ်မှာပဲနေ...။ ဒါ..

ဘုန်းကြီးကျောင်း ဟိုဒီဝဲမှာပါတဲ့ ဖက်ရှင်ရှိုး၊ မော်ဒယ်ရှိုး၊ ကာရာအိုကေရှိုး မဟုတ်ဘူး . . ။ မျက်ခုံးမွေးနဲ့ မိတ်ကပ်နဲ့၊ ဘရာစီယာနဲ့၊ ဖက်ရှင်နဲ့။ တယ်လေ . . . ငါပြောလိုက်ရမကောင်းဘူး။ ကောင်မ . . . နန့်ချင်ရင် ဘုန်းကြီးကျောင်းမလာနဲ့၊ နင့် ယောက်ျားခွင့်ပြုရင် စတိတ်ရှိုးသွားဆို"

"၅၅၀ နိပါတ်တော်လာ မုဒုလက္ခဏာဇာတ်တော်မှာ မုဒုလက္ခဏာမိဖုရားရဲ့ နူးညံ့လှတဲ့ ရုပ်ကလေး အရှင်သူမြတ်မြင်မိလို့ သူ့မှာရှိတဲ့ သမာဓိပျက်ခဲ့ရတယ်။ ဒါတောင် မုဒုလက္ခဏာမိဖုရား လော်လီတာမဟုတ်ဘူး။ မတော်တဆ တိုက်ဆိုင်သွားတာ၊ နင်တို့လိုကောင်မမျိုး ဝတ်ပုံစားပုံသာ အဲဒီကိုယ်တော်မြတ်မြင်သွားရင် သမာဓိပျက်ရုံတင်မဟုတ်ဘူး၊ အစိစိတောင် ကျသွားနိုင်တယ် . . ။ ကောင်မ မြန်မြန်ပြန် . . ၊ နင့်ယောက်ျားကိုလည်းပြောလိုက်၊ မကျေနပ်ရင် ငါ့လာ ဖမ်းလှည့်လို့"

အဲဒီလို ဖွားလေးလုံမပြောလိုက်ကြောင်း မဂ္ဂက်ထော်ကကိုသာအောင်ကို ပြန်ပြောခဲ့စဉ်ကတည်းက တစ်နေ့မဟုတ်တစ်နေ့ ဖွားလေးလုံမကာ ကိုသာအောင်ကို ခေါ်လိမ့်မည်ဟုကိုသာအောင် တွက်ပြီးသွားဖြစ်သည်။ ခေါ်လည်းခေါ်ခဲ့ပြီဖြစ်သည်။ ကိုသာအောင် ဖွားလေးလုံးမရှေ့ရောက်တော့ထိုင်ရမလို ထရမလိုဖြစ်နေတုန်း ဖွားလေးက-

အမွေသားထိုက်စာပေ

"သာအောင်လား . . တိုင် . . ဖွားလေး ဘာကြောင့် ခေါ်တယ်လို့ မင်းထင်သလဲ . . " ကိုသာအောင် ဘာပြောရမည် မသိဖြစ်နေသဖြင့်

"မင်းဖြေရခက်နေသလား . . ခေါ်တယ်ဆိုကတည်းက ပြောစရာရှိလို့ - ခိုင်းစရာရှိလို့ပေါ့ . . ၊ ပြောစရာရှိတာ အရင် ပြောမယ်" ကိုသာအောင် ရင်တွေခုန်ချင်သလို ဖြစ်နေသည်။ ဆုတော့မလား၊ ကြိမ်းတော့မလား၊ တွက်ဆနေရသည်။ ဘာ ပြောပြော နားထောင်ရုံမှတစ်ပါး အခြားမရှိ။

"နောက်အပတ် သီတင်းကျွတ်လပြည့်နေ့ဆို ဖွားလေး အသက် ၁၀၀ ပြည့်ပြီ၊ မင်းတို့ ဘာစီစဉ်ထားကြသေးလဲ . . ၊ စီစဉ်စေချင်လို့ပြောတာမဟုတ်ဘူးနော် . . ၊ အမှန်ပဲပြော . . ၊ ဘာမှ အစီအစဉ်မရှိဘူးဆိုရင်လည်း ဖွားလေးလုံမ အစီအစဉ် ပြောမယ်။ မင်းတို့ရပ်ကွက်လူကြီးတွေ ဖွားလေးလုံမ သားချင်း တွေအနေနဲ့ တစ်ခုခုစီစဉ်ပြီးသားဆိုရင်လည်း ပေါင်းစပ်ရအောင် ပါ"

ကိုသာအောင် ဘာစပြောရမည်မသိအောင် ဖြစ်နေ တော့သည်။ အမှန်အခြေအနေက ဘာမျှ စီစဉ်ထားခြင်း မရှိ သောကြောင့် ဖြစ်ပါသည်။ သို့သော် ဖွားလေးလုံမ၏ မြစ်အဆင့် ရှိသော တူ၊ တူမများကမွေးသော မြစ်ဖြစ်သူ သုံးဆယ်မြို့ပေါ် နေ ဆရာလေးဦးညွန့်အုန်းက ယခုနှစ် ဖွားလေးလုံမ၏ နှစ်တစ်ရာ ပြည့်မွေးနေ့တွင် ရာပြည့်ပွဲအဖြစ် အနယ်နယ် အရပ်ရပ်ရောက်

နေသော ဆွေမျိုးမိတ်သင်္ဂဟများ စုဆုံ ကန်တော့ပွဲပြုလုပ်ရန် အစီအစဉ်ရှိကြောင်း နားစွန်နားဖျား ကြားထားသောကြောင့်-

"ဖွားလေး . . မြို့ပေါ်က ဆရာလေးညွှန့်အုန်းကတော့ ရာပြည့်ပွဲအဖြစ်လုပ်ဖို့ စီစဉ်နေတယ်လို့ ပြောပါတယ် . . .၊ အသေးစိတ်တော့ မသိရသေးပါဘူး" ကိုသာအောင်က ဖြေမိလိုက်သည်။ ဖွားလေးလုံမကလည်း ပြုံးစိစိလုပ်ပြီးမှ-

"စိန်ချစ်-မသိန်းလွား၊ ညွှန့်အုန်းလား . . .၊ သူက ကျောင်းဆရာဆိုတော့ လုပ်တတ်ကိုင်တတ် ဆောင်ရွက်တတ်မှာပါ။ အေး . . သာအောင်၊ သူကအဝေးမှာနေတာ၊ နင်က ငါနဲ့တစ်ရွာတည်းနေတာ၊ သူများကလုပ်ရတယ်ဆိုတာ နင်ဂုဏ်ရှိလှပြီထင်သလား . . .၊ ညွှန့်အုန်းကို နင်အကြောင်းကြားလိုက် . .၊ ဒီနှစ် ဖွားလေးလုံမရဲ့ ရာပြည့်မွေးနေ့ပွဲကို ဖွားလေးလုံမကိုယ်တိုင် စီစဉ်ပြီးပြီလို့ ပြောလိုက်၊ ဘယ်တူ၊ တူမ ဆွေစဉ်မျိုးဆက်တွေဆီကမှ ကန်တော့ခံပစ္စည်း လက်မခံဘူး။ ဖွားလေးကို တကယ်လေးစားတဲ့သူတွေ . . လက်ချည်း လာကန်တော့နိုင်တယ်"

"ဖွားလေးဖို့ ရွာပြင်က သရက်တောကြီးကို ရတဲ့ဈေးနဲ့ ရောင်းပြီးပြီ။ ရတဲ့ငွေကို ဆရာတော် (၁၀၁)ပါးအတွက် သင်္ကန်း ဝယ်ထားပြီးပြီ။ ပိုတဲ့ငွေကို ရန်ကုန်မှာနေတဲ့ ဖွားလေး မြစ်တစ်ယောက်ကို တီဗီတစ်လုံးနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေတဲ့ စာအုပ်တွေနဲ့ ဗဟုသုတဖြစ်ဖွယ်ရာစာအုပ်တွေ၊ ကလေး

တွေအတွက် တာဝန်းကအစ ပြတ်ချင်ထွက်မှ ဝေသ်ခိုင်းထား ပြီးပြီ. ၊ ဖွားလေးမွေးနေ့မတိုင်မီ စာစုံရက်ကြိုခရောက်မယ်"

ဖွားလေးအိမ်ခြံဒွာကပ်ယပ်တို့ ချင်းထားပြီးပြီ.. ၊ စာဖတ်ခန်းလေးပိုပြီးပါ.. ၊ ဖွားလေးလိုမရဲ့ ရာပြည့်မွေးနေ့မှာ ဖွားလေးပိုင်တဲ့ ဟောဒီခြံ၊ ဖေဒီအိမ်နဲ့ ဒီအိမ်ထဲမှာ ဖွင့်ထားမယ့် စာဖတ်ခန်း၊ ပြီးတော့ အများပြည်သူကြည့်ရှုပြီး အတုခိုးသင့်တာ၊ ပညာယူသင့်တာယူဖို့ ထားထားတဲ့တိစီကို အပြီးအပိုင်လှူမယ်.. ၊ ဒါပေမဲ့ ဖွားလေးမသေခင် ဒီအဆောက်အဦနဲ့ စာဖတ်ခန်းလေးမှာ နေမယ်.. ဖွားလေးကိုယ်တိုင် စာကြည့်တိုက်မှူး/ စာဖတ်ခန်းတာဝန်ခံအဖြစ် ဆက်လုပ်ပေးမယ်၊ ကွယ်လွန်သွားရင်တော့ မင်းတို့ဆက်လက်ထိန်းသိမ်းကြဖို့ လိုတယ်"

"အဲဒီတော့.. မင်းအသိပေးသင့်တဲ့ ပုဂ္ဂိုလ်တွေ၊ ဖိတ်သင့်တဲ့လူတွေကို အသိပေးပါ။ ဖိတ်ပါ.. ၊ သိတင်းကျွတ်လပြည့်နေ့ နံနက် ခုနစ်နာရီမှာ သီလယူပြီး ရေစက်ချလှူမယ်။ မုန့်ဟင်းခါးဆွမ်းကပ်မယ်၊ လူပုဂ္ဂိုလ်တွေကိုလည်း မုန့်ဟင်းခါးကျွေးမယ်၊ ရွာလုံးကျွတ်မီးခိုးတိတ်ပေါ့.. ၊ ရွာခံမဟုတ်တဲ့ အဝေးကလာတဲ့ ဧည့်သည်တွေကိုတော့ ရွာခံတွေက ဧည့်ဝတ်ကျေအောင် တာဝန်ယူကြပေတော့.. "

"အဲဒီနေ့ နေ့လယ်ပိုင်းမှာ ဖွားလေးလိုမရဲ့ ရာပြည့်အထိမ်းအမှတ် ဆာဝအတွေးအကြံတွေကို ပြောပြမယ်.. ၊

မပြောလို့မဖြစ်တော့လို့ပါ. . ဖွားလေးလုံမ လူပြည်မှာ ကြာကြာ နေဖို့ အကြောင်းမရှိတော့ပါဘူး၊ ခုတော့ သက်ဘမ်းလွန်နေပြီ၊ ဘာ့ကြောင့် ဒီစိတ်ကူးအတောင်အထည်ဖော်ရသလဲဆိုရင် . . သာအောင်"

"ခင်ဗျာ"

ကိုသာအောင် အမှတ်မထင် လန့်ဖြန့်ပြီး ထူးမိသည်။

"မင်းမိန်းမကို ဆရာတော်ကျောင်းက မောင်းချလိုက်တဲ့ အချိန်ကစ စခဲ့တာပဲ"

ကိုသာအောင် ဘာမှမပြောနိုင်တော့ပါ။ လေးစားချစ် ကြောက်၍လည်းကောင်း၊ မကောင်းတာဆို ဘယ်တုန်းကမှ မပြော၊ ကောင်းတာကိုသာ ညွှန်ပြလေ့ရှိတဲ့ ဖွားလေးမို့လည်း စောဒကတက်ရန် အကြောင်းမရှိ။

"ဟဲ့သာအောင်၊ ငါပြောတာတွေ ကြားရဲ့လား"

"ဟုတ်. . ဟုတ်ကဲ့၊ ကြားပါတယ် ဖွားလေး"

"ကြားရင် ငါပြောတဲ့အတိုင်း လုပ်သင့်တာတွေ လုပ်ပေ တော့. . ! စီမံသင့်တာတွေ စီမံပေတော့" ဖွားလေးလုံမ ဤမျှ သာပြောပြီး ကိုသာအောင်ကို မြှန်ခိုင်းလိုက်သည်။

○ ○ ○

ယနေ့ သီတင်းကျွတ်လပြည့်နေ့ဖြစ်သဖြင့် ဖွားလေး လုံမ၏ ခြံကျယ်ကြီးထဲတွင် နံနက်ပိုင်းက ဆရာတော်များကို

ဆွမ်းကပ်၊ သီလယူ လှူဒါန်းသမျှအတွက် ရေစက်ချ အမျှဝေ
သာခုခေါ်ကြသည်မှာ ပီတိသောမနဿ ဖြစ်ကြရပါသည်။
စားရေးသောက်ရေးအတွက်ကြောင့်မဟုတ်။ ဖွားလေးလုံမ လှူ
သည့် စာဖတ်ခန်းကို လာရောက်လေ့လာကြခြင်းက များသည်။

တိုက်တိုက်ဆိုင်ဆိုင် မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့
ရုပ်မြင်သံကြားတို့မှ ထုတ်လွှင့်ချိန်နှင့်လည်း တိုက်ဆိုင်နေသဖြင့်
ဖွားလေးလုံမ၏ မြစ်များက အလှည့်ကျ မြဝတီပြလိုက်၊ မြန်မာ့
ရုပ်မြင်ဖမ်းပြလိုက်မို့ ပရိသတ်မှာ အားရဝမ်းသာ ဖြစ်နေကြပေ
သည်။ ဧည့်ပရိသတ်များ ပျော်ရွှင်နေကြသလို ဖွားလေးလုံမ
လည်း ပီတိဖုံးနေသည့်အပြုံးနှင့် တပြုံးပြုံးရှိနေပေသည်။
**တီဗီအစီအစဉ်တွေပြီးလို့ သိပ်မကြာမီပင် အသံချဲ့စက်ကြီးဆီမှ**
ဖိတ်ကြားသံကို ကြားနေကြရပေသည်။ ထိုအသံသည်ကား
မြို့ပေါ်တွင် အခြေချ နေထိုင်သော ဖွားလေးလုံမ၏ မြစ်ဖြစ်သူ
ဆရာဦးညွှန့်အုန်း၏ အသံဖြစ်သည်။

"ဧည့်ပရိသတ်ကြီးခင်ဗျား. . မကြာမီအချိန်မှာအဖွား
လေးလုံမ ရာပြည့်ကန်တော့ပွဲ ပြုလုပ်နိုင်ဖို့ သတ်မှတ်
နေရာများတွင် နေရာယူကြဖို့ အသိပေး ကြေညာအပ်ပါ
တယ်"

အံ့သြစရာကောင်းလှသည်။ အသံချဲ့စက်ကလည်း
အလွန်ကောင်းသည်။ အက်ကိုးသံများဖြင့် စီစီညံနေသည်။
အသံတိုးတိုးကလေးပြောတာတောင် ညံနေအောင် ကြားရ

သည်။ ဤသို့သော စက်ကောင်းကောင်းရအောင် ဆရာလေး ညွှန့်အုန်း စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဤသို့ မစီစဉ်၍လည်းမဖြစ်၊ ဖွားလေးလက်ရှိနေထိုင်သည့် ခြံကပင် တစ်ဧကလောက် ရှိသည်။ တစ်ဧကလောက်တွင် သစ်ပင်ရိပ်များက မကျွာပ်ထိုးရန် မလိုလောက်အောင် အရိပ်ကောင်းလှသည်။ ဖွားလေးကိုချစ်သည့် ပရိသတ်၊ လေးစားကြသည့် ဆွေမျိုးဉာတကာတွေက ဖွားလေး တစ်ခြံလုံးပြည့်နေသည်။ ကျေးလက်အလှူ တောအလှူတို့သည် ဟန်ပန်တွေနှင့် ရှုံးမထုတ်ကြ၊ အရှိအတိုင်း ပြင်ဆင်ကျွေးမွေးသည်။ အဆင်ပြေသလို နေထိုင်စားသောက်ကြသည်။

ယခုလည်းကြည့်ပါဦး၊ ဖွားလေးလုံမခြံကြီးအတွင်း ညေ့်ပရိသတ်က နံနက်ပိုင်း အဆင်ပြေသလို နေထိုင်စားသောက်ပြီး မွန်းမလွဲမီ ဖွားလေးကိုကန်တော့ရန် နေရာယူကြတော့လည်း အနယ်နယ်က ရောက်လာကြသူတွေ၊ ရန်ကုန်မြို့မှ ရောက်လာသူကိုတော့ ဒေသခံတွေက ဦးစားပေးပြီး ဆရာတော်ကျောင်းမှ ငှားထားသော နှီးချောဖျာအချပ် ၁၀၀ လောက်ပေါ်တွင် ထိုင်ခွင့်ပေးထားကြသည်။

ဒေသခံရွာခံများကတော့ ကောက်ရိုးခင်း၊ သက်ငယ်စခင်း၊ ထန်းရွက်ခင်းဖြင့် ကြုံသလိုနေရာယူပြီး ဖွားလေးကို ကန်တော့ရန် လက်အုပ်လေးများ ချီထားကြသည်။ အားလုံးက ခြံကြီး၏ မြေပြင်ပေါ်တွင် ထိုင်ကြသော်လည်း ဖွားလေးကိုတော့

တောစရိုက်၊ ကျေးလက်စရိုက် ခြွကဲ ချိုလှေ့ရှိထူရှိသော ကွပ်ပျစ်ပေါ်တွင် နေရာယူစေပါသည်။

ဆရာလေးညွန့်အုန်းက လှစ်လှေကာကြွကို ခန့်မှန်းမိသဖြင့် ဖွားလေးအား ကန်တော့ပွဲစခွင့်ပြုရန် ဘာကြာအုပ်ချိပြောရာ ဖွားလေးလုံမတစ်ယောက် ညှော်ပရိသတ်ကြီးအား မျက်စိတစ်ဆုံးကြည့်၊ ပီတိတွေဖုံးနေပြီး မချိုပြုံးများလည်း ပါနေသည်ဟု ဆရာလေးညွန့်အုန်း တွက်ဆနေမိသည်။ ဆရာလေးပြောသည်ကို ချက်ချင်း အဖြေမပေးဘဲ ညှော်ပရိသတ်ကို အားရအောင်ကြည့်ပြီး ဖွားလေးနှင့် အနီးဆုံး နှီးချောဖျာနှင့် ဇနရာရသူများထဲမှ အချို့သော မြို့နေလူငယ်မောင်မယ်ကို ဖွားလေးရှေ့တွင် ရှိရှိသေသေ ထိုင်၍ မရလောက်အောင် အနေခက်နေသည်ကို ဖွားလေးရိပ်မိဟန်တူပါသည်။ ထို့ကြောင့်လည်း ဖွားလေးက-

"မောင်ညွန့်အုန်းရေ. . မြန်မြန်စတော့၊ နို့မဟုတ်ရင် ခမျာတွေ လောကငရဲလို့ထင်ပြီး ပြစ်မှားကုန်ကြလိမ့်မယ်"

ဖွားလေးလုံမ ဘာကိုဆိုလိုသည်ကို ဆရာလေးညွန့်အုန်း ရိပ်မိပါသည်။ ထို့ကြောင့်လည်း

"ညှော်ပရိသတ်များခင်ဗျား. . ။ ဖွားလေးလုံမ သက်ရာပြည့်ကန်တော့ပွဲကို အစီအစဉ် သုံးရပ်နဲ့ ပြုလုပ်ပါမယ်။ ပထမဦးဆုံးအစီအစဉ်ကတော့ ကျွန်တော်နဲ့အတူ ဖွားလေးကို တူ၊ တူမများနှင့် မြေးမြစ်တီတွတ်များက ကာယကံ၊ ဝစီကံ၊ မနောကံနှင့် ပြစ်မှားမိပါက ခွင့်လွှတ်ပါရန် တောင်းပန် ကန်တော့မှာ

ဖြစ်ပါတယ်. . ။ ဒုတိယအစီအစဉ်ကတော့ ဖွားလေးလုံမက ဆုပေးခြင်း ဆုံးမဩဝါဒစကားပြောခြင်း ဖြစ်ပါတယ်. . ။ နောက်ဆုံးအစီအစဉ်ကတော့ ဖွားလေးကို ရာပြည့်ကန်တော့ပွဲ နှုတ်ဆက်ကန်တော့ပြီး မိမိနေထိုင်ရာ ဒေသအသီးသီးကို ပြန်ကြဖို့ပဲ ဖြစ်ပါတယ်"

ဆရာလေးညွန့်အုန်းက အစီအစဉ်များ အသိပေးကြေညာပြီးတာနဲ့ တစ်ဆက်တည်းမှာပဲ-

"ညီပရိသတ်ကြီးခင်ဗျား. . ယခုအချိန်ကစပြီး ဖွားလေးလုံမကို ကန်တော့ရန်အတွက် ရှိရှိသေသေထိုင်ကြပြီး လက်အုပ်ကလေးများ ချီထားကြပါ. . "

ဆရာကလေး စကားဆုံးတာနှင့် ဖွားလေးက သူ့ရှေ့ မတ်ဝန်းကျင်မှာရှိတဲ့ မြို့က လူငယ်လေးများ အနေအထိုင် ခက်နေသည်ကိုကြည့်ပြီး ပို၍ ပြုံးနေတော့သည်။ ဆရာလေး ညွန့်အုန်းက ဆက်ပြီး-

"ကျွန်တော်က ဦးဆောင်ပြီး တိုင်ပေးတာကို လိုက်ဆိုပြီး ဖွားလေးကို. . ကန်တော့မှာဖြစ်ပါတယ်၊ အားလုံးလိုက်ပြီး ဆိုပေးကြပါ"ဟု ဆရာလေးညွန့်အုန်းက ပြောပြီး တိုင်ပေးပါတော့သည်။

"ဖွားလေးလုံမအား. . ကျွန်တော်၊ ကျွန်မတို့သည်"

"ဖွားလေးလုံမအား. . ကျွန်တော်၊ ကျွန်မတို့သည်"

"ကာယကံ. . ဝစီကံ. . မနောကံဖြင့်"

အမေ့သားတိုက်ဓာပေ

"ကာယကံ. . ဝစီကံ. . မနောကံဖြင့်"

"ပြစ်မှားခဲ့သည်ရှိသော်"

"ပြစ်မှားခဲ့သည်ရှိသော်"

"ခွင့်လွှတ်ပါရန်"

"ခွင့်လွှတ်ပါရန်"

"ရှိသေစွာ. . ရှိခိုးကန်တော့ပါသည်"

"ရှိသေစွာ. . ရှိခိုးကန်တော့ပါသည်"ဟု ဝန်ချကန်တော့ကြပြီးသည်နှင့် ဆရာလေးညွှန့်အုန်းကပင် အစီအစဉ်အရ ဖွားလေးလုံမက ဆုပေးရန် ဩဝါဒစကား ပြောကြားပေးရန် ဖွားလေးအား ဖိတ်ကြားရာ ဖွားလေးလုံမက-

"အခုလို... ဖွားလေးလုံမကို ကန်တော့ကြတဲ့အတွက် ရှင်တွေ၊ ဘုန်းမတွေ၊ မြေးမြစ်တီတွတ်တွေအားလုံး ကျန်းမာကြပါစေ. .၊ ချမ်းသာကြပါစေ. .၊ ပညာပြည့်ဖြိုး၊ တန်ခိုးထက်မြက်၊ ပြည့်နှက်ဉစ္စာ၊ ရူပါဖြောင့်မတ်၊ ဘေးကပ်မကြုံ၊ နတ်လူဘုံသို့ ရောက်ပါစေ. ."

"ပေးတဲ့ဆုနဲ့ပြည့်ပါစေ"ဟု သံပြိုင်လိုက်ဆိုသံမှာ ဘဝင်သို့တိုင်ခဲ့လေပြီ။

"အဲ. . ကဲ ကန်တော့တဲ့လူက ကန်တော့တဲ့အတွက် ကန်တော့ခံတဲ့လူက ကန်တော့တဲ့လူကို အပြစ်လည်း ခွင့်လွှတ်ရတယ်။ ပြီးပြည့်စုံတဲ့ လိုအင်ဆန္ဒရရှိအောင်လည်း မေတ္တာရှေ့ထားပြီး ဆုတွေပေးရတယ်. .။ ဒါဟာ အစဉ်အလာ လက်ခံ

လာတဲ့ ယဉ်ကျေးမှုတစ်ရပ်ပဲ။ ယဉ်ကျေးမှုဟာ အထူးအရေးကြီးတဲ့အကြောင်း ဒီနေ့ဖွားလေးလုံမ မင်းတို့လေးတွေကို ဆုံးမစကားအဖြစ် ပြောခဲ့ချင်တယ်"

"ဘာကြောင့်ပြောချင်တာလဲဆိုတော့ စောစောက မင်းတို့လေးတွေက ယဉ်ကျေးမှုနဲ့အညီ ကန်တော့တော့ ဖွားလေးကလည်း ယဉ်ကျေးမှုနဲ့အညီ မင်းတို့လေးတွေကို ဆုပေးတယ်၊ ဖွားလေးပေးတဲ့ဆု တကယ်ရရင် မင်းတို့လေးတွေပဲ ခံစားရမယ်။ မင်းတို့လေးတွေ ဝန်ခံသွားကြတာ ကြားလိုက်မိတယ်။ ကာယကံ ဝစီကံ၊ မနောကံနှင့် ပြစ်မှားမိရင် ခွင့်လွှတ်ဖို့ ဖွားလေးကို ခွင့်ပန်ကန်တော့ကြတယ်။ ဖွားလေးက သက်ရှိဆိုတော့ မင်းတို့ ပြစ်မှားမိသည်ရှိသော် မြင်နိုင် ကြားနိုင်တယ်"

"ဒါပေမဲ့. . မင်းတို့လေးတွေ ပြစ်မှားမိတဲ့အပြစ် **ကန်တော့ရုံလောက်နဲ့ မလုံလောက်တဲ့အပြစ်ကို မင်းတို့လေးတွေ ဘယ်လိုပြောဆို ကန်တော့တောင်းပန်ကြမလဲ. . ၊ မင်းတို့လေးတွေလည်း ကိုယ်ကျူးလွန်တဲ့အပြစ် ကိုယ်မသိဖြစ်နေတော့ တောင်းပန်ဖို့သတိရကြမှာမဟုတ်ဘူး" ဖွားလေးလုံမ အနည်းငယ်နားပြီး ဆက်ပြောပါသည်။**

" မြန်မာလူမျိုးစစ်ရင်. . . နိုင်ငံနဲ့လူမျိုးချစ်ရမယ်။ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးရမယ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းရမယ်၊ အဲဒါမြဲမြဲမှတ်ထား. . ၊ လက်အုပ်ချီကန်တော့ ရုံနဲ့ လုံလောက်ပြီမထင်နဲ့. . ၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊

ဆရာသမားတွေကို ကန်တော့မယ်ဆိုရင် အနေအထိုင် ယဉ်ကျေးရမယ်၊ အပြောအဆို ယဉ်ကျေးရမယ်၊ ဝတ်ပုံစားပုံ ယဉ်ကျေးရမယ်၊ မြဲမြဲမှတ်ထား.. ရှေးစကားပုံရှိတယ်။ အနေအထိုင်မယဉ်ကျေးလို့ ကိုယ်အမူအရာ ရိုင်းစိုင်းကြမ်းတမ်းရင် အဖယုတ်တယ်တဲ့..၊ အပြောအဆို (နှုတ်)ကြမ်းရင် အမိယုတ်တယ်တဲ့..၊ ကဲ.. မှတ်ကရော၊ မိမိအပြစ်ကြောင့် မိဘဂုဏ်ထိခိုက်တယ်၊ ယဉ်ကျေးမှုကို ထိခိုက်တယ်၊ ဝတ်ပုံစားပုံ မယဉ်ကျေးရင်လည်း အမျိုးဂုဏ်နိမ့်ကျစေတယ်"

"ဖွားလေးလက်တွေ့ပြောမယ်နော်..၊ ခုဖွားလေးကို လာကန်တော့ကြတဲ့အထဲမှာ မြို့ပေါ်က ကလေးတွေ ယောကျ်ားလေးတွေရော၊ မိန်းကလေးတွေပါ ပါတယ်။ ဖွားလေး ရှေ့မှာရှိနေတာပဲ။ မိန်းကလေးလည်း ကျုံ့ကျုံ့ထိုင်မရ၊ ဘယ်ထိုင်ရမလဲ..၊ စကတ်နဲ့ကိုး..၊ ဒါ့ထက်ဆိုးတာက စကတ်လည်း ဒူးခေါင်းအထက် တစ်ထွာလောက်ပဲ ရှိတယ်။ စကတ်ရှည်ပါတယ်ဆိုတဲ့ မိန်းကလေးတွေကလည်း စကပ်ဘေးခွဲ၊ ရှေ့ခွဲ၊ နောက်ခွဲနဲ့ ဘယ်မလဲ အရှက်ဖုံးတယ်ဆိုတဲ့ ယဉ်ကျေးမှု၊ ယောကျ်ားလေးတွေလည်း ဘောင်းဘီဖင်ကျစ်နဲ့ ဘယ်လို ဆောင့်ကြောင့်ထိုင်လို့ရတော့မလဲ"

"မှတ်ထားကြ.. ယဉ်ကျေးမှုပျောက်ရင် လူမျိုးပျောက်မယ်၊ လူမျိုးပျောက်ရင် တိုင်းပြည်ပျောက်မယ်၊ တိုင်းပြည်ပျောက်တာနဲ့ တို့နိုင်ငံတော်ကြီး သူ့ကျွန်အဖြစ် ပြန်ရောက်ပြီမှတ်"

ဖွားလေးစကားအဆုံးနိဂုံးရလာ၍လားမသိ။ သူ့ခမျာ မမော်နိုင် မပန်းနိုင်ပေ။

"ဖွားလေးတို့ ခေတ်အဆက်ဆက် ဖြတ်သန်းခဲ့ရတယ်။ လွတ်လပ်ရေးရအောင် ကြိုးပမ်းတဲ့အထဲမှ ဖွားလေးတို့လည်း ပါခဲ့တယ်။ ဘယ်လိုပါခဲ့သလဲဆိုတော့ မြန်မာမိန်းကလေးတွေ ကိုယ်နိုင်ရာဝန်နဲ့ပါခဲ့တယ်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးတွေထဲမှာ အလွတ်လပ်ဆုံးနဲ့ အခွင့်အရေးအရဆုံးလို့ ထင်ရှားတဲ့ မြန်မာ အမျိုးသမီးတွေဟာ ပထမကမ္ဘာစစ် အပြီးမှာ အမျိုးသားတွေနဲ့ အတူ ဒိုးတူပေါင်ဖက် အသင်းအပင်းတွေနဲ့ ဖွဲ့စည်းပြီး အမျိုး၊ ပညာ၊ ဘာသာ၊ သာသနာ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ကြ တယ်"

"မြို့ရောနယ်ပါ ကုမာရီအသင်းတွေ မြောက်မြားစွာ ရှိတဲ့အနက် ဗုဒ္ဓဘာသာ ကလျာဏယုဝတုမာရီအသင်း၊ မြန်မာ မိန်းမများအသင်း၊ ဒါနသုခအသင်း၊ မြန်မာအမျိုးသမီးများ နေရှင်နယ်ကောင်စီစတဲ့ အသင်းကြီးတွေဟာ ထင်ရှားကြ တယ်. . ၊ မြန်မာအမျိုးသမီးများအသင်းတွေရဲ့ အဓိက ဆောင်ရွက်ချက်တွေကတော့. . အသင်းတိုက်မှာ အသင်းသူ တွေအတွက် စာဖတ်ခန်းများ ဖွင့်လှစ်ခြင်း၊ မြန်မာအမျိုးသမီးများ လူမျိုးခြားယောကျ်ားကို လက်မထပ်ဘဲ ဗုဒ္ဓဘာသာ မြန်မာ အချင်းချင်းသာ လက်ထပ်ရန် နှိုးဆော်ခြင်း၊ ဗုဒ္ဓဘာသာ မြန်မာ အချင်းချင်း ကူညီရိုင်းပင်းရန် ဟောပြောခြင်း၊ ဗုဒ္ဓဘာသာစာပေ

ပရိယတ္တိပြန့်ပွားထွန်းကားရန် ဆောင်ရွက်ခြင်း၊ အမျိုးသား ကျောင်းပညာရေးကိစ္စကို ကူညီဆောင်ရွက်ခြင်း၊ မြန်မာပြည်ဖြစ် အဝတ်အထည်များကို ဝတ်ဆင်ရန် တိုက်တွန်းခြင်း၊ ယဉ်ကျေးမှု ထိန်းသိမ်းစေခြင်းတို့ကို နှိုးဆော်ခဲ့ကြတယ်"

"အဲဒီခေတ်အခါ မြန်မာမိန်းကလေးတွေဟာ အခု ခေတ် မြန်မာမိန်းကလေးတွေလို တိုင်းတစ်ပါးရဲ့ ယဉ်ကျေးမှု အဝတ်အစား ဆင်ယင်မှုကို အတုမခိုးဘူး၊ ရွံမုန်းကြတယ်. .၊ ဝါဏ္ဏကိုမြှုဆွယ်တဲ့ ဝတ်စားဆင်ယင်မှုကို ဘယ်မိဘမောင်ဖွား ကမှ လက်မခံဘူး. .၊ ဖွားလေးတို့ခေတ်က တိုင်းတစ်ပါးယဉ်ကျေး မှုကို အတုခိုးဖို့နေနေသာသာ တိုင်းတစ်ပါးသားဖြစ်တဲ့ အင်္ဂလိပ် ကို မုန်းလွန်းလို့. . အင်္ဂလိပ်လက်အောက်ခံ ကျွန်ဘဝကို မုန်းလွန်းလို့. . ဂျီစီဘီအေ ပေါင်းတည်ကွန်ဖရင့်မှာ လိပ်ခွံဘီး တွေ ချိုးဖွဲ့ပစ်ခဲ့ကြတယ်"

"မှတ်ထားကြ. . နယ်ချဲ့တွေဟာ ဖွားလေးတို့ နိုင်ငံကို လွတ်လပ်ရေးပေးခဲ့တာ မေတ္တာသာလွန်းလို့ ပေးခဲ့ရတာ. .၊ မြန်မာမျိုးချစ်သူရဲကောင်းတွေရဲ့ စွမ်းရည်သတ္တိကို မလွန်ဆန် နိုင်လွန်းလို့ ပေးခဲ့တာ၊ ဒါပေမဲ့ သယံဇာတပေါကြွယ်ဝတဲ့ ဖွားလေးတို့ နိုင်ငံကို နယ်ချဲ့တွေက မျက်စိကျနေတုန်းပဲ. ."

"သူ့ကျွန်ဘဝကို ပြန်ရောက်အောင် တစ်စိုက်မတ်မတ် ကြိုးစားကြနေဆဲပဲ. .၊ ခုခေတ်ကာလမှာ အသိပညာ အတတ် ပညာတွေ ပြည့်စုံလာပြီဖြစ်တဲ့ ဖွားလေးတို့နိုင်ငံသူ၊ နိုင်ငံသား

တွေကို နယ်ချဲ့တွေက အရင်တုန်းကလို လက်နက် အားကိုးနဲ့ ကျွန်မပြုတော့ဘဲ ယဉ်ကျေးမှုပပျောက်အောင် ဖန်တီးမယ်. . ၊ လူမျိုးပျောက်အောင် လူမျိုတဲ့နည်း၊ မြန်မာမိန်းကလေးတွေ နိုင်ငံခြားသားတွေနဲ့ လက်ထပ်ဖြစ်အောင် ဖန်တီးတဲ့နည်း၊ မပြည့်စုံတဲ့မိန်းကလေးတွေကို လူပွဲစားနဲ့ မြူဆွယ်ပြီး ဖျက်ဆီးတဲ့ နည်းတွေနဲ့ ကျွန်ပြန်ပြုနေတာကို သတိမလစ်ကြနဲ့. . ၊ တိုင်းတပါးရဲ့ ယဉ်ကျေးမှု အဝတ်အစားဆင်ယင်မှုကို အတုခိုးမှားရင် တစ်နေ့. . တို့နိုင်ငံ သူများကျွန်ဘဝ ပြန်ရောက်သွား လိမ့်မယ်”

“အဲဒီတော့ ဖွားလေးတို့ရဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေက မျိုးချစ်စိတ်ဓာတ်ပြင်းပြစေတဲ့ စာတွေဖတ်ရမယ်၊ အမျိုးကို ချစ်ရမယ်၊ အမျိုးဂုဏ်ကို ထိန်းရမယ်၊ မြန်မာမိန်းကလေး စစ်ရင် လုံလုံခြုံခြုံဝတ်ရမယ်။ ဖွားလေးရဲ့ နာမည်ရင်းကို ခုကာန်တော့ နေတဲ့ ကလေးတွေ သိမှာမဟုတ်ဘူး. . ။ အသက်ကြီးပိုင်းတွေ လောက်ပဲ သိနိုင်တယ်။ အမည်ရင်း က. . ဒေါ်ငွေမြ၊ ဒါပေမဲ့ ဖွားလေးတို့ခေတ်က အိမ်ထောင် မပြုသေးတဲ့ မြန်မာမိန်းက လေးတိုင်းဟာ လုံလုံခြုံခြုံ ယဉ်ယဉ်ကျေးကျေး ဝတ်နေကြလို့ မြန်မာမိန်းကလေးတိုင်းကို ‘လုံမလေး’လို့ ခေါ်ကြတယ်”

“ဖွားလေးဟာ ယနေ့အထိ အိမ်ထောင်မပြုဘဲ အပျိုကြီး လုပ်လာသူမို့ ဖွားလေးလုံမအရွယ် ရောက်ခဲ့ပြီ။ ဖွားလေး အသက်သိပ်ကြီးပါပြီ။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ လူမျိုးကိုချစ်ရင်၊

လွတ်လပ်ရေးပြန်မဆုံးရှုံးချင်ရင် ယဉ်ကျေးမှုကို ထိန်းသိမ်းပါ။ နိုင်ငံခြားသားကို လက်မထပ်မိစေနဲ့၊ စာများများဖတ်ပါ။ ခေတ်နဲ့ အညီ ပေါ်ပေါက်လာတဲ့ တီဗီအစီအစဉ်တွေ ကြည့်ပါ၊ အတုခိုး သင့်တာခိုးပါ၊ အတုမခိုးသင့်တာ မခိုးပါနဲ့"

တိုင်းတစ်ပါးယဉ်ကျေးမှုဟာ. . ကိုယ့်ယဉ်ကျေးမှုနဲ့ မကိုက်ရင် အတုမခိုးနဲ့၊ ခုတော့. . အတုမြင်အတတ်သင်၊ တီဗီ ထဲက ရုပ်ရှင်တွေကြည့် နိုင်ငံခြားကားတွေရဲ့ ဝတ်စားဆင်ယင်မှု တွေကို မြန်မာမင်းသမီးတွေ၊ မင်းသားတွေက လိုက်ဝတ်၊ အဆိုတော်တွေ၊ မော်ဒယ်တွေက ဝတ်ပြ၊ သူတို့ ဝတ်ပြတဲ့ မလုံ မခြုံဝတ်စားဆင်ယင်မှုတွေကို မြို့ကြီးသူတွေက လိုက်ဝတ်၊ နောက် မြို့ပြကို ကူးစက်၊ မြို့ပြကနေ ကျေးလက်ကိုရောက်၊ ကျေးလက်နေသူပါ ယဉ်ကျေးမှုတွေ ပျက်လာပြီ"

"ဖွားလေးတို့ရွာ ရွာလူကြီးသာအောင် မိန်းမတောင် ဘရာစီယာ လက်တစ်လုံးလောက်ဝတ်ပြီး ဆရာတော်ကျောင်း ကို ဥပုသ်စောင့်ဖို့လာရဲလာပြီ၊ ဖွားလေးမသေသမျှတော့ အဲဒီလို ဝတ်တဲ့၊ ယဉ်ကျေးမှုမထိန်းတဲ့ ဘယ်အမျိုးမှ၊ ဘယ်မိတ်ဆွေမှ ဖွားလေးရှေ့လာခွင့်မရှိဘူး၊ မောင်းထုတ်တဲ့အထိ ခံရမယ် မှတ်. . ၊ ကဲ. . ကဲ. . စကားတွေလည်း ရှည်လှပြီ၊ မြန်မာမှန်ရင် နိုင်ငံရဲ့ လူမျိုးကိုချစ်ပါ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းပါ၊ နိုင်ငံခြားသားကို လက်မထပ်မိစေနဲ့"

အဋ္ဌမအခန်းပြီး၏

"ခုဆို. . မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းတွေ၊ အမျိုးသမီးရေးရာအဖွဲ့တွေ ပေါ်လာပြီ၊ ဖွားလေးကျိတ်ပြီး ဝမ်းသာနေတာပါ. . ၊ လုံလုံခြုံခြုံ ပြန်ဝတ်လောက်အောင် အဲဒီအသင်းတွေက ဆောင်ရွက်ကြလိမ့်မယ်လို့ ယုံကြည်တယ်"

"ဖွားလေးကတောမှာနေပေမယ့် မြို့က သတင်းတွေ ကြားသိနေပါတယ်. . ၊ ခုဆို မြန်မာပြည်အနှံ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူတွေ မြန်မာဆန်ဆန်လေး ဝတ်ပြီး နေ့စဉ်ကျောင်းတက်နေကြပြီတဲ့. . ၊ ဖွားလေး စိတ်ကူးလေးနဲ့ လှမ်းကြည့်မိတာတောင် မြန်မာ့ကျက်သရေနဲ့ ပြည့်ဝတဲ့ မြန်မာကလေးများပါလာလို့တောင် ရေရွတ်မိတယ်"

"ဖွားလေးတို့ခေတ်က ကုမ္မာရီအသင်းသူတွေက ယဉ်ကျေးမှုမပျောက်အောင် လူမျိုးမခံရအောင် ထိန်းခဲ့သလို အဲဒီအသင်းတွေက ထိန်းသိမ်းကြမှာပါ"

"လောကနီတိ အဆိုအရ-

* ရဟန်းများအဖို့ ရောင့်ရဲခြင်းမရှိမူ ရဟန်းသိက္ခာ ပျက်တတ်၏။
* Monks lacking contentment may lose virtue.
* ပြည့်ရှင်မင်းအဖို့ ရောင့်ရဲလွယ်လျှင် တန်ခိုးအာဏာ ပျက်တတ်၏။
* A king easily contented may lose power.
* အရှက်မရှိမူ မိန်းမကောင်းဂုဏ်သိက္ခာပျက်တတ်၏။

အမေ့သားထိုက်စာပေ

* Shameless. a woman may lose decency.

မင်းတို့တွေ တွေးကြည့်စမ်းပါ. . ၊ တို့နိုင်ငံဟာ ဗုဒ္ဓဘာသာ အထွန်းကားဆုံးနိုင်ငံအဖြစ် ကမ္ဘာကအသိအမှတ်ပြုခဲ့တယ်၊ ရသေ့ရဟန်းတွေက ဝိနည်းနဲ့အညီ ကျင့်ကြံကြ၊ နေထိုင်ကြလို့ပါ၊ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်အောင် နေ့မအား၊ ညမနား ဆောင်ရွက်နေတယ်။ ဒါကြောင့်လည်း တိုင်းနဲ့ပြည်နယ် နယ်စွန်နယ်ဖျားမကျန် ဖွံ့ဖြိုး တိုးတက်နေတာ TV မှာ၊ သတင်းစာတွေမှာ တွေ့ရလိမ့်မယ်. . ၊ ပြည်သူတွေ ပျော်ရွှင်ကြည်နူးစွာနဲ့ ထောက်ခံနေတာ တွေ့ရမယ်"

"အေး. . တစ်ခုပဲပြောစရာရှိတော့တယ်၊ မိန်းမကောင်း မိန်းမမြတ် အမျိုးမြတ်တဲ့မိန်းမတွေက အရှက်နည်းတဲ့ ပြည့်တန်ဆာနဲ့ နေပုံထိုင်ပုံ၊ ဝတ်ပုံစားပုံ၊ ပြောပုံဆိုပုံ တူကြမယ်ဆိုရင်တော့ မိန်းမကောင်းသိက္ခာပျက်ပြီမှတ်. . . ယဉ်ကျေးမှု ပျောက်ပြီမှတ်. . "

"ကဲ. . ကဲ၊ ဒီကနေ့ ဖွားလေးရဲ့ နှစ်ရာပြည့် ကန်တော့ပွဲမှာ ဖွားလေးက. . မိမိဒေသမှာရှိတဲ့ လူငယ်တွေအတွက် စာကြည့်တိုက်နဲ့အတူ မျိုးချစ်စိတ်ဓာတ်တက်စေတဲ့ စာအုပ်တွေ လှူတယ်၊ စာကြည့်တိုက်လုပ်ဖို့ ဒီခြံနဲ့ ဒီအိမ်ကို လှူတယ်၊ မျက်စိပွင့် နားပွင့်ဖို့ တီဗီလည်း ဝယ်လှူတယ်၊ ဖွားလေးအနေနဲ့ သခင်ကိုကိုနားလည်ပါတယ် - တိုင်းပြည်နဲ့ လူမျိုးအတွက်

ဖွားလေးထွက်သက်အထိ ပံ့ပိုးကူညီတဲ့သဘောပါ၊ အကယ်၍များ ဖွားလေးဒီနှစ်မသေလို့ နောင်နှစ် ဖွားလေးမွေးနေ့မှာ ဖွားလေးကိုချစ်တဲ့ ဒီဧည့်ပရိသတ်ကြီးအားလုံး တိုင်းပြည်နဲ့ လူမျိုးချစ်တဲ့စိတ်နဲ့ ဝတ်လာကြပါ၊ အမျိုးဂုဏ်ထိန်းကြပါ၊ ဇာတိဂုဏ်မြှင့်တင်ကြပါ၊ အဲဒီလိုမှ မထိန်းသိမ်းဘူးဆိုရင် ကျွန်စော်နံနေတဲ့ မင်းတို့ကို ဖွားလေး.. ရာသက်ပန်စွန့်ပစ် လိုက်ပါပြီ၊ ဖွားလေးကိုချစ်တဲ့ မြေးလေးတွေ တီတွေတွတ်တွေ နောင်နှစ်ဖွားလေးနဲ့ ဆုံချင်ကြသလား"

"ဆုံချင်ပါတယ် ဖွားလေး"

ဖွားလေးလုံမ ပီတိအပြုံးလေးများ လွှမ်းခြုံသွားတော့သည်။ ထို့အတူ ဖွားလေးက သူ့စကားကို အဆုံးမသတ်သေးဘဲ ဆက်ပြောသည်။

"ဖွားလေး.. သိပ်ဝမ်းသာတယ် မြေးတို့ရယ်..၊
- မြန်မာပြည်မှာမွေးတဲ့ ကလေးတိုင်းဟာ "အူဝဲ.. အူဝဲ.. အူဝဲ" လို့ အော်နိုင်တဲ့ အချိန်ကစပြီး ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးရဲ့ စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တမြင့်မားစေဖို့၊
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားစေဖို့ အမျိုးသားရေးလက္ခဏာတွေ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ဖို့၊
- မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက်နေစေဖို့၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်နေဖို့ ပညာရည်မြင့်မားနေဖို့ ကိုယ်တိုင်ကျင့်ကြံပြီး အများကိုလည်း စွမ်းဆောင်ဖို့ အဓိဋ္ဌာန်ပြုပြီး လူ့လောကကို ရောက်လာသင့်တယ်မြေးတို့ရယ်.."

"သခ်ါချရဆိုတာ ပြောလို့ရဘာမဟုတ်ဘူး. . ၊ မတော်တဆ နောင်နှစ်ဖွားလေးနဲ့ မဆုံရင် မြေးလေးတို့ရဲ့ ကတိစကား တည် မတည် ဖွားလေး ဘယ်မြင်ရတော့မလဲ. . ၊ နိုင်ငံနဲ့ လူမျိုးကိုချစ်တဲ့ ဖွားလေးရဲ့ မြေးတွေကို ဖွားလေးက ကန်တော့တဲ့ အကျိုး လက်ငင်းခံစားရအောင် လက်ဆောင်လေးတွေ ပေးဦးမယ်. . ၊ တိုင်းတစ်ပါးယဉ်ကျေးမှုကို အတုခိုးမှားနေတဲ့ မြေးလေးတို့ မျိုးချစ်စိတ် တကယ်ရှိ၊ မရှိ ဖွားလေးမသေခင် မြင်သွားပါရစေ၊ ဟဲ့. . သာအောင်တို့. . ချက်စူတို့. . ၊ ဖိုးနိုတို့. . ဖွားလေးရဲ့ အခန်းထဲက ထဘီနဲ့လုံချည်တွေ ယူခဲ့စမ်း၊ အတုခိုးမှားနေတဲ့ မြေးတွေကို ဖွားလေးရှေ့မှာပဲ ဝတ်ခိုင်းပါ. . ၊ ဖွားလေးမြင်သွားချင်လို့ပါ"

ဖွားလေးသည် ထောင့်စေ့အောင် ပြင်ဆင်ထူးသူဖြစ်သည်။ ဖွားလေးအိမ်အောက်ထပ်တွင် မိန်းကလေးအဝတ်လဲခန်း "မည်သူမှ မဖြတ်ရ"ဟု အခန်းပိုတစ်ခုကို ကန်တော့ပွဲရက်မတိုင်မီ ကတည်းက လုပ်ထားသည်ကို တွေ့ရသော်လည်း ဘာရည်ရွယ်ချက်မှန်းမသိခဲ့ရ။ ယခုတော့ ဖွားလေးရည်ရွယ်ချက်ပေါ်လာတော့သည်။

သိပ်မကြာလိုက်ပါ။ ကန်တော့ပွဲမတိုင်မီက ကိုးရိုးကားရားမဖွယ်မရာ ဝတ်ထားကြသော မိန်းကလေးများသည် မြန်မာဆန်ဆန်ဝတ်ပြီး ထွက်လာကြသည်။ ယောကျ်ားလေးများကတော့ ဘောင်းဘီဖင်ကျပ်ကို ချွတ်လိုက်ကြသည်။ ဖွားလေး သိပ်

ဒုဋ္ဌမှုသားထိုက်စာပေ

ကျေနပ်ပုံရသည်။ ဖွားလေးရဲ့ ပီတိပြုံးများက ဘယ်ပန်းချီရေးလို့ မမီနိုင်ပါ။ ဖွားလေး စကားများများ မပြောတော့ပါ။ တစ်ခွန်း တော့ပြောပါသည်။

"ဖွားလေး သေပျော်ပြီ"

ဆရာလေးညွန့်အုန်းသည် ဖွားလေးကျန်းမာရေးကို ငဲ့သောအားဖြင့် နှုတ်ဆက်ကန်တော့ခြင်းဖြင့် ကန်တော့ကာ ဖွားလေးလုံမ အသက်ရာပြည့်ကန်တော့ပွဲကို ရုပ်သိမ်းလိုက်ပါ သည်။

## သာနူအကြိမ်ကြိမ် ခေါ်ကြပါသည်

ဘဝဆိုတာ အပြောင်းအလဲရှိတတ်သလို၊ လူဆိုတာလည်း အသက်အရွယ် အခြေအနေပြောင်းလဲတတ်စမြဲ ဖြစ်ပါသည်။ ကျွန်တော်တို့ အဌမတန်းရောက်တော့ သူငယ်ချင်းတွေ တိုးလာသည်။ စိတ်ကလည်း ကစားလာသည်။ စူးစမ်းလိုစိတ်၊ အရဲစွန့်လိုစိတ်၊ သွေးတိုးစမ်းလိုစိတ်များ ဝင်လာသည်။ ချစ်သူငယ်ချင်း ငါးဦးကတော့ သွေးသောက်သဖွယ်ရှိနေပေမယ့် အဌမတန်းအောင်ကြတော့ ဝိဇ္ဇာ၊ သိပ္ပံလိုင်းခွဲတွေကြောင့် လူအုပ်က ကွဲသွားကြပြန်ရော။ ကျွန်တော်တို့ သွေးသောက်ငါး ယောက်ထဲက မကြည်ကြည်မြင့်က ဝိဇ္ဇာ၊ ကျန်လေးယောက်က သိပ္ပံဖြစ်သွားသည်။ ဒါပေမဲ့ စိုးဝင်း သိပ္ပံတက်နေရင်း နှစ်စမှာပင် ဝိဇ္ဇာကို ပြောင်းသွားသည်။ ထိုစဉ်က သိပ္ပံရသူက ဝိဇ္ဇာပြောင်းခွင့်ရှိပြီး၊ ဝိဇ္ဇာရသူက သိပ္ပံသို့ ပြောင်းရွှေ့ခွင့် မရှိခဲ့ပါ။

ဘာပဲပြောပြော တစ်ကျောင်းတည်းဆိုပေမယ့် အတန်းက ကွဲကုန်ကြသည်ပင်။ သို့သော် အတွဲမပျက်။ သူငယ်ချင်းအသစ်တွေနဲ့လည်း ပျော်လိုက်ကြရသည်ပင်။

မှတ်မိသေးပါသည်။ မည်သူကစပြီး အကောင်အထည်ဖော်သွားသည်မသိ။ ရန်ကုန်၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်း

လမ်းဆုံကနေ ပဲခူးမြို့သို့ စက်ဘီးအစီး ၄၀ နှင့် အသွားအပြန် သွားရန်ဖြစ်သည်။ ပြောရင်းဆိုရင်း နင်းဖြစ်သွားကြသည်။ နံနက် (၁း၀၀)နာရီလောက် စထွက်၊ ပဲခူးသို့ နံနက် (၅း၀၀)နာရီလောက် ရောက်ကြသည်။ လူစုံမဟုတ် စက်ဘီး ၂၀ လောက်ပဲဖြစ်သည်။ တချို့ မနင်းနိုင်တော့၍ ကားနှင့်ပြန်သွားကြသည်။ တချို့က ဘီးပေါက်၍ ရန်ကုန်ပြန်ပြေးတော့သည်။ ကျွန်တော်တို့ အုပ်စု ပဲခူးမြို့ကို ဝအောင်လည်ပြီး မွန်းလွဲ ၂း၀၀ နာရီတွင် ရန်ကုန် ပြန်ထွက်သည်။ အေးအေးဆေးဆေး နင်းလာကြသဖြင့် ရန်ကုန် မြို့သို့ ည ၇း၀၀ နာရီခန့် ရောက်ကြသည်။ အားလုံး မဟုတ် ရှစ်ဦးသာရှိတော့သည်။ ကျန်စက်ဘီးများ ဘီးပေါက်/ ချော်လဲ၍ ကားဖြင့် ပြန်လာကြသည်။ ပင်ပန်းလာသဖြင့် တစ်ညလုံးအိပ် ကောင်းသည်ကလွဲ၍ မိဘတွေ၏ အဆူအကြိမ်းကို အားလုံးခံရ သူချည်းဖြစ်သည်။

ယောက်ျားလေးများပင် စတန့်ထွင်သည်မဟုတ်။ မိန်းကလေးများကလည်း တစ်ဘာသာ ထွင်ကြပြန်သည်။ မမေ့လို့ သတိရနေတာ မဆန်းပါဘူးလေ။ တိတိကျကျ မမှတ်မိတာက လွဲရင် တစ်နေ့တော့ တစ်နေ့ပါပဲ။

ကျွန်တော့်ဘဝက အကြော်သည်ဘဝဆိုတာ သိကြသူ တွေချည်းပါပဲ။ အကြော်သည်ဆိုတာ အချိန်မတော်ထ၊ ကြော် လှော်၊ မိုးလင်းတော့ ပြင်ဆင်ပြီး ဈေးထွက်ဖို့စီစဉ်သူများကို ဖောက်သည်ပေးဖို့ရှိသည်ကိုလည်း ရေတွက်ဖောက်သည် ပေးရသည်။

**အမေ့သားထိုက်စာပေ**

ညဘက် အိပ်ရေးပျက်တဲ့ဒဏ်။ ကြော်လှော်ရတဲ့ ပင်ပန်းမှုဒဏ်။ ဈေးရောင်းထွက်ပြင်ဆင်ရမှု၊ ဖောက်သည်တွေ ရေတွက်ပေးရလို့ စိတ်မောရတဲ့အချိန်... (တံသာသာ) အိမ်ရှေ့ ဘက်ဆီမှ-

"စိုးရှိန်ရေ. . စိုးရှိန်"

"စိုးရှိန်ရေ. . စိုးရှိန်"ဟု ခေါ်သံ ဆူဆူညံညံကို ကြားကတည်းက မလှဆွေအသံမှန်းသိသည်။ ကျောင်းနေဖက် သူငယ်ချင်းတွေရဲ့ ထူးခြားတဲ့အချက်တွေကိုလည်း အလွတ်ရနေတာ ကျွန်တော့်အကျင့်ပါပဲ။ မလှဆွေကို အခြားကျောင်းသားတွေက သူ့အသံကို "မန့်လေး"အသံလို့ စနောက်ခေါ်ကြသည်။ အနောက်အသန်ဆုံးသူမှာ ကိုစစ်ကြည်ဖြစ်ပါသည်။ ကျွန်တော်ကတော့ သူ့အသံကို စူးရှပြီး ထိုးဖောက်တဲ့အသံဟု မှတ်ထားသည်။

ဒီအချိန် ဘာကြောင့်များလာပါလိမ့်။ ကျွန်တော့်အိမ်ကို သူငယ်ချင်းတွေအားလုံး ဝင်ထွက်သွားလာနေကြဖြစ်ပေမယ့် ဒီအချိန်မျိုး လာတတ်သွားတတ်ခဲပါသည်။ ထူးခြားတဲ့ကိစ္စဆိုတာ တွက်မိလိုက်ပါသည်။ ကျွန်တော် အိမ်ရှေ့ထွက်ကြည့်လိုက်တော့ မလှဆွေနဲ့ သူ့အမေ။

"ဟဲ့. . မလှဆွေ၊ ဘာဖြစ်လို့လဲ"ဟု ကျွန်တော်က ရင်းနှီးစွာ မေးလိုက်တော့. . .

ဒေမှုသားဆိုက်စာပေ

"မနေ့က ငါရယ်၊ သိန်းသိန်းရယ်၊ မယဉ်ကြည်ရယ် စကားနိုင်လုကြတယ်၊ အဲဒါကတော့ သီလရှင်ဝတ်ရဲတယ်၊ မဝတ်ရဲဘူး ပြောကြဆိုကြ အငြင်းပွားကြနဲ့ ဖြစ်ကြတယ်။ ကျောင်းဆင်းတော့ သူ့အိမ်သူပြန်၊ ကိုယ့်အိမ်ကိုယ်ပြန်ခဲ့ကြတာ။ ဒါပေမဲ့ ည ၁၂ နာရီလောက်က သိန်းသိန်းနဲ့ မယဉ်ကြည် အမျိုးတွေက ငါ့အိမ်လာပြီး သူတို့သမီးတွေ ပျောက်သွားတယ်၊ ငါ့ကို ရှာပေးရမယ်ဆိုပြီး ပြောဆိုသွားလို့ ငါလည်း နင့်ကို အကူအညီတောင်းတာ။ တို့တွေက ဆင်းရဲတော့ သူများအပြော အဆိုခံနေရတော့တာပဲ"ဟု မလှဆွေက မျက်ရည်ကျရင်း ဆိုလာတော့သည်။ မလှဆွေအမေကလည်း ခပ်အေးအေးဆိုတော့ များများစားစား ဝင်မပြောရှာပါဘူး။

"သားလေးရယ်. . အဒေါ်တို့ကို ကူညီပါဦး"ဟူ၍ လောက်သာ။

အမှန်တော့ ကျွန်တော်က သူငယ်ချင်း ၂၀ လောက်ထဲမှာ ဟိုစပ်စပ် ဒီစပ်စပ် နှံ့စပ်သူဖြစ်သည်။ ထောက်လှမ်းရတဲ့ အလုပ်၊ စုံစမ်းရတဲ့အလုပ်ကိုလည်း ဝါသနာပါသည်။ ကြီးလာရင် စုံထောက် (သို့မဟုတ်) ကျောင်းဆရာ (သို့မဟုတ်) စာရေးဆရာ လုပ်မည်ဟု ဆုံးဖြတ်ထားသည်။ သူငယ်ချင်းတွေကလည်း အကြောင်းထူးဆို တိုင်ပင်တတ်ကြသည်။ ပြီးတော့ ကျွန်တော်က အကြော်သည်၊ အကြော်လည်ရောင်းနေရသူဆိုတော့ လူစုံနှင့် အသိရှိသည်။

"တဲ. . . မလှဆွေနဲ့ အဒေါ်ပြန်တော့။ ကျွန်တော် အကြော်ရောင်းရင်း စုံစမ်းပေးမယ်။ အကြော်စောစော ကုန်ရင်တော့ အဒေါ် တို့အိမ် ကျွန်တော်ကိုယ်တိုင် သတင်းပို့ပေးပါ့မယ်" လို့ နှစ်သိမ့်ပြီး ပြန်လွှတ်လိုက်သည်။

ဒီကိစ္စက ကျွန်တော့်အတွက် မခက်ပါ။ ခလုတ်ရှာကြည့်သည်။ တွေ့ပါသည်။ အဓိကခလုတ်။

"ဟေ့ကောင်. . အုန်းသွင်၊ မင်းမနေ့ညနေ ကျောင်းဆင်းတော့ သိန်းသိန်းတို့နောက် အဖော်လိုက်သွားသေးလား"ဟု ကျွန်တော်က အကြောင်းသိသဘောဖြင့် မေးလိုက်လို့လည်း

"လိုက်တာပေါ့ကွ. . ၊ ငါနဲ့တောင် ဘုကျခဲ့သေးတယ်။ သူနဲ့ မယဉ်ကြည် မော်ဘီက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ပထမယောဂီဝတ်မယ်၊ နောက် သီလရှင်ဝတ်မယ်ဆိုပြီး ထွက်သွားကြလေရဲ့"

"သေချာရဲ့လား"

"သေချာပါတယ်"

"သေချာရင်လိုက်ခဲ့"

"ဘယ်လိုက်ရမှာလဲ"

"အခု. . . သိန်းသိန်းတို့ ပျောက်နေလို့ သူ့မိဘတွေ မီးတောက်နေကြပြီ. . ၊ သူတို့အတွဲဆုံး သုံးယောက်ထဲက မလှဆွေကို တိုင်မယ် တောမယ်လုပ်နေကြပြီ။ တို့သွား ကူညီမယ်"ဟုပြောပြီး အဖြစ်မှန်ကို သက်ဆိုင်သူများထံ သတင်း

ပို့နိုင်ခဲ့သည်။ မိဘများက ပညာသင်ချိန်မှာ ပညာသင်ဖို့ ချော့မော့ပြီး ယောဂီမနည်းထွက်ခိုင်းရသည်။

သိန်းသိန်းတို့ မယဉ်ကြည်တို့ အရှုံးထလို့ မကြာပါဘူး။ ကျွန်တော်တို့ ယောက်ျားလေးအုပ်စု အရှုံးထပြန်ရော။ ကမ္ဘာအေးဘုရားကနေ သာမုကန်ဘုရားကို အသွားအပြန် ခြေကျင်လျှောက်ဖို့ ဖြစ်သည်။ သာမုကန်တွင် မနက်စာစားကြမည်။ ပတ်ဝန်းကျင်ရွာများကို ဝင်ရောက်လည်ပတ်မည်။ တပ်မတော်က မွေးမြူထားသော ငါးကန်ကို လေ့လာကြမည်ဟူသော အစီအစဉ်များနဲ့ဖြစ်သည်။ ဘယ်သူကစလို့ ဘယ်သူက ဦးဆောင်သည်မသိ။ ဆရာ၊ ဆရာမများတော့ လုံးဝမပါ၊ လုံးဝမသိလိုက်ကြ။

နံနက်စာအတွက် ထမင်းထုပ်များ စီစဉ်ဖို့လိုလာပြီဆိုတော့ ကျွန်တော့်ဆီကို (စက်မှုတက္ကသိုလ်ဘွဲ့ရပြီးမှ အစာအိမ်ရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်တဲ့) ကိုမြင့်စိုးတို့၊ ကိုမြင့်အေးတို့၊ ကျော်ညွန့်ဦးတို့ ရောက်လာသည်။ ခရီးစဉ်ကို ပြောသည်။ အခြေအနေအရ ထမင်းထုပ်စီစဉ်ပေးရန် အကူအညီတောင်းသည်။ ကျသင့်ငွေရှင်းပေးသည်။ အထုပ် ၅၀ ဖြစ်သည်။

ကျွန်တော်ကလည်း အမေ့ကို အကူအညီတောင်းရသည်။ အမေကလည်း စိတ်အပင်ပန်းခံ၊ လူပင်ပန်းခံပြီး လုပ်ပေးရှာသည်။ ထမင်းထုပ်တိုင်းတွင် ဝက်သားဆီပြန်၊ ငါးပိထောင်းတို့စရာ စသည်တို့ ပါသည်။

လူငယ်ဆိုတာ လုပ်မယ်ဆုံးဖြတ်ပြီးရင် လုပ်တတ်ကြ စမြဲမို့ သာခုကန်ခရီးထွက်ဖြစ်ကြသည်။ နံနက် သုံးနာရီလောက် စထွက်ကြတော့ မင်္ဂလာဒုံသာခုကန်ဝင်ပေါက်ကို နံနက် ခြောက်နာရီလောက် ရောက်ဖြစ်ကြသည်။ မြို့ထဲအနေများပြီး ရွာထဲ ရပ်ထဲဖြတ်သွားရတော့ တစ်မျိုးကြည်နူးစရာ ကောင်းသည်။

ခရီးစဉ်ထဲမှာ ထူးခြားမှုတစ်ခုဖြစ်သည်။ တိုက်တိုက် ဆိုင်ဆိုင်ပင် နတ်စင်ရှိသော သစ်ပင်အောက်တွင် လူငယ်တွေ ဆီးသွားမိသည်။ ကိုမြင့်စိုး (ယခု ကွယ်လွန်)အမှတ်မထင် အမောဆို့ သတိလက်လွတ်ဖြစ်သွားတော့မှ မူလက ဂရုမထားမိသော နတ်စင်အား သတိထားမိတော့သည်။

ကျွန်တော်တို့တွေ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဖြစ်ကုန်တော့သည်။ ဘာရယ်မဟုတ်ပေမယ့် တွေ့သည့်နတ်စင်ကို ကန်တော့ကြသည်။ သာခုကန်ဘုရားကို သွားတဲ့အခါ သာခုကန်ကြီး၏ ရေပြင်ဖွေးဖွေးကို ရှုမောမဆုံး ကြည့်ဖြစ်ကြသည်။ ကြည်ညိုဖွယ်စေတီကို ဖူးမြော်ရသည်။ ကြည်နူးစရာတော့ အလွန်ကောင်းသည်။ စိတ်ကူးယဉ်လို့ကောင်းမယ့် နေရာလေး ဖြစ်သည်။

ရုပ်ရှင်အတော်များများ သာခုကန် ပတ်ဝန်းကျင်တွင် ရိုက်ထားတာပါလားဟု သတိရလိုက်မိသည်။ ရုပ်ရှင်ရိုက်လို့ တောင်းသော နေရာလေးဖြစ်သည်။ ရာဇဝင်ကားလည်း ရိုက်လို့ရသည့်နေရာ။ ကျေးလက်သဘာဝဇာတ်လမ်းလည်း ရိုက်၍ရ

သည်။ မြို့ပြဇာတ်လမ်းဆိုလည်း ချစ်သူများ အလည်ခရီးထွက်ကြသည့် ပြကွက် ပြနိုင်သည်။

ကျွန်တော်တို့တွေ သာမုကန်သို့ စလာတုန်းက ရန်ကုန်ပြည်လမ်းအတိုင်း ခြေကျင်လာခဲ့ကြပြီး အပြန်ခရီးကြတော့ သာမုကန်ကနေ ဘရွှေရွာ၊ ဒညင်းကုန်းရွာများဘက်က လှည့်ပြန်ကြသည်။ မူလ ကတိအတိုင်း ခြေကျင်ပဲပြန်ကြသည်။ ကိုမြင့်ဗိုးကိုတော့ အလှည့်ကျ တွဲခေါ်ကြရသည်။

ကားခတစ်မတ်ငါးမူးပေးလျှင် ရောက်နိုင်သော အသွားအပြန် မိုင် ၆၀ ကျော်ခရီးကို ကျွန်တော်တို့တွေ အရှုံးပေါ်ပြီး ခြေကျင်လျှောက်ခဲ့သည်။ မေ့ရန်လည်း အကြောင်းမှ မရှိသည်ကိုး။

ဒီတစ်ခါ စိတ်ရှုပေါက်တာက ကျွန်တော်နှင့် အုန်းသွင်ဖြစ်သည်။ အ[ ]းသူငယ်ချင်းများနဲ့ "ကျိုက်ထီးရိုးဘုရားကို ရန်ကုန်ကနေ[ ]ေ ချင်းပြန်သွားနိုင်၊ မသွားနိုင်" စကားနိုင်လုကြသည်။ သွားနိုင်လျှင် ကျန်သူငယ်ချင်းများက ကျွန်တော်တို့ကို ဒံပေါက်အဝကျွေးမည်။ မသွားနိုင်လျှင် ကျန်သူငယ်ချင်းများကို (ရှာလပတ်ရည်) (ဘာလီလို အချိုဖျော်ရည်မျိုး) တစ်ခွက်စီ တိုက်ရန် ဖြစ်သ[ ]်။

ကျွန်တော[ ]တက်ကြည့်သည်။ အိမ်ကနေ နံနက် ၂း၃၀ နာရီလောက်တွင် [ ]က်စ်ကားစီးပြီး ရန်ကုန်ဘူတာကြီး ၃း၃၀ နာရီမှာ ရောက်သ[ ]း[ ] ၃း၃၇ နာရီ မော်လမြိုင်ထွက်သည့်

ရထားနဲ့လိုက်ရင် ကျိုက်ထိုကို ၇း၄၀ နာရီရောက်၊ ကင်ပွန်းစခန်းကို အရင်ဆုံးထွက်တဲ့ ကားနဲ့လိုက်ရင် တောင်ခြေကို ၉း၀၀ နာရီဝန်းကျင် ရောက်နိုင်သည်။ တောင်ပေါ်ကို နားသင့်ချိန်နား၊ စားသင့်ချိန်စားပြီး ဝီရိယထားပြီးတက်လျှင် မွန်တည့် ၁၂း၀၀ နာရီဝန်းကျင်ရောက်မည်။ ရောက်ရောက်ချင်း ဓာတ်ပုံရိုက်၊ ဘုရားကြီးပေါ်မှာ နှစ်နာရီလောက်နား အပန်းဖြေ ဓာတ်ပုံရွှေပြီး တောင်အောက်ကို အပြေးဆင်းလျှင် ညနေ ၄း၀၀ နာရီလောက်ရောက်မည်။ တောင်ခြေမှ ကျိုက်ထိုဘူတာ ကားကိုရသလို လိုက်လျှင် ဘူတာကို ညနေ ငါးနာရီဝန်းကျင်ရောက်မည်။ ရထားခုံမှဲ့ လက်မှတ်ဝယ်ပြီး ညနေ ၅း၃၀ နာရီထွက်မည့် မော်လမြိုင်-ရန်ကုန်ရထားစီးပြီး ရန်ကုန်ပြန်လျှင် ည ဆယ်နာရီဝန်းကျင်ရောက်ကိုရောက်မည်။ ဤခရီးစဉ်ကို ကုန်ကျစရိတ်သည် နှစ်ဦးအတွက်မှ ၁၀၀ ကျပ် မကျော်နိုင်၊ ရထားခက ရန်ကုန်-ကျိုက်ထိုကို ခုနစ်ကျပ်ပြားငါးဆယ်၊ ကျိုက်ထိုကင်ပွန်းစခန်းက နှစ်ကျပ်၊ ထမင်းတစ်ပွဲမှ ငါးကျပ်ပဲ ရှိသည်။ အထွေထွေနှင့် လက်ဆောင်ပစ္စည်းပါ ဝယ်နိုင်သေးသည်။

တွက်ချက်ထားသည့်အတိုင်း သွားဖြစ်သည်။ ရောက်သည်။ ပြန်လာကြသည်။ သူငယ်ချင်းတွေ အားလုံးကလည်း ဂုဏ်ပြုကြသည်။ မိန်းကလေး သူငယ်ချင်းများကဆို စုတ်သပ်ယူကြသည်။ ဆရာ၊ ဆရာမတွေကလည်း သိကုန်ကြတော့သည်။ ဆုံးမတန်သလောက် ဆုံးမသည်။ သို့သော် ချီးမွမ်းကြ

အမေ့သားထိုက်စာပေ

သည်။ သူငယ်ချင်းတွေ ကျွေးတဲ့ဒံပေါက်ကို နှစ်ယောက်သား အောင်ပွဲခံစားကြသည်။ ဟိုတုန်းက ဒံပေါက်တစ်ပွဲဆိုတာ တစ်ယောက်မကုန်နိုင်။ အဲဒီတော့ တစ်ယောက်တစ်ပွဲပဲစားကြသည်။ သူငယ်ချင်းတွေ တစ်ယောက် ငါးမူးလောက်စုပေးလိုက်တာ ဒံပေါက်နှစ်ပွဲဖိုး ရှင်းနိုင်သည်။ ဒံပေါက်တစ်ပွဲမှ တစ်ဆယ်မကျော်။

ကျွန်တော်နဲ့ အုန်းသွင် ကုန်ကျစရိတ် ၇၀ ကျပ် ကျော်သည်။ အိပ်ရေးပျက်သည်။ လူပင်ပန်းသည်။ ကားတွယ်စီး၊ ရထားတွယ်စီးရသည်။ လူကြီးတွေသိတော့ အဆူခံရသည်။ ကျောင်းစိမ်းလုံချည်လေး ဝယ်မလို့စိတ်ကူးပြီး မုန့်ဖိုးထဲက စုထားတဲ့ငွေလည်း ကုန်သွားတော့သည်။

ဘာအမြတ်ထွက်ပါလိမ့်ဟု စဉ်းစားကြည့်တော့၊ လုပ်ရင်ဖြစ်တယ်၊ ကြိုးစားရင် အောင်မြင်နိုင်တယ်ဟု ကုန်သွားသမျှငွေ၊ ခန်းသွားသမျှအား၊ လုလုပ်ရတဲ့အချိန်တွေအတွက် ကိုယ့်ကိုယ်ကို အားပေးလိုက်ရသည်။

လူငယ်သဘာဝပေကိုး. . .။

သတိရစရာတွေလည်း တစ်ပုံတစ်ပင်ပါပဲ။ မလှဆွေ မိခင်ရက်လည်ဆွမ်းကျွေးတဲ့နေ့၊ သူငယ်ချင်းတွေဆုံတော့ ရှေးဟောင်း နှောင်းဖြစ်တွေပြောကြ ရယ်လိုက်ကြ ဟားလိုက်ကြ နောက်မှ သတိရပြီး. .

"ဟဲ့. . သူများနာရေးအိမ်လေ"ဟု သတိပေးရသေး သည်။ သူငယ်ချင်းတွေ ပြောကြ ကြ နှင်း တင်ဘင်နဲ့ အစ ဆုံးတုန်းက အကြောင်းလေး ပြ သတ်ရသေးသည်။ သူငယ် ချင်းမိန်းကလေး တင်ဘင်နဲ့က သူ မှာအကြီးဆုံး၊ သူ့ အောက်မှာ ညီမတွေ၊ မောင်လေးတွေကလည်း မနည်းလှ၊ သူတောင် မှ ကိုးတန်းကျောင်းသူဆိုတော့ လောကအကြောင်း တာမှ နားမလည်သေး။ အားကိုးကလည်း သူ ချင်း မရှိလေ တော့ ကျွန်တော်တို့ ကျောင်းသား သူငယ်ချင်းတွေကို သူအားကိုး လာသည်။ ကျွန်တော်တို့ သူငယ်ချင်းတွေ နာရေးရက် အားလုံးတွင် ဝိုင်းကူပေးကြသည်။ နေကြသည်။

ကျွန်တော်နှင့် သင်္ချိုင်း ညဖြစ်သည်။

ဘယ်တော့ မေ့မှာ နာရေး မသာအိမ်တွေမှာ ဖဲရိုက်ကစားကြတာ အစဉ်အလာများ ဖြစ်နေကြသလားမသိ။ ကျွန်တော်နှင့် အနီးသွင် အိပ်မပျော်ခင်ကကည်းက ဖဲဝိုင်း သုံးဝိုင်း၊ လေးဝိုင်း ကစားနေကြ ကျွန်တော်တို့ နှစ်ယောက် အိပ်မောကျတော့မှ. . .

"ဝိုး-ဒုန်း-ဂလွမ်း"ဟူသော အသံများနှင့်အတူ-

"ဖဲ မ်ရိုက်တာ မခံဘူးကွ၊ အ မယ်"

"ခင်ဗျားတို့ ဖဲရှုံးတာနဲ့ ကျ ကို မချမ်းနဲ့"

စသည်ဖြင့် ဆူဆူညံညံ စကားများသံ ဖြန်ဖြေသံ လူအုပ်ခွဲသံများကြားက-

"ကျုပ်လို့မစွမ်းမသန်က. . ခင်ဗျားတို့ကို ဖဲဘယ်လို လိမ်ရိုက်မလဲ"ဟု ဒေါသကျယ်ကျယ်ထွက်လာသည်။ ဒီအသံ သောင်းတင်၏ အသံ။

သူပြောတာမှန်သည်။ သောင်းတင်မှာ ခြေထောက် နှစ်ဖက်လုံးတွင် ခြေဖက်ဝီခြေထောက်လုံးမပါ၊ ဘုလုံးပဲရှိသည်။ ခြေ နှစ်ဖက်လုံး မွေးရာပါဖြစ်သည်။ လက်ကလည်း ညာဘက် လက် လက်ချောင်းလေးများ ငါးချောင်းမပါ။ လက်ညှိုးနှင့် လက်မပူးနေသည့် တစ်ချောင်းတည်းပါသည်။ ဘယ်လက်တော့ ငါး ချောင်းလုံးပါသည်။

သူငယ်ချင်းသောင်းတင်လို မစွမ်းမသန်က-

"လူကောင်းကြီးတွေကို ဘယ်လိုလုပ် ဖဲလိမ်ရိုက်လို့ ရမ လဲ" သူ့ဘက်က ကျောင်းသားတွေ ဝိုင်းရှင်းတော့ ဖဲရှုံးတဲ့လူတွေ မကျေမနပ်နှင့် အိမ်ပေါ်က ဆင်းသွားကြသည်။

လူငယ်ဆိုတာ သူငယ်ချင်းကိုထိရင် မခံတတ်ကြတာ သဘာဝဖြစ်ပါသည်။ ထိုနေ့ညက ဟိုလိုဒီလိုနှင့် ဖဲဝိုင်း ထပ်မဖြစ် တော့ပါ။ ဒါပေမဲ့ အရက်တက်ခါနီးအချိန် ရောက်သောအခါ ချော်ဝှင်းကုန်းလမ်းဆုံမှာ လက်ဖက်ရည် ဆိုင်တွေ၊ မုန့်ဆိုင်တွေ ဖွင့်လော့က်ပြီမို့ သောင်းတင်ကပဲ. .

"ဟဲ. . . ဒီအိမ်မှာရှိတဲ့လူတွေ အားလုံးရေတွက်လိုက်၊ လိုက်နိုင်တဲ့လူတွေကလိုက်ခဲ့၊ မလိုက်နိုင်တဲ့လူတွေအတွက် လက်ဖက်ရည်နဲ့ မုန့်ဝယ်လာမယ်"လို့ ပြောတော့ လိုက်မယ့်သူက

၁၄ ယောက်၊ မလိုက်နိုင်တဲ့သူက ၂၀ ယောက်[illegible] တင်တင်နဲ့ တို့အိမ်က ၁၀၆ မှတ်တိုင်၊ ၁၀၆ တပ်အနီးဆိုတော့ ချော်တွင်း ကုန်းလမ်းဆုံက မိုင်ဝက်လောက်တော့ ဝေးသည်။

သို့သော် ဆာနေမျိုန်ဆိုတော့ သောင်းတင်နောက် လိုက်ဖြစ်ကြသည်။ လမ်းမှာ အမှတ်မထင် ။

"ဟော့ကောင် သောင်းတင်၊ မင်းလူ ၃၀ ယောက် ကျွေးဖို့ ပိုက်ဆံရှိရဲ့လား" လို့ အုန်းသွင်က မေးလိုက်တော့-

"ငါဟိုကောင်တွေကို ဖဲလိမ်ရိုက်တာ၊ လမ်းစရိတ်တောင် မကျန်တော့လို့ ရန်ထဖြစ်တာကွ. ။ ငါမင်းတို့အားလုံးကို ဝအောင်ကျွေးမယ်၊ မင်းတို့သာမကာယ်ရင်၊ ငါဒုက္ခရောက်နိုင်တယ်"

ကျွန်တော်အလွန်အံ့သြသွားပါသည်။ ဟိုလူတွေ ပြောတာ အမှန်ဖြစ်နေသည်။ သောင်းတင်လောင်းကစား ဝါသနာပါတာ တစ်ကျောင်းလုံး သိသည်။ ဆရာ၊ ဆရာမတွေလည်း သိကြသည်။ သူ့မှာ အဂ္ဂါမစုံသဖြင့် ခွင့်လွှတ်ထားကြသည်။

သို့သော် သောင်းတင် ခြင်းခတ်တော်သည်။ အားကစားထူးချွန်သည်။ မစွမ်းမသန် အားကစားသမားကောင်း တစ်ဦးဖြစ်သည်။ အားကစားထူးချွန်သဖြင့် နိုင်ငံခြားသွားရောက်ယှဉ်ပြိုင်ရန် အခွင့်အရေးရခဲ့သည်။ ကျွန်တော်တို့ အုပ်စုထဲတွင် ဒီလို သူငယ်ချင်းမျိုးလည်း ရှိခဲ့ဖူးပါသည်။

လူငယ်တို့သည် ဖြစ်ချင်တာကို မဆုတ်မနစ် လုပ်တတ်သူများ၊ ဖြစ်ချင်ကြသူများ ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ သူငယ်ချင်းတွေက တစ်ခုမဟုတ်တစ်ခု သွေးထိုးစမ်း၊ အကဲစမ်းလေ့ရှိကြသည်။ တစ်ယောက်နှင့် တစ်ယောက် သူနိုင်ကိုယ်နိုင် ပြိုင်လေ့ပြိုင်ထ ရှိသည်။ ကျောင်းတွင်း ပီတီချိန် (ဖွံ့ဖြိုးရေးချိန်)တွင် အားကစားတစ်ခုခု ကစားခွင့်ရတတ်သည်။ သူငယ်ချင်းချင်း တစ်တန်းတည်း ဖြစ်ပေမယ့် လူခွဲပြီး ဘောကန်သည့်အခါ သူငယ်ချင်းဆိုတာ မေ့ကုန်ကြတော့သည်။ ကိုယ်ပါတဲ့ဘက် အနိုင်ရရေး ကြိုးပမ်းကြ စမြဲဖြစ်သည်။ သို့သော် အခြားကျောင်းနှင့် ပြိုင်ပွဲ (သို့မဟုတ်) ချိန်းပွဲဆိုလျှင်တော့ မိမိကျောင်း အနိုင်ရရေး ကြိုးစားခဲ့ကြသည်ချည်း ဖြစ်သည်။

အားကစားကို အကြောင်းပြု၍ ကျွန်တော်တို့တွေ စည်းလုံးညီညွတ်ကြသည်မျိုးကလွဲလျှင် ကျန်အချိန်များတွင် ခေါင်းစဉ်ရှာပြီး အားပြိုင်လေ့ရှိတတ်သည်။ ကျောင်းအုပ် ဆရာကြီး ဦးခင်မောင်ငြိမ်းသည် ကျွန်တော်တို့အား ဂရုစိုက် နေပုံရသည်။ တစ်နေ့ စိတ်ဝမ်းကွဲသွားမည်ကိုပင် စိုးရိမ်နေပုံပေါ်သည်။ မှန်ကန်သော ယှဉ်ပြိုင်မှု၊ အကျိုးရှိသော ကြိုးပမ်းမှုမျိုးသာ ဖြစ်စေချင်သည် ထင်သည်။ ထို့ကြောင့်လည်း တစ်နေ့ ကျွန်တော်တို့ အတန်းထဲသို့ ဆရာကြီး အမှတ်မထင်ဝင်ရောက်လာသဖြင့်-

"မင်္ဂလာပါဆရာကြီး"

"မင်္ဂလာပါတပည့်တို့"

"ကျေးဇူးတင်ပါတယ် ဆရာကြီး"

"ကဲ. . ကဲ ထိုင်ကြ၊ ထိုင်ကြ"ဟု ဆရာကြီးက ပြောပါသည်။ ကျွန်တော်တို့တွေ မိမိထိုင်ခုံတွင် နေရာတကျ ထိုင်ပြီးသည်နှင့် တစ်တန်းလုံးအား ဆရာကြီးက မျက်စိဝေ့ရမ်း ကြည့်ပါသည်။ ကျွန်တော်တို့အတန်းတွင် ကျောင်းသား ၃၀ ယောက်နှင့် ကျောင်းသူ ၂၀ ယောက်ရှိပါသည်။ ဆရာကြီးက၂. . အတန်းရှေ့မှ ကျွန်တော်တို့တွေအားလုံး ကြည့်နေရင်းမှပင်-

"တပည့်တို့ကို ဆရာကြီးသတိထားနေတာ ကြာပြီ. . ၊ တပည့်တို့အတန်းရှိ ကလေးတွေက အပြစ်ရယ်လို့ ပြောလောက်တဲ့ ကိစ္စမျိုးကိုတော့ ကျူးလွန်ကြတာ မတွေ့ပါဘူး၊ ဒါပေမဲ့ . . . ဒီအတန်းက ကလေးတွေရဲ့ ယှဉ်ပြိုင်မှုတွေ၊ အနိုင်ရလိုမှုတွေအတွက် ကြိုးပမ်းမှုတွေ၊ စကားနိုင်လုရာက ယောဂီဘဝ ရောက်သွားရတာတွေဟာ၊ ကောင်းတော့ကောင်းပါတယ်. . ၊ ဒါပေမယ့်. . တကယ်ရင့်ကျက်တဲ့ ဆုံးဖြတ်ချက်မဟုတ်ဘဲ စကားနိုင်လုရင်းဖြစ်ရတာ၊ ဘယ်ကုသိုလ်ရမလဲ၊ အလားတူပါဗဲ။ ဆရာကြီးကြားပါတယ်၊ ဒံပေါက်တစ်ပွဲနဲ့ အင်စိုက်အားစိုက်၊ ငွေကြေးစိုက်ပြီး ကျိုက်ထီးရိုးဘုရားကို ရန်ကုန်ကနေ နေ့ချင်းပြန်သွားဖူးတာ. . ၊ ဖြစ်ချင်တာကို ဖြစ်အောင် ကြိုးစားတာ အားပေးရမှာပေါ့၊ ဂုဏ်ယူရမှာပါ။ ဒါပေမဲ့. . အလောင်းအစား သဘောဆိုတော့ အကျိုးသိပ်မရှိဘူးလို့ ဆရာကြီး ထင်တယ်"

အဓမ္မသားထိုက်စာပေ

"ရန်ကုန်-ပဲခူး စက်ဘီးပြိုင်စီးတာ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲလို့တောင် ပြောလို့ရပါတယ်၊ ဒါပေမဲ့. . ကြီးကြပ်သူမပါ၊ စည်းကမ်းထိန်းသိမ်းသူမရှိ လူကြီးမိဘဆရာသမားတွေလည်း မသိရ၊ ဘာမှမဖြစ်လို့ တော်သေးတာပေါ့. . ၊ မတော်တဆ တစ်ခုခုဖြစ်ရင် လူကြီးမိဘ ဆရာသမားတွေ ဘယ်လောက် စိတ်သောကရောက်ကြရမလဲ. . ၊ ပြီးတော့ရှိသေးတယ်၊ သာမုကန်ဘုရားကို ရန်ကုန်ကနေ အသွားအပြန် ခြေလျင်ခရီးသွားကြတာ၊ ကောင်းတဲ့အလေ့အကျင့်ပါပဲ"

"ဆရာကြီးတို့ ငယ်ငယ်ကလည်း ကင်းထောက်လူငယ်အဖြစ်နဲ့ ခြေလျင်တောင်တက်ခရီးတွေ သွားခဲ့ကြတာပါပဲ။ သိပ်ပျော်စရာကောင်းတယ်၊ ပီတိဖြစ်ရတယ်၊ တပည့်တို့နဲ့ မတူတာက ဆရာကြီးတို့ကို တာဝန်ရှိသူတွေက ကြိုတင်သင်ကြား၊ လိုအပ်တာမှာကြား၊ လိုက်ပါကြီးကြပ် စည်းကမ်းထိန်းသိမ်း၊ လမ်းမှာ လမ်းပျောက်ရှာနည်း၊ ရှေ့လူနောက်လူအဆက်မပြတ်အောင် သင်္ကေတပြနည်းတွေနဲ့ သွားရတာ အင်မတန်စိတ်ဝင်စားစရာ ကောင်းတယ်။ ခုတော့ ဆရာကြီးတပည့်တွေက ဘာအတွေ့အကြုံမှမရှိဘဲ ကိုယ့်သဘောနဲ့ ကိုယ်သွားလိုက်ကြတာ၊ မောင်မြင့်စိုးက ကျန်းမာရေးမကောင်းတော့ သတိလစ်လာခဲ့တယ်လို့ ဆရာကြီး ပြန်ကြားပါသည်။ မသေကောင်း၊ မပျောက်ကောင်း တပည့်တို့ရာ. . ၊ ဆရာကြီးအတော်စိတ်မကောင်းဖြစ်မိတယ်၊ မင်းတို့ အတန်းပိုင်ဆရာမက တိုင်တာမဟုတ်ဘူးနော်။ ဆရာကြီးကိုယ်တိုင် ပြန်ကြားသိရတာ"

အမေ့သားတိုက်ဂျ

"ဒါ့ထက်ဆိုးတာက "သောင်းတင်ကိစ္စပဲ". . ။ ကိုယ့်သူငယ်ချင်းရဲ့ မိခင်နာရေးကူစောင့်ပြီး ညအိပ်ကူညီကြတာ မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်း ပီသပါတယ်။ ဆရာကြီး ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ခိုက်ရန်ဒေါသတွေဖြစ်၊ သတ်မယ် ပုတ်မယ်ဖြစ်တာမျိုးကျတော့ မကောင်းဘူး။ ဆရာကြီးက တပည့်တို့ကို ဆူနေတာမဟုတ်ဘူးနော်"

"လူငယ်ဆိုတာ ကြိုးစားစွမ်းဆောင်ချင်တဲ့ စိတ်တွေရှိတာ ဆရာကြီးဂုဏ်ယူချီးကျူးပါတယ်။ အဓိက ဆရာကြီးမှာချင်တာက. . ဘာကိုလုပ်လုပ် လူကြီးမိဘဆရာသမားတွေကို အသိပေး၊ အကြံဉာဏ်ယူစေချင်တာပါ. . ။ ဆရာကြီးက တပည့်တို့ကို အပြစ်သဘောနဲ့ မဆူဘူးနော်။ အပြုသဘောနဲ့ လုပ်နည်းလုပ်ဟန် သင်ပေးတာ။ တပည့်တို့ကို ဆရာကြီးက ပြိုင်တာချင်း အတူတူ၊ ပြိုင်ရင်းနဲ့ အကျိုးရှိတဲ့ ပြိုင်ပွဲတစ်ခုခု လုပ်ပေးမယ်၊ ဆရာကြီးတပည့်တွေ ပြိုင်ကြမလား"

"ပြိုင်ပါ့မယ်ဆရာကြီး"ဟု ကျွန်တော်တို့ တစ်တန်းလုံး ညီညီညာညာ ဆန္ဒပြုလိုက်တဲ့အတွက်၊ ဆရာကြီးမှာ ပြုံးပြုံးကြီးနဲ့ ကျေနပ်နေပုံပါပဲ။ အတန်းပိုင်ဆရာမ ဒေါ်ခင်ငြိမ်းလွင်ကလည်း ဆရာကြီး ဟောပြောဆုံးမနေပုံကို ပီတိဖြစ်နေပါသည်။

"ကဲ. . ဒါဆို ပြိုင်ပွဲခေါင်းစဉ်ပေးမယ်"ဟု ဆရာကြီးက ဆိုလာသဖြင့် ကျွန်တော်တို့တွေအားလုံး အာရုံစိုက်၊ ဂရုစိုက် နေမိသည်။

အမေ့သားထိုက်စာပေ

"ဒီနှစ်နွေရာသီမှာ. . ဆရာကြီးတို့ကျောင်းမှာ ရှင်ပြုသီလရှင် ဝတ်ပွဲလုပ်မယ်၊ ဝတ်ချင်တဲ့တပည့်တွေ အတန်းပိုင်ဆရာ/ဆရာမတွေကတစ်ဆင့် စာရင်းပေးကြ. .၊ ပြိုင်ရမယ့် ပြိုင်ပွဲကတော့ ဆရာကြီးတို့ ကျောင်းက အထက်တန်းကျောင်းဆိုတော့ တပည့်တို့ ဆယ်တန်းက တန်းခွဲလေးခု၊ ကိုးတန်းက တန်းခွဲ လေးခု၊ ရှစ်တန်းက တန်းခွဲ ငါးခု၊ ခုနစ်တန်းက တန်းခွဲ ငါးခု၊ ခြောက်တန်းက တန်းခွဲ လေးခု၊ ငါးတန်းက တန်းခွဲ သုံးခု စုစုပေါင်းတန်းခွဲ ၂၅ ခုရှိတယ်။

"တစ်ခန်းကို တစ်ယောက်၊ ကျောင်းတက်ရက်တိုင်း ကျောင်းတက်ပထမခေါင်းလောင်းနဲ့ ဒုတိယခေါင်းလောင်းကြား မှာ မိမိတာဝန်ကျတဲ့ အခန်းမှာရှိနေတဲ့ ကျောင်းသူကျောင်းသား တွေကို သော့ပိတ်အလှူခံပုံးနဲ့ အလှူခံထွက်ရမယ်၊ များများ ရတဲ့သူက များများ ကုသိုလ်ရမယ်၊ ပြိုင်ရတဲ့သူ ကုသိုလ်လိုချင်တဲ့ သူ မှတ်တစ်ထပါ"ဟု ဆရာကြီးက ဆိုလိုက်ပြီး-

ကျွန်တော်တို့ အတန်းသူအတန်းသားတွေကို ဆရာကြီး က ဝေ့ဝိုက်ကြည့်နေသည်။ ကျွန်တော်တို့ အတန်းသူအတန်း သားတွေ သတ္တိရှိတဲ့သူ ပြိုင်ရဲတဲ့သူ နည်းလိမ့်မည်ဟု ဆရာကြီး ထင် နေမည်လားဟု ကျွန်တော် တွေးနေမိပါသည်။ တကယ် တမ်းကျတော့ တစ်တန်းလုံး ထရပ်လိုက်သဖြင့် ဆရာကြီး တအံ့တဩ ဖြစ်သွားပါသည်။

အမေ့သားထိုက်ဇာနေ

"တပည့်တို့ရဲ့ သတ္တိကို ချီးကျူးပါတယ်၊ ဒီအတန်းမှာ ကျား၊ မ ၅၀ ဦးပဲ ရှိပါတယ်။ တစ်ခန်းကို နှစ်ဦးနှုန်းနဲ့ အတန်းပိုင်က ခွဲတမ်းချပေးလိုက်ပါ။ ကဲကဲ. . တပည့်တို့ရဲ့ အကျိုးရှိတဲ့ ယှဉ်ပြိုင်မှုအတွက် ကြိုတင်ပြီး သာဓုခေါ်ပါတယ်။ မင်္ဂလာပါ တပည့်တို့"

"မင်္ဂလာပါဆရာကြီး"

ဆရာကြီးသည် ကျေနပ်သော အပြုံး၊ ကြည်နူးသော ပီတိတို့ဖြင့် ကျွန်တော်တို့အတန်းမှ ပြန်လည်ထွက်ခွာသွားပါတော့သည်။

နွေရာသီ အတန်းတင်စာမေးပွဲကြီး ပြီးသည်နှင့် ကျွန်တော်တို့ ကျောင်းတော်ကြီး၏ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကြီး ဆင်နွှဲရန် ပြင်ဆင်ရတော့သည်။ ဆရာကြီးက အကျိုးရှိသည့် ယှဉ်ပြိုင်မှုအဖြစ် လမ်းညွှန်မှာကြားစဉ်က သူ့ထက်ငါ အနိုင်ရရေး ကြိုးစားခဲ့ကြသည်။

တကယ့်တကယ် အလှူရက်နီးလာတော့ မိမိကျောင်း အလှူပွဲဖြစ်မြောက်ရေးအတွက် ရှေ့တန်းတင်လာကြသည်။ စည်ကားရေး ကြိုးပမ်းကြသည်။ ကျောင်းသူ/ကျောင်းသားတွေ ပါလာပြီဆိုတော့ ဆရာ/ဆရာမအားလုံးက ကြီးကြပ်ပေးသည်။ မိဘများကပါ ဝိုင်းဝန်းကူညီကြသည်။

အတန်းလိုက် မောင်ရင်လောင်း၊ သီလရှင်လောင်း များကို အတန်းပိုင်ဆရာ/ဆရာမများနှင့် အတန်းခေါင်းဆောင်

များက တာဝန်ယူလိမ်းခြယ်အလှဆင်၊ မြင်းပေါ်တင်၊ အိုးစည် ဒိုးပတ် အကအခုန်ထည့်နှင့် အခန်း ၂၅ ခန်းမှ ရှင်လောင်းနှင့် သီလရှင် အပါး ၁၀၀ ကျော်၏ လှည့်ပွဲကြီးသည် ကျွန်တော်တို့ မြို့တွင် အစည်ကားဆုံး ရှင်ပြု၊ သီလရှင်ဝတ်ပွဲကြီးဖြစ်တော့ သည်။ ထိုအလှူပွဲကြီးကို ကျွန်တော်တို့ သူငယ်ချင်းတွေ ယခု စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ပြုလုပ်နိုင်ခဲ့သည်မှာ ဆရာကြီး၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူပြီး၊ အကျိုးရှိသော မှန်ကန်သည့် ယှဉ်ပြိုင်မှုကြောင့်ဆိုသည်ကို ကျွန်တော်တို့ သူငယ်ချင်းများအားလုံး သဘောပေါက်နားလည်ရတော့သည်။

ငယ်သူတို့၏ စွမ်းရည်၊ စွမ်းအားတို့အား အသုံးချ တတ်လျှင် အကျိုးကြီးမားလှကြောင်း ပေါ်လွင်လှပေသည်။

## "ကြည်နူးဝမ်းသာ ပီတိဖြစ်စေသည့် ဖန်တီးရှင်"

သားငယ်နှစ်ဦး အတန်းတင်စာမေးပွဲ ဖြေဆိုနေသည်မှာ ယနေ့ဆိုလျှင် နောက်ဆုံးနေ့ပင် ရောက်ရှိနေပြီဖြစ်သည်။ ၁၀ တန်းကျောင်းသူဖြစ်သည့် သမီးကြီး မထိုက်ရွှေရည်စိုးအနေနှင့် စာမေးပွဲမဖြေရသေးပေမယ့် လပတ်အပါအဝင် ပထမအစမ်း၊ ဒုတိယအစမ်းပါ စာမေးပွဲကြီး ငါးကြိမ်တွင် ပထမ နှစ်ကြိမ်၊ ဒုတိယ သုံးကြိမ်ရထားသဖြင့် အတန်းတင်စာမေးပွဲကြီးတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်လိမ့်မည်ဟု ယုံကြည်ထားလို့လည်း စာမေးပွဲမဖြေမီကပင် အောင်စာရင်းကို မျှော်မှန်းပြီး ပီတိဖြစ်နေမည့် ဖခင်တစ်ယောက်အဖို့ တန်ဖိုးဖြတ်၍မရ။

သားလတ် မောင်မောင်ဝင့်ဝါက သတ္တမတန်းဖြေနေသူ၊ သူ့ကိုတော့ စိုးရိမ်ရသည်။ တစ်နှစ်ပတ်လုံး စာမေးပွဲငါးကြိမ်တွင် တစ်ကြိမ်က တစ်ဘာသာကျသည်။ တစ်ကြိမ်က သုံးဘာသာ ကျသည်။ ကျန်သုံးကြိမ်ကတော့ ဘာသာစုံ အောင်သည်။ အောင်မည့်အောင်တော့လည်း ရိုးရိုးမဟုတ်။ ဂုဏ်ထူးမှတ်တွေနဲ့ချည်းအောင်သည်။ အလတ်ကောင်က စာညံ့၍မဟုတ်ပါ။ ပေါ့ဆသည့်အကျင့်ရှိသည်။ ကျသည့် ဘာသာအတွက် ကြပ်မတ်ပေးလိုက်လျှင် ဂုဏ်ထူးထွက်လာတတ်သည်။

ဘာပဲပြောပြော သူတို့အတန်းတင် စာမေးပွဲကြီးအတွက် သေသေချာချာကြပ်မတ်ပေးလိုက်လျှင် လာမည့်နှစ် တစ်တန်း တက်ရမည်မှာ သေချာသည်။ ကြပ်မတ်၍လည်း ပေးလိုက်ပြီးပြီ သည်။

သားငယ် မောင်မောင်နန်းနွယ်က ဆဋ္ဌမတန်းစာမေးပွဲ ဖြေနေသူဖြစ်သည်။ သူက နည်းနည်းနွဲ့ချင်သည်။ ကျားကျား လျားလျား သိပ်မရှိလှ။ ဆရာ၊ ဆရာမများ၏ အရိုက်ခံဖို့တော့ ဝေလာဝေး၊ အဆူအကြိမ်းကိုပင် ခံချင်သူမဟုတ်သဖြင့် သူ့ဘက် က တာဝန်ကို ကျေပွန်အောင် ကြိုးတင်ပြင်ဆင်ထားတတ်၏။ သူငယ်တန်းမှ ပဉ္စမတန်းအထိ သားငယ်ရရှိထားသည့် အောင်မြင်မှုဆုတံဆိပ်များက ဖခင်တစ်ယောက်အတွက် အားရ ကျေနပ်စရာများ ဖြစ်ခဲ့ရ၏။

ကိုယ့်သားသမီးမို့ ကိုယ်ပြောသည်မဟုတ်။ သူတို့လေး တွေတော်ကြပါသည်။ ဘက်စုံတော်ကြ၏။ သည်စကားကို သူတို့လေးတွေအား ဘယ်တုန်းကမှ မပြောမိခဲ့။ ပြောလည်း မပြောနိုင်ပါ။ ဤသည်မှာ ကျွန်တော်၏ ဆုံးဖြတ်ချက် တစ်ချက် ကြောင့်သာဖြစ်သည်။

ကမာရွတ်မြို့နယ်၊ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက ဘန်းကျောင်းတွင် ကျောင်းတက နေကြသည့် ကျွန်တော့် သားသမီးတွေ ဘက်စုံတော်ကြသည်ဟု ဆိုမိသည်မှာ အခြား မဟုတ်၊ သူတို့နှင့် ရွယ်တူကလေးတွေ ဘားမျိုးစုံနှင့် လာကြ

သည်။ အစားမျိုးစုံ စားနိုင်ကြသည်။ အောက်စိမ်း အပေါ်ဖြူ အင်္ကျီပင်ဖော်စာ အမျိုးအစားကို ဝတ်ခွင့်ရကြသည်။

ကျွန်တော့်ကလေးများမှာမူ ဒဂုံမြို့သစ်ကနေ ကျောင်းရောက်ဖို့ ဒုက္ခမသေးလှ။ အိမ်ကနေ ကားဂိတ်ရောက်ဖို့၊ ကားမှတ်တိုင်ရောက်ဖို့ ခြေလျင်တစ်မိုင်ခွဲ လျှောက်ရသည်။ မိုးတွင်းဆို လမ်းလျှောက်ရင်း ခဏခဏလဲ၍ ပေရေကုန်သော အကြိမ်မနည်းခဲ့။ အသက်ရှူကျပ်ညပ်နေသည့် ဒဂုံတောင် တာမွေဘတ်စ်ကားကို တာမွေအထိစီး။ တာမွေကနေ အမှတ် (၅၀)ဘတ်စ်ကားကို သားအဖ လေးယောက် တိုးဝှေ့တက်၊ စပယ်ယာ၏ အဆူအကြိမ်းကို နေ့စဉ်ခံပြီး ကျောင်းအရောက် လှမ်းခဲ့ရမြဲဖြစ်သည်။ စပယ်ယာအများစုကို မျက်မှန်းတမ်းမိနေပြီ။ မိုက်ရိုင်းစွာ ဆက်ဆံသူကို ပို၍ မှတ်မိသည်။ မိုက်ရိုင်းစွာ ဆက်ဆံတတ်သော စပယ်ယာဆို အသံပါမှတ်မိနေတတ်သည်။

ကိုယ်စီးသည့်ကား ဘီးပေါက်လေလျှော့၍ သောက ဝင်ခဲ့ရသည့် အကြိမ်ပေါင်းကလည်း မနည်းလှ။ မီးရထားနဲ့ ဆုံနေလို့၊ ရှေ့မှာ ယာဉ်တိုက်မှုရှိနေလို့၊ ကားစက်ပျက်နေလို့ ဆိုပြီး ခရီးဖင့်ခဲ့ရသည့်၊ စိတ်မောခဲ့ရသည့် အကြိမ်ပေါင်းက လည်း အနန္တဖြစ်ခဲ့ရ၏။

ကလေးများကို အစားမျိုးစုံကျွေးနိုင်ဖို့ဝေးစွ။ မုန့်ဖိုး တစ်နေ့သုံးကျပ် ပေးနိုင်ဖို့ပင်မလွယ်။ ထမင်းဘူးလေးကိုယ်စီ ထည့်ပေးနိုင်အောင်ပင် မနည်းကြိုးစားရသည်။ ကျောင်းဝတ်စုံ

အတွက် အသားကောင်းပိတ်ဆိုတာ မကြားဖူး၊ မကိုင်ဖူး။ အကြီးဆုံးက မိန်းကလေးမို့ သူ့အတွက် လုံချည်လေး သုံးထည် လောက်ကို တစ်နှစ်ပတ်လည်ပတ်ပြေး၊ အလတ်ကောင်အကျကို အငယ်ကလေးကဝတ် ဒီဇနစ်နဲ့သွားနေရသည့် ကျွန်တော့်ကလေးတွေ အက်စုံတော်သည်ဟု ကျွန်တော်ကျိတ်ပြီး ချီးမွမ်းနေမိသည်မှာ လွန်မည်မထင်ပါ။

ကလေးတွေ၏ ပညာရေး နှောင့်နှေးမသွားအောင် ရုန်းကန်လွန်းရသည့် ကျွန်တော် နေ့စဉ်နှင့်အမျှ လိုက်ပို့လိုက်ကြိုနေရသော ကျွန်တော်၊ မိသားစု ထမင်းနပ်မှန်ရေး ဖန်တီးနေရသော ကျွန်တော်၊ ပီတိကလေးတစ်ချက်တွေ့ခံစားချင်ပါသည်။ ပြောရင်းဆိုရင်း တစ်နှစ်တာ ပင်ပန်းခဲ့ရသမျှအတွက် တဒင်္ဂပီတိစိတ်ကလေး ကျွန်တော့်နှလုံးသားကို ရိုက်ခတ်လာပါပြီကော။

ထိုသည်က သားလတ်၊ သားငယ်တို့၏ တစ်နှစ်တာ အတန်းတင် စာမေးပွဲပြီးဆုံးကြောင်း ကြေညာလိုက်သည့် ခေါင်းလောင်းသံ ဖြစ်တော့သည်။ ပီတိခေါင်းလောင်းသံလေး ပျောက်ကွယ်သွားတော့ သားတို့သမီးတို့အတွက် ရှေ့နှစ်အတွက် အပူထပ်မံဟပ်သွားသည်ကိုပင် သတိမမူမိလိုက်ချေ။

ကျွန်တော့်ကို ဝေဖန်နေသူတွေကို ကျွန်တော့်၏ ထာဝရအားဆေးတိုက်သူများဟု သတ်မှတ်ထားရသည်။

အမေ့သားထိုက်စာပေ

"ဒီကောင် အလကားနေရင်း ဘဝင်မြင့်နေတာ၊ သူ့ဘဝနဲ့ သူ့အဆင့်နဲ့ မတန်မရာ တီတီစီကျောင်းကို သူ့သားသမီးတွေကို မရရအောင် ထားရတယ်လို့" ဒီအသံမျိုးတွေလည်း ကြားရရဲ့။

"စက်ဘီးစုတ်ကလေးတစ်စီးနဲ့ ကလေးသုံးယောက်ကို တီတီစီကျောင်းရောက်အောင်ပို့နေတာ ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ အကောင်၊ ကလေးတွေ ပညာရေးတစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ရတာ မြင်ယောင်သေးရဲ့. ." ဒီအသံမျိုးကိုလည်း ကြားနေရရဲ့။

ပြောမယ်ဆိုလည်း ပြောနိုင်လောက်ပါရဲ့။ ကျွန်တော် မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်းဆုံ (ယခု-နဝဒေး ရုပ်ရှင်ရုံ) မှာ နေစဉ်က စက်ဘီးစုတ်ကလေးနှင့် ကလေးတွေ၏ ကျောင်းသုံးပစ္စည်းလေးတွေကို စက်ဘီးမှာ ချိတ်သင့်တာချိတ်၊ လွယ်သင့်တာလွယ်၊ အငယ်ကောင် နှစ်ကောင်ကို စက်ဘီးပေါ် တင်ပြီး ကျွန်တော်ကတွန်း၊ သမီးကြီးက ခြေကျင်လိုက်၊ နဝဒေးကနေ စိတ်ရောဂါကု ဆေးရုံအရာရှိရိပ်သာရှေ့ (ယခု-ဗုဒ္ဓမြတ်စွယ်တော်စေတီသွားရာ မြိုင်ဟေဝန်ဘက်ဝင်ပေါက်) ရောက်အောင်ပို့ ကျောင်းကားပေါ်တင်ပြီးမှ အိမ်ကိုပြန်၊ မိသားစုအတွက် ဝင်ငွေရှာ။ ညနေ ၄ နာရီခွဲလောက်မှာ မနက်ကပို့ခဲ့တဲ့နေရာကိုကြိုနဲ့ နေ့စဉ်လုပ်ခဲ့ရာ သမီးကြီးလေးတန်းဖြေနေတဲ့နှစ် (၂-၄-၉၀)နေ့ရောက်တဲ့အထိ တစ်ရက်မပျက် ကြိုပို့လုပ်နိုင်ခဲ့ပြီးပြီ။

၂-၄-၉၀ ရက်နေ့ကျတော့ ကျွန်တော်တို့ရပ်ကွက်ကို ဒဂုံမြို့ သစ်တောင်ပိုင်းသို့ ရွှေ့ပြောင်းနေရာချထားခံရလို့ စောစောက ကျွန်တော်ပြောခဲ့သလို ဒုက္ခမျိုးစုံနဲ့ ကျောင်းပို့ခဲ့လို့လည်း ယခု သမီးအကြီး (၁၀)တန်းဖြေတော့မည်။

စာမေးပွဲရက်မရောက်မီကတည်းက စာကျက်မှု အခြေအနေကို စောင့်ပြီးအကဲခတ်ရင်း ရင်မောနေမိသည့် အကြိမ်ပေါင်းမနည်းခဲ့။ နေ့ဘက်ကြည့်ပြန်တော့ နေပူရှိန်ဒဏ်ကို ကလေးခံနိုင်ရဲ့လား။ ညဘက်ညဥ့်နက်ပြန်တော့ အမေလုပ်သူနဲ့ မောင်လေးတွေ အိပ်နေကြတော့ စာကြည့်ရင်း ညဥ့်အချိန်ရဲ့ ချောက်ချားမှုကြောင့် လန့်သွားမလားဆိုတဲ့စိတ်တွေကြောင့် သမီးနဲ့အတူ စိတ်မောလူမော ဖြစ်ခဲ့ရတာလည်း ရက်ပေါင်းမနည်းလှတော့။ သမီးက စိတ်ရောလူရော နုသည်။ အေးလွန်းသည်။ ပတ်ဝန်းကျင်နှင့် ရင်းနှီးမှုနည်းသည်။ သူငယ်ချင်းမရှိ၊ ရှိသည့်သူငယ်ချင်းမလေး အေးအေးမင်းကလည်း အဖေ၊ အမေတွေက ဆရာဝန်ကြီးတွေဖြစ်လျက်နဲ့ သူလည်းပဲ ကျွန်တော့်သမီးလို အေးစက်စက်။

စာမေးပွဲမဖြေမီ ဖျားမှာနာမှာကို ပူရသေးသည်။ သူ့ကို အရိပ်တကြည့်ကြည့်နဲ့ ဘာလိုအပ်မလဲ၊ ကိုယ်တတ်နိုင်သလောက် ဖြည့်ဆည်းဖို့ သူ့ကို မေးတော့လည်း သမီးက အေးတိအေးစက်နဲ့ ဘာမျှမလိုအပ်ဟုဖြေသည်။ အဲဒီတော့ စိတ်ထဲထင်ရာ သူ့အတွက် ဆောင်ရွက်ပေးရပြန်သည်။ ကိုယ့်ကိုယ်ကိုယ် ပူစပ်ပူလောင်ဖြစ်နေသလိုပါပဲ။

အမေ့သားထိုက်စာပေ

သမီးကို ကျွန်တော်ဂရုစိုက်လွန်းမှန်း ပတ်ဝန်းကျင်က သိကောင်းသိမည်။ သမီးဖြစ်သူက ကလေးဆိုတော့ သိချင်မှ သိပေမည်။

ကျွန်တော့်ဆန္ဒက သမီးကို ဆရာဝန်၊ အင်ဂျင်နီယာ၊ စီးပွားရေးပါရဂူစသည်ဖြင့် ဖြစ်စေချင်သည်။ ဆင်းရဲစုတ်ပြတ်နေတဲ့ ကျွန်တော့်လိုကောင်ကို အချို့က အလကားနေရင်း ဘဝင်မြင့်နေတာလို့ ဝေဖန်ကြသည်။

ဒါရည်မှန်းချက်ပဲ၊ ဖခင်ရဲ့ဆန္ဒပဲ။ သူ့ခမျာ (သမီးခမျာ) ကျူရှင်ဆိုတာလည်း တက်ခွင့်မရ။ သူများသားသမီးလို ရှိုးလေးနဲ့ ဝတ်ခွင့်မရ။ ဇိမ်လေးနဲ့သွားခွင့်မရ။ အပင်ပန်းခံပညာသင်နေရတာကို ကျွန်တော် စိတ်မချမ်းမြေ့ခဲ့တာမှန်ပေမယ့် သမီးအတွက် ပညာနဲ့ကုသိုလ်ရစေချင်တဲ့ဆန္ဒ ကျွန်တော့်မှာ စွဲနေသည်။

ကလေးတွေကို အခြားသူတွေ ကြိုပို့ပေးဟာကို ကျွန်တော် ဘယ်တုန်းကမှ လက်မခံခဲ့။ ကိုယ်တိုင်ပဲ ကြိုပို့ချင်သည်။ ကလေးတွေ အမေကြိုပို့တာကိုလည်း လက်မခံချင်ပါ။ တစ်ခါလောက် မလွဲသာ မရှောင်သာလို့ သူ့အမေ လိုက်ပို့ရတဲ့အခါမျိုး၊ လိုက်ကြိုရတဲ့အခါမျိုးရှိတဲ့အခါ အမေလုပ်သူက ကြည်ကြည်ဖြူဖြူနဲ့ ပို့-မပို့ မပြောနိုင်ပေမယ့် တစ်ခါပို့ တစ်ခါ ရောဂါဖြစ်ပြီး အိပ်ရာထဲရောက်တာမို့ သူ့ကိုလည်း လိုက်မပို့စေချင်။ သူ့မျက်နှာမကြည်သာမှုကြောင့် ကျွန်တော့် ကလေးတွေ စိတ်ဓာတ်ထိခိုက် မသွားစေချင်ပါ။

အမေ့သားထိုက်ဓာပေ

ဒါကြောင့် ကျွန်တော်ကိုယ်တိုင်ပင် နှစ်ပေါင်းများစွာ ကြိုးပမ်း အလုပ်လုပ်သည်။ အပင်ပန်းခံ စီးပွားရှာသည်။ ကျွန်တော့်မှာ ငယ်စဉ်ကတည်းက စွဲကပ်နေသည့် အစာအိမ်ရောဂါကြောင့် မကြာခဏ အသည်းအသန် အောင့်တတ်သည်။ ကျွန်တော့်စိတ်ဓာတ်က လမ်းမှာသေချင်သေပါစေ။ အောင့်နေရင်းနဲ့ အပြုံးမပျက် ကျောင်းကြိုးပမ်းလုပ်သည်။ ကလေးတွေ ပညာရေးအတွက် ကျွန်တော့် ရည်မှန်းချက်အတွက် ဒီလောက်တော့ အပင်ပန်းခံမည်ဟု ဆုံးဖြတ်ထားသည်။

ကျွန်တော် ဆင်းရဲပေမယ့် ကလေးသုံးယောက်ကို စားပွဲတစ်လုံးစီ ထားပေးသည်။ (Black board) ကျောက်သင်ပုန်းတစ်ချပ်စီ ချိတ်ပေးထားသည်။ ကျောက်သင်ပုန်းရဲ့ အပေါ်ဆုံးမှာ အစိမ်းရောင်ခံပြီး အဖြူရောင်စာလုံးကလေးတွေနဲ့-

"နေ့စဉ် ကိုယ်စိတ်နှလုံး အပင်ပန်းခံ ရှာဖွေကျွေးမွေး ပညာသင်ကြားပေးနေသော ကျွန်ုပ်ဖခင်အား နှစ်စဉ် ဂုဏ်ထူးများစွာနဲ့ စာမေးပွဲအောင်မြင်စေခြင်းဖြင့် ကြည်နူးဝမ်းသာပီတိဖြစ်စေရမည်"ဟူသော စာတန်းလေး ရေးပေးထားသည်။

ကျွန်တော့်ဆန္ဒကို ကလေးတွေနေ့စဉ်မြင်တွေ့ရင်းနှီးပြီး ကြိုးစားစေချင်၍ဖြစ်သည်။ ကလေးတွေကို ထူးထူးချွန်ချွန် အောင်မြင်စေလို၍လည်း ဖြစ်သည်။

အမှန်တော့ ဒီလိုကျောင်းမျိုးတွင် နေခွင့်ရသည်ကပင် ကျွန်တော့်ဘဝ၊ ကျွန်တော့်အဆင့်နှင့်ဆို ကျွန်တော့် သားသမီး

တွေအတွက် ပညာရေးနိဗ္ဗာန် ရောက်ခြင်းဟု ကျွန်တော်ခံယူထားသည်။ ကျွန်တော့်တွင် စွဲကပ်နေသော ရောဂါဖြင့် လမ်းတွင် သေချင်သေပါစေ၊ ကလေးတွေ ပညာရေးအတွက် ကျွန်တော် ကျောင်းပို့မပျက်ခဲ့တာ ကျွန်တော့် ရည်မှန်းချက် မရောက် ရောက်အောင် တွန်းပို့နေခြင်းပင်။

ကျွန်တော်ကလေးဘဝက မိသားစုဆင်းရဲသဖြင့် သူများအိမ်တွင် အိမ်ဖော်လုပ်ရသည်။ အိမ်သာဆေးရသည်။ လမ်းဘေးမှာ အကြော်ရောင်းရသည်။ မိဘက မပြည့်စုံတော့ ပညာရေးကို ထင်တိုင်းအားမပေးနိုင်ခဲ့။ ဖခင်မရှိတဲ့သား မိခင်ပံ့ပိုးမှုမေတ္တာသာ အပြည့်ရပြီး ပညာရေးအတွက်တော့ အပြည့်မရခဲ့။ ယခု ကိုယ့်အလှည့်ရောက်ပြီ ကိုယ်က မိဘဖြစ်လာပြီ၊ ကလေးတွေကို ကျွန်တော့်လို ဆယ်တန်းနဲ့ ရပ်မနေရဖို့ ပညာတတ်တွေကြားမှာ ပညာပြိုင်ရဲရေး၊ ထူးချွန်စွာ အောင်မြင်ရေးဆိုတဲ့ စိတ်နဲ့ ဒီကျောင်းကို မရရအောင် ထားခဲ့ခြင်းပင်။

ကလေးတွေကို ထူးချွန်စေချင်တဲ့ ဆန္ဒ၊ ဆယ်တန်းအောင်စေချင်တဲ့ ဆန္ဒနဲ့ ကျွန်တော်က ကလေးတွေ ကြပ်မတ်တဲ့အခါ အချို့ အချို့က

"သူကိုယ်တိုင် ဆယ်တန်းမအောင်ဘဲနဲ့ ကလေးတွေကိုတော့ အမွှေအောင်ခိုင်းနေတယ်၊ စာကျက်ခိုင်းတယ်"ဟု ပြောတဲ့သူပြောကြသည်။ ထိုသူများသည် ကျွန်တော့်ရန်သူပဲ ဖြစ်သည်။ ကျွန်တော့် ဂုဏ်သိက္ခာနဲ့ စေတနာကို စော်ကားသူ

များဖြစ်သည်။ ကျွန်တော့်စိတ်ဓာတ်နှင့် ထိုက်တန်သူများမဟုတ်။ မိတ်ဆွေဆိုခွာနေရမည်။ ဆွေမျိုးဖြစ်လျှင် အရောဝင်၍မဖြစ်၊ ဇနီးဖြစ်လျှင် စွန့်ပစ်ရမည်။ ဒါကျွန်တော့် ဆုံးဖြတ်ချက်ပင်တည်း။ မိမိအကျင့်သိက္ခာနှင့် စိတ်စေတနာကို နားမလည်သူများနှင့် ကျွန်တော် ဘာမျှ ဆက်ဆံနေစရာ အကြောင်းမရှိပေ။ မိဘကောင်းတို့မည်သည် အမွေကောင်းကို သားသမီးများအား ပေးအပ်သင့်ပေသည်။ မိမိအမွေဆိုးအား သားသမီးများ မခံစားသင့်စေဟု ကျွန်တော် ခံယူထားသည်။ အရက်သမား တစ်ယောက်သည် သူ့သားသမီးများအား အရက်သမား ဖြစ်စေရန် မတိုက်တွန်းသင့်။ ခိုးဆိုးလုယက် ဥပဒေအပြင်ဘက်မှ လူသည်လည်း မိမိသားသမီးများကို သူခိုးမဖြစ်စေသင့်။ ဖောက်ပြန်တတ်သော မိန်းမပျက်သည်လည်း မိမိသားသမီးများအား အကျင့်ပျက်စိတ်ဓာတ်ဝင်အောင် မဆောင်ရွက်သင့်။ ပညာမပြည့်စုံသော မိဘသည်လည်း မိမိ သားသမီးများအား ဂုဏ်ထူးတွေ၊ ဘွဲ့ထူးတွေနှင့် ပညာပြည့်စုံရေးကိုသာ အဓိကထား တိုက်တွန်းသင့်၏။ မိမိကဲ့သို့ မဖြစ်စေရဟု ခံယူထားသင့်ပေသည်။

ဒီကျောင်းကို ကျွန်တော့်အဆင့်နဲ့ ဘယ်လိုရအောင် လုပ်သလဲလို့ တချို့ မကြာခဏ မေးကြသည်။ ကျွန်တော် မဖြေမိခဲ့။ ယခုတော့ ဖြေပါမည်။ ကျေးဇူးရှိသူများကို တစ်နေ့ ပြန်လည်ပြီး ကျွန်တော့်ကလေးတွေက ကျေးဇူးပြန်ဆပ်နိုင်ဖို့ အတွက် ဖြေမှာဖြစ်ပါသည်။

အငှေ့သားထိုက်ဓာပေ

ဝမရှိဘဲ ဝိလုပ်တဲ့ကျွန်တော်လိုကောင်ဟာ ပညာမရှိ ဥစ္စာမရှိဘဲနှင့် ဒီကျောင်းမှာ ကိုယ့်သားသမီးတွေ ကျောင်းအပ်ရရေး တစ်စိုက်မတ်မတ် ကြိုးစားခဲ့သည်။ ပညာဥစ္စာ ရာထူးမရှိပေမယ့် ကျွန်တော့်ကို ခင်မင်သူတွေ ပေါသည်။

တွေ့ပြီ. . . ဒေါ်စိန်စိန်၊ အန်တီစိန်။

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမိဘဆရာအသင်း၊ အထက်တန်းကိုယ်စားလှယ်ဟောင်း ဒေါ်စိန်စိန်၊ ဒေါ်စိန်စိန်ဆိုတာကလည်း ကျွန်တော့်ကို ခင်မင်သူ၊ မိဘလို စောင့်ရှောက်သူမို့ လေးစားသူ၊ တူသားလိုချစ်သူ ဖြစ်သည်။ ဆရာဦးသုတကိုယ်တိုင်ကလည်း အန်တီစိန်ကို အကူအညီတောင်းရန် လမ်းပြပေးသည်။ ဒီတော့ အန်တီစိန်ကို ကျွန်တော် အပူကပ်သည်။ အန်တီစိန်ခမျာ ကျွန်တော့်ထံမှာ ဒီအကူအညီမျိုး တောင်းလိမ့်မည်ဟု မျှော်လင့်မထားကြောင်း ဖွင့်ကိုပြောသည်။

အန်တီစိန် သားသမီး ခြောက်ဦးစလုံး အဲဒီကျောင်းကနေတစ်ဆင့် ဘွဲ့အသီးသီးရပြီးဖြစ်နေသဖြင့် အန်တီစိန် တစ်ယောက် တီတီစီကျောင်းနဲ့ အဆက်ပြတ်နေတာ ကြာခဲ့ပြီ။ သို့သော် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်အေးကတော့ ရှိနေဆဲပါ။

အန်တီစိန်က ဆရာမကြီးကို မေတ္တာရပ်ခံပေးမယ်လို့ မယုတ်မလွန်နဲ့ပြောပေမယ့် ကျွန်တော်က ဇွတ်ကို ပူဆာနေ

တော့သည်။ နောင်တစ်နှစ်ကြာမှ ကျောင်းအပ်ခွင့်ရရေးအတွက် ကြိုတင်ပြီး ကြိုးစားနေရတာကိုက ဤကျောင်း၏ ထူးခြားမှုဖြစ်သည်။

ဆရာမကြီး ဒေါ်တင်တင်အေးကလည်း ပြတ်သားသလား မပြောနှင့်၊ အပျိုကြီး၊ ဥစ္စာအပြည့်၊ ပညာအပြည့်၊ လှူချင်စိတ်ရှိလို့ကတော့ လမ်းမှာတွေ့တဲ့ ဘုရားဖြစ်ဖြစ်၊ စေတီဖြစ်ဖြစ်၊ ကျောင်းအိုဖြစ်ဖြစ်တွေ့ရာကို ·ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားဆို အထုပ်လိုက်၊ ငွေကိုသိန်းလိုက် လှူနေသူ။

သူ့ကို ငွေနဲ့ပေါက်ဖို့ မစဉ်းစားနဲ့ မှားမည်မှတ်။ သူ့ကို ရာထူးနဲ့ မခြောက်နဲ့ လားလားမှ ကြောက်မည်မဟုတ်။ ပညာနဲ့ ပြိုင်ဦးမလား မပြိုင်လေနဲ့ မနိုင်နိုင်။

တည်ငြိမ်ပြတ်သားလွန်းသည့် ဆရာမကြီး၊ လေးစားဖွယ် ဆရာမကြီးအနားကို ဘယ်သူများ ကပ်ဝံ့ပါ့မလဲ။

ကျွန်တော်ကတော့ ဆရာမကြီးနှင့် ရင်းနှီးခွင့်၊ မျက်မှန်းတန်းခွင့်ရချင်သည်။ ဘယ်သူမျှမကပ်ရဲသည့် ဆရာမကြီး အနားကို မရောက်ရောက်အောင်ကပ်သည်။ နောင်နှစ် ပညာသင်နှစ်မှာ ကျွန်တော့်ကလေးတွေ ကျောင်းအပ်ရရေးအတွက် ကျွန်တော် ဘက်ပေါင်းစုံအောင် ကြိုးစား၏။ ဆရာမကြီးအနား ကပ်နိုင်ဖို့ နည်းလမ်းရှာသည်။ တွေ့ပါပြီ။

ဆရာမကြီးက ဘာသာရေးလိုက်စားသူ၊ ခုနစ်ရက်သားသမီး ကျန်းမာရေးကို ကယ်တင်နေသူ၊ ဆရာမကြီး ကျင့်ကြံ

အားထုတ်ကုသိုလ်လုပ်နေသည်က "မနောမဟိဒ္ဓိ" ပညာဖြင့် ခုနစ်ရက်သားသမီးတို့၏ အသက်အား ကယ်ဆယ်နေသူ ဖြစ်သည်။ ဆရာမကြီးအိမ်မှာ နေ့စဉ် ညနေငါးနာရီမှစပြီး ရောဂါသည်များကို မေတ္တာဖြင့် အခမဲ့ ရောဂါစစ်ဆေးကုပေးသည်။

ရေငတ်တုန်း ရေတွင်းထဲကျတဲ့ ကျွန်တော့်မှာ ငယ်ငယ်လေးထဲက မပျောက်သေးသော အစာအိမ်ရောဂါရှိ နေတာပဲ ဆရာမကြီးကို ပြကြည့်တာပေါ့။ စုန်းနတ်ပယောဂကို ကျွန်တော်ကိုယ်တိုင် အယုံအကြည်မရှိလေတော့ ရောဂါဖြစ်စဉ် စမ်းသပ်တဲ့အခါမှာ စုန်းနတ် ပယောဂမဟုတ်သဖြင့် ဆရာမကြီး ပညာဖြင့် ကုရန်မလိုပေ။ သို့သော် ဆရာမကြီးက ဘာသာရေးသမား ဖြစ်လေတော့...

"မင်း ဒီနေ့ကစပြီး တစ်လတိတိ ဒီအချိန်ဒီအိမ်မှာ တစ်နေ့ တစ်နာရီနှုန်း (သို့မဟုတ်) နှစ်နာရီနှုန်း တရားလာထိုင်" ဟု အမိန့်ပေးသည်။

ပျော်လိုက်မိသည့်ဖြစ်ခြင်း။ ဆရာမကြီးကို နေ့စဉ် ရောက်ကြောင်း ဂါရဝပြုကန်တော့၊ ညဘက်ပြန်တဲ့အခါ ပြန်မယ့်အကြောင်း ကန်တော့၊ တစ်လတိတိ တရားဆက်ထိုင်သည်။ ဆရာမကြီးက ဘာမှမပြောသဖြင့် ပို၍ ပျော်နေမိသည်။ အဲဒီအချိန်တုန်းက ကျွန်တော့်ကလေးတွေ ကျောင်းအပ်ခွင့်ရရေး မပြောမိခဲ့။ ပြောမိရင်လည်း မောင်းချခံရကောင်း ခံရမည်ထင်သည်။

အမေ့သားထိုက်စာပေ

ထို့ကြောင့်လည်း ထိုအခွင့်အရေး ကျွန်တော် မတောင်းခဲ့။ ထိုအလုပ်က အန်တီစိန်၏ အလုပ်တာဝန်သာ ဖြစ်သည်။

သမီးကြီး သုံးတန်းအောင်၊ သားလတ် သူငယ်တန်းအောင်တဲ့နှစ်မှာ တစ်နှစ်တိတိ စောင့်နေရတဲ့ တီတီစီကျောင်းအပ်ခွင့်သတင်း စောင့်ရတဲ့အလုပ်က ရင်မောဖွယ်ဖြစ်သည်။ ဒီအချိန်မှာ မမျှော်လင့်ဘဲ အန်တီစိန်က "မင်းအတွက်မို့သာ အန်တီစိန် ကိုယ့်မြေးတွေအတွက်တောင် ဒီလောက်ဒုက္ခခံလုပ်မပေးခဲ့ဘူး"လို့ ပြောရှာသည်။ အန်တီစိန် ဘယ်လောက်ကြိုးစားနေရတယ်ဆိုတာလည်း ကျွန်တော် ရိပ်မိသည်။ ဆရာဦးသုတကတော့ လက်မှတ်ထိုး လျှောက်လွှာတင်ပေးသည်။ အန်တီစိန်က အဓိက ဆောင်ရွက်ပေးနေရတော့သည်။

ဒီကျောင်းကိုရရင် ဘယ်လောက်ကုန်ကုန်ဆိုပြီး လိုက်နေသူတွေကြားထဲမှာ ဝမရှိဝိလုပ်တဲ့ ကျွန်တော် အောင်ပွဲခံလိုက်နိုင်သည်။

ကျောင်းပြောင်းခွင့်၊ ကျောင်းတက်ခွင့် လျှောက်ထားကြတဲ့ လျှောက်လွှာ ထောင်ကျော်ထဲ ဆယ်ဂဏန်းလောက်သာ လက်ခံလိုက်တဲ့အထဲမှာ ကျွန်တော့်ကလေးတွေ အမည်ပါလာသည်။

အန်တီစိန်ကျေးဇူးကို တစ်သက်မမေ့၊ ဆရာမကြီးကိုလည်း မမေ့၊ ဆရာဦးသုတကိုလည်း မမေ့၊ မေ့စရာအကြောင်းမှ မရှိတာကိုး။ •

အမေ့သားထိုက်ဓာပေ

မကြာခင် သမီးကြီး ဆယ်တန်းစာမေးပွဲ ဖြေရတော့မှာမို့ ကြိုတင်ပီတိအမော မောခဲ့ရတာလည်း မနည်းလှ။ သမီးကြီး တစ်ယောက် ဆယ်တန်းစာမေးပွဲဖြေတဲ့ ၄-၃-၉၆ နေ့ကဆို ဖခင်တစ်ယောက်အနေနဲ့ ကျောင်းပေါက်ဝအထိ လိုက်ပို့၊ နံနက် ၈း၃၀ နာရီလောက် ကျောင်းဝင်းအတွင်း ဝင်ခွင့်ပြုလို့ သမီးကြီး ကျောင်းဝင်းထဲကို ဝင်သွားပေမယ့် ကျွန်တော်က သမီးကြီးရဲ့ ကျောပြင်ကို မျက်စိတစ်ဆုံး ကြည့်ပြီး မမြင်ရတော့မှ ရွှေတိဂုံ စေတီတော်ရင်ပြင်ပေါ် သို့ အရောက်သွား နံနက် (၉း၀၀)နာရီ တိတိ သမီးစာမေးပွဲစဖြေမယ့် အချိန်မှာ ဘုရားမှာ ငါးပါး သီလယူ၊ သမီးကြီးမွေးနေ့ ဗုဒ္ဓဟူးဂြိုဟ်တိုင်မှာ ရေသပ္ပါယ်၊ တတ်နိုင်သမျှ အလှူငွေထည့်၊ စာမေးပွဲဖြေတဲ့နေ့တိုင်း စိတ်မော လူမောရှိလှပေမယ့် သားသမီးဇောကြောင့် မောရမှန်းတောင် မသိအောင်ပင်။

စာမေးပွဲနောက်ဆုံးနေ့၊ (၈-၃-၉၆)နေ့ နေ့လယ် (၁၂း၀၀)နာရီတိတိမှာ ကြားလိုက်ရတဲ့ စာမေးပွဲပြီးဆုံးကြောင်း ခေါင်းလောင်းသံကလည်း ကျွန်တော့်နှလုံးသည်းပွတ်ကို ပီတိခေါင်းလောင်းသံအဖြစ် ရိုက်ခတ်ခဲ့ပြန်ပြီကော။ ကျောင်းသူ ကျောင်းသားတွေ တိုးဝှေ့ထွက်လာတဲ့အထဲက ကိုယ့်သမီးကို တွေ့လိုဇောနဲ့ မျက်စိတောင်းမျောက် ရှာပေမယ့်၊ အဖြူအစိမ်း ရောင်တူတွေမို့ ချက်ချင်းရှာမတွေ့၊ သမီးဖြစ်သူက ကျွန်တော် လက်ကို ကိုင်လိုက်မှ ရင်ထဲပို၍ အေးမြသွားရသည်။

အမေ့သားထိုက်ဇာနေ

ယေင်ယေင်က ပုခက်ထဲအိပ်နေရင် ငိုပေ်မရတဲ့ သမီးလေးကို ကျွန်တော့်အမေ သမီးဘွားဘွားက. .

"ဟဲ့. . . ကလေးကို နို့ကြည့်ကြပါဦး"လို့ မကြာခဏ သတိပေးရတဲ့ကလေး။ အဲဒီလောက်အေးတဲ့ကလေး၊ ယနေ့အထိ သူငယ်ချင်းများများစားစားမရှိ။ မောင်နှမချင်းပင် စကားဖောင်ဖွဲ့မပြော။ ဤမျှလောက်အေးတဲ့ ကျွန်တော့်သမီးက အမှတ်မထင် "အဖေကြီး၊ ကြည်နူးဝမ်းသာပီတိဖြစ်ရမှာပါ"လို့ ပြောလိုက်တဲ့ စကားဟာ အမှတ်ကောင်းကောင်းနဲ့ အောင်မှာပါလို့ ပြောလိုက်မှန်း ကျွန်တော်သိလိုက်ပါသည်။ သို့သော် သမီးကြိုးကြိုးစားနေတာ ကျွန်တော် မြင်တွေ့နေတာပဲ အောင်စာရင်းထွက်လို့ ရိုးရိုးအောင်လည်း ကျွန်တော်ကျေနပ် ရမှာပေါ့။ ကျွန်တော့်သမီးရဲ့ "အဖေကြီး ဝမ်းသာပီတိ ဖြစ်ရမှာပါ"ဆိုတဲ့ စကားဟာ ကျွန်တော့်ရင်ထဲ ဆယ်နှစ် ဆယ်မိုး အပင်ပန်းခံထားရတဲ့ ပင်ပန်းမှုတွေ တဒင်္ဂအတွင်း ပျောက်ကွယ်ပြီး ကြည်နူးဝမ်းသာ ပီတိဖြစ်ရပါပြီကော။

ကျွန်တော့်ချစ်သမီး၏ ရမှတ်များမှာ မြန်မာစာ (၇၂)မှတ်၊ အင်္ဂလိပ်စာ (၆၇)မှတ်၊ သင်္ချာ (၉၃)မှတ်၊ သိပ္ပံတွဲ (၇၂)မှတ်၊ လူမှုရေး (၆၆)မှတ်ဖြင့် အောင်မြင်ခဲ့ပါသည်။

သမီးရဲ့ရမှတ်များအတွက် ကျွန်တော် ပီတိဖြစ်ရပါသည်။ အခုလို ပီတိဖြစ်ရသည်မှာလည်း ကြိုးစားမှု ဖန်တီးရှင် သမီးကြောင့်ဟု ဆိုလျှင် လုံးဝမှားမည်မထင်။

ဝ ဝ ဝ

အမေ့သားထိုက်ဇာပေ

ကျွန်တော်ကတော့ ကိုယ့်ကိုယ်ကိုယ် သတိမမူမိတာ အမှန် ဖြစ်ပါသည်။ မိတ်ဆွေများက အမှတ်မထင် ပြောလာကြသည်။

"ကိုစိုးရှိန်. . ကျန်းမာရေးကောင်းရဲ့လား၊ နည်းနည်းကျသွားတယ်"

"ဟဲ့ စိုးရှိန်. . နင် ဒီနှစ်ထဲ ဘယ်လိုဖြစ်သွားတာလဲ၊ လူက ခြောက်သွေ့နေသလိုပဲ"

စသည် ပြောသံများ နေ့စဉ်လိုလို ကြားနေရသည်။ ကျွန်တော်ကတော့ ပုံမှန်ဟု ထင်နေမိပါသည်။ ပြောစရာတော့ ရှိပါသည်။ မနှစ် (၁၉၉၉ ခုနှစ်)က ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့် ကမ္ဘာ့ဘောလုံးပွဲသည် ဘယ်အသင်းတွေရှုံးပြီး၊ ဘယ်အသင်းတွေ နိုင်သွားသည်ကို ကျွန်တော် ယနေ့အထိ ဂရုမပြုမိပါ။ မည်သူ့ကန်ချက် ဘယ်လောက်ပြင်းသည်လည်း ကျွန်တော်မသိပါ။ သို့သော် နိုင်ငံပေါင်းစုံ ဘောလုံးသမားများ၏ ကန်ချက်များကတော့ ကျွန်တော်ရဲ့ စိတ်ကိုရော၊ ရုပ်ကိုပါ အကန်ခံခဲ့ရပါသည်။ ထိုကန်ချက်များကြောင့် ကျွန်တော် အခုလို ပိန်သွားခြင်း၊ ကျသွားခြင်း ဖြစ်နိုင်ပါသည်။

ကျွန်တော်က ကျွန်တော့်သားသမီးတွေကို ကျွန်တော့်လို ဆယ်တန်းမအောင်၊ ဘွဲ့မရတဲ့လူမျိုး မဖြစ်စေချင်သဖြင့် သူငယ်တန်းမှ ဆယ်တန်းအထိ အပင်ပန်းခံကျောင်းပို့/ ကျောင်းကြိုခဲ့သည်မှာ ၁၅ နှစ်ပင်ကျော်ခဲ့ပြီ။ သို့သော် မနှစ်က တီဗီမှ

လွှင့်တဲ့ ကမ္ဘာ့ဘောလုံးပွဲက ကျွန်တော့်ရည်မှန်းချက်များကို ဖျက်ဆီးခဲ့သည်။ ညအခ်ိန်မတော်မှ တိုက်ရိုက်ထုတ်လွှင့်ပြသတဲ့ ကမ္ဘာ့ဘောလုံးပွဲကို ကျွန်တော့် သားအလတ်ကောင်က ပြသမျှ ရက် တစ်ရက်မှမလွတ် အားပေးသည်။ အိပ်ချိန်မှာ မအိပ်၊ မအိပ်ရမယ့်အချိန်မှာ အိပ်တော့သည်။ ကမ္ဘာ့ဘောလုံးပွဲ ကစားသမားများ၏ ကန်ချက်များကို ကျွန်တော့်သား အလတ်ကောင်က ပြန်ပြောပြသည်။

"ပြင်းလိုက်သည့် ကန်ချက်များပါတကား"

၁၉၉၉ ခုနှစ်၊ ဆယ်တန်းအောင်စာရင်းထွက်တော့ ကမ္ဘာ့ဘောလုံးပွဲကန်ချက်က အမှန်ပင်ပြင်းထန်ကြောင်း အဖြေက ပေါ်လာသည်။ ကျွန်တော့်သား အလတ်ကောင် စာမေးပွဲကျတော့သည်။

o o o

အမှန်တော့ ကျွန်တော်ဟန်ဆောင်နေခြင်း ဖြစ်ပါသည်။ စီးပွားရေးလည်းကျနေပြီ။ ကျန်းမာရေးကလည်း စိတ်ထောင်းကိုယ်ကြေ ဖြစ်နေပြီ၊ မနှစ်က အလတ်ကောင် စာမေးပွဲကျသည်ကို ဘာမျှပြန်လုပ်၍ မရတော့။ ယခုနှစ် ၂၀၀၀ ပြည့်နှစ်မှာ အငယ်ကောင်ပါ ဆယ်တန်းရောက်လာပြီ၊ မိမိအပူရုပ်ကို အအေးအုပ်ပြီး ဟန်နဲ့နေသည်။ သား နှစ်ယောက်ကို မူလတန်းအဆင့် သဘောထားပြီး နံနက်မိုးသောက်မှ ညအိပ်ချိန်အထိ စနစ်တကျ ပို့ကြိုကြီးကြပ်သဖြင့် သူတို့လေးတွေက

ငယ်သူတွေဆိုတော့ သိပ်မသိသာလှ၊ ကိုယ့်မှာက အသက်က ၅၀ ကျော် တိုင်းပြည်တာဝန်နဲ့ စားဝတ်နေရေးအတွက် နေ့/ညအအိပ်ပျက် အစားပျက် အလုပ်လုပ်နေရတော့ အလွန်ကျသွားသည်။ ပိန်သွားသည်။ မိသားစုကို ဖွင့်မပြောမိပေမယ့် ဖြုန်းခနဲ ကွယ်လွန်သွားခဲ့လျှင် ကလေးတွေ ဆယ်တန်းမအောင်ဘဲ ကျန်ခဲ့မည်ကို တွေးပူနေမိသည်။ တရားသဘောအရ အယူများ အတွေးများကို ယူမိတွေးမိနေမှန်း သိသော်လည်း ပုထုဇဉ်မို့ ဖြေမရခဲ့ပေ။

အမှန်ကို ဝန်ခံရလျှင်၊ ကျွန်တော့်ကိုယ်ကို စိတ်မချဖြစ်လာသည်။ ပေးရန်ရှိသည်များကိုပင် ပေးရန် အစီအမံများ၊ ကတိကဝတ်များကို မည်သို့ဆောင်ရွက်သင့်ကြောင်း စာရေးပြီး ကျွန်တော့်ကိုယ်ပိုင် သေတ္တာတွင် ထည့်ထားသည်။

သားနှစ်ယောက် စာမေးပွဲဖြေကြပြီ၊ ကျွန်တော်တို့နေတာက ဒဂုံတောင်မှာဖြစ်သော်လည်း ကလေးတွေရဲ့ နာမည်အက္ခရာအလိုက် ခုံအမှတ်သတ်မှတ်ထားသဖြင့် အငယ်က အထက (၂) ဗဟန်းမှာရွတ်၊ အလတ်ကောင်က ဒဂုံတောင်မှာ ဖြစ်သည်။ တစ်ယောက် တစ်ကျောင်းဖြစ်ကုန်သည်။ အလတ်ကောင်က တစ်နှစ်အတွေ့အကြုံရှိသူမို့ သူ့ကို ဒုတိယဦးစားပေးထားပြီး အငယ်ကို ပထမဦးစားပေး စာမေးပွဲကျောင်းကြို/ပို့သည်။ အငယ်ကလေးအတွက် လုံးဝစိတ်မပူပါ။

အငြေမသားထိုက်စာပေ

ပုံမှန်ကြိုးစားသူမို့ အနည်းဆုံး ရိုးရိုးနဲ့အောင်မည်ဟု ယုံကြည်သည်။ သို့သော် သူက ကြောက်စိတ်ရှိတတ်လို့ သူ့ကို ပိုဂရုစိုက်ထားရသည်။ ဖြစ်ချင်တော့ သိပ်ပွဲတွဲဖြေတဲ့နေ့ ကျောင်းဝင်းတံခါးကြီးလည်းဖွင့်ရော ချုန်းပွဲချင်ထွက်လာတဲ့ သားငယ်ကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ခံစားလိုက်ရသည်။

သို့သော် ကိုယ့်ကိုယ်ကိုယ် ဟန်မပျက်အောင် သတိထားပြီး သူ့ကို အားပေးရသည်။ စိတ်ချထားတဲ့ဂုလေးက ငိုထွက်လာတော့ အလတ်ကောင်အတွက် လှမ်းတွေးပြီး စိတ်ပူရပြန်သည်။ သောကများက မအေးနိုင်ဖြစ်ရသည်။ အငယ်လေးကို ဆက်ဖြေဖို့ ချော့ရသည်။ အလတ်ကို တီးခေါက်ကြည့်တော့ ဖြေနိုင်သည်ဟု ပြောသည်။ ဘာပဲဖြစ်ဖြစ် စာမေးပွဲဆိုတာ ဖြေရမည်။ ဖြေဖြစ်အောင် ကျွန်တော် စီမံရသည်။

ဝ ဝ ဝ

ကျွန်တော့်အမှုအရာများသည် စာမေးပွဲအောင်စာရင်း မထွက်မချင်း၊ မအေးချမ်းသဖြင့် လူက ကျသွားခြင်းဖြစ်ပေလိမ့်မည်။ ပိန်သွားခြင်းဖြစ်ပေလိမ့်မည်။

၂၀၀၀ ပြည့်နှစ် ဇူလိုင်လ (၃၀)ရက်အကြို (၂၉)ရက်နေ့ တစ်ညလုံး ကျွန်တော် အိပ်မပျော်နိုင်ခဲ့ပါ။ အရုဏ်မတက်မီကပင် တစ်နိုင်ငံလုံးအတွက် အောင်စာရင်းများ ကပ်ထားရာ အထက (၃) ဒဂုံတောင်သို့ ကျွန်တော် ရောက်သွားမိသည်။ ကလေးများကို ကျွန်တော် မနှိုးခဲ့ပါ။

**အမေ့သားထိုက်စာပေ**

အောင်စာရင်းကို ကျွန်တော်ကိုယ်တိုင် မြင်ချင်သည်။ ကလေးတွေ ခြေချော်လက်ချော် စာမေးပွဲကျခဲ့သည်ရှိသော် သူတို့ ဆောက်တည်ရာမရ ဖြစ်သွားမှာကိုလည်း စိုးရိမ်၍ ဖြစ်ပါသည်။ အလတ်ကောင်အတွက် ဦးစားပေးကြည့်ရပြီ၊ အဘယ်ကြောင့်ဆိုသော် သူက တစ်နှစ်ကျထားလို့ စိုးရိမ်မိသည်။ အငယ်လေးကလည်း ငိုထွက်လာခဲ့သူဆိုတော့ သူ့အတွက်လည်း ရတက်မအေးရ။

ဆဒဂ-၃၉၇၅ မောင်မောင်ဝင့်ဝါလို့ မြင်လိုက်ရသဖြင့် ရင်ထဲ ဝမ်းသာမိသည်မှာ စာဖွဲ့ပင် မပြနိုင်ပါ။ အငယ်လေး အမည် ရှာရပြန်သည်။ စိုးတထိတ်ထိတ် ဖြစ်ပါသည်။

ခုံအမှတ်စီပြီး ကြည့်မိသည်။ ကြော်ငြာသင်ပုန်းတစ်ခု၏ အဆုံးစာရွက်တစ်ရွက်၏ အဆုံးတွင် အမှန်ရှိရမည့် ခုံအမှတ်မှာ ဆကရ-၂၁၃၃ ဖြစ်သော်လည်း ပျောက်နေသဖြင့် စိုးထိတ်သွားသည်။ မိမိကိုယ်မိမိ သတိပြန်ထားပြီး စာရွက်အဆက် ရှိ/မရှိ ဆက်ကြည့်လိုက်သည်။ စာရွက်အဆုံးတွင် ဆကရ-၂၁၃၃ မပါသဖြင့် နောက်ကြော်ငြာသင်ပုန်းကို ကူးကြည့်ရသည်။ ပထမဆုံးစာရွက်၊ ပထမဆုံး ခုံအမှတ်အမည်မှာ ဆကရ-၂၁၃၃ မောင်မောင်နန်းနွယ်ဟု တွေ့လိုက်ရသည်။ ကျွန်တော် အဘယ်မျှ ဝမ်းသာပြီးပျော်နေမိသည်ကို မျှဝေခံစားကြည့်ပါ ကုန်။

ဤပျော်ရွှင်ပီတိဖြစ်မှုကို ဖန်တီးပေးသည့် ဖန်တီးရှင်မှာ သားမောင်နှစ်ယောက်ပင် ဖြစ်ချေတော့သည်။ မိဘတိုင်းအ

ဘွတ် ပီတီရှင်သည် လူငယ်များဖြစ်သည်။ သားသမီးများ ဖြစ်သည့် လူငယ်တိုင်းသည် မိဘတိုင်း ပီတိဖြစ်စေမည့် ဖန်တီး ရှင်များသာ ဖြစ်ပေသည်။

○ ○ ○

အမေ့သားဆိုက်ဓာပေ

"ဟဲ့. . စန်းကြည်၊ နင်ဟာလေ ဟန်ကို မဆောင်နိုင်ဘူး၊ ဘာလဲ. . နင့်သားပျောက်လို့ လိုက်ရှာနေတာလား"ဟု မေးလိုက်မှ ပြုံးစစဖြင့်-

"ကျွန်မမှာ ဒီသားလေးတစ်ယောက်ပဲရှိတာ၊ ခုထမင်းစားချိန် ပြန်မလာလို့. . လိုက်ရှာနေတာ နှံ့နေပြီ"

"နင်လိုက်ရှာနေတာ ဘေးလူတွေက မြင်ပါတယ်၊ နင်က သည်းကိုသည်းတယ်၊ နင့်သားက စည်းမရှိကမ်းမရှိ ကလေးမှ မဟုတ်ဘဲ။ လိမ္မာတဲ့ကလေးပါ။ နင်အဲသလို စိတ်ပူတာများနေရင် သောကများမှာပေါ့။ ကဲ. . ကဲ နင့်သားကို နင်တွေ့ရမှ စိတ်အေးမှာမဟုတ်လား"

"ဒါပေါ့ ဦးသိန်းအောင် ဥက္ကဋ္ဌကြီးရဲ့"ဟု ရပ်ကွက်ဥက္ကဋ္ဌကြီးကို စန်းစန်းကြည်က ပြန်ပြောလိုက်သည်။

"မိစန်းကြည်. . နင့်သားသွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် အပတ်စဉ် သန့်ရှင်းရေးပွဲမှာ ပါသွားတယ်။ ဈေးထဲက ရေနုတ်မြောင်းတွေကို ဆင်းဆယ် နေလေရဲ့။ နင်လိုက်ကြည့်မလား၊ နင့်သားပေတူးနေတာကို နင်တွေ့ရင် မှတ်မိမှာတောင် မဟုတ်ဘူး"ဟု ပြောသည်နှင့် စန်းစန်းကြည်တစ်ယောက် ဈေးဘက်သို့ အပြေးအလွှား သွားကြည့်ဖြစ်တော့သည်။ ရွှံ့တွေဗွက်တွေ ပေကျံနေတဲ့ လူငယ်တစ်ယောက်က-

"မေမေရေ. . သားဒီမှာ၊ မေမေ စိတ်ပူလို့လိုက်လာတာ ထင်တယ်. . ပြီးခါနီးပါပြီ မေမေရဲ့၊ ပြီးတာနဲ့ သားပြန်လာ

ခဲ့မယ်၊ ဖေဖေ့အတွက် ရည်စူးလှူထားတဲ့ အုတ်ကန်မှာ ရေချိုးမယ်၊ ပြီးမှ ထမင်းစားမယ်၊ မေမေပြန်နှင့် နော်” စန်းစန်းကြည် တစ်ယောက် အမောပြေသွားသည် ထင်ပါရဲ့၊ သူ့အပြုံးက တုန့်ိုင်းမဓီသည့်အပြုံး ဘယ်ပန်းချီ ရေးလို့မမီသည့် အပြုံး။

○ ○ ○

မင်းမင်းနဲ့ ဟိန်းကိုကိုအောင် သွားအတူ လာအတူ ကောင်းမှုကုသိုလ်လုပ်ဖက် အတူတူဖြစ်သည်။ ယနေ့ည စန်းစန်းကြည်ရော မိသားစုများ၊ မိတ်ဆွေများပါ စိတ်ပန်းလူပန်းဖြစ်နေကြသည်။ နံနက်မိုးသောက်လျှင် ကန်သာကျောင်းသစ်တွင် ၁၁ ကြိမ်မြောက် မိသားစုဘုံကထိန် ခင်းရန်ရှိသဖြင့် ပြင်ဆင်နေကြရခြင်းဖြစ်သည်။ ဟိန်းကိုကိုအောင်နှင့် မင်းမင်းက ပဒေသာပင်များကို လှသထက်လှအောင် ပြင်နေသည်မှာ မစားနိုင်၊ မအိပ်နိုင် ဖြစ်သည်။ အနည်းငယ်အိပ်လိုက်မှ နောက်နေ့အင်အားရှိမှာကို စန်းစန်းကြည် တွက်မိလို့လည်း-

“သားနဲ့ မင်းမင်း . . နည်းနည်းလောက် အိပ်လိုက်ပါလား၊ မနက်ကျတော့ အားရှိသွားအောင်ပေါ့၊ မင်းတို့ အိပ်ရေးသိပ်ပျက်ရင် မကောင်းဘူး”

“ဟာ . . မေမေကလည်း သားတို့နေနိုင်ပါတယ်၊ ကုသိုလ်ဆိုတာ မသေခင်ရှာရတာ မေမေရဲ့၊ သားတို့ မအိပ်သေးဘူး၊ မေမေနော်”

"ဘုတ်တယ် အန်တီရဲ့ ဒီပဒေသာပင်တွေကို လှအောင် ပြန်ပြင်နေရတာ သားတို့ ကြည်နူးဝမ်းသာနေမိတယ်" သားလည်းပြောမရ၊ မင်းမင်းကလည်း ပြောမရလို့ စန်းစန်းကြည် ပါ မအိပ်တော့ဘဲ ဝိုင်းကူဖြစ်တော့သည်။

စန်းစန်းကြည်တစ်ယောက် ယခုရက်ပိုင်းအတွက် ဟိန်းကိုကိုအောင်ကို ပိုပြီးဂရုတစိုက်ဖြစ်နေသလို ရှိသည်။ သမားရိုးကျအချစ်ကြီးတာအပြင်၊ အခုတလော စန်းစန်းကြည် အမူအရာတွေက ဟိန်းကိုကိုအောင်အပေါ် ဂရုပြုလွန်းသည်ဟု ထင်သည်။

မှတ်မှတ်ရရ ၁၈-၁၁-၉၆ နေ့ပါပဲ။ **မိသားစု ကထိန် ၁၁ ကြိမ်မြောက် ကျင်းပတဲ့နေ့က အလှူရှင်တွေမှာ မျက်တွင်း ဟောက်ပက်၊ ကန်သာကျောင်းသစ်ဆရာတော်က-**

"စန်းစန်းကြည် နင်တို့လည်း လှူရေးတန်းရေးနဲ့ အိပ်ပျက်လှထင်ပ၊ မျက်တွင်းတွေကို ဟောက်ပက်ဖြစ်နေပါ ပေါ့ လား"

"မှန်ပါ ဘုန်းဘုန်းဘုရား. .၊ တပည့်တော်ရဲ့သား မောင်ဟိန်းကိုကိုအောင်နဲ့ မောင်မင်းမင်းတို့နှစ်ယောက် ပဒေသာပင်တွေလှအောင် ညလုံးပေါက်ပြင်ဆင်နေတာကို တပည့်တော်ပါ ဝိုင်းကူမိရာက တစ်ရေးမှ မအိပ်ရသေးလို့ပါ ဘုရား၊ လှူရေးတန်းရေးမို့ မအိပ်ချင်တာလည်း ပါပါတယ် ဘုရား"

**အမေ့သားထိုက်စာပေ**

"ကျွန်းမာရေးကိုလည်း မထိခိုက်ကြစေနဲ့ဦး၊ စန်းစန်းကြည် သားတစ်ယောက်တည်း မွေးတယ်ဆိုပေမယ့် သားနှစ်ယောက် ရနေသလိုပါပဲလား၊ ဟိန်းကိုကိုအောင်နဲ့ မင်းမင်းကတကယ့်ကို ညီအစ်ကိုလိုပဲ တစ်တွဲတွဲတွေ့ရတယ်၊ လှူရေးတန်းရေး၊ ရပ်ရေးရွာရေးတွေမှာ သူတို့မပါတာ မရှိဘူး။ ကူညီဆောင်ရွက်နေတာ ဘုန်းကြီး တွေ့တွေ့နေရတယ်။ ခုမတွေ့မိပါလား ဒကာမကြီးရဲ့"

"ဘယ်တွေ့မှလဲ ဘုရား၊ အရှင်ဘုရားကျောင်း ဧည့်ခံဆောင်မှာ ဧည့်သည်တွေကို ကျွေးမွေးနေတဲ့ဆီတောင် သူတို့နှစ်ယောက် မလာဘူး"

"ဘယ်သွားနေကြလို့လဲကွဲ့"

"ရေကန်မှာ စားပြီးပန်းကန်တွေကို နှစ်ယောက်သားပယ်ပယ်နယ်နယ် ဆေးကြောနေလေရဲ့ ဘုရား၊ သူတို့မှာ ရေစိုနေတဲ့အတူတူ အဲဒီဘက်က ကုသိုလ်ပဲ အပြည့်ယူတော့မယ်တဲ့ ဘုရား"

"သာဓု . . သာဓု . . သာဓု"

အကြောင်းက တိုက်ဆိုင်ချင်တော့ ၂၂-၁၂-၉၆ နေ့မှာ ကန်သာကျောင်းသစ်မှာ ဆရာတော်တစ်ပါးကို သိက္ခာထပ်ပေးချင်လို့ မိသားစုတွေ ကုသိုလ်ထပ်ရလိုက်ပြန်ပါတယ်။ ဒီမှာလည်း ရွှေမင်းသား နှစ်ယောက်က သူတို့ပဲ ကုသိုလ်တွေ တစ်လှေကြီး ယူချင်တယ်ဆိုပြီး မအိပ်မနေ လုပ်ကြလေရဲ့။

အဓမ္မဘုန်းထိုက်စာပေ

၁၃၅၈ ခုနှစ် နတ်တော်လဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့
၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၅)ရက်
ခရစ္စမတ်နေ့

မီးဖိုချောင်ထဲတွင် ထမင်းဟင်း ချက်ပြုတ်နေသော စန်းစန်းကြည်အနားသို့ မောင်ဟိန်းကိုကိုအောင်နှင့် မင်းမင်း ရောက်လာပြီး ဟိန်းကိုကိုအောင်က-

"မေမေ . . သားတို့ကို ဆုပေးဖို့ရှိတယ်နော်၊ သား ဒီနေ့ ပြောမယ်"

"ဘာများလဲသားရယ်"

"သားလို့ လူထုဟောပြောနည်း လေ့ကျင့်တန်းကလေ မေမေ့ဆီက ခွင့်တောင်းမယ်ဆိုတဲ့ကိစ္စ"

"ဪ . . ဘာများလဲလို့၊ ပြော . . သား၊ မေမေ လိုက်လျောနိုင်တာအားလုံး လိုက်လျောခွင့်ပြုရမှာပေါ့"

"သားနိဗ္ဗာန်ကို သွားချင်လို့"

"နိဗ္ဗာန်သွားချင်ရင်တော့ ကားစီးသွားလေ၊ မေမေတို့ကတော့ သားတို့အတွက် တစ်နေကုန်ကျူရှင်လိုက်ပြနေရ တော့ လိုက်မပို့နိုင်ဘူး"

မစန်းစန်းကြည်က ကြည့်မြင်တိုင်၊ စမ်းချောင်းဘက်တွင် ရှိသော နိဗ္ဗာန်လမ်းကိုထင်၍ အမှတ်မထင် ပြောလိုက်မိသည်။

အမေ့သားထိုက်ဇာပေ

"ဟာ. . မေမေကလည်း၊ အဲဒီနိဗ္ဗာန်ပြောတာ မဟုတ်ဘူး၊ ဘုရားရှိတဲ့ နိဗ္ဗာန်ကို သွားချင်တာ"

"အဲဒါဆိုရင်တော့. . ကုသိုလ်ကောင်းမှုတွေ များများလုပ်သား၊ ဘာသာရေးအလေ့အကျင့်တွေ လိုက်စားရတယ်၊ ဘာသာရေးနားလည်တဲ့ ပုဂ္ဂိုလ်တွေရဲ့ လမ်းညွှန်မှုကို နာခံရမယ်၊ သား ကတ်သီးကတ်သပ် ပူဆာတာပဲ. . ကြဲကြဲဖန်ဖန် ပူဆာတာပါလား"

"မေမေ ကျိုက်ထီးရိုးသွားရင်ရော မဖြစ်နိုင်ဘူးလား"

"ကုသိုလ်လုပ်တာပဲ. . ၊ ရွှေတိဂုံဘုရားကြီးမှာပဲ ဖြစ်ဖြစ်၊ မေမေတို့နဲ့နီးတဲ့ ကြေးသွန်းဘုရားကြီးမှာဖြစ်ဖြစ်၊ လေ့လာကျင့်ကြံလို့ ရပါတယ်ကွယ်"

"သားတို့က ခဲရာခဲဆစ် သွားဖူးချင်တာ၊ ခွင့်ပြုပါနော် မေမေ"

"ဘယ်သူနဲ့သွားမှာလဲ"

"မင်းမင်းနဲ့ပေါ့"

"မင်းမင်းနဲ့ဆို စိတ်ချပါတယ်. . ၊ ဒါပေမယ့် လူကြီးတစ်ယောက် အဖော်ရှာ၊ မေမေအဲဒီလူကြီးအတွက် ကုန်ကျစရိတ်ခံမယ်၊ သားတို့ ဘယ်နေ့သွားကြမှာလဲ"

"၃၀-၁၂-၉၆ တနင်္လာနေ့မေမေ၊ ဒီရက်ထဲမှာ တရုတ်ပြည်က ကြွလာတဲ့ ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံတဲ့ မဟာပါသာဏလိုဏ်ဂူတော်ကြီးမှာ သားတို့ ရန်ကုန်တိုင်း အတွင်း

အမေ့သားထိုက်စာပေ

မှာရှိတဲ့ ပြည်တောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသူ၊ အသင်းသားတွေက မြို့နယ်အလိုက် ပြည်သူတွေ ကြည်ကြည် နူးနူးဖူးနိုင်အောင် ဓမ္မဒါနလုပ်အား လှူကြရမယ်၊ သားတို့ ဗဟန်း မြို့နယ်က ဒီရက်ထဲမှာ တာဝန်ကျနိုင်လို့ ကျိုက်ထီးရိုးကို လကုန် ပိုင်းလောက်မှာ သွားဖို့ ဆုံးဖြတ်ထားကြတာပါ မေမေ"

"ကောင်းတယ်သား. . သားကုသိုလ်တွေ အများကြီး ရပါစေ"

"မေမေ"

"ဟေ"

"စွယ်တော်ဖူးရင်ကော နိဗ္ဗာန်ရောက်နိုင်လား မေမေ"

"ဒီကလေး. . ဒီနေ့ နိဗ္ဗာန်အကြောင်းတွေချည်း ပြောလှချည်လား၊ စွယ်တော်ဖူးလည်း ကုသိုလ်ရတယ်၊ အကျင့် ကောင်းကျင့်လည်း ကုသိုလ်ရတယ်၊ ဓမ္မဒါနလုပ်အား လှူလည်း ကုသိုလ်ရတယ်၊ စိတ်ထားမွန်မြတ်ရင်လည်း ကုသိုလ်ရတယ်၊ အကုသိုလ်မလုပ်ဘဲ ကုသိုလ်အလုပ်လုပ်ရင် နိဗ္ဗာန်ရောက်နိုင် တာပေါ့ သားရဲ့"

"အန်တီ. . ကိုနီးကိုကိုအောင်နဲ့ သားနဲ့က ညီအစ်ကို လို့ ချစ်တော့၊ နိဗ္ဗာန်သွားလည်း အတူတူသွားရမှာပေါ့နော်" ဟု မင်းမင်းက ဆိုလာပြန်သည်။

"လာမြန်ပြီးတစ်ယောက်၊ ကပါတော် အန်တီတို့ မိဘ တွေက သားသမီးတွေအတွက် ပညာတတ်ဖို့ တင့်တောင်းတင့်

တယ် နေနိုင်ဖို့ ရှာလိုက်ဖွေလိုက်ရဘာ၊ နိဗ္ဗာန်ကို မမှန်းရဲဘူး၊ ကိုယ့်သားတွေကမှ တကယ့်ရည်မှန်းချက်ကြီးတွေနဲ့ပါလား သာဓုကွယ်. . သာဓု. . သာဓု"

၀ ၀ ၀

မှောင်ရီသမ်းသောအချိန် ညီအစ်ကိုမသိတသိအချိန်မို့ အချို့ လုပ်ငန်းခွင်မှ အိမ်ပြန်သည့်အချိန်၊ ကိုယ့်အိမ်တွင်း အနားယူနေချိန် အမှောင်သည်စိတ်ကို ထိုင်းမှိုင်းစေပါသည်။

ည ခုနစ်နာရီလောက် အမှောင်ထုအောက်တွင် တည်ရှိနေသော စန်းစန်းကြည်တို့အိမ်သည်လည်း တိတ်ဆိတ် ငြိမ်သက်နေစဉ်။

"မေမေရေ. . မေမေ"ဟု အလန့်တကြား အော်ဝင်လာသော သမီးကြီး သဲမမအောင်အသံကြောင့် စန်းစန်းကြည့် အမှတ်တမဲ့ လန့်သွားရသည်။

"သမီးကြီး. . ဘာဖြစ်လို့လဲ၊ မေမေဖြင့် လန့်သွားမိတယ်"

"မောင်လေး စွယ်တော်လိုက်သွားမလို့တဲ့ မေမေ. .၊ မြို့နယ် ကြံ့ခိုင်ရေးအသင်းရုံးက လူကြီးတွေက လာခေါ်နေကြတယ်"

စန်းစန်းကြည် တစ်ယောက် ဘာမျှမပြောမိခင် ဟိန်းကိုကိုအောင် ရောက်လာသည်။

အဌမ္မသားဆိုက်စာပေ

"မေမေ. . သားတို့မြို့နယ်က ဒီည ဗုဒ္ဓမြတ်စွယ်တော်ကို လာဖူးကြတဲ့ ဘုရားဖူးတွေအတွက် အေးအေးဆေးဆေး သက်တောင့်သက်သာဖူးခွင့်ရအောင် ဓမ္မဒါနလုပ်အား လှူကြရမယ်၊ မင်းမင်းရယ်၊ မင်းမင်းအစ်ကို ကိုသန်းဇော်ဦးလည်း ပါမယ် မေမေ"

"သွားမယ်ဆိုလည်း အနွေးထည်ယူသွား၊ လိုဏ်ဂူထဲက အေးတယ်သား၊ ရေချမုန့်ဖိုး ကိုးဆယ်ကျပ်ယူသွားနော် သား"

"သားကုန်အောင် မသုံးပါဘူးမေမေ၊ မေမေ့အတွက် ပြန်ချန်ခဲ့မယ်"

"သားသူငယ်ချင်းတွေနဲ့ စားပါ"

"မမရေ ည ၁၂ နာရီထိ မအိပ်နဲ့နော်။ မောင်လေးတို့ ပြန်လာခဲ့မယ်၊ ပြန်လာမှ စာကျက်ကြမယ်"

"အေးပါ. . မောင်လေး ဓာတုဗေဒကျက်ပြီးပေမယ့် ရူပဗေဒကျန်သေးတယ်နော်။ မနက်မှပဲ ဆက်ကျက်ကြတာပေါ့" ဟု သဲမမအောင်က မှာလိုက်သေးသည်။ သဲမမအောင်က ဓာတုဗေဒ တတိယနှစ်မို့ ဟိန်းကိုကိုအောင်က အစ်မထံမှပင် မသိတာမေးစနစ်ဖြင့် စာတက်စာကျက်နေခဲ့သည်မှာ နေ့စဉ် အလုပ်လို ဖြစ်နေတော့သည်။

ဟိန်းကိုကိုအောင်တို့အဖွဲ့ အိမ်မှထွက်သွားမည်အလုပ် စန်းစန်းကြည်က

"သား အဖေအေးပတ်မယ်၊ တိုက်ပုံအင်္ကျီအဖြူ ကြွပ်ကြွပ် ဖိတ်နဲ့ ထည့်သွားနော်"

**အမေ့သားထိုက်စာပေ**

- လူငယ်ဆိုတာ တက်ကြွနေတတ်သည်
- လူငယ်ဆိုတာ နိုးကြားနေတတ်သည်
- လူငယ်ဆိုတာ နိုင်ငံရာဝန်ကို ထမ်းလိုကြသည်
- စူးစမ်းချင်သည်
- ဘာမဆိုရင်ဆိုင်ရဲသည်
- ရဲစွမ်းသတ္တိရှိသည်
- အင်အားပြည့်စုံသည်။

ယခုလည်းကြည့်။ ဗုဒ္ဓမြတ်စွယ်တော် ဖူးမြော်ခံရာ ကမ္ဘာအေး မဟာပါသဏလိုဏ်ဂူတော်ကြီးတွင် ဓမ္မဒါန လုပ် အားပေးလှူကြရာတွင် တက်ကြွဖျတ်လတ်စွာဖြင့် လူငယ်များ ဒါနပြုနေကြသည်မှာ သာဓုခေါ် ဖွယ်ဖြစ်သည်။

ဝ ဝ ဝ

ကျွန်တော်တို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးသည် အမျိုးသားရေးအသင်းကြီး ဖြစ်သည်နှင့်အညီ တိုင်းပြည်နှင့် လူမျိုးအတွက် ရှေ့တန်းမှ မားမားမတ်မတ် ရပ်တည်ရန် အသင့်ရှိသည်။ လူမှုရေး၊ ဘာသာရေး ကူညီမည်။ တိုင်းရေးပြည်ရေး ကာကွယ် စောင့်ရှောက်မည်။

တိုင်း/ခရိုင်/မြို့နယ် အသင်းရုံးများတွင် ရုံးချိန် ပြင်ပတွင် ၂၄ နာရီ တာဝန်များချထားပြီး တိုင်းပြည်နှင့် လူမျိုး

အဋမ္မသားထိုက်ဆာပေ

အတွက် လိုအပ်လျှင် လိုအပ်သလို ပါဝင်ကူညီနိုင်ရန် တာဝန် ထမ်းဆောင်ကြသည်။

ကျွန်တော်ကိုယ်တိုင် ခရစ္စမတ်နေ့ ရုံးပိတ်ရက်တွင် ၂၄ နာရီ တာဝန်ချထားခံရသဖြင့် ဗိုလ်တထောင်မြို့နယ်၊ အမှုဆောင် ဦးလှသိန်းနှင့်တွဲဖက်ပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးတွင် တာဝန် ထမ်းဆောင်နေရသည်။

ရုံးပိတ်ရက်ဖြစ်သဖြင့် ရုံးတွင် ခြောက်သွေ့နေသည်။ တစ်နေ့တာ ကုန်ဆုံးသွားသဖြင့် ညဥ့်စိုးမိုးမှုကို ခံနေရပြီ ဖြစ်သည်။ ကျွန်တော်သည် ညစဉ်ပြုနေကျ ဝတ္တရားဖြစ်သည့် ဘုရားကန်တော့ခြင်း၊ ပုတီးစိပ်ခြင်းအား မိမိရုံးကို ဘုရားခန်းအဖြစ် အာရုံထား၍ အဓိဋ္ဌာန်ဝင်နေမိသည်။

သက်ဆိုင်ရာမှ ဆက်သွယ်သော ဖုန်းသတင်းများအား ဦးလှသိန်းအား လက်ခံထားရန် လမ်းညွှန်ထားသည်။ ကျွန်တော်၏ အဓိဋ္ဌာန်အလုပ်အား လုပ်နေကျ၊ ပြုနေကျမို့ အပျက်မခံခြင်း ဖြစ်ပါသည်။ ကျွန်တော် အဓိဋ္ဌာန်ပြီးမြောက်ချိန်တွင် ည(၈း၂၀) နာရီရှိနေပြီ ဖြစ်သည်။ ရောက်ရှိတယ်လီဖုန်း မှတ်တမ်းများအား ဖတ်ရှုပြီး သက်ဆိုင်ရာသို့ ဆက်လက်သတင်း ပို့ရန်များ ဆက်လက်ပေးပို့ ရသည်။

စိတ်ထဲ အုံနွေးနွေးဖြစ်နေသဖြင့် ဦးလှသိန်းအား

"စိတ်ထဲတစ်မျိုးကြီးဖြစ်နေတယ် ကိုလှသိန်းရာ"ဟု ပြောနေစဉ်

အမေ့သားထိုက်စာပေ

"ကလင်... ကလင်... ကလင်"

ကျွန်တော့်ရုံးဖုန်း လူခေါ်ခေါင်းလောင်းမှာ အခါခါ မပြတ် မြည်နေသဖြင့် ကျွန်တော်ကောက်ကိုင်လိုက်သည်။

"ဟုတ်ကဲ့ အမိန့်ရှိပါ... ကျွန်တော်စိုးရှိန်ပါ"

"ဆရာ ကျွန်တော်သန်းထွန်းပါ၊ ဆရာ့တပည့်ပါ၊ ဆရာ့အတွက် လိုအပ်မယ်ထင်လို့ သတင်းပေးတာပါ၊ ကမ္ဘာအေး စေတီမှခ်ဦး ခြသေ့်ကြီးနှစ်ကောင်ရဲ့ တောင်ဘက် မြောင်းရိပ် မှာ ဗုံးကွဲတယ်ဆရာ၊ ဘာမှ အထိအခိုက်မရှိဘူး"

"ကိုသန်းထွန်း... ဖြစ်စဉ်မှန်သမျှ သာမန်ဆို ဆယ်မိနစ် တစ်ကြိမ် သတင်းပို့ပေးပါ။ သတင်းထူးရင် ချက်ချင်းပို့ပါ။ ကျေးဇူးပဲ ကိုသန်းထွန်း"

"လေးစားပါတယ်။ ဆရာ"

"လေးစားပါတယ်"

ကျွန်တော် ထိုဖြစ်စဉ်နှင့်ပတ်သက်၍ တိုင်းအသင်းနှင့် တာဝန်ရှိသူများထံ သတင်းပို့ရသည်။ ကျွန်တော့်သတင်းပို့မှု အပေါ် ထိုစဉ်က ကျန်းမာရေးဝန်ကြီးက

"ကိုစိုးရှိန်... ထူးရင် ဖြစ်စဉ်သတင်း ဆက်ပို့ပါ" ဟု လမ်းညွှန်ပါသည်။

ဤဖြစ်ရပ်သည် ထူးခြားဖြစ်စဉ်ဖြစ်သည်။ မိမိခရိုင် အတွင်းရေးမှူး သိထားသင့်သည်မို့ မြို့နယ်/ ရပ်ကွက် တာဝန် ရှိသူများ၏ အကူအညီဖြင့် ခရိုင်အတွင်းရေးမှူး ခရိုင်အသင်းရုံး

အင်မှသားထိုက်ဆောင

သို့ ဆက်သွယ်နိုင်ရန် အကူအညီတောင်းထားရသည်။ မြောက်ဥက္ကလာပမြို့နယ် အမှုဆောင်များနှင့် မိမိခရိုင်အတွင်းရှိ မြို့နယ်ကိုလည်း အသင့်အနေအထား စောင့်ခိုင်းထားရသည်။

ည (၁၀း၃၅) နာရီ

"ကလင်. . ကလင်. . ကလင်"

"ဆရာ. . ကျွန်တော်သန်းထွန်းပါ ဆရာ၊ ဒုတိယအကြိမ် ပုံးတစ်လုံးထပ်ကွဲတယ်ဆရာ. . ခုကွဲတာက လိုဏ်ဂူကြီးမှာ၊ အသေအပျောက်ရှိတယ်၊ တော်တော်များများ ဒဏ်ရာရတယ်၊ ဒီနေ့ ဗဟန်းမြို့နယ်ကြံ့ခိုင်ရေးအဖွဲ့ ဓမ္မဒါနလုပ်အားလှူနေတယ်။ ဆရာတို့အသင်းထဲက ကလေးနှစ်ယောက်ကျဆုံးသွားတယ်၊ မသေချာသေးပေမယ့်. . ဟိန်းကိုကိုအောင်နဲ့ မင်းမင်းလို့ ပြောသံကြားတယ်"

"ဘာ. . ဟိန်းကိုကိုအောင်နဲ့ မင်းမင်း"

"ပြောနေကြတဲ့အသံကို ပြောတာပါဆရာ၊ တိတိကျကျ ထပ်ပြီး သတင်းပို့ပါ့မယ်၊ စုစုပေါင်း လေးယောက်ကျဆုံးသလို ကြားပါတယ်"

"အေးကွာ. . ရတဲ့သတင်း ဆက်ပို့ပါ"

ကျွန်တော် ဖုန်းချပြီး သက်ဆိုင်ရာများသို့ ဆက်လက်သတင်းပို့ဖြစ်သည်။

ကျွန်တော် လောလောဆယ် သတင်းရရှိပြီးချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ ကြံ့ခိုင်ရေးအသင်းဝင် နှစ်ဦး၊

ကြက်ခြေနီ တစ်ဦး ကျဆုံးသွားပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဗဟန်းမြို့နယ်က ဟိန်းကိုကိုအောင်နှင့် မင်းမင်း ကျဆုံးတာလည်း သေချာသွားချေပြီ။

ကျွန်တော့်ခရိုင်အတွင်းရေးမှူးလည်း ကျွန်တော့် ဆက်သွယ်မှုကြောင့် ရုံးသို့ ရောက်လာသည်။ ကျွန်တော်တို့ ရုံးတွင် ကိုလှသိန်းအား အစောင့်ထားပြီး သာကေတမြို့နယ် အသင်း အတွင်းရေးမှူး ဦးအောင်ဝင်းနှင့် အမှုဆောင်များအား ကားတစ်စီးနှင့်လာရောက်ရန် မှာယူပြီး ထိုကားနှင့်ပင် တိုင်း အသင်းရုံးသို့ သတင်းပို့ပြီး မြောက်ဥက္ကလာပဆေးရုံကြီးသို့ လိုက်သွားရာ ဆေးရုံအုပ်ကြီး ရုံးခန်းတွင် ခွဲစိတ်ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ဆရာဝန်/ဆရာမများအား ကျန်းမာရေး ဝန်ကြီးက လမ်းညွှန်နေသည်ကို တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့ ဝင်လာသည်ကို ဝန်ကြီးက မြင်လိုက်သည်နှင့်-

"ကိုစိုးရှိန် ဝင်ထိုင်"ဟု လွတ်နေသော ခုံတစ်လုံးအား ပြပြီးထိုင်စေသည်။ ဝန်ကြီးသည် စိတ်မြန်ပြီး စေတနာပါသူ ဖြစ်သည်မို့-

"ကျွန်တော် လူနာတွေအတွက် စိတ်အေးရမှ ပြန်မှာ၊ လူနာဆောင်တွေဆီ ထပ်သွားဦးမယ်" ပြောပြောဆိုဆို ပြောပြီး ချက်ချင်းထသဖြင့် ခွဲစိတ်ခန်းအဝင်ဝနှင့် ဒဏ်ရာရ လူနာဆောင် များသို့ ကျွန်တော်တို့ ရောက်သွားရတော့သည်။ လူနာအတော် များများ သန့်ရှင်းရေးလုပ်ထားပြီးဖြစ်သည်။ တချို့ သွေး

အလိမ်းလိမ်းဖြစ်နေဆဲ ဖြစ်ပါသည်။ ခုတင်တွေ၊ ခုတင်ပတ်ဝန်းကျင်တွေမှာ သွေးတွေက မြင်မကောင်း၊ မြောက်ဥက္ကလာပမြို့နယ် အမှုဆောင်များ၊ အသင်းသားများလည်း တစ်ညလုံးငုတ်တုတ်၊ သူတို့မှာလည်း သွေးချက်ချင်းလှူ လှူနာတွေအတွက် ရေသန့်ဘူးတွေ သယ်ယူ၊ သူတို့ကိုယ်တွေမှာလည်း သွေးအလိမ်းလိမ်းနှင့် အနိဋ္ဌာရုံမြင်ကွင်းများပင် ဖြစ်တော့သည်။

နံနက် (၃း၁၀)နာရီတွင်မှ လူနာများအတွက် ဝန်ကြီး စိတ်ချဟန်ရှိပါသည်။ ထိုအချိန်မှ ပြန်ကြတော့သည်။ ကျွန်တော်တို့ မိမိရုံးမိမိရောက်တော့ အရှက်ရောင်နီတက်နေချေပြီ။

ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။ မစန်းစန်းကြည်နှင့်တွေ့ရန် ဖြစ်သည်။ ကျွန်တော်နှင့် မစန်းစန်းကြည်တွေ့လျှင် ဘာတွေဖြစ်နိုင်သည်ကိုလည်း ကျွန်တော် တွက်ဆနေမိသည်။ ရင်ထဲရှိသမျှ ပြောချလိမ့်မည်။ မျက်ရည်ပေါက်ကြီးငယ် ကျကောင်းကျလိမ့်မည်။ ဆို့နင့်နေကောင်းနေမိသည်။

ဒါတင်ပဲလား၊ မကာပါ။ မစန်းစန်းကြည်ရဲ့ သမီးအကြီးမ သဲမမအောင်ကလည်း တစ်စခန်းထလောက်သည်၊ ထနိုင်သည်။ သဲမမအောင်ကလည်း နှလုံးရောဂါသည်မို့ သူ့ရင်ထဲရှိသမျှ ပြောဆိုနေခြင်းကို ခွင့်လွှတ်ရပေမည်။ ရင်နှင့်မဆန့် ခံစားလာရလျှင် ချုန်းပွဲချ ငိုကောင်းငိုပေမည်။

ငို၍က ဘာမျှမဖြစ်နိုင်၊ သတိလက်လွတ်ဖြစ်မသွားဖို့သာ အမိက အရေးကြီးသည်။ သတိလက်လွတ်ဖြစ်သွားလျှင် မမျှော်လင့်နိုင်တဲ့ ရလဒ်များ ရကောင်းရပေလိမ့်မည်။

အငယ်မလေးကရော. .၊ သူလည်း လူသားထဲက လူတစ်ယောက် သွေးနဲ့သားနဲ့ကိုယ်ဆိုတော့ သူ့ခံစားချက်တွေ ပွင့်အံလာနိုင်သည်။ အကြီးမ သဲမုမအောင်က တက္ကသိုလ်ဓာတုဗေဒ (တတိယနှစ်)ကျောင်းသူဆိုပေမယ့် စိတ်အားကလေးသာသာရှိသည်။ အငယ်မဆို ခုမှ ရှစ်တန်း၊ ဘာမှ သိသိစုတ်တုတ် မရှိသေး။

မိတ်ဆွေကောင်းတို့မည်သည် ထိုက်သင့်သော အားပေးစကားသွားပြောရမည် မဟုတ်ပါလော။ မစန်းစန်းကြည် ရင်ကွဲမတတ်ခံစားနေရလောက်ပြီဟု ကျွန်တော် တွက်လိုက်မိပါသည်။

ဝ ဝ ဝ

## ခေတ်သစ်မပဥ္စာများ

လင် မြေကိုက်၊ သားစွန့်ချီ၍ မပဥ္စာမြေလူး ရှုံးမတတ် ဘဝကို ရောက်ခဲ့ရသော ဇာတ်လမ်းကို ဖတ်ဖူး၊ ကြားဖူး၊ ကြည့်ဖူး သည်။ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလိုမို့ ထိထိရောက်ရောက် မခံစားမိ။

ခုတော့. . မစန်းစန်းကြည်ခမျာ အဖေအမေသေလို့ မကြာခင်မှာပင် ခင်ပွန်းသည် ကွယ်လွန်ခဲ့သည်။ ခင်ပွန်းသေလို့ နှစ်နှစ်ကျော်ရှိသေးချိန် ပူလောင်ထားတဲ့သောကမငြိမ်းခင်မှာ သားသမီးတွေနဲ့ ဥမကွဲသိုက်မပျက် နေနေဟုန်း အချစ်ဆုံး သားလေး တစ်ယောက် တာဝန်ထမ်းဆောင်ရင်း မသမာသူ အဖျက်သမားများ၏ ဗုံးဒဏ်ကြောင့် သေဆုံးသွားရသည့် သတင်းကြားလိုက်မည်ဆိုလျှင်. .

မပြောလို့လည်း မဖြစ်၊ အသိမပေးလို့လည်း မရ။ တစ်နည်းနည်းနဲ့တော့ အသိပေးရမည်မို့ (ရပ်ကွက်ဥက္ကဋ္ဌ) ဦးသိန်းအောင်အနေနှင့် အကြံထုတ်ရတော့သည်။ ကြေးသွန်း ဘုရားပွဲတော်လည်း ဖြစ်နေချိန်ဆိုတော့ ညသန်းခေါင်ဆိုပေမယ့် လူသူရှုပ်ထွေးစည်ကားနေချိန် ဖြစ်သည်။

အမေ့သားထိုက်တာပေ

မငန်းစန်းကြည်တို့ သားအမိသုံးယောက် ဟိန်းကိုကိုအောင် ပြန်မလာသေးသဖြင့် စောင့်ရင်း သမီးငယ်လေး အိပ်ငိုက်နေသဖြင့် အိပ်ခိုင်းနေသည့်အချိန်မှာ စန်းစန်းကြည်လည်း ပုတီးစိတ်ရင်း သွေးလေးသဖြင့် ငိုက်နေသည်။ သမီးကြီးသဲမမအောင်က

"မေမေ . . သွားအိပ်ချင်အိပ်လေ၊ မောင်လေးကို သမီးဆက်စောင့်လိုက်ပါ့မယ်"

"ရပါတယ်သမီးရယ် . . မေမေပုတီးစိပ်ရင်း ငိုက်သွားတာပါ"ဟု ပြော၍ မဆုံးမီ . . .

"ဟဲ့ . . . မစန်းကြည်၊ နင့်ကို ရပ်ကွက်ဥက္ကဋ္ဌက ရုံးကို လိုက်ခဲ့ဖို့ ခေါ်ခိုင်းလိုက်လို့ လာခေါ်တာ၊ ငါလိုက်ပို့ပေးမယ်"ဟု အမျိုးသမီးကြီးတစ်ဦး ပြောလာသည်။

မစန်းစန်းကြည်စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ရပ်ကွက်ရုံးမှ ခေါ်ခိုင်းသည်ကို မကြားဖူးခဲ့။ ထူးတော့ထူးနေသည်ဟု ထင်သည်။ ရပ်ကွက်ရုံးသို့ ရောက်တော့လည်း . . ရုံးတွင် ထူးထူးထွေထွေ မေးမရဖြစ်နေသည်။ ဗုဒ္ဓမြတ်စွယ်တော်တွင် ဗုံးကွဲကြောင်း၊ ကြံ့ခိုင်ရေး ဓမ္မဒါနလုပ်အား အလှူရှင် လူငယ် နှစ်ဦးသေဆုံးကြောင်း သတင်းထွက်လာသည်။

ဥက္ကဋ္ဌ ဦးသိန်းအောင်ကလည်း ပြောမထွက်၊ မပြောရက်မီ စန်းစန်းကြည်မှာ အပူမီးတောက်သထက် တောက်ချေပြီ။ နောက်ဆုံး စိတ်မထိန်းနိုင်တော့ဘဲ-

**အမေ့သားထိုက်စာငေ**

"ဦးသိန်းအောင်. . ကျွန်မသားလေး ဘာဖြစ်ဘာလဲ ဟင်၊ သေပြီလား. . ပြောကြပါ၊ ကျွန်မမှာ ချစ်စရာ ဒီသားလေး ပဲ ရှိပါတော့တယ်၊ ပြောကြပါ၊ ကျွန်မကိုပြောကြပါ"ပြောရင်း ဦးသိန်းအောင်လည်ပင်းကို ဆွဲခြစ်ကုတ် ဆွဲဆောင့်သည့်အထိ ဖြစ်လာတော့သည်။ သို့သော် မည်သူမျှ တိတိပပမပြောဖြစ်ကြ။ စန်းစန်းကြည်လည်း ကြွေးသွန်းဘုရားကြီး ထိုင်ကန်တော့လိုက်၊ ရွှေတိဂုံဘုရားကြီးဘက် ကန်တော့လိုက်နှင့်-

"တပည့်တော်မရဲ့ ရင်နှစ်သည်းချာသားလေး အသက် ပြန်ရှင်အောင် လုပ်ပေးကြပါဘုရား"ဟု အော်ဟစ်ဆုတောင်းနေ သည်မှာ အရူးပမာဖြစ်သည်။ ကြွေးသွန်းဘုရားကြီးရှေ့ တမံတလင်းတွင် လူးလိမ့်နေသည်မှာလည်း မြင်ရသူတိုင်း ရင်မထိအောင် ခံစားကြရတော့သည်။ အကြင်နာတရားရှိကြတဲ့ အမျိုးသမီးကြီးတွေက အားပေးစကား ပြောသော်လည်း စန်းစန်းကြည် နားမဝင်တော့. .

"ဟဲ့စန်းကြည်. . နင့်သားဘာမှမဖြစ်ပါဘူး၊ ဗုံးကွဲလို့ ဒဏ်ရာရတာ၊ အမှတ်(၂) စစ်ဆေးရုံ ပို့ထားတယ်၊ စိတ်ထိန်း ထားမှပေါ့"

"ဆေးရုံပို့ထားရင်. . ဆေးရုံလိုက်ပို့ပေးပါ ဉက္ကဋ္ဌရယ်၊ ကျွန်မသားလေးကို တွေ့ချင်တယ်"

"မစန်းကြည်ရယ်. . လိုက်ပို့ချင်ပါတယ်။ ကျွန်တော့် ကားကလည်း ဓာတ်ဆီကုန်နေလို့ ဓာတ်ဆီလိုက်ရှာခိုင်းထား

ပါတယ်”ဟု ချော့မော့ပြောဆိုသော်လည်းမရ၊ မစန်းစန်းကြည် တစ်ယောက် ဖိနပ်ကိုလက်မှာစွပ်ပြီး ကားလမ်းတစ်လျှောက် ဟိုပြေးသည်ပြေး အရူးမီးဝိုင်းဖြစ်နေရှာသည်။

“လုပ်ကြပါဦး. . စန်းကြည်တစ်ယောက် ရူးသွားပြီ လား မသိဘူး၊ ကားလမ်းမှာ လျှောက်ပြေးနေပြီ။ ဝိုင်းထိန်းကြပါ ဦး”ဟု လူအုပ်ကြီးထဲမှာကရုဏာစကားသံများကို မစန်းစန်းကြည် ဂရုမထားနိုင်တော့၊ လမ်းလာသမျှကားတွေ အတင်းတား၊ မသိ ရှာကြတဲ့ ကားဆရာတွေက အချို့ကလည်း ရပ်ပေးကြသည်။ ကားဆရာများကို ဆေးရုံလိုက်ပို့ဖို့ပြောသည်။ အခြေအနေ ရိပ်စားမိကြတဲ့ ကားဆရာများက အဆင်ပြေအောင် ပြောဆိုပြီး မောင်းထွက်သွားကြသည်။

ဒီဇင်ဘာလိုလမျိုးမှာ အေးလွန်း ချမ်းလွန်းသည့်လ ဖြစ်ပေမယ့် မစန်းစန်းကြည်မှာ သောကမီးတွေ လောင်မြိုက်ပြီး ငိုကြွေးရလွန်းလို့ ချွေးဒီးဒီးကျနေသည်။ ပူခြင်းအေးခြင်း မသိဘဲ စိတ်နောက်သွားလေပြီလား. . ။

မောလွန်း၍လား မပြောတတ်။ မစန်းစန်းကြည် အနည်းငယ် ငြိမ်သွားသည်။ အမျိုးသမီးကြီး နှစ်ဦးက သူ့ကို ထိန်းပြီးထားသည်။ သတိပြန်ဝင်လာတော့-

“ကျွန်မသားလေး. . ဘယ်မလဲ။ ကျွန်မသားလေး အရိုက်ခံရတာလား၊ ဗုံးကွဲတာလား၊ ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောကြပါ။ ကျွန်မ စိတ်ထိန်းထားပါတယ်၊ ကျွန်မသားလေး

သေပြီလားဟင်. . ၊ အမှန်အတိုင်းပြောကြပါရှင်။ ကျွန်မမှာ ခြောက်
တွေသေ၊ လင်သားသေလို့ ဒီသားလေးတစ်ယောက်တည်း
ချစ်နေရတာပါ။ ပြောကြပါရှင်”လို့ တစာစာအော်ဟစ် မေးမြန်း
နေသော်လည်း ဥက္ကဋ္ဌနှင့် ကြည့်ရှုနေသူများက မပြောရက်၍
မပြောကြ။ ဆင်ဝှေ့ရန်ရှောင် စကားသာ ပြောကြသည်။

“ဗုံးကွဲတာပါ မစန်းကြည်ရယ်၊ ဒါပေမဲ့ ညည်းသားလေး
ခေါင်းပဲဒဏ်ရာရတာပါ”ဟု ပြောနေစဉ်မှာပဲ လူအုပ် ကြီးထဲမှ
**အသံတစ်သံ ထူးထူးခြားခြား ထွက်လာသည်။**

“အဲဒီမိန်းမ သနားဖို့ သိပ်ကောင်းပါတယ်ဗျာ။ သူ့
ယောကျ်ားသေတာ ဘာမှမကြာသေးဘူး၊ အခု သူ့သားက
ဗုံးကွဲလို့သေပြန်ပြီ”မသိစေချင်တဲ့စကားကို ထီးမိုးလိုက်ပြောမယ့်
လူစားမျိုး၏ စကားသံဖြစ်ပါသည်။

“ဟင်. . ကျွန်မသားလေးသေပြီ၊ လုပ်ကြပါဦး၊ ကျွန်မ
သားလေးသေပြီ”ဟု အော်ဟစ်ငိုယိုရင်း သတိလစ်သွားရှာသည်။
ဝိုင်းဝန်းပြုစုကြသဖြင့် သတိအနည်းငယ်ဝင်လာတော့ ဝိုင်းထိန်း
ကြတဲ့ အမျိုးသမီးကြီးများကပင်

“မစန်း စိတ်ထိန်းပါကွာ၊ နင့်သမီးကလည်း နှလုံး
ရောဂါနဲ့ မဟုတ်လား၊ သားဆုံး သမီးဆုံး မဖြစ်ရအောင် မစန်း
မင်းထိန်းမှဖြစ်မယ်။ မင်းဝအောင်ငို၊ ငိုပြီးရင် စိတ်ကိုထိန်း
ကွာ”ဟု ဖျောင်းဖျောင်းဖျဖျ ဝိုင်းပြောတော့ မစန်းစန်းကြည်
တစ်ယောက် ဘာမပြောညာမပြောနှင့် ထပြေးသည်။ သူတို့

လမ်းထိပ်၌ ပလာတာဆိုင်ခုံမှာ ဝင်ထိုင်ပြီး အားရအောင် ငိုသည်။ အားရအောင်ငိုပြီးတာနဲ့-

"ကျွန်မကို ဦးကျော်ဝင်းနဲ့ ဒေါ်နုနုကို ခေါ်ပေးပါ"

သူအုပ်ကြီးကလည်း ဦးကျော်ဝင်း၊ ဒေါ်နုနုကို ခေါ်ပေးသည်။ မစန်းစန်းကြည်ကို အားလုံး ကရုဏာသက်နေကြသည်။ ဦးကျော်ဝင်းတို့ လင်မယားနှစ်ယောက် ရောက်လာတော့-

"ဦးကျော်ဝင်း၊ ဒေါ်နုနု . . ကျွန်မသမီး သဲမမအောင်ကို အိမ်မှာ သွားခေါ်ပါ။ သူ့မောင်လေးသေတာ မသိပါစေနဲ့၊ ကျွန်မ လာမခေါ်မချင်း ဘယ်သူနဲ့မှ မထည့်ပါနဲ့၊ ကျွန်မ မငိုတော့ဘူး စိတ်ထိန်းမယ်"ဟု ပြောပြောဆိုဆို အိမ်ဘက်ကို ထပြေးတော့သည်။ အိမ်တွင် အငယ်မလေးကလည်း တက်မတတ် ချက်မတတ် လူးလိမ့်ငိုနေသည်။ အကြီးမ သဲမမအောင်ကလည်း သတိလစ်မတတ် ဖြစ်နေပြီ။ ဦးကျော်ဝင်းတို့က သဲမမအောင်ကို ခေါ်သော်လည်း ရုန်းကန်ပြီးမလိုက်ဟု ငြင်းနေသည်။ နောက်ဆုံး ဟိန်းကိုကိုအောင် မသေကြောင်း၊ ဆေးရုံလိုက်ပို့ပေးမည်ဟု ချော့တစ်လှည့် တင်းတစ်လှည့်ဖြင့် ဦးကျော်ဝင်းတို့က အပါခေါ်သွားသည်။

အာဂ မစန်းကြည်ပါလား။

မငိုတော့ဘူးလို့ ပြောတဲ့အချိန်ကစပြီး အမှန်ပင် မငိုတော့။ သူ့အိမ်ရှေ့တည့်တည့်က မင်းမင်းတို့အိမ်မှာလည်း

အပူမီးတွေ တောက်နေပြီ။ မင်းမင်းအစ်ကို သန့်ဇော်ဦးက သူ့ညီ သေတာကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသူဆိုတော့ မစန်းစန်းကြည်လို သွယ်ဝိုက် လိမ်ညာပြောလို့မရ။ အစအဆုံးမြင်တွေ့ထားတဲ့ အစ်ကိုရင်းက ရင်ကွဲအောင် ခံစားထားပြီးမှ မိဘတွေကို အကြောင်းကြားရတာဆိုတော့ သူတို့က မစန်းစန်းကြည်ထက် မင်းမင်းသေတာကို ကြိုသိပြီးဖြစ်သည်။

မစန်းစန်းသိန်းခမျာမှာလည်း သားလိမ္မာလေးကို အချစ်ပိုခဲ့သူဆိုတော့ ခံစားနေမည်ဖြစ်သည်။ ဘဲဥ၊ ကြက်ဥ ရောင်းစားရပေမယ့် ဈေးထွက်၊ ဈေးပြန်သားလေးက လိုက်ပို့ လိုက်ကြိုလေတော့ ပင်ပန်းသမျှ အမောပြေခဲ့ရသည်။ သားလတ်လေးပူဆာလျှင် ဦးစားပေး တစ် ဖြစ်စေခဲ့သည်။ သားငယ်လေး က နှစ်၊ သားကြီးက သုံးပေါ့ဟု မစန်းစန်းသိန်းက အလိုလိုက်ခဲ့ သည်။

ယခုတော့ . မစန်းစန်းသိန်းလည်း သူ့ရဲ့ရင်နှစ်သည်း ချာလေး ဆုံးရလေတော့ ခေတ်သစ်မပဋာစာတစ်ဦး ဖြစ်ပါပေါ့။

မောင်မင်းမင်း သင်္ဂြိုဟ်မည့်နေ့

သည့်နေ့လည်း ဟိန်းကိုကိုအောင် သင်္ဂြိုဟ်သည့်နေ့ ကဲ့သို့ပင် ပရိသတ်များပြားလှသည်။ များရသည့်အကြောင်း ကလည်း မင်းမင်းတို့နှင့်အတူ ကျဆုံးခဲ့ရသည့် ကြက်ခြေနီတပ်ဖွဲ့ ဝင် မောင်သန်းဆိုင်အား မြောက်ဥက္ကလာပ မေဓာဝီဆေးရုံကြီးမှ

မြောက်ဥက္ကလာပ ရေဝေးသုသာန်သို့ ညနေသုံးနာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်မို့ ကြံတောတွင် တစ်နာရီ သင်္ဂြိုဟ်မည့် ဖမောင်မင်းမင်းထံ စုရုံးရောက်ရှိခြင်း ဖြစ်သည်။ ကြေကွဲဖွယ်ရာ မြင်ကွင်း ဖြစ်ပါသည်။

အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ အသင်းဝင်များနှင့် ရောက်ရှိလာသော ပရိသတ်များက ဖမောင်မင်းမင်းစျာပနကို အလေးပြုကြသည်။ မစန်းစန်းသိန်းကတော့ ငိုမဆုံးနိုင်ပါချေ။

တစ်ယောက်၊ တစ်ဖွဲ့၊ တစ်အုပ်စုရဲ့ အမှားကြောင့် ပြည်သူတွေ ဒုက္ခရောက်၊ သေကျေပျက်စီးရသည်။ နိုင်ငံတော်အတွက် ထိခိုက်လှပေသည်။ ခုလည်းကြည့် ဗုဒ္ဓမြတ်စွယ်တော်တွင် ယုတ်မာစွာ ဗုံးခွဲခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး၊ ကြံ့ခိုင်ရေးအသင်းဝင် နှစ်ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦး၊ ပေါင်း ငါးဦး အသက်ဆုံးရှုံးရပြီး ရဟန်းတစ်ပါး အပါအဝင် **၁၇ ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။ ကျန်ရစ်သူမိသားစုများ သောကဗျာပါဒ ပွားကြရသည်။**

**မောင်ဟိန်းကိုကိုအောင် သင်္ဂြိုဟ်မည့်နေ့**

ကြံတောသုသာန်တွင် နာရေးလိုက်ပါပို့ဆောင်ရန် ရောက်ရှိနေသော ပရိသတ်ကြီးသည် ရေတွက်၍ပင်မရနိုင် **လောက်အောင် များပြားလှသည်။**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကရုဏာသက်ကြသော၊ အဖျက်သမားများကို မုန်းတီးကြသော ပြည်သူများလည်း စုံညီရောက်ရှိနေကြသည်။ မစည်ကားအပ် သော အရပ်ဖြစ်ပေမယ့် ပြည်ပအားကိုး ပုဆိန်ရိုးတွေရဲ့ အဖျက်လုပ်ရပ်ကို မုန်းတီးကြသော ပြည်သူတွေ မိမိအသိနှင့်မိမိ ရောက်ရှိလာကြသဖြင့် တိုးမပေါက်အောင် စည်ကားနေသည်။

ရောက်ရှိနေကြသူများမှာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်များ၊ တိုင်း ခရိုင် မြို့နယ်အသီးသီးမှ အသင်းဝင်များ လည်း ပါဝင်ကြသည်။

သတ်မှတ်ချိန်တွင် ဟိန်းကိုကိုအောင် ဈာပနအား အသင်းဝင်များက အလေးပြုကြသည်။ မစန်းစန်းကြည် မငိုတော့ပါ။ သို့သော် သူနားထဲတွင်တော့-

"**အမေ . . . သားက နိုင်ငံတော် အခမ်းအနားနဲ့ သေချင်တာ၊ အလေးပြုခံပြီးသေချင်တာ**"ဟူသော သူ့ ရင်နှစ်သည်းချာ သားချစ်ကလေး၏စကား ကြားယောင်နေမည် ထင်ပါသည်။

## "မိတ်ကောင်းဆွေကောင်း"

**ပေးကမ်းချီးမြှင့် ကိုယ်နှင့်ယှဉ်ထား**
**စီးပွားဆောင်ရွက် နှုတ်မြွက်ချိုသာ**
**သစ္စာမှန်စေ ဝတ်ငါးတွေ**
**ကျင့်လေမိတ်သဟာ. . .။**

အသင်းကျောင်း ညောင်ရေသွန်းပွဲဆိုလျှင် သုံးဆယ် တစ်မြို့လုံး မသိသူမရှိ၊ အစည်ကားဆုံးပွဲတော်- သုံးဆယ်မြို့၏ အရှေ့ဘက် တောင်ပန်းဆွဲရွာထိပ်တွင်ရှိသော အသင်းကျောင်း တွင် နှစ်စဉ် ကဆုန်လပြည့်နေ့ ညနေတွင် ကျင်းပလေ့ရှိသည့် ကဆုန်ညောင်ရေ သွန်းပွဲသို့ မြို့ပေါ်မှလည်း စက်ဘီး၊ ဆိုက်ကားများဖြင့် လည်းကောင်း၊ ခြေလျင်ဖြင့် တစ်သွယ် လာတတ်ကြသည်။ ပန်းဆွဲရွာ၏ (၇)မိုင်ပတ်လည်

အတွင်းရှိ သာယာအေး၊ သာယာကုန်း၊ ကုက္ကိုင်း၊ ကလုံတိုက်၊ သရက်ဖြူကန်၊ ချမ်းသာကုန်း၊ လှည်းလမ်းကူး၊ ကြောင်ညှာကုန်း၊ ရွာသစ်၊ ဇီးကုန်း အစရှိသော ရွာများမှလည်း လှည်းကိုယ်စီဖြင့် ရောက်လာတတ်ကြသည်။

ရွာခံတွေအနေနှင့်ဆိုပါက အထူးပြောစရာပင် မလို၊ အပျို၊ လူပျို၊ လူကြီး၊ လူရွယ်၊ လူငယ်မကျန် ညောင်ရေသွန်းပွဲကို မသွားသူမရှိ၊ ရွာကျောင်း၊ ရပ်ကျောင်းလည်းဖြစ်၊ သမိုင်းဝင် ကျောင်းတော်ကြီးလည်းဖြစ်၊ ဗုဒ္ဓဘာသာဝင်တို့၏ အထွဋ်အမြတ်ထားရာ၊ ညောင်ရေသွန်းပွဲတော်လည်းဖြစ်လေရာ ရွာခံများအနေနှင့် အိမ်ရှင်တို့သဘာဝ အရပ်ရပ် အရွာရွာမှ လာသော ရပ်ဆွေရပ်မျိုး၊ ရွာဆွေရွာမျိုးတွေကို စားဖွယ် သောက်ဖွယ် စတုဒိသာ ကျွေးမွေးရန်လည်း တာဝန်ယူကြသည်။

ကျွန်တော်တို့ မြို့ပတ်ဝန်းကျင်ရှိ ရွာများတွင် တခမ်းတနားပွဲတော်ဆိုသည်မှာ ရှားရှားပါးပါးဖြစ်သည်။ ဆရာတော် များ ပျံလွန်တော်မူမှ၊ ဘုန်းကြီးပျံပွဲရယ်လို့ တခန်းတနား ကျင်းတတ်သည်။ အခြားပွဲတော်များ မရှိလေတော့ တစ်နှစ် တစ်ကြိမ်သာရှိသော ဤညောင်ရေသွန်းပွဲကို ဒေသခံ ရွာသူ ရွာသားများအားလုံး သွားကြလာကြပြီး ကုသိုလ်ပြုကြသည်မှာ မဆန်းပေ။

သူတကာ ညောင်ရေသွန်းပွဲသွားဖို့ စိတ်ကူးနေချိန်၊ ဝတ်ကောင်းစားလှချုပ်သူတွေ ချုပ်နေချိန်၊ ဘာလှူရင် ကောင်းမလဲလို့ တွေးနေသူ တွေးနေချိန်၊ အဆိုအတီးအကအခုန် ဆန်းသစ်ဖို့ ကြိုးပမ်းနေချိန်၊ သူ့ရွာ ကိုယ့်ရွာနဲ့ ညောင်ရေသွန်း ပွဲလာကြမယ့် ကွမ်းတောင်ကိုင် ပန်းတောင်ပိုင် မမတွေက အဝတ်အစားအဆင်တွေ ရွေးနေချိန်မျိုးတွင်-

"တို့အုပ်စု . . ညောင်ရေသွန်းပွဲမှာ ဘာလုပ်ရင် ကောင်းမလဲ"ဟု

လှမြင့်က ကျောင်းဆင်းအပြန် ပန်းဆွဲ လမ်းနဘေး အစီအရီပေါက်နေသည့် ကုက္ကိုပင်အောက်တွင် ခေတ္တနားရင်း အမှတ်မထင်ဆိုလာသည်။

"တို့တွေက ကလေးပဲ၊ ရွာက စတုဒိသာမဏ္ဍပ်တွေမှာ ဝိုင်းကူလုပ်မှာပေါ့"ဟု မိန္တွေက လှမြင့်စကားကို ဖြည့်ပေးသည်။

"တို့ နှစ်တိုင်းဝိုင်းကူလုပ်ပေးနေကျပဲ၊ ဒီနှစ်က တစ်မျိုးစဉ်းစားရမယ်ကွ၊ မနှစ်က အခြေအနေနဲ့ မတူတော့ဘူး. . တို့တွေက ကလေးပဲလို့ မိန္တွေက ပြောပေမယ့် ရွာထဲက အပျိုထိန်း မမသီက ပြောတယ်. . ဒီနှစ် ညောင်ရေသွန်းပွဲ ညောင်ရေအိုးကိုင် အပျိုလောင်းစာရင်းထဲမှာ မိန္တွေတို့အုပ်စု အားလုံး ထည့်ထားတယ်တဲ့"

"ဟယ်. . ရှက်စရာ. . "ဟု သာလိကာမက ဆိုလာ သည်။

"ဘာလို့ ရှက်ရမှာလဲ၊ ညောင်ရေအိုးကိုင်ဆို ကိုင်လိုက် မှာပေါ့။ ညောင်ရေသွန်းပြီးတော့ အလှူမဏ္ဍပ်တွေမှာ ဝိုင်းကူလုပ်ပေးမှာပေါ့"ဟု မျက်လုံးပြူးပြူးနှင့် မလှဆွေခေါ် ဇီးကွက်မက ပြောသည်။ သူ့အသက်က (၁၂)နှစ်သာဆိုရသည်။ လူကောင်က အထွားဆုံး။ သူ့ပုံက အပျိုပေါက်စပုံစံမျိုးဖြစ်သည်။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်စာရင်းထဲ ပါဝင်ရတာကိုပင် သူပျော်နေပုံရသည်။

"ငါတော့. . ဒီနှစ်အိမ်မှာပဲ အိမ်စောင့်နေခဲ့မယ်လို့. . အမေ့ကိုပြောထားပြီးပြီ"ဟု အေးမိငယ်က မပွင့်တပွင့်လေသံနှင့် ပြောလိုက်သဖြင့်. .

"နင် ဘာဖောက်တာလဲ. . မသွားဘူးဆိုရင် အားလုံး မသွားနဲ့၊ တစ်ရွာလုံးသွားတဲ့ပွဲ တို့သွားရမယ်၊ အခြားရွာတွေက မိတ်ဆွေတွေကို တို့ရွာကကူညီရမယ်၊ ကျွေးမွေးရမယ်၊ တို့ရွာက လူကြီးလူရွယ်၊ လူငယ်တွေစည်းလုံးညီညွတ်တာ ပြရမယ် ပြီးတော့ ငါ့အမေက ပြောဖူးတယ် ဒီအသင်းကျောင်းက နယ်နယ်ရရမဟုတ်ဘူးတဲ့၊ သမိုင်းဝင်ကျောင်းတဲ့ တို့လူငယ် တွေက ဒီကျောင်းကို တန်ဖိုးထားရမယ်တဲ့"

စိုးကျော် က ဝင်ပြောတော့. . .

"မင်းအမေက. . . အသင်းကျောင်းကို သမိုင်းဝင် ကျောင်းလို့ ဘာလို့ပြောတာလဲဟင်. . "ဟု သံခဲက သိလိုဇော ဖြင့် မေးလာတော့သည်။

"မင်းတို့တွေအားလုံး စိတ်ဝင်စားရင် ငါပြန်ပြောပြမယ် နားထောင်မလား"

"နားထောင်မယ်ဟော့. . "

ကလေး (၁၀)ဦးလောက် ပါဝင်သော အုပ်စုက တစ်ပြိုင်တည်း ထအော်လိုက်သည်။

"မြန်မာသက္ကရာဇ် (၁၃၀၀)ပြည့်ပတ်ဝန်းကျင်က၊ တို့ပန်းဆွဲရွာရဲ့ ပတ်ဝန်းကျင်မှာ ဘုန်းတော်ကြီးကျောင်းတွေ အဖြစ် အသင်းကျောင်း၊ ဘုရားကြီးကျောင်း၊ ခုံကျောင်း၊ မာတိကာရုံကျောင်း၊ လယ်ပြင်ကျောင်း၊ ဥယျာဉ်ကျောင်းဆိုပြီး ရှိလာခဲ့တာ ယနေ့အထိပါပဲ။ အဲဒီကျောင်းတွေရဲ့ ကျောင်းထိုင် ဆရာတော်အားလုံးရဲ့ မူရင်းပထမဆရာတော်ဟာ အသင်းကျောင်းဆရာတော်ကြီး ဦးဝိလာသပဲ။ အဲဒီဆရာတော်ကြီးက မျိုးချစ်စိတ်ဓာတ်ရှိတယ်၊ မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်နေ တာကို လွတ်လပ်ရေးရဖို့ ကြိုးပမ်းနေသူတွေကို အားပေးတယ်။ အသင်းကျောင်းပိုင်မြေထဲမှာ ဗိုလ်ချုပ်အောင်ဆန်း နဲ့အဖွဲ့ ဟောပြောနိုင်ဖို့အထိ ပံ့ပိုးပေးတယ်၊ အဲဒီအချိန်မှာ ဗိုလ်ချုပ်အောင်ဆန်းဟာ သုံးဆယ်မြို့ ဇီးပွဲနဲ့ မောဝိဘက် ရောက်နေလို့ အသင်းကျောင်းဟောပြောပွဲကို ရောက်မလာနိုင်ပေမယ့် ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ သခင်တင်၊ သခင်စံခင်၊ သခင်ခကြီး (ဦးကုနက္က)တို့က (၄)ရက်လောက် ဟောပြောခဲ့ကြတယ်။ တို့အမေကလည်း နိုင်ငံရေးကိစ္စ နားမလည်ပေမယ့် မြန်မာလူမျိုးတွေ နယ်ချဲ့ကိုမောင်းထုတ်ဖို့ ဟောပြောတာကို သဘောကျခဲ့ကြကြတယ်တဲ့။ အမေတစ် ယောက်တည်းမဟုတ်ပါဘူး။ နားထောင်သူအားလုံးက

"သခင်မျိုးဟော့ ဒို့ဗမာ"လို့ ထထအော်ကြတာ ဟိန်းဟိန်းကို တောက်နေတာပဲတဲ့"

စိုးကျော်က သူ့အမေပြောပြသမျှ အားရပါးရ ပြန်ပြောပြသည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းသူများ၏ သမိုင်းဝင်တွေ ထဲမှာ သုံးဆယ်မြို့ရဲ့ ပန်းဆွဲရွာပါနေခြင်း၊ အသင်းကျောင်းရှိနေ ခြင်းကို ရွာသားများက ဂုဏ်ယူကြသည်။

ရှားရှားပါးပါး ညောင်ရေသွန်းပွဲတော်ကို ရွာလုံးကျွတ် လှူကြ၊ တန်းကြ၊ ကူညီနေကြခြင်းကို အေးမိငယ်က မလိုက်တော့ဘူးဆိုသည့် အခါ ကျန်သူငယ်ချင်းတွေက စိတ်မကောင်း ဖြစ်ကြရသည်။

* * *

အေးမိငယ်ဘာကြောင့် ညောင်ရေသွန်းပွဲ မလိုက်ချင် သည်ကို စိုးကျော်ရိပ်မိပါသည်။ မပြည့်စုံတဲ့ဘဝမှာ နေရတဲ့ အေးမိငယ်ခမျာ အားငယ်စိတ်ကြောင့်ဖြစ်မည်ဟု စိုးကျော် တွေးနေမိသည်။ တွေးမိတာကလည်း သူကိုယ်တိုင် သူဆင်းရဲမ သား အလှူအိမ်မဝင်ရဲ ဖြစ်ခဲ့ရသည်ကို ကြုံဖူး၍ဖြစ်ပါသည်။

* * *

အစစမပြည့်စုံ ချို့ငဲ့နေ၍ မသွားချင်သော ရွာထဲမှ ဦးသာဗျောတို့ သားလေးသာဂီရှင်ပြုပွဲသို့ စိုးကျော်သွားခဲ့ ရစဉ်က ဖြစ်ပါသည်။

"ဟေ့ကောင် အစိုး ငါ့ရှင်ပြုကျရင် မင်းလာဖြစ်အောင် လာရမယ်"

"ဟာ. . ငါမလာချင်ဘူး သာဂီရာ၊ ငါ့မှာက လှလှပပ ဝတ်စရာဆိုလို့ ဒီအကျီစုတ်ပဲရှိတယ်၊ လုံချည်က လည်း ဒီအမွဲပဲရှိတာကွ"

"မင်းမလာရင်တော့ ငါလူထွက်ရင် မင်းနဲ့မခေါ်တော့ ဘူး"

"မခေါ်ဘဲတော့ မနေပါနဲ့၊ မင်းလာစေချင်ရင် လာတာ ပေါ့ကွာ"

"မင်းက ငါ့အလျှုမတိုင်ခင် သယ်လိုက်ပိုးလိုက် ခိုင်းသမျှ လုပ်ပေးလာပြီးမှ အလှူနေ့မလာဘူးဆိုတော့ ငါကစိတ်ဆိုးမှာ ပေါ့"

"ကဲ..သူငယ်ချင်း ဘယ်သူတွေဘာပြောပြော ငါလာဖြစ်အောင်လာခဲ့မယ်"

စိုးကျော်တစ်ယောက်က ငယ်ပင်ငယ်သော်လည်း ကတိတည်ချင်သော ကလေးဖြစ်သည်။ ထို့ကြောင့်လည်း သာဂိတို့ ရှင်လောင်းလှည့်ခါနီးနတ်ပြတော့ သာဂိက စိုးကျော်ကို လှမ်းခေါ်လိုက်သည်မို့လည်း စိုးကျော်တစ်ယောက် သာဂိအနား သွားဖြစ်တော့သည်။

"ဟဲ့..ဒီကလေးအလိုက်မသိလိုက်တာ စုတ်စုတ် ပြတ်ပြတ် အဖာအထေးတွေနဲ့ ရှင်လောင်းတွေ ပေကုန်ဦးမယ်"

"အို အရီးလေးကလည်း ဒါ ကျွန်တော့်သူငယ်ချင်းပါ ဒီလိုမပြောပါနဲ့"

သာဂိဝင်ပြောပေ၍သာပင်။ သို့မဟုတ်ပါက စိုးကျော်တစ်ယောက် ငိုပြီးပြန်ပေးမိမှာ အမှန်ဖြစ်သည်။ ပြေးလည်း ပြေးချင်မိသည်။

"ငါပြန်ပါရစေတော့ သာဂိရာ"

"မပြန်နဲ့ဦး ထမင်းစားပြီးမှပြန်"

"ငါမင်းကျေနပ်အောင် လာပြီးပြီပဲကွာ၊ မင်းကျေနပ် ပါတော့"

"အစိုး မင်းငါ့ကိုခင်လို့လာတာ ငါဝမ်းသာတယ်၊ မင်းတို့ အနိုင်ကျင့်ပြီး ခေါ်တာလို့တော့ မင်းမထင်နဲ့၊ မင်းက အမြဲတမ်း အားငယ်စိတ်မွေးလို့ ငါမရမကခေါ်ထားတာ"

"ငါသိပါတယ် သာဂိရာ၊ မင်းငါ့အပေါ်မှာ အမြဲတမ်း ကောင်းခဲ့တာတွေကို ထောက်ပြီး ငါလာတာပါ"

မှန်ပေသည်။ စိုးကျော်ပြောလေသော ဤစကားသည် မှန်သောသစ္စာစကားဖြစ်သည်။ သာဂိသည် စိုးကျော်အတွက်

စားစရာရှိလျှင်တစ်ဝက်ကျွေးတတ်သည်။ လုပ်စရာရှိလျှင် အားနှင့်အင်နှင့် ကူလုပ်ပေးတတ်သည်။

တစ်ယောက်ယောက်က စိုးကျော်အား အထင်သေး သည့်အမူအရာအပြောအဆိုပြုလုပ်လျှင် စိုးကျော်နှင့် အရင်ရှင်းရခဲ့သည်။ သာဂိနှင့် ဦးစွာ ထိပ်တိုက်တွေ့ရတတ်သည်။ စိုးကျော်စိတ်ဓါတ်ကို အမြဲမြှင့်ပေးနေသူတစ်ယောက်လည်း ဖြစ်ပေသည်။

သာဂိစိတ်က သူ့ဘကြီးဖြိုး၏ စိတ်နှင့်တူလှသည်။

လူ့ဘဝခရီးမဆုံးခင် ကိုယ့်ကိုယ်ကို အထင်မကြီး၊ အထင်မသေးဘဲ နေစေချင်သည်။ သူတို့ကိုယ်တိုင်လည်း နေကြ သည်။ မဟုတ်လျှင်လည်း မခံတတ်ကြ သူတပါးအကျိုးအတွက် လည်း နိုင်သမျှစွမ်းသမျှကို ကူညီတတ်ကြသည်။ ဤသည်ကို စိုးကျော်လေးစားသည်။ လေးစား၍လည်း သာဂိတို့အလျှိုသို့ ကြိုးစား၍ စိုးကျော်လာခဲ့ပြီးပြီ။

"ဟော့ အစိုးပါလား၊ လာလာ ထမင်းစားချေတော့"

"ဟုတ်. . ဟုတ်ကဲ့ ဘကြီးဖြိုး"

"အေးပုံ၊ အစိုးကို ထမင်းထည့်ကျွေးလိုက်ပါကွယ်"

ဘကြီးဖြိုးပြောသည့်အတိုင်း ထမင်းစားရုံတွင် တာဝန်ယူကြသူများထဲမှ ဒေါ်အေးပုံသည် အစိုးအား ထမင်းထည့်ကျွေးသည်။ အစိုး ဟင်းခွက်များအား မနှိုက်ရဲခဲ့ပါ။ နှိုက်ရန်ဟန်ပြင်လိုက် တော့လည်း-

"လူကြီးတွေ စားသောက်နေတဲ့ကြားထဲ ဒီကလေးက ဘာလာရှုပ်တာလဲ မြန်မြန်စားပြီးသွားတော့"

ဤသို့ဆိုသော အဒေါ်ကြီးအား ဤအရပ်တွင် စိုးကျော်တစ်ခါဘူးမှ မမြင်ဘူးပါ။ အခြားအရပ်က ဧည့်သည်ဖြစ်မှန်း စိုးကျော်တွက်မိသည်။ စိုးကျော်စိတ်အတော်မကောင်းဖြစ်မိ သည်။ စိုးကျော်ကို ကလေးတဲ့။

မှန်ပါသည်။ စိုးကျော်ကလေးဖြစ်ပါသည်။ သို့သော် အခြားသော သစ်သစ်လွင်လွင် ဝတ်လာသည့် ကလေးငယ်များ အား ဤအဒေါ်ကြီး သည် အဘယ်ကြောင့် အစိုးအား ပြောသည့်နှယ် ပြောသံမကြားရသနည်း ဟု စိုးကျော် တွေးကြည့်သောအခါ သူဆင်းရဲမသား အနေစုတ်၍ ဖြစ်တန်ရာသည်ဟု တွေးမိလေသည်။

မည်သို့ပင်ဆိုစေ၊ ချစ်သူငယ်ချင်း သာဂိအလှူတွင် စိုးကျော်တစ်ယောက် လုပ်အားအလှူစေတနာဖြူဖြူနှင့် ပေးခဲ့မိသည်ကို ပီတိဖြစ်နေမိပါသည်။

* * *

ကဆုန်လပြည့်နေ့ ပန်းဆွဲရွာတစ်ရွာလုံး လှုပ်လှုပ် ရှားရှားနှင့် သူ့ထက်ငါလှူဖို့ တန်းဖို့ လုပ်သူလုပ်၊ ကဖို့ ခုန်ဖို့ လုပ်သူလုပ်၊ အပျိုထိန်းကလည်း အပျိုလောင်းတွေရော အပျိုမတွေကိုပါ လိုက်လံ နှိုးဆော်၊ ကာလသားခေါင်းလည်း ကာလသားတွေကို လိုက်လံစုစည်း နေသည်။ ထိုအချိန် အေးမိငယ်တစ်ယောက် အိမ်ထဲမှ အိမ်ပြင် မထွက်တော့။

သို့သော် သူ့သူငယ်ချင်းများက သူ့အိမ်ရှေ့တွင် ရောက်နေ ကြပြီ၊ အိမ်ရှေ့တွင် တိုးတိုးတိတ်တိတ်မနေ၊ ပထမဆုံး အသံပေးသူက သောင်းဟန်ဖြစ်သည်။

"အေးမိငယ်ရေ. . ဟေ့ အေးမိငယ်၊ ထွက်ပါဦးဟ. . နင့်ကို ငါရှားရှားပါးပါးစားစရာကျွေးမလို့"ဟု အော်ကြီးဟစ်ကျယ် လုပ်နေသဖြင့် အေးမိငယ်၏ မိခင်မှ. .

"ဟဲ့ သောင်းဟန်ရယ်၊ အော်ကြီးဟစ်ကျယ်နဲ့ ဘာတွေများ ကျွေးမလို့လဲ"

"ဒွေးလေးကလည်း ကျွန်တော်က အေးမိငယ်ကို သပြေသီးမှည့်ကျွေးမလို့"

"ဘာ. . သပြေသီးမှည့်"

"ဟုတ်တယ်၊ ဒီရာသီက သပြေသီးမှည့် ရှားတယ်၊ ကျုပ် ခရာတောတွေနင်းပြီးရှာခဲ့ရတာ၊ ဆူးတွေစူးလို့ဗျ၊ အရေးထဲ ဒွေးလေးရော၊ မျှော့ကြီးတွေကလည်း တွယ်လိုက်ကြ တာ. . သွေးတွေကို ထွက်လို့၊ ရှားရှားပါးပါး ရလာတဲ့ သပြေသီး၊ အေးမိငယ်ကို ကျွေးမလို့ဗျ"

အေးမိငယ် တစ်ယောက်၊ အိမ်တွင်းပုန်းနေရာက သူငယ်ချင်း သောင်းဟန် တစ်ယောက် သူ့ကြောင့် ဆူးတွေစူး၊ မျှော့တွေတွယ် သွေးထွက် သည်ဆိုသဖြင့် စိတ်မကောင်းစွာဖြင့် အိမ်ပြင်သို့ ထွက်လာပြီး. .

"ဟဲ့ သောင်းဟန်ရယ်. . ဘာလို့များ ငါ့ကိုကျွေးဖို့ သပြေသီးသွားကောက်ရတာလဲ၊ မြွေပါးကင်းပါးနဲ့တိုးရင် မခက်လား"

"ဒီညနေ နင်က ရွာကမမတွေနဲ့ ညောင်ရေအိုးကိုင် လိုက်ရမှာဆိုတော့ သနပ်ခါးလေးလိမ်း၊ သပြေသီးလေးစားထား တော့ နှုတ်ခမ်းလေးမှာ ခရမ်းရောင်လေး ဆိုးထားသလိုဖြစ် အောင်လို့ ငါသတိရတာနဲ့ သွားကောက်တာဟ"

"ငါ ဒီနှစ်အိမ်စောင့်ပဲ လုပ်မှာလို့ ပြောထားသားပဲ"ဟု ပြောနေစဉ်မှာပင်-

"နင်ဟာလေ အလကားနေ အားငယ်နေတော့တာပဲ၊ ရော့ ဒီမှာ ဒီညနေ ညောင်ရေသွန်းပွဲမှာ တို့နှစ်ယောက်တူညီ ဝတ်ဖို့ အမေက နင်ဝတ်ဖို့ လုံချည်နဲ့ အင်္ကျီပို့ခိုင်းလိုက်တယ်"

မိန္ဒွေက လုံချည်အင်္ကျီများကို အေးမိငယ်လက်ထဲ အတင်းထိုးထည့်ပေးသည်။

"ဟုတ်တယ်. . အေးမိငယ်ရဲ့ မိန္ဒွေတို့မေမေက သုံးဆယ်မြို့ပေါ် မှာ နင်တို့နှစ်ယောက်အတွက် တူညီဝတ်စုံကို ကြိုအပ်ထားတာ၊ ဒီမနက်ပဲ ငါ့ကိုသွားရွေးခိုင်းလို့ ရွေးပြီးပြန် လာခဲ့တာ၊ မြို့ထဲမှာ ဟိုဟိုဒီဒီကြည့်ရင်း

ပဲလှော်ဆိုင်မှာ ပါတာနီ တွေ့တာနဲ့ ငါ ဆယ်ပြားဖိုး ဝယ်ခဲ့တယ်၊ ရော့ နှင်စားလိုက်"ဟု စိုးကျော်က ကမ်းပေးသည်။

"မင်းကလည်း ပါတာနီတွေစားပြီး . . လူကြားထဲ အီးပေါက်ရင် ဒုက္ခ"ဟု အမြဲတမ်းရယ်စရာပြောတတ်သော အောင်ကြီးက စသဖြင့်-

"ငါ့ရည်ရွယ်ချက်က အေးမိငယ် နှုတ်ခမ်းနီလေး ဆိုးချင်စိတ်ရှိရင် အဆင်ပြေအောင်လို့ ငါဝယ်လာတာပါ။ ဒီညနေ ညောင်ရေသွန်းပွဲကို သူလိုက်ဖြစ်အောင်လို့ပါ. . "ဟု စိုးကျော်က ရှင်းပြသည်။ သူငယ်ချင်း ကောင်း ပီသကြသည်၊ ကျေးလက်သဘာဝ သနပ်ခါးလေးလိမ်းပြီး နှုတ်ခမ်းနီလေးနဲ့ဆို အတော့်ကို ပြည့်စုံသည်။ သို့သော် အေးမိငယ်အနေနဲ့ နှုတ်ခမ်းနီ လည်း မဝယ်နိုင် အဝတ်အစားလည်း မပြည့်စုံလေရာ အားမငယ်ရလေအောင် ဝိုင်းကူကြခြင်းဖြစ်သည်။ သူငယ်ချင်း တွေရဲ့ စေတနာအားကြောင့်လည်း အေးမိငယ်က-

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းတို့ရယ်၊ ငါ ညောင်ရေသွန်းပွဲ လိုက်ခဲ့ပါ့မယ်၊ ပြီးတော့ ငါ့အတွက်နဲ့ ခရာဆူး တွေ စူး၊ မျှော့တွေအတွယ်ခံ ရတဲ့ သောင်းဟန်ကိုလည်း အားနာ မိတယ်။ နောင် တို့တွေအတူတူ သပြေသီးသွားကောက်ကြ မယ်နော်"ဟု အေးမိငယ်က ဆိုလာသဖြင့်. .

"နင်တို့ကို မျှော့နက်ကြီးတွယ်မှာ ခရာဆူးစူးမှာ မကြောက် ဘူးလား"ဟု သောင်းဟန်က စနောက်လိုက်ရာ. .

"မကြောက်ဘူးဟေ့. . မျှော့နက်ဆိုတာ ချိုနဲ့လား၊ မြွေ နဂါးတောင် ကြောက်ဘူးဟေ့. . "ဟု စိုးကျော်က ဆိုလေသော ကြောင့် ကလေးငယ်အားလုံး တစ်ပြိုင်နက်တည်း ဆိုသလို. .

**"မျှော့နက်ဆိုတာ ချိုနဲ့လားကွဲ့**
**မြွေနဂါးတောင် ကြောက်ဘူးကွယ်"**
ဟု သံပြိုင်သီဆိုရင်း ပျော်မြူးနေတော့သည်။ ။

* * *

**အမေ့သားထိုက်စာပေ**

## "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"

ကျွန်တော်တို့ရွာပတ်ဝန်းကျင်တွင် ဘုန်းကြီးကျောင်း (၆)ကျောင်းရှိသည်။ အသင်းကျောင်း၊ ဘုရားကြီးကျောင်း၊ ခုံကျောင်း၊ မာတိကာရုံကျောင်း၊ ဥယျာဉ်ကျောင်း၊ လယ်ပြင် ကျောင်းများဖြစ်သည်။ ပန်းဆွဲရွာ၏ တောင်ဘက်တည့်တည့် လယ်ပြင်ကြီးအလယ် သုသာန်အနီးတွင် လယ်ပြင်ကျောင်းရှိ သည်။ လယ်ပြင်ကျောင်းနှင့် နီးသည့် ရွာသူရွာသားများက (၈)ရက်လပြည့် လကွယ်ရက်များတွင် လယ်ပြင်ကျောင်းမှာပင် ဥပုသ်သီလ ဆောက်တည်ကြသည်။

ကျေးလက်နေပြည်သူပြည်သားများသည် ဝါတွင်း ကာလတွင် များသောအားဖြင့် (၈)ရက်လပြည့်လကွယ်၊ သီလယူတတ်ကြသည်။

မိမိဒေသရှိ ဆရာတော်ဘုန်းတော်ကြီး များကို ဆရာရင်းတပည့်ရင်း သဖွယ်၊ ကြောက်ချစ်ရိုသေကြမြဲ ဖြစ်ပါသည်။ မည်သူတွေ မည်မျှပင် ပြောရဆိုရခက်စေကာမူ၊ ဆရာတော် အခေါ်ရှိပြီဆိုလျှင် ပြားပြားဝပ် သွားရောက် ကန်တော့ရသည်။ ဆုံးမတာ နာခံရသည်။ အရိုးစွဲနေသည့် လေးစားရိုသေမှု ဖြစ်ပါသည်။

မမျှော်လင့်ဘဲ ညအချိန်မတော်၊ လယ်ပြင်ကျောင်းမှ ကြေးစည်သံများက အဆက်မပြတ် ပေါ်လာသဖြင့် လယ်ပြင် ကျောင်းတွင် အကြောင်းတစ်ခုခုရှိနေပြီလို့ ရွာမှသူကြီးများ တွက်ဆမိ၍ မီးတုတ်၊ တုတ်ဓားတို့ဖြင့် ဆရာတော် ကျောင်းကို သွားကြသည်ကို တွေ့မြင်နေရသည်။

နံနက်မိုးသောက်သည့်အခါ ဆရာတော်ဦးသောဘိတ၊ ပျံလွန်တော်မူကြောင်း အကောင်းပကတိမှ ရုတ်တရက် ဗိုက်အောင့်ပြီး ပျံလွန်တော်မူသည်ဟု ကြားရတော့သည်။ ရပ်ရွာလူကြီးများ ညှိနှိုင်းတိုင်ပင်ပြီး မိုးလွတ်လေလွတ် စပါးသိမ်း ပြီး တပေါင်းလတွင် ဘုန်းကြီးပျံပွဲတစ်လတိတိ ကျင်းပမည်ဟု ကြေငြာတော့သည်။ ဆရာတော်ရုပ်အလောင်းအား ရေရှည်ခံရေးအတွက် ရင်ခွဲ အတွင်းကလီစာထုတ်ပြီး ပြုပြင်ထားကြသည်။ မိုးလွတ်သောအခါ မျှော်စင်ကြီးကဲ့သို့ စင်ကြီးဆောက်ပြီး ဆရာတော် ရုပ်လောင်းအား မျှော်စင်ပေါ်တွင် တင်ပြီး အခြောက်လှန်းကြပြန်သည်။

ကျွန်တော်တို့ ကလေးတွေအတွက်ကတော့ အဆန်း အပြား မြင်တွေ့နေရခြင်းပင် ဖြစ်သည်။

* * *

တစ်သက်မှာ တစ်ခါဆိုရမလောက်ပင် ဤမျှစည်ကား သော ပွဲတော်မျိုးကို ကျွန်တော်တို့ မမြင်ဘူးခဲ့ပါ။ ပန်းဆွဲရွာ၏ တောင်ဘက်၊ လယ်ပြင်ကျောင်းဝန်းကျင်ရှိ လယ်ကွင်းများတွင် မုခ်ဦးပြသာဒ်များက ကြားဖူးဖတ်ဖူးသော နတ်ပြည်ကဲ့သို့ ဖြစ်နေသည်။ မဏ္ဍပ်များကလည်း သူ့ထက်ငါ အပြိုင်ပြင်ဆင် အလှချယ်ထားကြသည်။ ရွှေရောင် ငွေရောင် ပြဒါးရောင်တို့ဖြင့် တလက်လက်ထနေသည်။ ပစ္စည်းမျိုးစုံရောင်းသော ပွဲဈေးတန်းကြီးကလည်း နေ့ရောညပါ စည်ကားနေသည်။ ရုပ်သေးပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲ (၃)ကားပေါင်း မိုးအလင်း ရုပ်ရှင်ပွဲများကလည်း ရုံပွဲ၊ ဗလာပွဲစသည်ဖြင့် အပြိုင်အဆိုင် စည်ကားလှသည်။ ကျွန်တော်တို့ကလေးတွေ အကြိုက်ဆုံးက တော့ ချား/ရဟတ်များဖြစ်ပါသည်။ ချားများတွင် မြင်းရုပ်၊ ကျားရုပ်အစရှိသော အရုပ်များကိုခွပြီး ချားလှည့်စီးရသည်ကို ပျော်နေကြသည်။ ခုံတန်းရဟတ်ကလည်း အထက်အောက် လှည့်စီးရသည်မှာ စိတ်ထဲငြိမ့်ကနဲ ငြိမ့်ကနဲ ဖြစ်သွားရသည်က အရသာ တစ်ခုပင်တည်း။

မဏ္ဍပ်တွေအပြိုင်အဆိုင်တွင်လည်း ဆိုင်းဝိုင်းများက အပြိုင်ရှိနေသည်။ အလားတူ ဆရာတော်ကြီးဘွဲ့တော်နှင့် ခေါင်းတလားကြီးကလည်း ပန်းရထားပုခက်ကြီးပေါ်တွင် ရှိနေတတ်သည်။ မဏ္ဍပ်အပြိုင် (၉)ခုတွင် ခေါင်းတလား (၉)ခုရှိနေသလို ဗဟိုမဏ္ဍပ်တွင်လည်း မှန်ခေါင်းတလားကြီးဖြင့် ဆရာတော်ကြီး၏ ရုပ်အလောင်းအား ဖူးခွင့်ရကြသည်။

ကျွန်တော်တို့ကလေးများက ဘာမျှနားမလည် ဆရာတော်ကြီး ပျံလွန်တော်မူသွားသဖြင့် ဆရာတော်ကြီး ရုပ်အလောင်းမျာ

ပွားလာသောကြောင့် မဏ္ဍပ်များ ခွဲပြီးထားသည်ဟုပင် ထင်မှတ်ခဲ့ကြသည်။ ယဉ်ကျေးဖို့ ဆရာတော်ကြီး အသုံးအဆောင်များအား မဏ္ဍပ်များရှိ ခေါင်းတလားများတွင် ထည့်ထားခြင်းသာဖြစ်ကြောင်း လူကြီးများ ရှင်းပြမှ သိရတော့သည်။

ယဉ်ကျေးသည်ဆိုသည်မှာ ဆိုတတ်ပြောတတ်သော ဇာတ်မင်းသား၊ ဇာတ်မင်းသမီးကြီးများမှ ဆရာတော်ကြီး၏ သာသနာအပေါ် ကောင်းမြတ်သော ဆောင်ရွက်ချက်၊ တပည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်တို့အား အသိမှန်အတွေးမှန် ဖြစ်စေဖို့ ဆုံးမမှုများကို ဖွဲ့နွဲ့သီကျူးပြီး နှမြောတသမဆုံးရှိကြောင်း ပြောပြောဆိုဆို ငိုယိုသီကျူးခြင်းဖြစ်သည်။

ယဉ်ကျေးရာတွင် နတ်တွေ သိကြားတွေလည်း တွေ့ရသည်။ နတ်သိကြားတို့က ဆရာတော်ကြီးအား လာပင့်ကြသည်ဟု သရုပ်ဆောင်ကြသည်။ ယဉ်ကျေးသူက မပင့်ဖို့ တောင်းပန်သည်။ ပင့်လိုသူ မပင့်စေလိုသူတို့ အဆိုအပြောနှင့် အငြင်းပွားရာတွင် ပရိသတ်မှ မပင့်စေလိုသူတို့၏ အဆိုအပြောကောင်းမှုကြောင့် သနားသွားကြသည်။ အဆိုအငို ကောင်းသူကလည်း ဆရာတော်ကြီး၏ ကောင်းမြတ်သော ဂုဏ်ပုဒ်များ အမှတ်ရစေသည့် ဆုံးမမှုများသည် မိမိကိုယ်တိုင် ကြုံတွေ့ဖူးသည်နှင့် တိုက်ဆိုင်သဖြင့် ကိုယ်တိုင်ပါ ခံစားရပြီး ဆရာတော်ကြီးကို နှမြောလာကြသည်။ ငိုသူငိုကြတော့သည်။ ယဉ်ကျေးသူ အပြောအဆိုအငိုကောင်းသည့် မဏ္ဍပ်တွင် ပရိသတ်ပို၍ များတတ်သည်။ အပြောအဆိုကောင်းသူများချည်း ဖြစ်သောကြောင့် မဏ္ဍပ်တိုင်းလိုလို လူစည်ကားနေတတ်သည်။

ဝဏ္ဏကျော်ထင်စိန်အောင်မင်း၊ ရွှေလိပ်ပြာ မအေးကြည်၊ ကောလိပ်မြိုင်၊ မင်းသမီးကြီး အောင်သန်းတင် စသူ တို့ ကိုယ်တိုင် ယှဉ်ကျူးနေသဖြင့် မဏ္ဍပ်တိုင်းတွင် လူစည်နေခြင်းဖြစ်သည်။

ကျွန်တော်တို့က ပျော်စရာလိုလို ဝမ်းနည်းစရာလိုလို ဖြစ်နေချိန်တွင် သံခဲကတော့ ဗဟိုမဏ္ဍပ် ဆရာတော်ကြီး ရုပ်အလောင်း အစစ်ရှိရာတွင် အမြဲလိုလိုရှိနေ တတ်သည်။ စင်ပေါ်တွင် ဆရာတော်ကြီး ရုပ်အလောင်းတင်ပြီး သနပ်ခါးမျိုးစုံဖြင့် မီးပူဇော်မည်ဟု ဆိုသဖြင့် တစ်နေ့ထက် တစ်နေ့ ဆရာတော်ကြီးအား မီးပူဇော်မည့်ရက်နီးလာလေ သံခဲက ဆရာတော်ကြီးအား ပို၍ နှမြောနေပုံရပါသည်။ သံခဲသည် အမှန်တော့ စိတ်နိုင်သူ စိတ်မာသူဖြစ်ပါလျှက် ယခုလိုခံစားနေရသည်ကို သူငယ်ချင်းများ အံ့သြမဆုံးဖြစ်နေ ကြသည်။

ယခုလို ဖြစ်နေသည်ကလည်း ဆရာတော်ကြီး၏ သူ့အပေါ်ကောင်းမြတ်ခဲ့ခြင်းအပေါ် သတိရနေ၍ ဖြစ်သည်။

* * *

**ဆွမ်းအုပ်နီနီ အမေရွှက်လို့**
**နက်ဖြန်မနက် ကျောင်းတက်မယ်၊**
**မောင်လည်းလိုက်မယ် ချန်မထားနဲ့၊**
**အမေသွားတော့ ဖျင်းလှတယ်၊**
**ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့**
**ဘုန်းကြီးအော့လို့ ရိုက်လိမ့်မယ်**
**မောင်မဆော့ပေါင် စိတ်ပုတီးနှင့်**
**ဘုန်းတော်ကြီးလိုနေပ့ါမယ်၊**

လိုက်မယ်. . လိုက်မယ်။

သံခဲသည် ကျောင်းမှ သင်ပေးလိုက်သော ဆွမ်းအုပ်နီနီ ကဗျာလေးအား အော်ကြီးဟစ်ကျယ်ဆိုနေတော့သည်။ တစ်ကြိမ်မက နှစ်ကြိမ်မက အကြိမ်ကြိမ်ဆိုနေသဖြင့် ဆွမ်းအုပ်ကို ရွက်လျှက် လယ်ပြင်ကျောင်းသို့ ဥပုသ်ယူဖို့ သွားရန် ပြင်နေသော သံခဲ၏ မိခင်ဒွေးလေးမယ်ခင်မှာ. . ခြေလှမ်းတုံ့နေ ပေတော့သည်။

"သား အမေတို့ ဥပုသ်စောင့်ကြမလို့၊ သားမလိုက်နဲ့နော် အိမ်မှာပဲ အိမ်စောင့်ရင်း၊ စာဖတ်နေပါလား"ဟု ချော့ပြောသည်။

"သားမနေချင်ဘူး၊ ဥပုသ်နေ့ကျောင်းပိတ်ထားတာပဲ၊ သားလည်း လိုက်မယ်"ဟု ဇွတ်ကိုပြောနေတော့သည်။

"ဆရာတော်ကြီးက ဆော့တာမကြိုက်ဘူး မတော် သားဆော့မိ လို့ တစ်ခုခုဖြစ်ရင် ဆရာတော်ကြီးက သားကို ရိုက်လိမ့်မယ်"ဟု ခြောက်ကြည့်သေးသည်။

"ဟာ အမေကလည်း သားမဆော့ပါဘူး. . အမေတို့ လို ပုတီးစိတ်နေမှာပေါ့"ဟု ကတိပေးလာသဖြင့် ဒွေးလေး မယ်ခင် လက်လျှော့ကာ သံခဲကို ဆရာတော်ကျောင်းခေါ်ခဲ့ရ တော့သည်။

လယ်ပြင်ကျောင်းကြီးသည် လူသူနှင့်ဝေးသော တောကျောင်း ဖြစ်သဖြင့် အေးချမ်းသည်၊ ဆိပ်ငြိမ်သည်၊ သစ်ပင်ပန်းမာလ်တို့က ဝေဆာနေတော့သည်။ ပန်းပင်များက လည်း ခူးချင်စရာ စားပင်များ ကလည်း တက်ခူးစားချင်စရာလို ဖြစ်နေသည်။ မာလကာသီးများကလည်း ပြွတ်ခဲနေသည်။ အချို့မှည့်၊ အချို့ပွ၊ အချို့ခပ်ကျစ်ကျစ်ဖြစ်သည်။ သဘော်ပင်များ ကလည်း ကလေးတစ်ရပ်မှီယုံတွင် သီးနေလိုက်သည်မှာ

မြင်မကောင်း ပင်မှည့်အသီး ကျွတ်ကျွတ်လေး ဝါးစားချင်စိတ်ထိ ဖြစ်စေသည်။

ကျောင်းကြီးခေါင်းရင်းဘက်မှာ ကျောင်းကို ပတ်စီးနေ သော ရိုးချောင်းထဲတွင်လည်း ငါးတွေ ပုဇွန်ပေါက်လေးတွေ တွင်းပေါက် လေးများမှ ထွက်လာသည့် ဂဏန်းလေးတွေက ဖမ်းပြီး မီးဖုတ်စားချင် စဖွယ် ဖြစ်နေတော့သည်။

ဥပုသ်သည်များ နေ့ဆွမ်းစားပြီး တစ်ရေးအိပ်ကြသည်၊ သံခဲတစ်ယောက် အိပ်၍မပျော် တစ်ယောက်တည်း အူကြောင် ကြောင်ဖြစ်နေသဖြင့် ကျောင်းဝင်းအတွင်းသို့ ဟိုကြည့်ဒီကြည့် ရင်း မာလကာပင်ပေါ်တက်ပြီး မာလကာသီး ခူးစားရန် ဆုံးဖြတ်သည်။ မာလကာပင်ပေါ်တက်ဖြစ်တော့သည်။ မာလကာပင်တွင် "သစ်ပင်မတက်ရ "ဟု စာတမ်းတွေ့ပါလျက် သံခဲအစားငမ်းပြီး တက်ဖြစ်သည်။ ကျောင်းသားလေးများက ဆရာတော်ကြီးအား သံခဲသစ်ပင်တက်နေကြောင်း သွားလျှောက်ကြသဖြင့် ဆရာတော်ကြီး သည် ကြိမ်လုံးကိုင်လျက် ထွက်လိုက်လာသည်။ သံခဲအရိုက်ခံရုံမှလွဲ၍ ဘာမျှတတ်နိုင်မည် မဟုတ်။ သို့သော် ဆရာတော်ကြီးက သစ်ပင်အောက် မှနေ၍

"ဟဲ့ သံခဲ 'သစ်ပင်မတက်ရ' စာတမ်းနင်မတွေ့ဘူးလား"

"တွေ့ပါတယ်ဘုရား"

"တွေ့ရင်ဘာလို့တက်တာလဲ"

"စားချင်လို့ပါဘုရား"

"စားချင်တိုင်းတက်ရသလား ဒီအရွယ်ထဲက ညွန်ကြား ချက်မလိုက်နာရင် စည်းကမ်းမဲ့ကလေးဖြစ်လိမ့်မယ်"

"တပည့်တော် ဆော့တာမဟုတ်ပါဘုရား စားချင်လို့ပါ ဘုရား"

"နင် အစားတစ်လုတ်နဲ့ အသက်သေမှာ မကြောက်ဘူး လား"

"တပည့်တော် သစ်ပင်တက်ကျွမ်းပါတယ်ဘုရား"

"တယ် ဒီကောင်. . ခွန်တုံ့ပြန်လွန်းတယ် နင်တက်နေ တဲ့ မာလကာပင်အောက်တည့်တည့်က ချုံပုတ်ထဲကို ကြည့်စမ်း ဘာတွေ့လဲ" ဟု ဆရာတော်ကြီးမှ အသံမာမာဖြင့် ပြောတော့မှ သံခဲ သေသေချာချာ ကြည့်မိတော့သည်။

"ဟာ. . မြွေတွေပါလား"

"အေး. . အဲဒါ မြွေဆိုးတွေကြီးပဲ နင့်ကိုကိုက်ရင် သေမှာ နင်မကြောက်ဘူးလား"

"ကြောက်ပါတယ်ဘုရား"

"ကြောက်ရင် မြန်မြန်ဆင်း"

သံခဲသည် မာလကာပင်အောက် အမြန်ဆုံးဆင်းပြီး ဆရာတော်ကြီးအား ဦးချကန်တော့ကာ အကြိမ်ကြိမ်တောင်းပန် နေပေတော့သည်။ သံခဲတစ်ယောက် ဆရာတော်ကြီး ပျံလွန်တော်မူ သည်ကို နှမြောတသ သတိရနေသည်မှာ သူ့ဘဝ တစ်သက်ပင် ကမည်မဟုတ်ပါချေ။

* * *